# ကြေးမုံ

The Mirror Daily

၁၉၅၇ ခုနှစ် ဒီဇင်ဘာလ ၁၆ ရက်တွင် စတင်တည်ထောင်သည်။ Established in 1957


**လောကကို ရှုကျင့်သူ**

ရေပြင်ကို ရှုမြင်ရသကဲ့သို့လည်းကောင်း၊ တံလျှပ်ကို ရှုမြင်ရသကဲ့သို့လည်းကောင်း၊ ဤအတူ(ခန္ဓာငါးပါးဟူသော)လောကကို ရှုကျင့်သူကို သေမင်းသည် မမြင်နိုင်။ ဤသို့ရှုသော သူသည် သေခြင်းကင်းရာ နိဗ္ဗာန်ကို မျက်မှောက်ပြုကြကုန်၏။ ထိုသူတို့အား နောက်တစ်ကြိမ် ပဋိသန္ဓေနေ၍ သေရခြင်းသည် မရှိတော့ပြီ။

လောကဝဂ်(ဓမ္မပဒ-၁၇၀)


၁၃၈၁ ခုနှစ် တန်ခူးလပြည့်ကျော် ၃ ရက်၊ တနင်္လာနေ့။ Monday, 22 April 2019 ၉၆၂၇


# အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း လေးကေ့ကော်မြို့သစ် ထီးမယ်ဝါခီးကျေးရွာ ဒေသခံပြည်သူများနှင့် တွေ့ဆုံ

## လေးကေ့ကော်မြို့သစ် အတွင်းရှိ လေးကပေါ် ရေတံခွန်အပန်းဖြေစခန်း လှည့်လည်ကြည့်ရှု





အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း လေးကေ့ကော်မြို့သစ်အတွင်းရှိ လေးကပေါ် ရေတံခွန်အပန်းဖြေစခန်းတွင် လှည့်လည်ကြည့်ရှုစဉ်။

**မြဝတီ ဧပြီ ၂၁**

ကရင်ပြည်နယ် မြဝတီမြို့၌ ရောက်ရှိနေသည့် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းသည် ယနေ့နံနက်ပိုင်းတွင် မြဝတီခရိုင်အတွင်းရှိ လေးကေ့ကော်မြို့သစ် ထီးမယ်ဝါခီးကျေးရွာရှိ ဒေသခံပြည်သူများနှင့် တွေ့ဆုံသည်။

**ကူညီဖြေရှင်းပေးသွားမည်**

ထိုသို့တွေ့ဆုံစဉ် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက မိမိအနေဖြင့် လွှတ်တော်ရပ်နားသည့်ကာလများတွင် ယခုကဲ့သို့ ဒေသခံပြည်သူများနှင့် တွေ့ဆုံစဉ် ပြည်သူများ၏ ရင်တွင်းခံစားမှုများနှင့် အခက်အခဲများကို တတ်စွမ်းနိုင်သမျှ ကူညီဖြေရှင်းပေးသွားမည်ဖြစ်ပါကြောင်း။

**အပြန်အလှန်ထိန်းကျောင်း**

မိမိတို့ လွှတ်တော်၏အဓိကတာဝန်မှာ ဥပဒေပြုရေးဖြစ်သော်လည်း အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးကဏ္ဍတို့ကို ဝင်ရောက်စွက်ဖက်ခြင်းမရှိဘဲ အပြန်အလှန်ထိန်းကျောင်းရပါကြောင်း၊ သို့မှသာ ပြည်သူများလိုလားသည့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီးကို တည်ဆောက်နိုင်မည်ဖြစ်ကြောင်း၊ ယခုကဲ့သို့ တွေ့ဆုံချိန်တွင် ဒေသခံပြည်သူများအနေဖြင့် အခက်အခဲများ၊ အကြံပြုချက်များနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ပွင့်ပွင့်လင်းလင်းတင်ပြဆွေးနွေးကြရန်လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် ဒေသခံပြည်သူများက ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေးနှင့် သောက်သုံးရေရရှိရေး စသည့်အခက်အခဲများကို တင်ပြကြရာ ဌာနဆိုင်ရာ တာဝန်ရှိများက သက်ဆိုင်ရာကဏ္ဍအလိုက် ပြန်လည်ရှင်းလင်းဖြေကြားကြသည်။


စာမျက်နှာ ၃ ကော်လံ ၁ သို့ ✳



ကြေးမုံ ယနေ့ ဖတ်စရာ

ထားဝယ်မြို့ လောကမာရဇိန် ဘုရားကြီးရင်ပြင်တော်၌ ထာဝရငြိမ်းချမ်းရေး ဓမ္မသဘင် ကျင်းပ — စာမျက်နှာ - ၅

အီရတ်နိုင်ငံတွင် သေနတ်အရောင်းဆိုင်များ ပိုမိုများပြားလျက်ရှိ — စာမျက်နှာ - ၁၂

မုံရွာမြို့နယ် ဇောဓိတစ်ထောင် ထိုင်တော်မူရုပ်ပွားတော် မျက်နှာတော်ပိုင်းပြီးစီး — စာမျက်နှာ - ၂၁


**ထူးခြားသည့် နေ့အပူချိန်များ**

၂၁-၄-၂၀၁၉

| | | | | | |
|---|---|---|---|---|---|
| ချောက် | ၄၆ | ဒီဂရီစင်တီဂရိတ် | ညောင်ဦး | ၄၂ | ဒီဂရီစင်တီဂရိတ် |
| ပေါက် | ၄၃ | ဒီဂရီစင်တီဂရိတ် | မကွေး | ၄၂ | ဒီဂရီစင်တီဂရိတ် |
| တောင်ငူ | ၄၃ | ဒီဂရီစင်တီဂရိတ် | အောင်လံ | ၄၂ | ဒီဂရီစင်တီဂရိတ် |
| ဘော်လခဲ | ၄၃ | ဒီဂရီစင်တီဂရိတ် | တောင်တွင်းကြီး | ၄၂ | ဒီဂရီစင်တီဂရိတ် |
| မြင်းမူ | ၄၂ | ဒီဂရီစင်တီဂရိတ် | ဂန့်ဂေါ | ၄၂ | ဒီဂရီစင်တီဂရိတ် |
| မြင်းခြံ | ၄၂ | ဒီဂရီစင်တီဂရိတ် | အမ်း | ၄၂ | ဒီဂရီစင်တီဂရိတ် |


CB BANK

Best Corporate & Investment Bank

2019 (Asia Money)

Contact Center : 01-231 777 0

ကြေးမုံ

## ကြိုတင်ကာကွယ်ခြင်းဖြင့် ဘယာဝေးကွာ

ကြိုတင်ကာကွယ်ခြင်းသည် ရောဂါဘယဖြစ်ပွားခြင်းနှင့် ဝေးကွာစေသည်။ ကြိုတင်ကာကွယ်ခြင်းသည် ရောဂါဖြစ်ပွားမှ ကုသခြင်းထက် အကျိုးရှိထိရောက်ပေသည်။ မျက်မှောက်ကာလကဲ့သို့ ကံ၊ စိတ်၊ ဥတု၊ အာဟာရ မမျှတသောအချိန်အခါတွင် လူတို့ ရောဂါဘယဘေးအမျိုးမျိုး မကျရောက်နိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ကာကွယ်ထားခြင်းသည်သာ အကောင်းဆုံးဖြစ်သည်။

ရောဂါများမှ ကြိုတင်ကာကွယ်ခြင်းတွင် ကာကွယ်ဆေးထိုးနှံခြင်းသည် အရေးကြီးသောလုပ်ငန်းစဉ်ဖြစ်သည်။ ကမ္ဘာပေါ်တွင် ကာကွယ်ဆေးထိုးခြင်းလုပ်ငန်း လွှမ်းခြုံမှုမြင့်မားလာသည်နှင့်အမျှ ကူးစက်ရောဂါများကြောင့် ဖြစ်ပွားမှု၊ သေဆုံးမှု တစ်နှစ်ထက်တစ်နှစ် လျော့ကျလာသော်လည်း ကူးစက်ရောဂါဖြစ်ပွားမှုမှာ လျော့ကျမသွားဘဲ တိုးတက်ဖြစ်ပေါ်နေခြင်းမှာ ကာကွယ်ဆေးထိုးနှံသောလုပ်ငန်းအပေါ်၌ ပြည်သူလူထု စိတ်ဝင်စားမှု လျော့နည်းနေသောကြောင့်ဟု ဆိုနိုင်သည်။

ပြည်သူလူထုအနေဖြင့် "ခလုတ်ထိမှ အမိတ" ဆိုသကဲ့သို့ မိမိတို့တွင် ရောဂါဝေဒနာ မကျရောက်သရွေ့ စိုးရိမ်ပူပန်မှုစိုးစဉ်းမျှမရှိဘဲ ရောဂါဖြစ်မှသာ ဆရာဝန်ထံအရောက်သွားသည့် အလေ့အထရှိသောကြောင့် ရောဂါနုလျှင် သက်သာပျောက်ကင်းသော်လည်း ရောဂါရင့်လျှင် ကုသ၍ မရနိုင်တော့ဘဲ အသက်သေဆုံးသည်အထိ ဖြစ်ပွားကြသည်ကို မြင်တွေ့ရမည်ဖြစ်သည်။

ထို့ကြောင့် ရောဂါကာကွယ်ဆေးထိုးသော လုပ်ငန်းအပေါ်၌ ပြည်သူလူထုအနေဖြင့် စိတ်ဝင်စားမှုလျော့နည်းခြင်းမရှိစေဘဲ ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ရာသီအလိုက် တိုက်တွန်းနှိုးဆော်ပေးလျက်ရှိသည်ကို တွေ့ရပါသည်။ ကာကွယ်ဆေးထိုးခြင်းအမှုကို ကလေးသူငယ်များအား ဦးစားပေးဆောင်ရွက်ပေးခြင်းသည် အနာဂတ်ကာလတွင် ရောဂါဘယကင်းစင်ပြီး ကျန်းမာကြံ့ခိုင်သည့် နိုင်ငံ့သားကောင်းများဖြစ်ရန် ရည်ရွယ်ပေသည်။ မျိုးဆက်သစ်လူငယ်များ ကျန်းမာကြံ့ခိုင်ခြင်းမရှိပါက အနာဂတ်နိုင်ငံတော်အတွက် များစွာထိခိုက်နစ်နာမှုဖြစ်စေသည်။

ကျန်းမာရေးဌာနအနေဖြင့် အရည်အသွေးပြည့်မီသော ကာကွယ်ဆေးအမျိုးအစား ၁၁ မျိုးကို အသက် ငါးနှစ်အောက် ကလေးငယ်များ ကူးစက်ရောဂါကြောင့် ရောဂါဖြစ်ပွားခြင်း၊ သေဆုံးခြင်းမဖြစ်စေရန် ကာကွယ်ပေးလျက်ရှိပြီး လာမည့်နှစ်တွင် ကာကွယ်ဆေးသစ် နှစ်မျိုး ထပ်ပေါင်း၍ ဆေး ၁၃ မျိုး ထိုးနှံပေးမည်ဖြစ်ကြောင်း သိရသည်။ ကာကွယ်ဆေးထိုးနှံခြင်းမှာ အခမဲ့ဆောင်ရွက်ပေးခြင်းဖြစ်၍ လူတို့၏သဘာဝအရ အလကားရသည့်အရာကို တန်ဖိုးထားရမှန်းမသိသည့်သဘော ရှိနေသည်။

ယခုကာကွယ်ဆေးများ၏ ၂၀၁၈ ခုနှစ် တန်ဖိုးအရ ကလေးတစ်ဦးအတွက် အမေရိကန်ဒေါ်လာ ၂၇ ဒေါ်လာ ကျသင့်ပေသည်။ နိုင်ငံတော်အနေဖြင့် ကလေးတစ်ဦးလျှင် ခုနစ်ဒေါ်လာရည်မှန်း၍ ကလေး တစ်သန်းအတွက် အမေရိကန်ဒေါ်လာ ခုနစ်သန်း ကျခံပေးမည်ဖြစ်ပြီး ကျန်ကုန်ကျငွေကို နိုင်ငံတကာအဖွဲ့အစည်းတစ်ခုက ကျခံပေးမည်ဖြစ်သည်။

ကာကွယ်ဆေးထိုးနှံရေးလုပ်ငန်းများကို မွန်မြတ်သောစိတ်ထားဖြင့် အကုန်အကျခံကာ အမျိုးသားရေးအသွင်ဆောင်ရွက်နေသည်။ မိဘပြည်သူများ ကျန်းမာရေးအသိနည်းပါးခြင်းအပြင် နယ်မြေမငြိမ်းချမ်းသော ဒေသများနှင့် ဘာသာစကားအခက်အခဲရှိသောဒေသများသို့ လှုပ်တစ်ပြက်သွားရောက်ခြင်းနည်းဗျူဟာဖြင့် ဆောင်ရွက်ပေးလျက်ရှိရာ အောင်မြင်မှုအတိုင်းအတာတစ်ခုအထိ ရရှိနိုင်မည်ဖြစ်သည်။

ယခုဧပြီလ တတိယပတ်တွင် တစ်ကမ္ဘာလုံး ကာကွယ်ဆေးထိုးခြင်းရက်သတ္တပတ်အဖြစ် ဆောင်ရွက်တော့မည်ဖြစ်သည်။ မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ ကလေးများအားလုံး ရောဂါကင်းဝေးစေရေးအတွက် ပြည်သူလူထုတစ်ရပ်လုံး ပါဝင်လာနိုင်ရန် ကလေးငယ်ကျန်းမာရေး ရောဂါကာကွယ်ဆေးများထိုးကြရန် သတင်းစကားများ မျှဝေပေးကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ ကမ္ဘာ့ကာကွယ်ဆေးထိုးရက်သတ္တပတ်တွင် မိဘပြည်သူတိုင်းအား ကျန်းမာရေးသတင်းစကားပါးနိုင်မှ နိုင်ငံအတွင်းရှိ ကလေးများအားလုံး ရောဂါဘယကင်းဝေးပြီး ကျန်းမာသန်စွမ်းသော အနာဂတ်သားကောင်းရတနာများဖြစ်လာလိမ့်မည်ဟု ယုံကြည်ပါသည်။ ။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm



## ချင်းပြည်နယ်အတွင်း ရှေးဦးအရွယ်ကလေးသူငယ်ပြုစုစောင့်ရှောက်ရေးဆိုင်ရာ အရေးကြီးပုံနှင့် လူငယ်ရေးရာမူဝါဒကိစ္စရပ်များ ဆွေးနွေးပြောကြား

**ဟားခါး မေ ၂၁**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် ချင်းပြည်နယ် ဟားခါးမြို့ရှိ မူလတန်းကြိုကျောင်း၊ ကိုယ့်အားကိုယ်ကိုးမူကြိုကျောင်းများ၊ ပုဂ္ဂလိကမူကြိုကျောင်းများရှိ ဆရာ ဆရာမများ၊ မိဘများ၊ မိသားစုဝင်များနှင့် ယမန်နေ့မွန်းလွဲပိုင်းက မြို့တော်ခန်းမ၌ တွေ့ဆုံပြီး ရှေးဦးအရွယ် ကလေးသူငယ်ပြုစုစောင့်ရှောက်ရေးဆိုင်ရာ အရေးကြီးပုံကို ရှင်းလင်းဆွေးနွေးပြောကြားသည်။

### ဖြန့်ဝေပညာပေးခြင်းများ ဆောင်ရွက်

ပြည်ထောင်စုဝန်ကြီးက ရှေးဦးအရွယ်ကလေးသူငယ်များအား ပြုစုစောင့်ရှောက်ရေးကဏ္ဍတွင် မိခင်များသာမက ဖခင်များ၊ မိသားစုဝင်များသည် အရေးကြီးကြောင်း၊ ရှေးဦးအရွယ်ကလေးများ၏ ကိုယ်ခန္ဓာပုံမှန်ကြီးထွားမှုနှင့် ဦးနှောက်ဖွံ့ဖြိုးတိုးတက်မှုများ၊ အသက်အရွယ်အဆင့်ဆင့်အလိုက် ပြောင်းလဲပုံကို မိဘများ၊ မိသားစုဝင်များက သိရှိပြီး ပုံမှန်ဖွံ့ဖြိုးမှုရှိ၊ မရှိ ဆန်းစစ်ရမည်ဖြစ်ကြောင်း၊ ပုံမှန်ဖွံ့ဖြိုးမှုမရှိပါက ကျွမ်းကျင်သည့် သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ လူမှုဝန်ထမ်းတာဝန်ရှိသူများနှင့် ဆောလျင်စွာတိုင်ပင်ရန်လိုအပ်ကြောင်း၊ လူမှုဝန်ထမ်းဦးစီးဌာနကလည်း ရှေးဦးအရွယ်ကလေးသူငယ်များဖွံ့ဖြိုးတိုးတက်မှု တိုင်းတာစစ်ဆေးခြင်းနှင့်ပြန်လည်ထူထောင်ရေးအစီအစဉ်ကို ပြည်နယ်နှင့် တိုင်းဒေသကြီးအချို့တွင် ရှေ့ပြေးစမ်းသပ်ဆောင်ရွက်နေပြီဖြစ်ပြီး ဆက်လက်တိုးချဲ့လုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ ဤကဲ့သို့ဆောင်ရွက်ခြင်းဖြင့် ဖွံ့ဖြိုးမှုနောက်ကျသော ကလေးများကို စောစီးစွာရှာဖွေတွေ့ရှိပြီး အချိန်မီ ပြုပြင်ပြုစုစောင့်ရှောက်ခြင်းဖြင့် မသန်စွမ်းမှုများကို လျှော့ချနိုင်မည်ဖြစ်ကြောင်း။

### အသိပညာများကို ဖြန့်ဝေပညာပေး

ကလေးငယ်များကို နည်းစနစ်အမှန်ဖြင့် ပြုစုစောင့်ရှောက်ပေးရန် နေ့ကလေးထိန်းကျောင်းများ၊ မိခင်ဝိုင်းများ ဖွင့်လှစ်ပေးလျက်ရှိကြောင်း၊ အဆိုပါကျောင်းများ၌ ရှေးဦးအရွယ် ကလေးသူငယ်ပြုစုစောင့်ရှောက်ရေး ဆရာဖြစ်သင်တန်းတက်ရောက်ပြီးသူများကိုသာ ကြီးကြပ်စေကြောင်း၊ ဆရာဖြစ်သင်တန်းများလည်း တိုးချဲ့ဖွင့်လှစ်ရန် စီစဉ်လျက်ရှိကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် မိခင်ဝိုင်းများကို တိုးချဲ့ဖွင့်လှစ်လျက်ရှိသော်လည်း ဘဏ္ဍာငွေရရှိမှုအပေါ်မူတည်၍ တစ်နိုင်ငံလုံး ပျံ့ပျံ့နှံ့နှံ့ ဖွင့်လှစ်နိုင်ရန် အခက်အခဲရှိသည့်အတွက် မိဘများ၊ အုပ်ထိန်းသူများကိုယ်တိုင်က ရှေးဦးအရွယ် ကလေးသူငယ်ပြုစုစောင့်ရှောက်ရေးနည်းလမ်းများကို သိရှိနားလည်ပြီး မိမိတို့ကိုယ်တိုင် ဆောင်ရွက်၍ရကြောင်း၊ ကလေးသူငယ်များအား ပြုစုစောင့်ရှောက်နည်းစနစ်မမှန်ပါက ဖွံ့ဖြိုးမှုနှောင့်နှေးသွားနိုင်ကြောင်း၊ ရှေးဦးအရွယ် ကလေးသူငယ်များ၏ စိတ်ပိုင်းဆိုင်ရာဖွံ့ဖြိုးမှု၊ အပြန်အလှန်ဆက်သွယ်ခြင်းနှင့် ဘာသာစကားဖွံ့ဖြိုးမှု၊ လက်နှင့်လက်ချောင်းများ ဖွံ့ဖြိုးမှုအတွက် စနစ်တကျ လေ့ကျင့်ပေးခြင်း၊ ကလေးသူငယ်အချင်းချင်း ထိတွေ့ပေးခြင်းဖြင့် အထောက်အကူများစွာပြုနိုင်ကြောင်းနှင့် ထိုအသိပညာများကို အစိုးရက မိဘများ၊ အုပ်ထိန်းသူများ သိရှိအောင် ဖြန့်ဝေပညာပေးခြင်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

### ပြန်လည်ရှင်းလင်းဆွေးနွေး

ထို့နောက် တက်ရောက်လာကြသော မူလတန်းကြိုကျောင်း၊ ကိုယ့်အားကိုယ်ကိုးမူကြိုကျောင်းများ၊ ပုဂ္ဂလိကမူကြိုကျောင်းများမှ ဆရာ ဆရာမများ၊ မိဘအုပ်ထိန်းသူများက မိမိတို့ ဆောင်ရွက်လျက်ရှိသော ကလေးသူငယ်ပြုစုရေးလုပ်ငန်းများနှင့်ပတ်သက်၍ လိုအပ်ချက်နှင့် သိရှိလိုသည်များကို မေးမြန်းကြရာ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

### လူငယ်ရေးရာကိစ္စများကို တွေ့ဆုံဆွေးနွေး

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ချင်းပြည်နယ် လူငယ်ရေးရာကော်မတီအဖွဲ့ဝင်များ၊ လူမှုရေးအဖွဲ့အစည်းအသီးသီးမှ လူငယ်များနှင့် လူငယ်ရေးရာကိစ္စများကို တွေ့ဆုံဆွေးနွေးသည်။

ဆွေးနွေးပွဲတွင် တက်ရောက်လာကြသော လူငယ်များက ချင်းပြည်နယ်အတွင်းရှိ လူငယ်များနှင့် အရက်၊ မူးယစ်ဆေးကိစ္စများ၊ လူငယ်များအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ဆောင်ပေးရေး၊ လူငယ်စင်တာတည်ဆောက်ရန်အတွက် မြေနေရာရရှိရေး၊ လူငယ်များ တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်နိုင်ရန် ပြည်နယ်အစိုးရအဖွဲ့ရုံး၌ ယာယီရုံးခန်းရရှိရေးကိစ္စများကို ဆွေးနွေးခဲ့ကြသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးစိုးအောင်၊ ပြည်နယ်ဝန်ကြီးများနှင့် လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တို့က တင်ပြဆွေးနွေးမှုများကို ပြန်လည်သုံးသပ်ခဲ့ကြသည်။

### သွားရောက်ကြည့်ရှု

ဒုတိယဝန်ကြီး ဦးစိုးအောင်နှင့် ချင်းပြည်နယ် လူမှုရေးဝန်ကြီးတို့သည် ညနေပိုင်းတွင် ဟားခါးမြို့တွင် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေဖြင့် တည်ဆောက်လျက်ရှိသော ဘက်စုံသုံးဘေးဒဏ်ခံအဆောက်အဦ (Multi-purpose Cyclone Shelter) ဆောက်လုပ်နေမှု အခြေအနေအား သွားရောက်ကြည့်ရှုခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



## မီးအိမ်ရှင်ပရဟိတအသင်း ယဉ်ကျေးလိမ္မာသင်တန်းဖွင့်

**ပခုက္ကူ မေ ၂၁**

ပခုက္ကူမြို့နယ် ဖောင်းကွဲကျေးရွာ မီးအိမ်ရှင်ပရဟိတအသင်းက ကြီးမှူးပြီး (၅)ကြိမ်မြောက် နွေရာသီဗုဒ္ဓဘာသာယဉ်ကျေးလိမ္မာသင်တန်းကို ရေလာကျောင်းကြီး ကျောင်းတိုက်တွင် မေ ၂၀ ရက်မှ ၂၆ ရက်အထိ ဖွင့်လှစ်သင်ကြားလျက်ရှိသည်။

သင်တန်းတွင် အငယ်တန်း၊ အလတ်တန်း၊ အကြီးတန်းဟူ၍ ခွဲခြားပို့ချပြီး ကျေးရွာ ရှစ်ရွာမှ သင်တန်းသား ၄၀၀ ခန့်တက်ရောက်လျက်ရှိသည်။ အဆိုပါသင်တန်းသို့ လာရောက်သင်တန်းတက်ရောက်သူများကို နေ့စဉ် အာဟာရဒါနကုသိုလ် ကျွေးမွေးဧည့်ခံခဲ့ကြောင်း သိရသည်။

**ကိုဇော်(ခာတု)**

ကြေးမုံ

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | ဦးဝင်းရွှေ |
| စာတည်းမှူး | - | ဦးဝင်းနိုင် |
| စာတည်းများ | - | ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ |
| သတင်းထောက်မှူး | - | ဦးမြင့်စိုး |
| ဘာသာပြန်စာတည်းများ | - | ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော် |
| အကြီးတန်းသတင်းထောက်များ | - | ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း |
| အငယ်တန်းသတင်းထောက်များ | - | ဦးအောင်ကျော်ဦး၊ ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်ခင်စုစုလှိုင်၊ ဒေါ်နေဇာဇာထွန်း၊ ဦးအေးမင်းသူ |
| ဓာတ်ပုံသတင်းထောက် | - | ဦးခင်မောင်ဝင်း |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၃၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ Mirror Established in 1957
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၁၂၈၊ ၀၆၇-၃၆၁၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန္တလေး ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၉၄၅၂၇

## စာရိတ္တမဏ္ဍိုင် ခိုင်မာအောင်

ကျွန်တော်တို့ ပြည်သူတွေအတွက် ဝန်ထုပ်ဝန်ပိုးဖြစ်စေတဲ့ ကြိုးနီစနစ်တွေ၊ ကျွန်တော်တို့ လူ့အဖွဲ့အစည်းအတွင်း လိုက်စားနေတဲ့ အဂတိလိုက်စားမှုတွေကို စနစ်တကျ တိုက်ဖျက်သွားပြီး ကျွန်တော်တို့ နိုင်ငံသူ နိုင်ငံသားတွေရဲ့ စာရိတ္တမဏ္ဍိုင်ကို ခိုင်မာအောင် ကြိုးပမ်းဆောင်ရွက်သွားကြရမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့ ပြည်ထောင်စုအစိုးရအဖွဲ့အနေနဲ့ ကျွန်တော်တို့တွေ့ကြုံခဲ့ရတဲ့ အတိတ်က အဖြစ်အပျက်တွေ၊ ကျော်လွှားဖြတ်သန်းခဲ့ရတဲ့ အကျပ်အတည်းတွေ၊ ရင်ဆိုင်ခဲ့ရတဲ့ အခက်အခဲတွေကို သင်ခန်းစာယူပြီး ပစ္စုပ္ပန်နဲ့ အနာဂတ်အတွက် မိဘပြည်သူများ လိုလားတောင့်တနေကြတဲ့ ဒီမိုကရေစီနဲ့ လူ့အခွင့်အရေးကို မျက်ခြည်ပြတ်မခံဘဲ အဂတိတရားကင်းရှင်းစွာဖြင့် ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ ကြိုးပမ်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

(နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ၃၀-၃-၂၀၁၈ ရက်နေ့က ကျင်းပသည့် ပြည်ထောင်စုလွှတ်တော်တွင် ကတိသစ္စာပြုပွဲအခမ်းအနား၌ ပြောကြားသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

## တန်းတူရည်တူ အခွင့်အရေးပေးတဲ့ ဥပဒေတွေ

ပြည်သူလူထုရဲ့ ဘဝအပေါ်မှာ၊ နိစ္စဓူဝတွေအပေါ်မှာ ဘယ်လိုသက်ရောက်မှုရှိသလဲ။ တကယ်ပဲ တည်ငြိမ်မှု၊ လုံခြုံမှု၊ အားလုံးအတွက် တန်းတူရည်တူ အခွင့်အရေးပေးတဲ့ ဥပဒေတွေ ဟုတ်သလား၊ မဟုတ်သလား ဆိုတာ နောက်ဆုံး ပြည်သူက ဆုံးဖြတ်ရမှာ။ ပြည်သူရဲ့ ဆုံးဖြတ်ချက်ကို ဘယ်သူတွေက အကောင်အထည်ဖော်ရမလဲဆိုတော့ ပထမဦးဆုံး လွှတ်တော်က အကောင်အထည်ဖော်ရမှာပေါ့။ ဥပဒေတွေက တကယ်ပဲ ပြည်သူလူထုအတွက် အကျိုးပြုတဲ့ ဥပဒေတွေဖြစ်ရဲ့လားဆိုတာ လွှတ်တော်ကနေ ဆုံးဖြတ်ပြီးတော့ အကောင်အထည်ဖော်ရမှာ ဖြစ်ပါတယ်။

(နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ၇-၃-၂၀၁၈ ရက်နေ့တွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန(၂)၌ ကျင်းပသည့် တရားဥပဒေစိုးမိုးရေးအတွက် တရားမျှတမှုဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးညီလာခံ၌ ပြောကြားသည့် မိန့်ခွန်းမှကောက်နုတ်ချက်)

✻ ရှေ့ဖုံးမှ

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက လိုအပ်ချက်ကို သိရှိမှသာ အခက်အခဲများကို ဖြေရှင်းဆောင်ရွက်ရာတွင် လွယ်ကူနိုင်မည်ဖြစ်ကြောင်း၊ အကြံပြုချက်များကို မှတ်သား၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

**ရင်းရင်းနှီးနှီးနှုတ်ဆက်**

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌသည် လေးကေ့ကော်မြို့ စာကြည့်တိုက်အတွက် စာအုပ်၊ စာစောင်များကို စာကြည့်တိုက်တာဝန်ခံထံ ပေးအပ်လှူဒါန်းပြီး ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

**လှည့်လည်ကြည့်ရှု**

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌသည် လေးကေ့ကော်မြို့သစ် အတွင်းရှိ လေးကပေါ် ရေတံခွန်အပန်းဖြေစခန်းနှင့် စိုက်ပျိုးရေးခြံတို့ကို လှည့်လည်ကြည့်ရှုသည်။

**သတင်း - မောင်စိန်လွင်၊ ဓာတ်ပုံ - မင်းထက်**



**ပြည်သူများနှင့် တွေ့ဆုံ**

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း ထီးမယ်ဝါခီးကျေးရွာ ဒေသခံပြည်သူများနှင့် တွေ့ဆုံစဉ်။

## ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဆည်းဆာရိပ် ဂိလာနဘိုးဘွားများအား ဂါရဝပြုတွေ့ဆုံ အားပေးစကားပြော



**ရန်ကုန် မေ ၂၁**

ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုးတို့သည် မေ ၂၁ ရက် မွန်းတည့် ၁၂ နာရီက ရန်ကုန်မြို့ အရှေ့ဒဂုံမြို့နယ် အမှတ်(၁၂)ရပ်ကွက် ဗိုလ်မင်းခေါင်လမ်းရှိ ဆည်းဆာရိပ် ဂိလာနဘိုးဘွားရိပ်သာသို့ သွားရောက်ခဲ့ကြသည်။

**ရှင်းလင်းတင်ပြ**

ရှေးဦးစွာ ဝန်ကြီးချုပ်နှင့် မြို့တော်ဝန်တို့အား ဆည်းဆာရိပ် ဂိလာနဘိုးဘွားရိပ်သာမှ ဆရာမကြီး ဒေါ်သန်းမြင့်အောင်က ဘိုးဘွားများအား ပြုစုစောင့်ရှောက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဘိုးဘွားများထားရှိသည့် အဆောင်များကို လိုက်လံကြည့်ရှုပြီး ဘိုးဘွားများအား ဂါရဝပြုအားပေးစကားများပြောကြားသည်။ ဆည်းဆာရိပ်ဂိလာန ဘိုးဘွားရိပ်သာကို ဆရာမကြီး ဒေါ်သန်းမြင့်အောင်က ဦးဆောင်ကာ ဆောင်ရွက်နေခြင်းဖြစ်ပြီး အကြောင်းအမျိုးမျိုးကြောင့် ခိုကိုးရာမဲ့နေကြသော ဂိလာနဘိုးဘွားများအား ကြင်နာစွာဖြင့် ၎င်းတို့ အသက်ရှင်နေသမျှကာလအပိုင်းအခြားအထိ ၎င်းတို့အပေါ်တွင် နားလည်စာနာစိတ်၊ သည်းခံစိတ်တို့ဖြင့် ပြုစုယုယပေးမည့် နွေးထွေးသောမေတ္တာများဖြင့် ဖေးမကူညီကြရန်နှင့် ရေရှည်တည်တံ့ခိုင်မြဲစေရန်အတွက် စေတနာရှင်များ၏ အကူအညီများလည်း လိုအပ်လျက်ရှိကြောင်း သိရသည်။

**တာဝန်ယူဆောင်ရွက်ပေး**

ဆည်းဆာရိပ် ဂိလာနဘိုးဘွားရိပ်သာတွင် ဘိုးဘွား ၁၅၀ နေထိုင်လျက်ရှိပြီး ဘိုးဘွားများ၏ နေထိုင်စားသောက်ရေးနှင့် သန့်ရှင်းရေး၊ ကျန်းမာရေးအခြေအနေများကို ဆည်းဆာရိပ်မှ ဝန်ထမ်းများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် ဆရာဝန် ဆရာမများက နေ့၊ ည တာဝန်ယူ၍ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ဆန်းကျော်ဦး(မြန်/ဆက်)**

**ထာဝရကုသိုလ်ရယူဖို့ သစ်ပင်စိုက်ပျိုးထိန်းသိမ်းစို့**

# တိရစ္ဆာန်အစာများကို ပြည်တွင်း၌ ပြည့်စုံဖူလုံစွာထုတ်လုပ်နိုင်ရေး စိုက်ပျိုးထုတ်လုပ်သူများနှင့် လုပ်ငန်းရှင်များပူးပေါင်းဆောင်ရွက်

**နေပြည်တော် မေ ၂၁**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူသည် မေ ၂၀ ရက် မွန်းလွဲပိုင်းက လားရှိုးခရိုင် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှူးရုံး၌ ပြည်နယ်/ခရိုင်/မြို့နယ်အဆင့် တာဝန်ရှိသူများနှင့် တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် တိရစ္ဆာန်မှထွက်ရှိသော ထုတ်ကုန်များသည် သတ်မှတ်စံချိန်စံညွှန်းများနှင့် ညီညွတ်စွာ စားသုံးသူ ဘေးကင်းလုံခြုံမှုရှိရန်၊ သွင်းကုန်အစားထိုးရေးလုပ်ငန်းများဆောင်ရွက်နိုင်ရန်၊ ပို့ကုန်မြှင့်တင်ရေးကြိုးစားဆောင်ရွက်ရန်၊ ကုန်ကြမ်းမှ ကုန်ချောသို့ ထုတ်လုပ်နိုင်ရေးတိုးချဲ့ဆောင်ရွက်ရန်၊ နယ်စပ်ဖြတ်ကျော်ရောဂါများအား ဂရုစိုက်ကာကွယ်ရန်၊ ဆက်စပ်ဌာနများနှင့် ပူးပေါင်းဆောင်ရွက်ရန်လိုအပ်ချက်များနှင့်စပ်လျဉ်း၍ ဆွေးနွေးမှာကြားသည်။



ယင်းနောက် ပြည်နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှူးဒေါက်တာခင်အောင်က ဌာန၏လုပ်ငန်းဆောင်ရွက်ထားရှိမှုများနှင့် ညွှန်ကြားရေးမှူးဒေါက်တာလှလှမွန်က တိရစ္ဆာန်ရောဂါရှာဖွေရေးဓာတ်ခွဲခန်း၏ လုပ်ငန်းအခြေအနေများကို Power Point ဖြင့် ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက ဖြည့်စွက်ဆွေးနွေးသည်။

### ကြည့်ရှုစစ်ဆေး

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် လားရှိုးခရိုင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန တိရစ္ဆာန်ရောဂါရှာဖွေရေးဓာတ်ခွဲခန်း၏ လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မွန်းလွဲပိုင်းတွင် လားရှိုးမြို့နယ် နောင်ဖော့ကျေးရွာအုပ်စု လွယ်လမ့်ကျေးရွာရှိ "ရွှေကောင်းကင် Livestock Development Co., Ltd." ၏ အစာစပ်စက်ရုံနှင့် "မြန်မာ့ရွှေရောပြောင်းအခြောက်ခံစက်ရုံ"များသို့ ရောက်ရှိကြပြီး စက်ရုံအတွင်း လှည့်လည်ကြည့်ရှုအားပေးသည်။

### ဆွေးနွေးပြောကြား

ထို့နောက် ဒေသနေတိုင်းရင်းသားတောင်သူများ၊ စက်ရုံတာဝန်ရှိသူများနှင့် တွေ့ဆုံ၍ တိရစ္ဆာန်အစာများကို ပြည်တွင်း၌ ပြည့်စုံဖူလုံစွာထုတ်လုပ်နိုင်ရေးအတွက် စိုက်ပျိုးထုတ်လုပ်သူများနှင့် လုပ်ငန်းရှင်များ ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ချက်များအား ပြည်ထောင်စုဝန်ကြီးက ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# Deemawso Women Club အသင်းက ကျေးရွာအရောက် စာဖတ်ဝိုင်းသွားရောက်ဆောင်ရွက်ပေး

**ဒီမော့ဆို မေ ၂၁**

ကယားပြည်နယ် လွိုင်ကော်ခရိုင် ဒီမော့ဆိုမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန Deemawso Women Club အသင်းက ပြည်သူများအား စာဖတ်တတ်သည့် အလေ့အကျင့်ကောင်းများရရှိစေရန်နှင့် အသိပညာဗဟုသုတများ တိုးပွားလာစေရန်ရည်ရွယ်၍ စာဖတ်ဝိုင်းတစ်ရပ်ကို ယနေ့နံနက် ၁၀ နာရီခွဲတွင် ဒီမော့ဆိုကျေးရွာအုပ်စု ဒေါင်ခါး(၂) အမျိုးသမီးဖွံ့ဖြိုးမှုစင်တာရုံး၌ သွားရောက်ဆောင်ရွက်ပေးခဲ့သည်။

ရှေးဦးစွာ Deemawso Women Club အသင်းမှ ဉက္ကဋ္ဌ ဒေါ်လူဆီးယာက Women Club အသင်းအကြောင်း မိတ်ဆက်ပြောကြားပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးကြီးဒဲရယ်က ပြည်သူများအား စာဖတ်ဝိုင်းလာရောက်ဆောင်ရွက်ပေးရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက်ဒေသခံပြည်သူများအား သုတ၊ ရသစာအုပ်စာစောင်များဖြင့် စာဖတ်ဝိုင်းကို အဖွဲ့လိုက်ဆောင်ရွက်ပေးပြီး ဖတ်ရှုမှတ်သားထားသော အကြောင်းအရာများကို အဖွဲ့လိုက်ကိုယ်စားပြု ပြန်လည်ဆွေးနွေးဖတ်ပြသူများအား တာဝန်ရှိသူများက အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ စာဖတ်ဝိုင်းဆောင်ရွက်ပေးခြင်းနှင့်ပတ်သက်၍ ဒေသခံအမျိုးသမီးတစ်ဦးက ယခုလို စာဖတ်ဝိုင်းလာရောက်ပေးသည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း၊ ဒေသခံအများစုမှာ စာဖတ်ဖို့အချိန်မပေးကြသည့်အပြင် စာအုပ်စာစောင်များကိုလည်း ဖတ်ရှုမှုအလွန်အားနည်းသည့်အတွက် ယခုလို စာဖတ်ဝိုင်းအစီအစဉ်ဖြင့် ပြုလုပ်ပေးသည့်အခါ စာအုပ်များကို လေ့လာဖတ်ရှုရသဖြင့် အကျိုးရှိစွာဖတ်မှတ်ရပါကြောင်းနှင့် ဒေသခံလူကြီးလူငယ်များကိုလည်း ထပ်မံပြီးလာရောက်ဆောင်ရွက်ပေးဖို့ ဖိတ်ခေါ်ပါကြောင်း ပြောကြားသည်။ **ကြီးဒဲရယ်**



# ဆားမလောက်-မအူပင်လမ်း ရာသီမရွေးသွားလာနိုင်ရန် ပြုပြင်ဆောင်ရွက်ထား

**မအူပင် မေ ၂၁**

ဆားမလောက်-မအူပင်ကားလမ်းသည် ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ညောင်တုန်းမြို့နယ်နှင့် မအူပင်မြို့နယ်အတွင်းရှိ ရေနံမြေလမ်းဆုံမှ ရန်ကုန်-ပုသိမ်ကားလမ်း မိုင်တိုင်အမှတ်(၃၂/၄-၅) မှ မအူပင်-ကျိုက်လတ်လမ်းဆုံအထိ ၂၁ မိုင် ၃ ဖာလုံရှိသည်။

အဆိုပါ ဆားမလောက်-မအူပင်ကားလမ်းမှာ ၂၀၁၁ ခုနှစ် အောက်တိုဘာ ၂၉ ရက်တွင် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းနှင့် အေးရှားဝေါလ်ယခု အိုရီယမ်တယ်ဟိုင်းဝေးကုမ္ပဏီတို့ BOT စာချုပ်ချုပ်ဆိုခဲ့ပြီး တာဝန်ယူလုပ်ကိုင်နေသောလမ်းဖြစ်သည်။

ဆားမလောက်-မအူပင် လမ်းပိုင်းသည် ရန်ကုန်-ပုသိမ်လမ်း မိုင် ၃၂/၅ ကဇွန်းကျေးရွာ မအူပင်မြို့နယ် ကျိုက်လတ်လမ်းခွဲအထိဖြစ်ပြီး ၂၁ မိုင် ၃ ဖာလုံအရှည်ဖြစ်သည်။ ၂၀၀၈ ခုနှစ် မေလတွင် ဧရာဝတီတိုင်းဒေသကြီးသို့ နာဂစ်မုန်တိုင်းဝင်ရောက်ပြီးနောက်ပိုင်း တိုင်းဒေသကြီးအတွင်းရှိ လမ်းများနှင့်အတူ ပျက်စီးခဲ့ရသည်။ တာဝန်ရှိသူများ၏ ညှိနှိုင်းချက်အရ ၂၀၀၈ ခုနှစ်မှစ၍ လမ်းများ သွားလာမှုအဆင်ပြေချောမွေ့စေရန် လမ်းမျက်နှာပြင် အစိတ်အပိုင်းများအား Grandular Base ညှိခင်းခြင်း၊ ပြုပြင်တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။



လမ်းအမျိုးအစားမှာ ၁၈ ပေကတ္တရာလမ်းဖြစ်သည်။ လမ်းဘေးဘယ်ညာတို့တွင် ရေမြောင်းကြီးများ ရေဝပ်ကိုရိယာများ၊ ဆည်မြောင်းဝန်ကြီးဌာနက တူးဖော်ထားသော ရေသွင်းရေထုတ်မြောင်းများ တည်ရှိနေပြီး လမ်းစတင်တည်ဆောက်ခဲ့စဉ်က လမ်းဘေးတာပေါင်များအား လမ်းမြေများ ကုတ်တင်တည်ဆောက်ခဲ့ရခြင်းကြောင့် မြေအမျိုးအစားညံ့ခြင်း၊ မိုးရေချိန်မြင့်မားခြင်း စသည်တို့ကြောင့် လမ်းမျက်နှာပြင်များပျက်စီးခြင်း၊ လမ်းတာပေါင်များ နိမ့်ကျွံမှုဖြစ်ခြင်းတို့ နှစ်စဉ်ကြုံတွေ့ခဲ့ရသည်ဟု သိရသည်။

ထို့ကြောင့် BOT ကုမ္ပဏီအနေဖြင့် လမ်းအားပြင်ထိန်းလုပ်ငန်းကို မိုးကာလ (ဇွန်လမှ စက်တင်ဘာလအထိ) တစ်ကြိမ်နှင့် ပွင့်လင်းကာလ(အောက်တိုဘာလမှ မေလအထိ) တစ်ကြိမ်စသည်ဖြင့် ကာလပိုင်းခြားပြီး လမ်းပျက်စီးမှုအပေါ်မူတည်၍ ကတ္တရာရေပိတ်လွှာလောင်းခြင်း၊ ထပ်ပိုးလွှာခြင်း၊ နိမ့်ကျွံမြေများပြုပြင်ခြင်း၊ အမာခံကျောက်ကြီးခင်းခြင်း၊ လမ်းပေါက်ဖာထေးခြင်း၊ လမ်းမျက်နှာပြင်အကြီးစားပြုပြင်ခြင်း၊ လမ်းပခုံးအမာခံကျောက်ခင်းခြင်း၊ လမ်းရေမတင်ရန် မြောင်းဖောက်ခြင်း၊ တံတားငယ်များ ပြုပြင်ခြင်းတို့ ဆောင်ရွက်ထားရှိပြီဖြစ်၍ ယခုအခါ ကားများ ရာသီမရွေး သွားလာနိုင်ပြီဖြစ်သည်။ **ခရမ်းစိုးမြင့်**



# ထားဝယ်မြို့ လောကမာရဇိန်ဘုရားကြီးရင်ပြင်တော်၌ ထာဝရငြိမ်းချမ်းရေးဓမ္မသဘင်ကျင်းပ

**ထားဝယ် ဧပြီ ၂၁**
နေပြည်တော်ရှိ ထာဝရငြိမ်းချမ်းရေးစေတီတော်တွင် ကိန်းဝပ်စံပယ်တော်မူမည့် စကျင်ဗုဒ္ဓရုပ်ပွားတော်များ၊ ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်ဘုံအဆင့်ဆင့်များ ပင့်ဆောင်ပူဇော်ခြင်းအထိမ်းအမှတ် ထာဝရငြိမ်းချမ်းရေးဓမ္မသဘင်ကို ယနေ့ ည ၇ နာရီ ၄၅ မိနစ်က တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ရှိ လောကမာရဇိန်ဘုရားကြီး ရင်ပြင်တော်၌ ကျင်းပသည်။

ထာဝရငြိမ်းချမ်းရေးဓမ္မသဘင်တွင် ရွှေပါရမီတောရဆရာတော် အရှင်ဆန္ဒာဓိကက "မေတ္တာလွှမ်းမှငြိမ်းချမ်းမယ်" တရားတော်ကို ဟောကြားချီးမြှင့်ရာ တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်မောင်၊ တနင်္သာရီတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးခင်မောင်အေး၊ တိုင်းဒေသကြီး လွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဂေါပကအဖွဲ့ဝင်များ၊ ဝတ်အသင်းအဖွဲ့များ၊ အလှူရှင်များနှင့် တိုင်းဒေသကြီးအတွင်းရှိ တရားချစ်ခင်သူတော်စင်များက တရားတော်ကို နာယူကြည်ညိုကြသည်။

စကျင်ဗုဒ္ဓရုပ်ပွားတော်များ၊ ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်ဘုံအဆင့်ဆင့်များအား ယနေ့ နံနက်ပိုင်းက မွန်ပြည်နယ် မော်လမြိုင်မြို့ ကျိုက်သလ္လံစေတီတော်မှ တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ရှိ လောကမာရဇိန်ဘုရားကြီးသို့ မွန်ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ ဝတ်အသင်းအဖွဲ့များက ပင့်ဆောင်ပူဇော်ကြပြီး တနင်္သာရီတိုင်းဒေသကြီးသို့ ရောက်ရှိရာတွင် တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်မောင်၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးခင်မောင်အေး၊ တိုင်းဒေသကြီးလွှတ်တော်ဒုတိယဥက္ကဋ္ဌနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လောကမာရဇိန်ဘုရား ဂေါပကအဖွဲ့ဝင်များ၊ ဝတ်အသင်းအဖွဲ့များက ထားဝယ်မြို့သို့ ကြိုဆိုပင့်ဆောင်ကြပြီး ဒေသစာရီကြွချီအပူဇော်ခံရာ လမ်းကြောင်းတစ်လျှောက်တွင် ပြည်သူအများက ဖူးမြော်ကြည်ညိုကြပြီး စေတီတော်တည်ထားကိုးကွယ်ရေးအတွက် ရတနာရွှေငွေပစ္စည်းများ လှူဒါန်းကြသည်။

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ရာဇသင်္ဂဟလမ်း ကံ့ကော်ပန်းအဝိုင်းအနီးတွင် မြန်မာနိုင်ငံသူ နိုင်ငံသားများ၏စုပေါင်းအားဖြင့် တည်ထားကိုးကွယ်လျက်ရှိသော ထာဝရငြိမ်းချမ်းရေးစေတီတော်တွင် ကိန်းဝပ်စံပယ်တော်မူမည့် စကျင်ဗုဒ္ဓရုပ်ပွားတော်များ၊ ရွှေထီးတော်၊ ငှက်မြတ်နားတော်နှင့် ရတနာစိန်ဖူးတော်များအား တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ ဒေသစာရီကြွချီအပူဇော်ခံလျက်ရှိရာ ဧပြီ ၂၂ ရက်တွင် ဘားအံ၊ ၂၃ ရက်တွင် သထုံ၊ ၂၄ ရက်တွင် ပဲခူး၊ ၂၅ ရက်တွင် ပုသိမ်၊ ၂၆ ရက်တွင် ဟင်္သာတ၊ ၂၇ ရက်တွင် ပြည်၊ ၂၈ ရက်တွင် မကွေး၊ ၂၉ ရက်တွင် ပုဂံ၊ ဧပြီ ၃၀ ရက်မှ မေ ၁ ရက်အထိ မုံရွာ၊ မေ ၂ ရက်မှ ၆ ရက်အထိ မန္တလေး၊ မေ ၇ ရက်တွင် ကျောက်ဆည်၊ မေ ၈ ရက်တွင် သဲတော(ဝမ်းတွင်း)၊ မေ ၉ ရက်တွင် တောင်ကြီး၊ မေ ၁၀ ရက်တွင် လွိုင်ကော်၊ မေ ၁၁ ရက်တွင် တောင်ငူ၊ မေ ၁၂ ရက်မှ ၁၈ ရက်အထိ နေပြည်တော်တို့တွင် ဒေသစာရီကြွချီအပူဇော်ခံသွားမည်ဖြစ်ကြောင်း သိရသည်။

ဒေသစာရီကြွချီပူဇော်ခံရာ ခရီးစဉ်တစ်လျှောက်တွင် ရွှေပါရမီတောရဆရာတော် အရှင်ဆန္ဒာဓိကက ငြိမ်းချမ်းရေးတရားတော်များ ဟောကြားချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **ဟန်လင်းနိုင်**

# ထာဝရငြိမ်းချမ်းရေးစေတီတော်တွင် ကိန်းဝပ်စံပယ်တော်မူမည့် စကျင်ဗုဒ္ဓရုပ်ပွားတော်နှစ်ဆူ ထားဝယ်မြို့ဘုရားကြီး၌ ကြည်ညိုအပူဇော်ခံ

**ထားဝယ် ဧပြီ ၂၁**
နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ကံ့ကော်ပန်းအဝိုင်းအနီးရှိ ထာဝရငြိမ်းချမ်းရေးစေတီတော်တွင် ကိန်းဝပ်စံပယ်တော်မူမည့် အမြင့် ခြောက်ပေ၊ အကျယ် ငါးပေရှိ စကျင်ဗုဒ္ဓရုပ်ပွားတော်နှစ်ဆူသည် မွန်ပြည်နယ် ရေးမြို့ဘက်မှ ထားဝယ်ခရိုင် ကလိန်အောင်မြို့ မလွဲတောင်ဂိတ်သို့ ယနေ့ နံနက် ၁၀ နာရီခွဲခန့်တွင် ရောက်ရှိ၍ ဒေသစာရီလှည့်လည်ကြွချီအပူဇော်ခံခဲ့သည်။



ထို့နောက် စကျင်ဗုဒ္ဓရုပ်ပွားတော် နှစ်ဆူသည် ကလိန်အောင်မြို့ မလွဲတောင်ဂိတ်မှ ထားဝယ်မြို့နယ် ဘုရားကြီးသို့ ဒေသစာရီလှည့်လည်ကြွချီအပူဇော်ခံရာလမ်းတစ်လျှောက်တွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်မောင်၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးခင်မောင်အေး၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဘုရားဂေါပကအဖွဲ့များက လိုက်ပါကြည်ညိုပြီး ဒေသခံပြည်သူများက ဖူးမြော်ကြည်ညို၍ လိုက်ပါလာသူများအား အအေးဖျော်ရည်များဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

ဆက်လက်၍ စကျင်ဗုဒ္ဓရုပ်ပွားတော် နှစ်ဆူကို ဘုရားကြီးဝင်းအတွင်း၌ အပူဇော်ခံထားရှိရာ ရဟန်းရှင်လူ ဒေသခံပြည်သူများ လာရောက်ကြည်ညိုဖူးမြော်ကြပြီး လောကမာရဇိန်ဘုရားကြီး မေတ္တာရိပ်အောက်၌ ရွှေထီးတော်၊ ငှက်မြတ်နားတော်၊ ရတနာစိန်ဖူးတော်များနှင့်အတူ ဧပြီ ၂၂ ရက်အထိ ရင်ငွေ့တော်လှုံ အပူဇော်ခံထားရှိမည်ဖြစ်ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# နိုင်ငံတော်ဩဝါဒါစရိယ ရခိုင်ပြည်နယ် စစ်တွေမြို့ ကုန်တန်းရပ်ကွက် သဒ္ဓမ္မဂရု(ပုသိမ်) ကျောင်းတိုက်၏ ဦးစီးပဓာန နာယကဆရာတော် ဘဒ္ဒန္တပဏ္ဍိတ(အဘိဓဇမဟာရဋ္ဌဂုရု)၏ ထေရုပ္ပတ္တိအကျဉ်း



**ဖွားတော်မူခြင်း**
ဆရာတော်လောင်းလျာသည် ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ် ရွှေကုန်းဘောင်ကျေးရွာ ခမည်းတော် ဦးရွှေထွန်းသာ (ခ) ဦးရွှေလူ၊ မယ်တော် ဒေါ်မချမ်းဦးတို့က ၁၂၉၇ ခုနှစ် ကဆုန်လပြည့်ကျော် ၁၄ ရက် (ကြာသပတေးနေ့) တွင် ဖွားမြင်တော်မူသော သားရတနာဖြစ်ပါသည်။

**ရှင်ရဟန်းပြုတော်မူခြင်း**
ဆရာတော်လောင်းလျာသည် ၁၃၀၇ ခုနှစ်တွင် ရမ်းဗြဲမြို့နယ် သပြိကျွန်းကျောင်းဆရာတော်ကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ ရှင်သာမဏေအဖြစ်သို့ရောက်ရှိခဲ့ပြီး ၁၃၁၇ ခုနှစ်တွင် စစ်တွေမြို့ ကျောင်းတက်လမ်းရပ်ကွက် ကျားရုပ်ကျောင်းခဏ္ဍသိမ်၌ ယင်းကျောင်းဆရာတော် ဘဒ္ဒန္တပညာကို ဥပဇ္ဈာယ်ပြု၍ စစ်တွေမြို့ ဒေါ်ဝေနုမိသားစုတို့၏ ပစ္စယာနုဂ္ဂဟဖြင့် မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိတော်မူခဲ့ပါသည်။

**ပရိယတ္တိစာပေသင်ယူဆည်းပူးတော်မူခြင်း**
ဆရာတော်သည် ကျောက်ဖြူမြို့နယ် မူရင်းတောင်ကျောင်းဆရာတော် ဘဒ္ဒန္တဝရ၊ ရွှေကုန်းဘောင်ကျောင်းဆရာတော် ဘဒ္ဒန္တသာဂရ၊ စစ်တွေမြို့ သဒ္ဓမ္မဂရု(ပုသိမ်) ကျောင်းဆရာတော် ဘဒ္ဒန္တဂရုဝံသ၊ ရန်ကုန်မြို့ဆုတောင်းပြည့်ပါဠိတက္ကသိုလ်ကျောင်း ဆရာတော် ဘဒ္ဒန္တဉာဏိက စသော ဆရာတော်တို့ထံတွင် ပရိယတ္တိစာပေများကို သင်ယူဆည်းပူးတော်မူခဲ့ပြီး သာသနဓဇဓမ္မာစရိယဘွဲ့ကို ရရှိတော်မူခဲ့ပါသည်။

**သာသနာရေးအားပေးဆောင်ရွက်တော်မူခြင်း**
ဆရာတော်သည် စစ်တွေမြို့ သဒ္ဓမ္မဂရု(ပုသိမ်)ကျောင်းတိုက်၌ စာသင်သား ရဟန်း၊ သာမဏေတို့အား ပရိယတ္တိစာပေများ သင်ကြားပို့ချပေးတော်မူခဲ့ပြီး သာသနသာရ ပကာသနီကျမ်း၊ ကိုယ်ကျင့်သီလစောင့်ရှောက်ကြ၊ ရဟန်းတို့ကျင့်စရာ သီလသိက္ခာ၊ ဗြဟ္မဝိဟာရဖြင့် နေထိုင်ခြင်း စသော ကျမ်းစာများကို ရေးသားပြုစုတော်မူခဲ့ပြီး သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်တွင် မြို့နယ်ဝိနည်းဓိုရ်၊ မြို့နယ်သံဃနာယကအဖွဲ့ ဒုတိယ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင်၊ နိုင်ငံတော်ဩဝါဒါစရိယ စသော သာသနာ့တာဝန်များကို ထမ်းဆောင်တော်မူခဲ့ပါသည်။

**ဘွဲ့တံဆိပ်အလှူခံရရှိတော်မူခြင်း**
ဤသို့လျှင် ဗုဒ္ဓသာသနာတော်အကျိုးကို ထက်သန်သော ဝီရိယဖြင့် သယ်ပိုးဆောင်ရွက်တော်မူခဲ့သော သာသနဓုရာဝဟဂုဏ်၊ အဂ္ဂမဟာပဏ္ဍိတလဒ္ဓလဠနဂုဏ်၊ ရတ္တညျုမဟာနာယကဂုဏ်၊ ပိဋကတ္တယ ဆေကဂုဏ်၊ လဇ္ဇီပေသလ သိက္ခာကာမဂုဏ် စသည်တို့နှင့် ပြည့်စုံတော်မူသော ဆရာတော်ကြီးအား နိုင်ငံတော်အစိုးရက ၁၃၇၉ ခုနှစ် (၂၀၁၈) တွင် အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ကို ဆက်ကပ်လှူဒါန်းခဲ့ပါသည်။

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**
ဆရာတော်ကြီးသည် သာသနာတော်အကျိုးကို သယ်ပိုးဆောင်ရွက်တော်မူရင်း သက်တော် ၈၄ နှစ်၊ သိက္ခာတော် ၆၄ ဝါအရ ၁၃၈၀ နှစ် တန်းခူးလပြည့်ကျော် ၂ ရက် (၂၁-၄-၂၀၁၉) တနင်္ဂနွေနေ့ နံနက် ၀၈း၀၀ နာရီအချိန်တွင် ဘဝနတ်ထံ ပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိပါသည်။ **သတင်းစဉ်**

# စစ်ကိုင်းမြို့တွင် သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး အသိပညာပေး

**စစ်ကိုင်း ဧပြီ ၂၁**
စစ်ကိုင်းမြို့တွင် သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးအတွက် အသိပညာပေးလှုပ်ရှားမှုတစ်ရပ်အနေဖြင့် ယနေ့ နံနက်ပိုင်းက လူစည်ကားရာ စစ်ကိုင်းမြို့မစျေးရှေ့၌ သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေး အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း စစ်ကိုင်းမြို့နယ် ကြက်ခြေနီတပ်ဖွဲ့မှ သိရသည်။

မြန်မာနိုင်ငံ ကြက်ခြေနီအသင်း၏ သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းကို စစ်ကိုင်းမြို့နယ် ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် သုခကာရီ(Resuce) အဖွဲ့နှင့် ပူးပေါင်း၍ ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **ကိုမင်း(အင်းတော်)**

# Overtourism ၏ သဘောတရားနှင့် ၎င်းအားစီမံခန့်ခွဲမှု

**နှင်းလဲ့(Tourism)**

### Overtourism ဆိုသည်မှာ

Overtourism ဆိုသောစကားလုံးသည် ယနေ့ခေတ် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်သောနိုင်ငံများတွင် အလွန်ရေပန်းစားလာသော စကားလုံးဖြစ်လာပါသည်။ Overtourism သည် overcrowding ဆိုသောစကားလုံးနှင့် ဆက်နွှယ်နေပြီး အဓိပ္ပာယ်မှာ ခရီးစဉ်ဒေသတစ်ခုတွင် လက်ခံနိုင်သောပမာဏ(carrying capacity) ထက် ခရီးသွားဧည့်သည် အရေအတွက် ပိုမိုလာရောက်လည်ပတ်ခြင်းဖြစ်သည်။ Overtourism ဆိုသည်မှာ ခရီးစဉ်ဒေသတစ်ခု သို့မဟုတ် နေရာတစ်ခုရှိ ဒေသခံပြည်သူများ၏ လူနေမှုဘဝနှင့် လာရောက်သော ခရီးသွား ဧည့်သည်များ၏ ခရီးသွားအတွေ့အကြုံများအား အနုတ်လက္ခဏာဆောင်စေသော ခရီးသွားလုပ်ငန်းဆိုင်ရာ အကျိုးသက်ရောက်မှုတစ်ခုလည်း ဖြစ်ပါသည်။

### ဆုလာဘ် သို့မဟုတ် ပြစ်ဒဏ်

ခရီးသွားလုပ်ငန်း၌ နာမည်ကျော်ကြားမှုသည် ဆုလာဘ်တစ်ခုဖြစ်နိုင်သကဲ့သို့ ပြစ်ဒဏ်တစ်ခုလည်း ဖြစ်နိုင်ပါသည်။ ဆိုလိုသည်မှာ ခရီးစဉ်ဒေသတစ်ခုသည် ခရီးသွားဧည့်သည်များအကြား လူသိများထင်ရှားလာသည်နှင့်အမျှ အဆိုပါဒေသသို့ ခရီးသည်များ ပိုမိုလာရောက်ခြင်း၊ အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးလာခြင်း၊ အလုပ်အကိုင် အခွင့်အလမ်းပေါ်များလာခြင်း၊ ဒေသခံပြည်သူလူထု၏ လူမှုစီးပွားဘဝမြင့်မားတိုးတက်လာခြင်း စသည့် ကောင်းကျိုးများ ဖြစ်ထွန်းနိုင်သကဲ့သို့ တစ်ဖက်တွင်လည်း နာမည်ကျော်ကြားလာမှုကြောင့် ခရီးသွားဧည့်သည်များ လက်ခံနိုင်သည်ထက် ပိုမိုလာရောက်သဖြင့် ခရီးသွားဧည့်သည်များကြောင့် ခရီးစဉ်ဒေသများ ပျက်စီးယိုယွင်းလာခြင်း၊ သဘာဝပတ်ဝန်းကျင်များ တဖြည်းဖြည်းပျက်စီးလာခြင်း၊ ဒေသခံများ၏ လွတ်လပ်ခွင့် (Privacy) ကို ဝင်ရောက်စွက်ဖက်လာခြင်း၊ ကမ္ဘာလှည့်ခရီးသွားများ လာရောက်မှုကိုကြောက်ရွံ့ခြင်း၊ နွေးထွေးပျူငှာစွာ မကြိုဆိုခြင်း(tourism phobia) စသည့် ဆိုးကျိုးများ ခံစားရနိုင်ပါသည်။

### Overtourism ဖြစ်စေသောအကြောင်းရင်းများ

ခရီးစဉ်ဒေသတစ်ခုတွင် ခရီးသွားဧည့်သည်များ လိုအပ်သည်ထက် ပိုလျှံစွာလာရောက်ရခြင်းမှာ အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း ခရီးစဉ်ဒေသ၏ နာမည်ထင်ရှားကျော်ကြားမှုသည် အကြောင်းရင်းတစ်ခုဖြစ်ပြီး အရည်အသွေးထက် ခရီးသွားအရေအတွက်ကို အလေးထားခြင်း၊ စျေးနှုန်းသက်သာသောလေကြောင်းလိုင်းများ ပေါ်များလာခြင်း၊ ကောင်းမွန်သော ခရီးသွားလုပ်ငန်းဆိုင်ရာ မူဝါဒများမရှိခြင်း၊ OTA (Online Travel Agent) များ ပေါ်များလာခြင်း စသည်တို့ကြောင့်လည်း ဖြစ်စေနိုင်ပါသည်။

### Overtourism ခံစားနေရသောနိုင်ငံများ

Overtourism ကို အများဆုံးကြုံတွေ့နေရသော နေရာများမှာ ခရီးသွားဧည့်သည်များ လာရောက်အလည်ပတ်ဆုံး စိတ်အဝင်စားဆုံးနေရာများ ဖြစ်ကြသည်။ ခရီးသည်များ ပိုလျှံစွာ လာရောက်လည်ပတ်ခြင်းသည် နိုင်ငံတစ်နိုင်ငံနှင့်တစ်နိုင်ငံ၊ တစ်နေရာနှင့်တစ်နေရာ မတူညီကြပေ။ Overtourism ကို ခံစားနေရသောနိုင်ငံများအနေဖြင့် ဒေသခံများ၏ ခရီးသွားလုပ်ငန်းကို ဆန့်ကျင်လာမှု၊ ခရီးသွားများ၏ လိုအပ်ချက်များကို စိတ်တိုင်းကျ မဖြည့်ဆည်းပေးနိုင်မှု၊ အခြေခံအဆောက်အအုံများ ထူထပ်များပြားလာမှု၊ ယဉ်ကျေးမှုအမွေအနှစ်များအား ခြိမ်းခြောက်လာမှု စသည်တို့ ကြုံတွေ့နေရပါသည်။ ဥပမာပြရလျှင် ဥရောပရှိ ခရီးသွားမြို့တော်ကြီးများဖြစ်သော အမ်စတာဒမ်၊ ဘာစီလိုနာ၊ ဂျူဗရိုနစ်နှင့် ဗီးနစ် စသည်တို့တွင် ကမ္ဘာလှည့်ခရီးသွားများ တစ်နှစ်ထက်တစ်နှစ် ပိုမိုလာရောက်လျက်ရှိသည့်အတွက် Overtourism ကို ထိန်းချုပ်ရန် ခရီးသွားလုပ်ငန်းဆိုင်ရာ မူဝါဒသစ်များ ချမှတ်ကာ လုပ်ဆောင်နေကြရပါသည်။ ထို့ပြင် အိမ်နီးချင်းနိုင်ငံဖြစ်သော ထိုင်းနိုင်ငံရှိ မာယာကမ်းခြေ (Maya Beach)သည်"The Beach"ရုပ်ရှင် ဇာတ်ကားဖြင့် နာမည်ကြီးလာပြီး ကမ္ဘာလှည့်ခရီးသွားများအကြား စိတ်ဝင်စားမှုရှိကာ ခရီးသွားများ ပိုမိုလာရောက်ခဲ့သော်လည်း ၎င်း၏သဘာဝဂေဟစနစ် ထိခိုက်ယိုယွင်းလာမှုကြောင့် ပြင်ဆင်မှုများ ပြုလုပ်ရန်အတွက် မကြာသေးမီက ပိတ်ထားလိုက်ရသည်။

ထို့နည်းတူ ဖိလစ်ပိုင်နိုင်ငံရှိ ဘိုရိုကေးကမ်းခြေ (Borocay Beach)သည်လည်း ဖိလစ်ပိုင်နိုင်ငံရှိ ကမ်းခြေများအနက် အလှဆုံးကမ်းခြေတစ်ခုဖြစ်ပြီး ၂၀၁၂ ခုနှစ်တွင် Travel+Leisure မဂ္ဂဇင်း၏ အကောင်းဆုံးကမ်းခြေတစ်ခုအဖြစ် အသိအမှတ်ပြု ဖော်ပြခြင်းခံရပါသည်။ ၎င်းကမ်းခြေတစ်ခုတည်းပင်လျှင် ခရီးသွားဧည့်သည် နှစ်သန်းကျော်ထိ ရရှိခဲ့သော်လည်း၊ လျော့ရဲသော စီမံခန့်ခွဲမှုများ၊ ခရီးသွားဧည့်သည်များကြောင့် သဘာဝပတ်ဝန်းကျင် ပျက်စီးလာခြင်း၊ ခရီးသည်များမှ စွန့်ပစ်သော အမှိုက်များကြောင့် ကမ်းခြေ၏အလှအပကို ပျက်စီးစေခြင်းစသည့် ဆိုးကျိုးများ တုံ့ပြန်ခံစားခဲ့ရသဖြင့် ပြန်လည်ပြင်ဆင်မှုများပြုလုပ်ရန် ခြောက်လတာ ခေတ္တခရီးသွားလာခွင့်ပိတ်ထားရသည်ကို တွေ့ရှိရပါသည်။ ဤအကျိုးဆက်ကြောင့်ပင် အဆိုပါဒေသကို မှီတည်နေသူများ၏ စီးပွားရေးအပေါ် ထိခိုက်ခံစားရသကဲ့သို့ ဖိလစ်ပိုင်နိုင်ငံ၏ ခရီးသွားလုပ်ငန်းမှရရှိသည့် ဝင်ငွေလည်းကျဆင်းခဲ့ရသည်။ သို့သော် ဖိလစ်ပိုင်အစိုးရက ကမ်းခြေအား ပြန်လည်ဖွင့်လှစ်ပြီးနောက် လေကြောင်းလိုင်း ပျံသန်းမှုများကို ယခင်ထက်လျှော့ချခြင်း၊ လာရောက်လည်ပတ်သော ခရီးသွားဧည့်သည်များအား တာဝန်သိသော ခရီးသွားများဖြစ်စေရေး၊ ရေရှည်တည်တံ့သော ခရီးစဉ်ဒေသဖြစ်စေရေးအတွက် အသိပညာပေးအစီအစဉ်များပေးခြင်း၊



အမှိုက်များစနစ်တကျ စွန့်ပစ်စေရေးအတွက် အမှိုက်ပုံးများ အလုံအလောက်ထားရှိခြင်းစသည့် အစီအမံများကို အစီအစဉ်တကျ လုပ်ဆောင်ခဲ့ကြသည်။

ထို့အတူ ကိုရီးယားသမ္မတနိုင်ငံသည်လည်း တစ်နှစ်ထက်တစ်နှစ် ခရီးသွားဧည့်သည်များ လာရောက်လျက်ရှိပြီး ၂၀၁၇ခုနှစ်တွင် ခရီးသွားဧည့်သည် ၁၃ သန်းရရှိခဲ့ပါသည်။ ကိုရီးယားနိုင်ငံ၏ Overtourism ဖြစ်ပေါ်နေသည့် နေရာတစ်ခုမှာ ဘွတ်ချွန်း(Hanok Village) ဖြစ်သည်။ ဘွတ်ချွန်းသည် တိတ်ဆိတ်အေးချမ်းပြီး ကိုရီးယားရှေးရိုးရာအိမ်များ စုစည်းထားရှိသောနေရာဖြစ်သည့်အပြင် ကိုရီးယားရိုးရာဝတ်စုံများ ငှားရမ်းဝတ်ဆင်ကာ ရိုးရာအိမ်များသို့ လှည့်ပတ်ကြည့်ရှုခြင်း၊ ကိုရီးယားရိုးရာယဉ်ကျေးမှုဓလေ့များအား လေ့လာနိုင်ခြင်းများကြောင့် ကမ္ဘာလှည့်ခရီးသွားများ အလည်ပတ်ဆုံးနေရာတစ်ခု ဖြစ်နေသည်။ အစဦးပိုင်းတွင် ဒေသခံများမှ ခရီးသွားဧည့်သည်များ လာရောက်မှုကို လက်ခံသော်လည်း နောက်ပိုင်းတွင် ခရီးသွားဧည့်သည်များ ပိုမိုလာရောက်လည်ပတ်မှုကြောင့် ၎င်းဒေသတွင် မြေဈေးများ၊ ငှားရမ်းခများ ထိုးတက်သွားခြင်း၊ ခရီးသွားဧည့်သည်များ၏ ဆူညံစွာပြောဆိုခြင်း၊ စည်းကမ်းမရှိခြင်းတို့ကြောင့် ဒေသခံများမှ ၎င်းတို့၏ လွတ်လပ်ခွင့်ကို ထိခိုက်လာသဖြင့် "Tourists, go home"၊ "Your tourism kills my neighbourhood" စသည့် ခရီးသွားများအား မကြိုဆိုသည့် ဆိုင်းဘုတ်များ စိုက်ထူခြင်းဖြင့် ခရီးသွားလုပ်ငန်းကို ဆန့်ကျင်ကန့်ကွက် လုပ်ဆောင်လာကြသည်။

ယခုအခါ ကိုရီးယားနိုင်ငံအစိုးရက ၎င်းဒေသသို့ ခရီးသွားလာရောက်မှုကို အကန့်အသတ်ဖြင့် ခွင့်ပြုခြင်း၊ ခရီးသွားများအား စကားတိုးတိုးပြောရန်နှင့် တိတ်ဆိတ်အေးချမ်းစွာလာရောက်လည်ပတ်ရန် Volunteer များ ခန့်အပ်၍ ခရီးသွား ဧည့်သည်များအား "Silence here" လမ်းညွှန်များဖြင့် သတိပေးခြင်း စသည့် ခရီးသွားများနှင့် ဒေသခံများကြား နှစ်ဦးနှစ်ဖက် အဆင်ပြေစေမည့် အစီအစဉ်ဖြင့် ထိန်းသိမ်းလာကြသည်။ ထို့အပြင် အခြားသော ခရီးစဉ်ဒေသသစ်များကို ရှာဖွေဖော်ထုတ်ခြင်း၊ ဆွေးနွေးပွဲများကျင်းပကာ Overtourism ပြဿနာကို ညှိနှိုင်းအဖြေရှာခြင်း စသည်ဖြင့် နည်းလမ်းမျိုးစုံ ကြိုတင်ကာကွယ်လုပ်ဆောင်လျက်ရှိပါသည်။

### Overtourism ကို ဘယ်လိုစီမံခန့်ခွဲမလဲ

ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ် (UNWTO)မှ ထုတ်ပြန်သောစာရင်းများအရ ၂၀၁၈ ခုနှစ်တွင် နိုင်ငံတကာခရီးသွားလာမှု ၁ ဒသမ ၄ ဘီလီယံရှိခဲ့ပြီး ၂၀၃၀ ပြည့်နှစ်တွင် ခရီးသည် ၁ ဒသမ ၈ ဘီလီယံအထိ ရောက်ရှိနိုင်ကြောင်း ခန့်မှန်းထားသည်။ ထို့ပြင် ခရီးသွားလုပ်ငန်းသည် ကမ္ဘာ့တတိယအကြီးဆုံး ပို့ကုန်လုပ်ငန်းတစ်ခုဖြစ်ပြီး ခရီးသွားလုပ်ငန်းမှ တိုက်ရိုက်(သို့) သွယ်ဝိုက်နည်းဖြင့် Global GDP ကို ၁၀ ဒသမ ၄ ရာခိုင်နှုန်းဖန်တီးပေးလျက်ရှိပါသည်။ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးနိုင်မှု၊ နိုင်ငံ၏စီးပွားရေးလုပ်ငန်းကို ဖွံ့ဖြိုးစေသည့်အတွက် ကမ္ဘာ့နိုင်ငံများသည် ခရီးသွားလုပ်ငန်းကို အလေးထားလာကြသဖြင့် ခရီးသွားလုပ်ငန်းကို မြှင့်တင်ဆောင်ရွက်လာခြင်း၊ ခရီးသွားဧည့်သည်များ ပိုမိုလာရောက်ရေးအတွက် အပြိုင်အဆိုင် လုပ်ဆောင်နေကြသည်ဖြစ်ရာ နိုင်ငံအချို့တွင် ခရီးသွားများကို လက်သင့်ခံနိုင်သည်ထက် ပိုမိုလက်ခံခြင်းကြောင့် Overtourism ၏ဆိုးကျိုးများကို ခံစားနေကြရပါသည်။ ထို့ကြောင့် ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ် (UNWTO)မှလည်း နိုင်ငံအများစုတွင် ကြုံတွေ့နေရသော Overtourism ပြဿနာကိုစီမံခန့်ခွဲရန်အတွက် နည်းဗျူဟာများ ချမှတ်တိုင်းတာခြင်းများ ပြုလုပ်ဆောင်ရွက်လျက်ရှိပါသည်။ Overtourism ကို စီမံခန့်ခွဲဆောင်ရွက်ရာတွင်-

**ခရီးစဉ်ဒေသသစ်များ၊ ခရီးစဉ်အသစ်များ ရှာဖွေဖော်ထုတ်ခြင်းနှင့် ခရီးသွားဧည့်သည်များ ဖြန့်ကြက်သွားရောက်လည်ပတ်မှုကို မြှင့်တင်ဆောင်ရွက်ခြင်း**

နိုင်ငံများတွင် ခရီးသွားများလိုအပ်သည်ထက် ပိုမိုလာရောက်ကြခြင်းမှာ အဆိုပါနိုင်ငံများ၏ အဓိကအထင်ကရနေရာများသို့ ခရီးသွားများအား စုပြုံသွားရောက်စေခြင်းဖြစ်ပါသည်။ အဆိုပါပြဿနာအား ဖြေရှင်းရန် ခရီးသွားများအား အဓိကအထင်ကရနေရာများသို့ စုပြုံသွားရောက်စေခြင်းထက် နိုင်ငံတွင်းရှိ အခြားသောစိတ်ဝင်စားဖွယ် ခရီးစဉ်ဒေသသစ်များအား ရှာဖွေဖော်ထုတ်ခြင်း၊ နိုင်ငံခြားသားခရီးသွားဧည့်သည်များကြား သိရှိစေရန် သတင်းအချက်အလက်များပေးခြင်း၊ ကြော်ငြာခြင်းနှင့် ၎င်းနေရာသစ်များသို့ ခရီးသွားများအား ဖြန့်ကြက်သွားရောက်မှုကို မြှင့်တင်ဆောင်ရွက်ခြင်းဖြင့် Overtourism ကို လျှော့ချပါသည်။

**ခရီးသွားလုပ်ငန်းဆိုင်ရာအခြေအနေ၊ စည်းမျဉ်း၊ ဥပဒေများအား ပြန်လည်သုံးသပ်ဆောင်ရွက်ခြင်း**

နိုင်ငံတွင်း ခရီးစဉ်ဒေသများ၌ Overtourism ဖြစ်ပေါ်နေလျှင် အစိုးရအနေဖြင့် ခရီးသွားများသွားလာမှု အဆင်ပြေစေရန် အဓိကခရီးစဉ်ဒေသများသို့ သွားခွင့်ပြုချိန်များအား ပြန်လည်သုံးသပ်ခြင်း၊ ၎င်းဒေသများတွင် လက်ခံနိုင်သော ခရီးသွားအရေအတွက်သတ်မှတ်ခြင်း၊ Overtourism ကြောင့် ဆိုးကျိုးများဖြစ်ပေါ်လာခြင်းမှ လျှော့ချရန်အတွက် ထိရောက်သည့် စည်းမျဉ်းဥပဒေများ ပြဋ္ဌာန်းခြင်းများ ပြုလုပ်သင့်ပါသည်။ ဥပမာ- ပီရူးနိုင်ငံရှိ နာမည်ကြီး ထင်ရှားသောယူနက်စကိုမှ အသိအမှတ်ပြုထားသည့် မန်ချူးပီချူး ကမ္ဘာ့ရှေးဟောင်းယဉ်ကျေးမှုအဆောက်အအုံနေရာသို့ ၂၀၁၆ခုနှစ်တွင် ခရီးသွားဧည့်သည်များ ၁ ဒသမ ၄ သန်း လာရောက်ခဲ့ပါသည်။ ထို့ကြောင့် ၂၀၁၇ ခုနှစ် ဇူလိုင်လမှစတင်ကာ ပီရူးနိုင်ငံခရီးသွားလုပ်ငန်းအာဏာပိုင်အဖွဲ့အစည်းက အဆိုပါနေရာသို့ ခရီးသွားဧည့်သည်များ စုပြုံမရောက်ရှိစေရန်အတွက် ခရီးသွားလုပ်ငန်းဆိုင်ရာ မူဝါဒအသစ်တစ်ခုအဖြစ် နံနက်ပိုင်းတွင် ၆ နာရီမှ ၁၂ နာရီအထိ (သို့) မွန်းလွဲပိုင်းတွင် ၁၂ နာရီမှ ၅ နာရီခွဲအထိ နှစ်ပိုင်းခွဲကာ ခရီးသွားများအား မိမိတို့ကြိုက်သည့် အချိန်ပိုင်းတစ်ခုအတွင်း လည်ပတ်နိုင်ရန်အတွက် ကြိုတင်လက်မှတ်များကို ဝယ်ယူစေခြင်း၊ သတ်မှတ်ထားသည့်လမ်းကြောင်းများအတိုင်း သွားရောက်လည်စေခြင်း အစီအစဉ်များကို စတင်ဆောင်ရွက်ခဲ့ပါသည်။

**ဒေသခံများအား ခရီးသွားလုပ်ငန်းမှရရှိသော အကျိုးအမြတ်များကို သိရှိစေခြင်း၊ ပူးပေါင်းပါဝင်စေခြင်း**

ခရီးသွားလုပ်ငန်းတစ်ခု အောင်မြင်ရန် အဓိကပါဝင်ပတ်သက်ဆောင်ရွက်နေသူများမှာ ဒေသခံပြည်သူလူထုဖြစ်ပါသည်။ ၎င်းတို့၏ ခရီးသွားလုပ်ငန်းတွင် စိတ်ပါဝင်စားဆောင်ရွက်မှု၊ ခရီးသွားများအား လှိုက်လှဲပျူငှာစွာကြိုဆိုမှု၊ ဒေသအကြောင်း ခရီးသွားဧည့်သည်များအား ရှင်းလင်းပြသမှုတို့သည် ဒေသ၏ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးအောင်မြင်ရန် တိုက်ရိုက်ဆက်နွှယ်နေပါသည်။ ထို့ကြောင့် ဒေသခံများအား ခရီးသွားလုပ်ငန်းမှရရှိသော အကျိုးအမြတ်များအား သိရှိနားလည်စေခြင်း၊ ခရီးသွားလုပ်ငန်းစီမံခန့်ခွဲမှုတွင် ပါဝင်ဆုံးဖြတ်ခွင့်ပေးခြင်း၊ ၎င်းတို့၏ဆန္ဒသဘောထားကို တောင်းခံကာ လိုက်လျောညီထွေဖြစ်အောင် ဆောင်ရွက်ခြင်းဖြင့် ဒေသခံများ၏ ခရီးသွားလုပ်ငန်းတွင် ပူးပေါင်းပါဝင်မှုကို မြှင့်တင်ဆောင်ရွက်သင့်ပါသည်။

စာမျက်နှာ ၇ သို့

❂ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်မှ Mi 171 ရဟတ်ယာဉ်ဖြင့် လိုက်ပါစီးနင်း၍ အူလန် အူဒယ်မြို့ရှုခင်းများအား ကြည့်ရှုကြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့သည် စုပေါင်းဓာတ်ပုံရိုက်ကြပြီး ULAN-UDE Aviation Plant အတွင်းရှိ သင်တန်းခန်းမများအတွင်း လှည့်လည်ကြည့်ရှုလေ့လာကြသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် Burya Tiya ပြည်နယ်ဝန်ကြီးချုပ် Mr.Aleksey Sambuevich Tsidenov က တည်ခင်းဧည့်ခံသည့် အလုပ်သဘောညစာစားပွဲအခမ်းအနားသို့ တက်ရောက်ကြသည်။

Burya Tiya ပြည်နယ်သည် စက်မှုလက်မှုလုပ်ငန်းများထွန်းကားပြီး လေယာဉ်၊ ရဟတ်ယာဉ်များအား အစအဆုံးထုတ်လုပ်နိုင်သည့် စက်ရုံအလုပ်ရုံများတည်ရှိသည့် စက်မှုလုပ်ငန်းထွန်းကားသည့် ပြည်နယ်တစ်ခုဖြစ်သည်။ ရုရှားနိုင်ငံတွင် ဗုဒ္ဓဘာသာကိုးကွယ်မှု ငါးရာခိုင်နှုန်းခန့်ရှိပြီး အဆိုပါပြည်နယ်အတွင်း လူဦးရေ ၉၈၀၀၀၀ ကျော်နေထိုင်ကာ ဗုဒ္ဓဘာသာကိုးကွယ်မှု ၃၀ ရာခိုင်နှုန်းခန့်ရှိသဖြင့် ရုရှားနိုင်ငံတွင် ဗုဒ္ဓဘာသာကိုးကွယ်မှု အများဆုံးပြည်နယ်တစ်ခုဖြစ်ကြောင်း သိရသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် အူလန် အူဒယ်ဘူတာမှနေ၍ အီကုခ်မြို့သို့ အမြန်ရထားဖြင့် လိုက်ပါစီးနင်းကြပြီး ကမ္ဘာ့အနက်ဆုံးနှင့် အကြီးဆုံးရေချိုရေကန် Baikal ၏ သဘာဝပတ်ဝန်းကျင်နှင့် နယ်မြေဒေသအခြေအနေများအား ကြည့်ရှုလေ့လာသည်။

အဆိုပါ Baikal ရေကန်သည် ရုရှားနိုင်ငံ အရှေ့ဆိုက်ဘေးရီးယား၏ အရှေ့ဘက် Burya Tiya ပြည်နယ်နှင့် Irkutsk ဒေသနှစ်ခုအကြားတွင် တည်ရှိပြီး ကမ္ဘာ့အနက်ဆုံးနှင့် အကြီးဆုံးရေချိုရေကန်တစ်ခုဖြစ်ကာ အလျား ၆၃၆ ကီလိုမီတာ၊ အနံ ၇၉ ဒသမ ၅ ကီလိုမီတာ စုစုပေါင်းအကျယ် ၃၁၇၂၂ စတုရန်းကီလိုမီတာကျယ်ဝန်းပြီး အနက်ဆုံးနေရာမှာ ၁၆၄၂ မီတာထိ ရှိသည်။ ဆောင်းရာသီကာလတွင် အပေါ်ယံရေမျက်နှာပြင်ဒု သုံးမီတာခန့်အထိ ရေခဲများဖြစ်ပေါ်လျက်ရှိပြီး ကန်၏ပတ်လည်ရှိ သဘာဝသစ်တောများအား သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် ထိန်းသိမ်းထားရှိကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။ **သတင်းစဉ်**

# အင်ဂျန်းယန်မြို့နယ်အတွင်းရှိ ဒေသခံများ၏ လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်

**မြစ်ကြီးနား မေ ၂၁**

ကချင်ပြည်နယ် မြစ်ကြီးနားခရိုင် အင်ဂျန်းယန်မြို့နယ်အတွင်းရှိ ဒေသခံပြည်သူများ၏ လိုအပ်ချက်များနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကချင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်နှင့် မြစ်ကြီးနားမြို့သို့ ရောက်ရှိနေသော မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်တို့သည် ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ မေ ၂၀ ရက် နံနက်ပိုင်းက ကွင်းဆင်းစစ်ဆေးဆောင်ရွက်ကြသည်။



**ကြည့်ရှုစစ်ဆေး**

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် အင်ဂျန်းယန်မြို့သို့ မော်တော်ယာဉ်များဖြင့် သွားရောက်ခဲ့ကြပြီး ဝေ့ထော်-အင်ဂျန်းယန်လမ်း ၂၅ မိုင်တွင် လမ်းဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိသည့် အင်လောက်ယန်ကျေးရွာနှင့် အင်ဂျန်းယန်မြို့ကြား ၂ မိုင် ၄ ဖာလုံ ကွန်ကရစ်လမ်း ခင်းကျင်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် အင်ဂျန်းယန်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဒေသခံပြည်သူများနှင့်တွေ့ဆုံပြီး ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်က ယနေ့တွေ့ဆုံပွဲသည် မိမိတို့ အစိုးရအဖွဲ့အနေဖြင့် ဒေသခံပြည်သူများ၏ လိုအပ်ချက်များကို နားထောင်ဖို့ရန်နှင့် လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေး လာရောက်တွေ့ဆုံရခြင်းဖြစ်ကြောင်း၊ ဒေသခံပြည်သူများကလည်း လိုအပ်ချက်များကို တင်ပြပေးကြရန် လိုအပ်ကြောင်း၊ အင်ဂျန်းယန်ဒေသသည် နယ်မြေအေးချမ်းတည်ငြိမ်မှုမရှိသော်လည်း မိမိတို့အစိုးရအဖွဲ့အနေဖြင့် ပြည်နယ်ရန်ပုံငွေ၊ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေများတွင် ဦးစားပေးစနစ်ဖြင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဒေသတည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးရေးအတွက် ငြိမ်းချမ်းရေးရရှိမှသာ အောင်မြင်အောင် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ယနေ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို နိုင်ငံတော်အစိုးရမှဦးဆောင်ပြီး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ သို့သော်လည်း ငြိမ်းချမ်းရေးနှင့် ဒေသဖွံ့ဖြိုးရေးသည် ဒေသခံပြည်သူများ ဝိုင်းဝန်းပူးပေါင်းဖြေရှင်းနိုင်မှသာ အောင်မြင်မည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

**ဖြေရှင်းဆောင်ရွက်ပေး**

ထို့နောက် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းကိုကိုက အင်ဂျန်းယန်နယ်မြေဒေသအခြေအနေနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်မှုများကိုတင်ပြပြီး တက်ရောက်လာကြသော ဒေသခံများက ဒေသအတွက် လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်မီးရရှိရေး၊ ပညာရေး၊ ကျန်းမာရေးကိစ္စရပ်များနှင့်ပတ်သက်၍ လိုအပ်ချက်များကို တင်ပြဆွေးနွေးကြရာ တင်ပြချက်များအပေါ် သက်ဆိုင်ရာကဏ္ဍအလိုက် ပြည်နယ်ဝန်ကြီးများနှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာများ၏ ရှင်းလင်းဖြေကြားမှုအပေါ် ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်ရေး ဝန်ကြီးဌာနအသီးသီးနှင့် ညှိနှိုင်းချိတ်ဆက်၍ ဖြေရှင်းဆောင်ရွက်ပေးခဲ့ပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က မြို့နယ်အတွက် ကွန်ပျူတာတစ်စုံနှင့် SkyNet တစ်စုံတို့ကို ထောက်ပံ့ပေးအပ်သည်။

**ထောက်ပံ့ငွေများ ပေးအပ်**

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မြို့ဘုန်းတော်ကြီးကျောင်းသို့ သွားရောက်ပြီး နဝကမ္မအလှူငွေများကို ပေးအပ်လှူဒါန်းကာ (၂၅) ခုတင်ဆံ့ မြို့နယ်ပြည်သူ့ဆေးရုံ၌ ဆေးဝါးကုသမှုလုပ်ငန်းများ ဆောင်ရွက်နိုင်မှုအခြေအနေနှင့် ဆေးဝါးကုသမှုခံယူနေသော လူနာများအား ပြည်နယ်ဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီး ဝန်ကြီးချုပ်တို့က အားပေးစကားပြောကြားကြကာ အာဟာရဖြစ် စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများကို ပေးအပ်ခဲ့ကြသည်။

ထိုမှတစ်ဆင့် အမှတ်(၄)ရပ်ကွက်ရှိ ကချင်ရိုးရာမနောတိုင်၊ မနောအိမ်တော်နှင့် မနောကွင်း တည်ဆောက်ပြီးစီးမှုအခြေအနေနှင့် အခြေခံပညာအထက်တန်းကျောင်းဝင်းအတွင်း ဆရာ ဆရာမများ အိမ်ရာတည်ဆောက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးသည်။ ကက်သလစ်အသင်းတော်ဘုရားကျောင်းနှင့် နှစ်ခြင်းအသင်းတော်ဘုရားကျောင်းများ၌ ဘုန်းတော်ကြီး၊ ဓမ္မဆရာများနှင့်တွေ့ဆုံပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က ငွေကျပ်နှစ်သိန်းစီ ဆက်ကပ်လှူဒါန်းကြသည်။

**ပြည်နယ်(ပြန်/ဆက်)**

❍ စာမျက်နှာ ၆ မှ

**မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်း**

အမိမြန်မာနိုင်ငံသည် ယဉ်ကျေးမှုအမွေအနှစ်၊ သဘာဝပတ်ဝန်းကျင် အမွေအနှစ်ပေါများသော နိုင်ငံတစ်ခုဖြစ်ပြီး နိုင်ငံတွင်းခရီးသွားလာရောက်လည်ပတ်မှုအများဆုံးသော ထင်ရှားသည့်နေရာများမှာ ရန်ကုန်၊ မန္တလေး၊ ပုဂံ၊ အင်းလေးတို့ ဖြစ်ကြသည်။ မြန်မာနိုင်ငံသည် ၂၀၁၂ ခုနှစ်မှစတင်၍ တံခါးဖွင့်စီးပွားရေးမူဝါဒကျင့်သုံးခဲ့ရာ နိုင်ငံတွင်းသို့ ခရီးသည်ဝင်ရောက်မှုမှာ သိသိသာသာတိုးတက်ခဲ့သည်။ ၂၀၁၈ ခုနှစ်တွင် နိုင်ငံတွင်းသို့ ခရီးသွားဧည့်သည် ၃ ဒသမ ၅၅ သန်း ဝင်ရောက်ခဲ့သည်။ သို့သော် ၎င်းပမာဏသည် အိမ်နီးချင်းနိုင်ငံများနှင့်ယှဉ်လျှင် နည်းပါးနေဆဲဖြစ်သည်။ ထို့ကြောင့် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနမှ နိုင်ငံတွင်းသို့ ခရီးသွားဧည့်သည်များ ပိုမိုဝင်ရောက်ရေးအတွက် နိုင်ငံတကာခရီးသွားပြပွဲများသို့ သွားရောက်ကြော်ငြာပြသခြင်း၊ ခရီးသွားသံတမန်များခန့်အပ်၍ မြန်မာနိုင်ငံကိုပိုမိုသိရှိစေရန် မြှင့်တင်ဆောင်ရွက်ခြင်းများအပြင် မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းအကြောင်း နိုင်ငံတကာမှ သိရှိစေရန် ရည်ရွယ်၍ Facebook, Twitter နှင့် Instagram စသည့် လူသုံးများသော Social Media များမှတစ်ဆင့် Digital Marketing ပြုလုပ်ကာ ဆောင်ရွက်လျက်ရှိသည်။ အရှေ့အာရှနိုင်ငံများမှ ခရီးသွားများ ပိုမိုဝင်ရောက်ရေးအတွက် ၂၀၁၈ ခုနှစ် အောက်တိုဘာ ၁ ရက်မှစတင်၍ ဂျပန်၊ တောင်ကိုရီးယား၊ ဟောင်ကောင်နှင့် မကာအိုနိုင်ငံများအား ဗီဇာကင်းလွတ်ခွင့်ပေးခြင်းများဖြင့်လည်း ဖြေလျှော့ဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ၂၀၁၈ ခုနှစ် စက်တင်ဘာလ ၁၇ ရက်နေ့တွင် ပြဋ္ဌာန်းခဲ့သော မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းနည်းဥပဒေအရ ခရီးစဉ်ဒေသများကို စီမံခန့်ခွဲခြင်းနှင့် ခရီးသွားနှင့်စပ်ဆိုင်သော စီးပွားရေးလုပ်ငန်းများ ကြီးကြပ်ကွပ်ကဲခြင်းကို သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ ဦးဆောင်သည့် ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီအသီးသီးက ပိုမိုတာဝန်ယူဆောင်ရွက်ကြရမည်ဖြစ်ရာ မိမိတို့တိုင်းဒေသကြီး/ပြည်နယ်အတွင်းရှိ ခရီးစဉ်ဒေသများ၊ ခရီးသွားဝန်ဆောင်မှုများ၏ ပကတိအနေအထားကို ကြိုတင်လေ့လာ၍ ဒေသခံများအား ခရီးသွားလုပ်ငန်းမှရရှိသော အသီးအပွင့်များခံစားနိုင်စေရန် ဆောင်ရွက်သင့်သကဲ့သို့ တစ်ဖက်မှလည်း မိမိတို့ခရီးစဉ်များအတွက် Overtourism ကဲ့သို့သော မလိုလားအပ်သည့် ခရီးသွားလုပ်ငန်းဆိုင်ရာ အဟန့်အတားများ မပေါ်ပေါက်စေရန် ရေရှည်ဖွံ့ဖြိုးပြီး ဒေသခံပြည်သူများအား အကျိုးရှိစေမည့် ခရီးသွားလုပ်ငန်းများ ပေါ်ထွက်လာရေးအတွက် လိုအပ်သည်များကို ကြိုတင်တွက်ဆစီမံဆောင်ရွက်ရန်လည်း လိုအပ်သည်။

နိဂုံးချုပ်ဆိုရသော် မြန်မာ့ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်မှ နည်းလမ်းမျိုးစုံဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ခရီးသွားများ နိုင်ငံတွင်းသို့ ပိုမိုလာရောက်ရေးအပြင် ရေရှည်တည်တံ့သော ခရီးသွားလုပ်ငန်း ဖြစ်ပေါ်လာရေးအတွက်ကိုလည်း ကြိုးစားဆောင်ရွက်သင့်သည်။ မြန်မာနိုင်ငံအနေဖြင့် Overtourism ကြောင့် ဆိုးကျိုးခံစားနေရသော နိုင်ငံများ၊ ပြန်လည်ဖွံ့ဖြိုးရေးအတွက် စီမံခန့်ခွဲမှုများ လုပ်ဆောင်နေရသော ခရီးစဉ်ဒေသများကို နမူနာယူကာ ရေရှည်၌ နိုင်ငံတွင်းသို့ လာရောက်မည့် ခရီးသွားများ စိတ်ကျေနပ်စွာ လည်ပတ်ခံစားနိုင်ရေး၊ နိုင်ငံသားများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရေး၊ နိုင်ငံတွင်းရှိ စိတ်ဝင်စားဖွယ်ခရီးစဉ်ဒေသများ သာယာလှပစေရေး၊ နိုင်ငံတော်၏ခရီးသွားလုပ်ငန်း ရေရှည်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ရည်ရွယ်၍ "နိုင်ငံ၏ ခရီးသွားလုပ်ငန်း ရေရှည်ဖွံ့ဖြိုးဖို့ အားလုံးပူးပေါင်းပါဝင်စို့" ဟူသော ဆောင်ပုဒ်အတိုင်း မြန်မာနိုင်ငံ၏ အနာဂတ်ခရီးသွားလုပ်ငန်း ရေရှည်တည်တံ့ဖွံ့ဖြိုးစေရန် အားလုံးတူညီစွာ လက်တွဲဆောင်ရွက်ကြပါစို့။

**ကိုးကား**

- UNWTO E-library (2018), 'Overtourism- Understanding and Managing Urban Tourism Growth beyond Perceptions'
- Reuters (2018), 'Overtourism: Philippines restricts visits to tourist island Borocay', Times of Malta
- Da-min, Jung and Min-ho, Jung (2018), 'Bukchon residents protest excessive tourism', The Korea Times

## မိုးညှင်းတွင် လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့် သက်ငယ်မုဒိမ်းမှုမဖြစ်ပွားရေး အသိပညာပေးဟောပြော

**မိုးညှင်း မေ ၂၁**

ကချင်ပြည်နယ် မိုးညှင်းမြို့ အောင်သပြေ(၂)ရပ်ကွက်ရှိ ကချင်နှစ်ခြင်းခရစ်ယာန်ဗိမာန်တော် ဆုတောင်းခန်းမ၌ မေ ၂၁ ရက် မွန်းလွဲ ၂ နာရီခွဲက လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့် သက်ငယ်မုဒိမ်းမှုမဖြစ်ပွားရေး ပညာပေးဟောပြောပွဲအခမ်းအနား ကျင်းပခဲ့သည်။

အခမ်းအနားတွင် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ တပ်ဖွဲ့စိတ်(၃) မိုးညှင်းမှ ဒုရဲအုပ်ဒွေးဝင်းက လူကုန်ကူးမှုမဖြစ်ပွားစေရန်အတွက် သိသင့်သောအချက်များ၊ လူကုန်ကူးမှုခံရလျှင် ခံစားရမည့်ဆိုးကျိုးများ၊ လူကုန်ကူးမှုကျူးလွန်ပါက ချမှတ်ခံရမည့်ပြစ်ဒဏ်များအား ရှင်းလင်းပြောကြားပြီး အခမ်းအနားသို့ တက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းရာ ဒုရဲအုပ်ဒွေးဝင်းက ပြန်လည်ရှင်းလင်းဖြေကြားသည်။

ထို့နောက် မိုးညှင်းမြို့နယ် အမျိုးသမီးရေးရာကော်မတီဥက္ကဋ္ဌ ဒေါ်ဖြူမာဝင်းက သက်ငယ်မုဒိမ်းမှုမဖြစ်ပွားစေရေးအတွက် ပညာပေးဟောပြောခဲ့ပြီး (7)Lang na BUGA JUNIOR CAMP ZET LET KUNG KYANG AI MA သင်တန်းဆရာမ ဒေါ်နူးဂျာက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

အဆိုပါအခမ်းအနားသို့ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ တပ်ဖွဲ့စိတ်(၃) မိုးညှင်းမှ ဒုရဲအုပ်ဒွေးဝင်းနှင့် တပ်ဖွဲ့ဝင်များ၊ မိုးညှင်းမြို့နယ် အမျိုးသမီးရေးရာကော်မတီဥက္ကဋ္ဌ ဒေါ်ဖြူမာဝင်းနှင့် အဖွဲ့ဝင်များ၊ (7)Lang na BUGA JUNIOR CAMP ZET KUNG KYANG AI MA သင်တန်းဆရာမ ဒေါ်နူးဂျာနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ဝ၆၃**

# အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် သဘာပတိအဖွဲ့ဝင်၊ သတင်းစာဆရာ၊ စာရေးဆရာကြီး ဟံသာဝတီ ဦးဝင်းတင် ကွယ်လွန်ခြင်း ငါးနှစ်ပြည့် အောက်မေ့ဖွယ် ဂုဏ်ပြုအခမ်းအနား ရန်ကုန်မြို့၌ ကျင်းပ

**ရန်ကုန် မေ ၂၁**

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် သဘာပတိအဖွဲ့ဝင်၊ သတင်းစာဆရာ၊ စာရေးဆရာကြီး ဟံသာဝတီ ဦးဝင်းတင် ကွယ်လွန်ခြင်း ငါးနှစ်ပြည့် အောက်မေ့ဖွယ် ဂုဏ်ပြု အခမ်းအနားကို ယနေ့ နံနက်ပိုင်းက ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ တော်ဝင်နှင်းဆီ (သီရိခန်းမ)၌ ကျင်းပသည်။

**ရှစ်စက္ကန့်ငြိမ်သက်ကြ**

အခမ်းအနားတွင် ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများအား အလေးပြုပြီး ရှစ်လေးလုံးအရေးတော်ပုံကြီးနှင့်တကွ ဒီမိုကရေစီအရေးတော်ပုံအဆက်ဆက်တွင် အသက်ပေးလှူသွားခဲ့ကြသည့် ရဟန်းရှင်လူ ကျောင်းသား ပြည်သူအပေါင်းတို့နှင့် မြန်မာ့နိုင်ငံရေး မီးရှူးတန်ဆောင် ဟံသာဝတီ ဦးဝင်းတင်အား အောက်မေ့သတိရဂုဏ်ပြုသောအားဖြင့် ရှစ်စက္ကန့် ငြိမ်သက်ကြသည်။

ထို့နောက် ဆရာကြီး ဟံသာဝတီ ဦးဝင်းတင်၏ အတ္ထုပ္ပတ္တိအကျဉ်းနှင့် ကွယ်လွန်ခြင်းငါးနှစ်ပြည့် အခမ်းအနားကျင်းပရခြင်းတို့ကို ဟံသာဝတီ ဦးဝင်းတင် ဖောင်ဒေးရှင်းမှ တာဝန်ရှိသူတို့က ရှင်းလင်းဖတ်ကြားသည်။

ယင်းနောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဒေါက်တာမျိုးညွန့်က ဂုဏ်ပြုအမှတ်တရစကားပြောကြားပြီး ဟံသာဝတီ ဦးဝင်းတင် ဖောင်ဒေးရှင်းနာယကအဖွဲ့ဝင် ဦးမောင်မောင်ခင်နှင့် တက်ရောက်လာကြသူများက ဂုဏ်ပြုအမှတ်တရစကားများပြောကြားကာ ဂုဏ်ပြုကဗျာရွတ်ဆိုကြသည်။

ဆက်လက်၍ အခမ်းအနားသို့ နိုင်ငံရေးလုပ်ဖော်ကိုင်ဖက် အဖွဲ့အစည်းများမှ ပေးပို့သည့် သဝဏ်လွှာများကို ဖတ်ကြားပြီး မှတ်တမ်းတင်သည်။

**တက်ရောက်**

အဆိုပါ အခမ်းအနားကို ဟံသာဝတီ ဦးဝင်းတင် ဖောင်ဒေးရှင်းက ကြီးမှူး၍ကျင်းပခြင်းဖြစ်ပြီး လွှတ်တော်ကိုယ်စားလှယ်များ၊ အရပ်ဘက်အဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များ၊ စာပေအသိုင်းအဝိုင်းမှ ပုဂ္ဂိုလ်များ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အဖွဲ့ဝင်များ၊ နိုင်ငံရေးလုပ်ဖော်ကိုင်ဖက်များ၊ ဖိတ်ကြားထားသူများနှင့် ဆရာကြီး ဟံသာဝတီ ဦးဝင်းတင်ကို ချစ်မြတ်နိုးသူများ တက်ရောက်ကြသည်။

မွန်းလွဲပိုင်းတွင် အခမ်းအနားသို့ တက်ရောက်လာကြသူများက မင်္ဂလာဒုံမြို့နယ် ရေဝေးသုသာန်ရှိ ဆရာကြီး ဟံသာဝတီ ဦးဝင်းတင် အုတ်ဂူသို့ သွားရောက်ကာ ဂါရဝပြုကြသည်။ အလားတူ ယနေ့ နံနက်ပိုင်းက ဆရာကြီး ဟံသာဝတီ ဦးဝင်းတင် ကွယ်လွန်ခြင်း ငါးနှစ်ပြည့် အောက်မေ့ဖွယ် အခမ်းအနားများအဖြစ် ဗဟန်းမြို့နယ် သာသနာ့ရိပ်သာလမ်း မဟာစည်သာသနာ့ရိပ်သာ ၁၆ တွင် ဆွမ်းကျွေးအလှူကို လည်းကောင်း၊ ဒဂုံမြို့သစ် အရှေ့ပိုင်းမြို့နယ် အမှတ် ၁၁ ဟိုင်ဆင်ဒူးဝါးလမ်း အမှတ် ၄၄၈ တွင် ကွယ်လွန်ခြင်း ငါးနှစ်ပြည့်နှင့် ဦးဝင်းတင်အိမ်(U Win Tin House) ဖွင့်ပွဲအခမ်းအနားကို ဆရာကြီး၏ မိသားစုဝင်များနှင့် တပည့်များက ကျင်းပခဲ့ကြောင်း သိရသည်။ **သတင်းနှင့် ဓာတ်ပုံ-ဇော်ကြီး**



# သတင်းစာဆရာကြီး ဟံသာဝတီ ဦးဝင်းတင် ကွယ်လွန်ခြင်း ငါးနှစ်ပြည့်အထိမ်းအမှတ်အခမ်းအနား မန္တလေးမြို့၌ကျင်းပ

**မန္တလေး မေ ၂၁**

သတင်းစာဆရာကြီး ဟံသာဝတီ ဦးဝင်းတင် ကွယ်လွန်ခြင်း ငါးနှစ်ပြည့်အထိမ်းအမှတ် အောက်မေ့ဖွယ် အခမ်းအနားကို ယနေ့ နံနက် ၈ နာရီက မန္တလေးမြို့ အမရပူရမြို့နယ် ဦးပိန်တံတားအနီးရှိ တောင်လေးလုံးကျောင်းတိုက် သူဌေးရင်ပြင်၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားတွင် ဆရာမောင်သစ်လွင် (လူထု)က "ဦးဝင်းတင်က ဘယ်တော့မှ ကိုယ်ကျိုးမလုပ်ဘူး။ ဦးဝင်းတင်က သတင်းစာဆရာဆိုတော့ တိုင်း/ပြည် ဘာဖြစ်နေတယ်ဆိုတာသိတယ်။ သယ်သူက မှားနေတယ်၊ ဘယ်သူက မှန်နေတယ် ဆိုတာ အကုန်သိတယ်။ ဒါကိုသူက စည်းစည်းလုံးလုံးလုပ်ပေးကြဖို့ အမြဲဆောင်ရွက်တယ်။ ဦးဝင်းတင်က အမှန်တရားကို ဖော်ထုတ်ရဲတဲ့သတ္တိရှိတယ်။ အဲဒီအတွက် ဦးဝင်းတင်ကို မေ့လို့မရပါဘူး"ဟု ပြောသည်။

သတင်းစာဆရာကြီး ဦးဝင်းတင် ကွယ်လွန်ခြင်း ငါးနှစ်ပြည့် အခမ်းအနားသို့ မန္တလေးမြို့မှ စာရေးဆရာများ၊ ကဗျာဆရာများနှင့် သတင်းစာဆရာများ တက်ရောက်ခဲ့ပြီး ဆရာကြီးအတွက် ဝမ်းနည်းခြင်းအထိမ်းအမှတ် တစ်မိနစ်ငြိမ်သက် အလေးပြုခဲ့ကြသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**



ရန်ကုန်မြို့ တော်ဝင်နှင်းဆီသီရိခန်းမ၌ မေ ၂၁ ရက်က ကျင်းပခဲ့သည့် သတင်းစာဆရာကြီး ဟံသာဝတီ ဦးဝင်းတင် ကွယ်လွန်ခြင်း ငါးနှစ်ပြည့်အောက်မေ့ဖွယ် ဂုဏ်ပြုပွဲအခမ်းအနားတွင် တောင်ငူမြို့နေ သတင်းစာဆရာ ဦးကျော်လှ (သမာဓိ)မိသားစုက အောက်မေ့ဖွယ်အမှတ်တရစကားပြောကြားပြီး ဟံသာဝတီ ဦးဝင်းတင် ဖောင်ဒေးရှင်းအတွက် အလှူငွေကျပ် ငါးသိန်းပေးအပ်လှူဒါန်းစဉ်။ ၁၂၉



# အပူဒဏ်အန္တရာယ်ကြိုတင်ကာကွယ်ရေး လက်ကမ်းစာစောင်များနှင့် ဓာတ်ဆားထုပ်များ၊ ရေသန့်ဘူးများဖြန့်ဝေ

**တောင်တွင်းကြီး မေ ၂၁**

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့ မြို့မဈေးကြီး ပတ်ဝန်းကျင် မကွေးလမ်းတစ်လျှောက်နှင့် မြင်းလှည်းဂိတ်၊ ဆိုက်ကားဂိတ်၊ ဆိုင်ကယ်ကယ်ရီဂိတ်၊ ကားဂိတ်များတွင် အပူဒဏ်အန္တရာယ်ကြိုတင်ကာကွယ်ရေး နှိုးဆော်ချက် လက်ကမ်းစာစောင်များနှင့် ဓာတ်ဆားထုပ်များ၊ ရေသန့်ဘူးများကို စန္ဒာ-သူရိယ ကျန်းမာပညာကူညီရေးအသင်းက ယနေ့မွန်းလွဲ ၁ နာရီတွင် လိုက်လံဝေငှပေးခဲ့ကြသည်။

ယခုနှစ် နွေရာသီသည် ယခင်နှစ်များထက် အပူချိန်ပိုမိုလာသောကြောင့် မြို့နယ်အတွင်းရှိပြည်သူများ အပူဒဏ်အန္တရာယ်ကြောင့်ဖြစ်ပေါ်လာမည့် သတိထားရမည့်အချက်များအား စန္ဒာ-သူရိယ ကျန်းမာပညာကူညီရေးအသင်းက ကျန်းမာရေးသတိပေးချက်လက်ကမ်းစာစောင်များနှင့် ဓာတ်ဆားထုပ်များ၊ ရေသန့်ဘူးများကို ဝေငှပေးခြင်းဖြစ်ကြောင်း သိရသည်။ **နိုင်ဝင်း(ပြန်/ဆက်)**



မေ ၂၁ ရက်က ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် ရွှေနံ့သာကျေးရွာအုပ်စု ပတ္တမြားမြို့သစ် အုပ်ချုပ်ရေးမှူးရုံးခွဲ၌ အသက် ၈၀ နှင့်အထက် သက်ကြီးဘိုးဘွား ၉၆ ဦးအား လှူဖွယ်ပစ္စည်းများဖြင့် ပူဇော်ကန်တော့ကြစဉ်။
ဝင်းနိုင် (မြန်မာ့အလင်း)

# နေပြည်တော်ကောင်စီနယ်မြေအတွင်း အခြေခံပညာအဆင့် အောင်စာရင်းများ ထုတ်ပြန်



**နေပြည်တော် ဧပြီ ၂၁**

၂၀၁၈-၂၀၁၉ ပညာသင်နှစ် အခြေခံပညာအဆင့် အောင်စာရင်းများကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ သက်ဆိုင်ရာကျောင်းများ၌ ထုတ်ပြန်ကြေညာခဲ့ရာ ကျောင်းသား ကျောင်းသူများနှင့် မိဘအုပ်ထိန်းသူများ လာရောက်ကြည့်ရှုကြသည်။

အခြေခံပညာ အလယ်တန်းအဆင့် အဋ္ဌမတန်းနှစ်ဆုံးစာမေးပွဲကို နေပြည်တော်ကောင်စီနယ်မြေရှိ ဒက္ခိဏခရိုင်အတွင်း ကျောင်းသား ကျောင်းသူ ၄၃၈၅ ဦး ဝင်ရောက်ဖြေဆိုခဲ့ပြီး အောင်မြင်သူအရေအတွက်မှာ ၄၃၈၅ ဦးဖြစ်၍ အောင်ချက်ရာခိုင်နှုန်း ၁၀၀ ရာခိုင်နှုန်းနှင့် ဥတ္တရခရိုင်အတွင်း ကျောင်းသား ကျောင်းသူ ၈၄၅၇ ဦး ဝင်ရောက်ဖြေဆိုခဲ့ပြီး အောင်မြင်သူအရေအတွက်မှာ ၈၄၅၇ ဦးဖြစ်၍ အောင်ချက်ရာခိုင်နှုန်း ၁၀၀ ရာခိုင်နှုန်းရှိကြောင်း ခရိုင်ပညာရေးမှူးရုံးများမှ သိရသည်။

ပုဗ္ဗသီရိမြို့နယ် အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းမှ နဝမတန်းအောင်မြင်သူ မစံပယ်ဖြူက "စာမေးပွဲအောင်မြင်တဲ့အတွက် ပျော်ရွှင်မိပါတယ်။ ကျူရှင်မတက်ဘဲ စာမေးပွဲအောင်မြင်ဖို့ ကြိုးစားခဲ့ရပါတယ်။ နောက်နှစ်ကျရင်တော့ ၁၀ တန်းတက်ရမှာ ဖြစ်တဲ့အတွက် ဒီထက်ပိုပြီး ကြိုးစားသွားပါမယ်။ ၁၀ တန်းအောင်မြင်ပြီးရင်တော့ ရဲမေလုပ်ဖို့စဉ်းစားထားပါတယ်" ဟု ပြောသည်။

ကျောင်းသူတစ်ဦး၏ မိဘဖြစ်သူ ဒေါ်စန်းမြင့်က "သမီးအတွက် အောင်စာရင်း လာကြည့်တာပါ။ အောင်စာရင်းလာကြည့်တာ သမီးတောင်မသိပါဘူး။ နဝမတန်းကို အောင်မယ်လို့ ကျိန်းသေပြောခဲ့တဲ့အပြင် ကျူရှင်မတက်ဘဲနဲ့ အောင်တာဆိုတော့ ဝမ်းသာပါတယ်။ ကိုးတန်းတစ်နှစ်လုံးမှာလည်း စာကြိုးစားခဲ့တယ်။ စာကျက်တဲ့အခါမှာလည်း စိတ်ဖိစီးမှုတွေမပေးဘဲ ဆန္ဒရှိတဲ့အချိန်မှာပဲ ကျက်ခိုင်းခဲ့ပါတယ်။ ကလေးရဲ့ရည်မှန်းချက်ကတော့ ဆရာဝန်ဖြစ်ချင်တာပါ" ဟု ပြောသည်။

အလားတူ အခြေခံပညာမူလတန်းအဆင့် စတုတ္ထတန်းနှစ်ဆုံးစာမေးပွဲကို နေပြည်တော်ကောင်စီနယ်မြေရှိ ဇမ္ဗူသီရိမြို့နယ်တွင် ကျောင်းသား ကျောင်းသူ ၁၅၃၆ ဦး၊ ဥတ္တရသီရိမြို့နယ်တွင် ကျောင်းသား ကျောင်းသူ ၁၆၅၀ ဦး၊ ဇေယျာသီရိမြို့နယ်တွင် ကျောင်းသား ကျောင်းသူ ၂၂၅၂ ဦး၊ ပုဗ္ဗသီရိမြို့နယ်တွင် ကျောင်းသား ကျောင်းသူ ၂၄၇၇ ဦး၊ ဒက္ခိဏသီရိမြို့နယ်တွင် ကျောင်းသား ကျောင်းသူ ၆၉၁ ဦး၊ တပ်ကုန်းမြို့နယ်တွင် ကျောင်းသား ကျောင်းသူ ၄၀၅၁ ဦး၊ ပျဉ်းမနားမြို့နယ်တွင် ကျောင်းသား ကျောင်းသူ ၃၄၂၇ ဦး၊ လယ်ဝေးမြို့နယ်တွင် ကျောင်းသား ကျောင်းသူ ၆၃၇၈ ဦး ဝင်ရောက်ဖြေဆိုကြပြီး အောင်ချက် အနေဖြင့် ၁၀၀ ရာခိုင်နှုန်းအောင်မြင်ကြကြောင်း မြို့နယ်ပညာရေးမှူးရုံးများမှ သိရသည်။

**အေးအေးသန့်(သတင်းစဉ်)၊ ဓာတ်ပုံ - ထန်းဖုန်**



# အခြေခံပညာကျောင်းများ ပထမတန်းမှ နဝမတန်းအထိ အောင်စာရင်းများ ထုတ်ပြန်

**ရန်ကုန် ဧပြီ ၂၁**

မြန်မာနိုင်ငံတစ်ဝန်း အခြေခံပညာကျောင်းများ၌ ပထမတန်းမှ နဝမတန်းအထိ အောင်စာရင်းများကို ယနေ့နံနက် အရုဏ်တက်ချိန်မှစ၍ သက်ဆိုင်ရာကျောင်းများတွင် ထုတ်ပြန်ကြေညာလိုက်ပြီဖြစ်ရာ ကျောင်းသား ကျောင်းသူ၊ ဆရာ/မိဘများသည် မိမိတို့၏ သက်ဆိုင်ရာကျောင်းများအလိုက် အောင်စာရင်းလာရောက်ကြည့်ရှုကြရာ ရာနှုန်းပြည့် အောင်မြင်မှုရှိကြောင်း၊ သို့သော်လည်း နဝမတန်းတွင် အနည်းငယ်အကျရှိကြောင်း သိရသည်။

မရမ်းကုန်းမြို့နယ် အထက(၂)ကျောင်းအုပ်ဆရာမကြီး ဒေါက်တာဝသန်မြတ်သင်းက "ဒီနှစ်အောင်စာရင်းကတော့ အငယ်တန်းတွေဖြစ်တဲ့ အတန်းအားလုံး အောင်ချက်ရာခိုင်နှုန်းပြည့်အောင်မြင်ကြပါတယ်။ ကျွန်မတို့ကျောင်းက နဝမတန်းမှာ ၉၃ ဒသမ ၃၆ ရာခိုင်နှုန်း အောင်ပါတယ်။ လပတ်စာမေးပွဲ နှစ်ကြိမ်မှာ ပထမနှစ်ဝက်၊ ဒုတိယနှစ်ဝက်နှစ်ကြိမ်ရဲ့ ရမှတ်တွေရယ် CPR နဲ့ပေါင်းပြီးတော့ အအောင်ပေးတာပါ။ အဲဒီရမှတ်နဲ့ အားကိုးလို့မရတဲ့ ကလေးတွေပဲကျတာပါ" ဟု ပြောသည်။

**သတင်း-မျိုးမင်းသိန်း(မရမ်းကုန်း)**
**ဓာတ်ပုံ-မျိုးကြီး**

# မန္တလေးတိုင်းဒေသကြီးအတွင်း အခြေခံပညာအဆင့် အောင်စာရင်းများထုတ်ပြန်

**မန္တလေး ဧပြီ ၂၁**

၂၀၁၈-၂၀၁၉ ပညာသင်နှစ်အတွက် ဖေဖော်ဝါရီလအတွင်းက ကျင်းပခဲ့သည့် KG တန်းမှ နဝမတန်းအထိ စာမေးပွဲ အောင်စာရင်းများကို ဧပြီ ၂၁ ရက်က မန္တလေးတိုင်းဒေသကြီးအတွင်းရှိ အခြေခံပညာကျောင်းအသီးသီး၌ ထုတ်ပြန်ကြေညာခဲ့ရာ ၎င်းတို့အနက် စတုတ္ထတန်းနှင့် အဋ္ဌမတန်းစာမေးပွဲတွင် ၉၉ ဒသမ ၉၉ ရာခိုင်နှုန်း ဖြေဆိုအောင်မြင်ခဲ့ကြောင်း သိရသည်။

အဆိုပါ အောင်စာရင်းများအနက် စတုတ္ထတန်းတွင် မန္တလေးတိုင်းဒေသကြီးအတွင်းမှ ၁၀၅၉၃၂ ဦး ဝင်ရောက်ဖြေဆိုခဲ့ပြီး ၁၀၅၉၂၈ ဦး အောင်မြင်ခဲ့ကာ အဋ္ဌမတန်းစာမေးပွဲတွင် ဖြေဆိုသူ ၈၆၀၃၇ ဦးအနက် ၈၆၀၂၉ ဦး အောင်မြင်ခဲ့ကြပြီး အောင်ချက်ရာခိုင်နှုန်းမှာ ၉၉ ဒသမ ၉၉ ရာခိုင်နှုန်းရှိကြောင်း တိုင်းဒေသကြီး ပညာရေးမှူးရုံးမှ ညွှန်ကြားရေးမှူး(ပညာ-တာဝန်)ဦးစိုးလွင်က ပြောကြားသည်။

လာမည့် ၂၀၁၉- ၂၀၂၀ ပညာသင်နှစ်တွင် အခြေခံပညာ မူလတန်းအဆင့် Grade - 3 ကို ဘာသာရပ် ၁၀ ခု ပါဝင်သည့် သင်ရိုးသစ်များဖြင့်လည်းကောင်း၊ အခြေခံပညာအလယ်တန်းအဆင့် Grade-6 ကို ဘာသာရပ် ၁၁ ခု ပါဝင်သည့် သင်ရိုးသစ်များဖြင့် လည်းကောင်း ပြောင်းလဲသင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**



မိတ္ထီလာမြို့နယ် အခြေခံပညာကျောင်းများ၌ ၂၀၁၈ - ၂၀၁၉ ပညာသင်နှစ် စာမေးပွဲအောင်စာရင်းများကို ဧပြီ ၂၁ ရက် နံနက် ၅ နာရီက ထုတ်ပြန်ကြေညာခဲ့ရာ ကျောင်းသား ကျောင်းသူများနှင့် ကျောင်းသားမိဘများ လာရောက်ကြည့်ရှုကြစဉ်။ ချမ်းသာ(မိတ္ထီလာ)



ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ်တွင် ဧပြီ ၂၁ ရက် နံနက်ပိုင်းက အခြေခံပညာကျောင်းများ၌ အောင်စာရင်းများ ထုတ်ပြန်ခဲ့ရာ အောင်စာရင်းကြည့်ရှုသူများကို တွေ့ရစဉ်။ နေလင်း(ညောင်လေးပင်)

# သုံးခွမြို့နယ်တွင် အခြေခံပညာသင်ကျောင်းများ အောင်စာရင်းထုတ်ပြန်ကြေညာ

**သုံးခွ ဧပြီ ၂၁**

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ်တွင် ၂၀၁၈-၂၀၁၉ ပညာသင်နှစ်အတွက် အခြေခံပညာသင်ကျောင်း အောင်စာရင်းများကို ဧပြီ ၂၁ ရက် နံနက် ၆ နာရီက သက်ဆိုင်ရာကျောင်းများအလိုက် ကြော်ငြာသင်ပုန်းများ၌ ကပ်ထားပေးရာ ကျောင်းသားများနှင့် မိဘများလာရောက်ကြည့်ရှုကြကြောင်း သိရသည်။

သူငယ်တန်း(KG)တန်းမှ နဝမတန်းထိ အောင်စာရင်းများကို တစ်ပြိုင်တည်း ထုတ်ပြန်ကြေညာခဲ့ကြောင်း သိရသည်။ တန်းစဉ်အားလုံး၌ ဖြေဆိုသူအားလုံးအောင်မြင်ကြကြောင်း သိရသည်။

သုံးခွမြို့နယ်တွင် အခြေခံပညာသင်ကျောင်း ၁၄၆ ကျောင်း၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း ငါးကျောင်း၊ သီလရှင်သင်ပညာရေးကျောင်း တစ်ကျောင်း စုစုပေါင်း ကျောင်းပေါင်း ၁၅၂ ကျောင်းရှိကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

**ကျော်ဆန်း**

ဗလငါးတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

# ပြုံးရွှင်ရေပျော်ရဲ့လား ရုပ်ရှင်ဇာတ်ကား မေ ၂၅ ရက်မှစတင်ကာ နိုင်ငံတစ်ဝန်းရှိ အဆင့်မြင့်ရုပ်ရှင်ရုံများတွင် ရုံတင်ပြသသွားမည်

**ရန်ကုန် မေ ၂၁**

မျက်ခြယ်ရုပ်ရှင်ထုတ်လုပ်ရေးမှ ဝတ္တု အကြည်တော်၊ ဇာတ်ညွှန်း အင်ကြင်းဟန်၊ ဒါရိုက်တာ ဝင်းထွန်းထွန်း ရိုက်ကူးသည့် "ပြုံးရွှင်ရေပျော်ရဲ့လား" ရုပ်ရှင်ဇာတ်ကား အထူးပွဲကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ သမ္မတရုပ်ရှင်ရုံ၌ ပြသခဲ့သည်။



**နာမည်ကြီးသရုပ်ဆောင်များ ပါဝင်**

အဆိုပါ "ပြုံးရွှင်ရေပျော်ရဲ့လား" ရုပ်ရှင်ဇာတ်ကားတွင် နေတိုး၊ ကျော်ကျော်ဗိုလ်၊ ရွှေမှုံရတီ၊ အေးမြတ်သူ၊ ဧည့်သည်သရုပ်ဆောင် တင်မောင်ဆန်းမင်းဝင်း၊ ဇော်ဦး၊ ထွန်းထွန်းဝင်း၊ ဇော်ဝင်းနိုင်၊ ဂွမ်းပုံကြီးနှင့် နာမည်ကြီး သရုပ်ဆောင်များ ပါဝင်သရုပ်ဆောင်ထားသည်။

**မေတ္တာတရားကို ဖော်ကျူး**

ဒါရိုက်တာ ဝင်းထွန်းထွန်းက "မိဘမေတ္တာဘွဲ့ ဇာတ်ကားဖြစ်ပါတယ်။ ဒီကားရိုက်ကူးစဉ်ကာလတုန်းက ဟာသကားတွေ သိပ်ဟော့ပြီးတော့ ရုံပေါ်မှာ ဟာသကားတွေပဲတင်တဲ့အချိန်မှာ ဒီဇာတ်ကြီးကို ထုတ်လုပ်သူကို ပေးလိုက်တယ်။ ပေးတဲ့အချိန်မှာ ပိုက်ဆံရမယ်လို့တော့ အာမမခံဘူး။ ကျွန်တော် အနုပညာရှင်တစ်ယောက်အနေနဲ့ အနုပညာအရ ကျန်မယ်ဆိုတာကို အာမခံပါတယ်လို့ ပြောလိုက်တော့ ထုတ်လုပ်သူကလည်း အနုပညာအတွက် ရိုက်ပါမယ်လို့ပြောပါတယ်။ အဲဒီအတွက် ဒီကားကို စတင်ရိုက်ကူးခွင့်ပေးတဲ့ မျက်ခြယ်ကို ကျေးဇူးတင်ပါတယ်။ ကျွန်တော့်ရဲ့ခံယူချက်က မြန်မာ့ရုပ်ရှင်ဟာ မြန်မာလူမျိုးတို့ရဲ့ စရိုက်လက္ခဏာကိုဖော်ကျူးတဲ့၊ မေတ္တာတရားကို ဖော်ကျူးတဲ့ ဇာတ်ကားတွေပဲ ဖြစ်ရမယ်လို့ ယုံကြည်တယ်။ မြန်မာ Traditional ကို ဖော်ကျူးသော၊ မေတ္တာတရားကို ဖော်ကျူးသောကားတွေ လူရာဝင်ဖို့ အခက်အခဲတွေ အများကြီးရှိလာပါတယ်။ မြန်မာ့ရုပ်ရှင်မှာ ဒီလိုဇာတ်ကားတွေဟာ ဗမာကားစစ်စစ်ဖြစ်တယ်လို့ ယုံကြည်တဲ့အတွက် ကျွန်တော် ဒီကားကိုရိုက်တာပါ"ဟု ပြောသည်။

သရုပ်ဆောင် ကျော်ကျော်ဗိုလ်က "ဇာတ်သဘင်လောက ပတ်ဝန်းကျင်မှာရှိနေတဲ့ လူရွှင်တော်တစ်ယောက်ရဲ့ဘဝဇာတ်ကြောင်းကို ရိုက်ပြတာပါ။ သဘင်တစ်လောကလုံး၊ လူရွှင်တော်တစ်လောကလုံးကို ကိုယ်စားပြုတဲ့ ဇာတ်ကားပါ။ အဓိက ကိုနေတိုးတို့ကို ပို့ပေးတယ်ဆိုတာထက် ဒီဇာတ်ကားပေါ်မှာ ကျွန်တော်ပါဝင်ရတဲ့ အခန်းကဏ္ဍကို ကျွန်တော်တာဝန်ကျေအောင်လုပ်လိုက်တာပါ။ ကြမ်းတမ်းတဲ့ဘဝတွေလည်း ရှိခဲ့တယ်လေ။ ဆန္ဒနဲ့ဘဝနဲ့ သားသမီးအပေါ်ထားတဲ့မေတ္တာ တစ်ထပ်တည်းမကျခဲ့တဲ့ မိဘတွေလည်းရှိခဲ့တယ်ဆိုတော့ ဒီဟာမျိုးလေးတွေကို ကျွန်တော်တို့ပုံဖော်လိုက်ရတော့ ပရိသတ်တွေလည်း ဆို့နင့်ကြေကွဲစေတဲ့ရသမျိုး ခံစားရမှာပါ။ တကယ်တော့ မိဘမေတ္တာဆိုတာ ဆူကြုံနိမ့်မြင့်မရွေးပါဘူး။ ရှင်ဘုရင်မှ၊ အခြေခံလူတန်းစားမှ မဟုတ်ပါဘူး။ မိဘတိုင်းကတော့ သားသမီးအပေါ်မှာ အမြင့်ဆုံးဖြစ်စေချင်ကြတာ မိဘတိုင်းရဲ့ မေတ္တာစေတနာပါပဲ။ အဲဒီတော့ သူတို့ရဲ့ကိုယ်စွမ်းဉာဏ်စွမ်းရှိသလောက်တော့ သူတို့ရဲ့ သားသမီးကို အကောင်းဆုံးအမြင့်ဆုံးမှာ မြင်ချင်ကြတာ မိဘတိုင်းရဲ့ မေတ္တာပါ။ "ပြုံးရွှင်ရေပျော်ရဲ့လား"ဆိုတဲ့ ဇာတ်ကားကတော့ ဒီဘက်ခေတ်ပိုင်းမှာ ပရိသတ်တွေကြည့်ရဖို့ ရှားပါးတဲ့ ဇာတ်ကားတစ်ကားဖြစ်သလို ကျွန်တော်တို့ သရုပ်ဆောင်တွေအနေနဲ့လည်း သရုပ်ဆောင်ဖို့ ရှားပါးတဲ့ ဇာတ်တစ်ဇာတ် ဖြစ်ပါတယ်။ ပရိသတ်တွေကြည့်ရင် အဆင်ပြေမယ်လို့ မျှော်လင့်ပါတယ်"ဟု ပြောသည်။

**ရုံတင်ပြသသွားမည်**

"ပြုံးရွှင်ရေပျော်ရဲ့လား" ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင် နေတိုးက လူရွှင်တော် ပြုံးရွှင်အဖြစ် သရုပ်ဆောင်ထားပြီး အလွမ်းအဆွေးဖြင့် ဖော်ကျူးထားသည့် ရုပ်ရှင်ဇာက်ကားဖြစ်သည်။ အဆိုပါရုပ်ရှင်ဇာတ်ကားကို မေ ၂၅ ရက်မှစတင်ကာ နိုင်ငံတစ်ဝန်းရှိ အဆင့်မြင့်ရုပ်ရှင်ရုံများတွင် ရုံတင်ပြသသွားမည်ဖြစ်သည်။ **မင်းသစ်**(MNA)

# ကင်းတပ်ကျေးရွာသို့ မီးသတ်ယာဉ်တစ်စီး လွှဲပြောင်းပေးအပ်

**မော်လိုက် မေ ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်မြို့နယ် ကင်းတပ်ကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများ မီးဘေးအန္တရာယ် ကြုံတင်ကာကွယ်နိုင်ရေးနှင့် မီးလောင်မှုများဖြစ်ပွားပါက အချိန်နှင့်တစ်ပြေးညီ မီးငြိမ်းသတ်နိုင်ရေးတို့အတွက် မီးသတ်ဦးစီးဌာနက ကင်းတပ်ကျေးရွာသို့ ရေဂါလန် ၈၀၀ ဆံ့ မီးသတ်ယာဉ် တစ်စီး လွှဲပြောင်းပေးအပ်ပွဲကို ယနေ့နံနက် ၉ နာရီခွဲက ကင်းတပ်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း၌ ကျင်းပသည်။



အခမ်းအနားတွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဘိုသိန်းက အဖွင့်အမှာစကားပြောကြားပြီး ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးညီညီလွင်က မီးသတ်ယာဉ်လွှဲပြောင်းပေးအပ်ရခြင်း၏ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မော်လိုက်ခရိုင်မီးသတ်ဦးစီးမှူး ဦးနိုင်ဇံက ဂါလန် ၈၀၀ ဆံ့ မီးငြိမ်းသတ်ယာဉ်နှင့်ပတ်သက်သည့် စာရွက်စာတမ်းများကို လွှဲပြောင်းပေးအပ်ရာ ကင်းတပ်ကျေးရွာအုပ်ချုပ်ရေးမှူးက လက်ခံရယူပြီး ကျေးရွာပြည်သူများကိုယ်စား ပြည်သူတစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

**မော်လိုက်သားလေး**



**ရန်ကုန်မြောက်ပိုင်းခရိုင် မှော်ဘီမြို့နယ် အမှတ်(၂)ရပ်ကွက်အတွင်းရှိ သမိုင်းဝင် ရှေးဟောင်းရွှေမော်တင်စေတီတော်မြတ်ကြီး ဓမ္မာရုံ၌ မေ ၂၁ ရက် မွန်းလွဲ ၁ နာရီက မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးတင့်ဆွေ ပြည်သူများအား မှုခင်းကျဆင်းရေးအသိပညာပေးဟောပြောဆွေးနွေးစဉ်။**

ဟန်စိုး



# မြန်မာဂျူဒိုချစ်ကြည်ရေးအဖွဲ့ ဂျပန်နိုင်ငံသို့ ထွက်ခွာ

**ရန်ကုန် ဗြေ ၂၁**

မြန်မာဂျူဒိုအားကစားစနစ်တကျ ဖွံ့ဖြိုးတိုးတက်လာစေရန် ဂျပန်နိုင်ငံ နိုဘီအိုကာ မြို့တော်ဝန်၏ ဖိတ်ကြားချက်အရ မြန်မာနိုင်ငံ ဂျူဒိုအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးထွန်းထွန်း ဦးဆောင်သော အဖွဲ့ဝင်လေးဦးသည် ဗြေ ၂၀ ရက် ညပိုင်းက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ဂျပန်နိုင်ငံသို့ ထွက်ခွာသွားရာ မြန်မာနိုင်ငံဂျူဒိုအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌများနှင့် အလုပ်အမှုဆောင်များက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

မြန်မာနိုင်ငံ ဂျူဒိုအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးထွန်းထွန်း ဦးဆောင်သော ဂျူဒိုချစ်ကြည်ရေးအဖွဲ့ဝင်များသည် ဂျပန်နိုင်ငံ နိုဘီအိုကာမြို့တွင် ရောက်ရှိနေစဉ်အတွင်း မြန်မာနိုင်ငံ အိုလံပစ်ကော်မတီနှင့် ဂျပန်နိုင်ငံ အိုလံပစ်ကော်မတီတို့ အသိပေးစီစဉ်မှုဖြင့် ဇွန်လတွင် မြန်မာဂျူဒိုအားကစားသမားရှစ်ဦးနှင့် ဂျပန် ဂျူဒိုအဖွဲ့တို့ ပူးတွဲလေ့ကျင့်မည့် အားကစားခန်းမ၊ နှစ်နိုင်ငံ ယဉ်ကျေးမှုဖလှယ်ခြင်း အစီအစဉ်များကိုလည်း သွားရောက်လေ့လာကြမည်ဖြစ်သည်။ ထို့ပြင် မြန်မာ-ဂျပန် ဂျူဒိုပူးတွဲလေ့ကျင့်မှုအစီအစဉ်များကိုလည်း စဉ်ဆက်မပြတ် ဆောင်ရွက်နိုင်ရန် နိုဘီအိုကာမြို့တော်ဝန်နှင့် ညှိနှိုင်းဆွေးနွေးသွားမည်ဖြစ်သည်။



ဆက်လက်၍ ဂျူဒိုချစ်ကြည်ရေးအဖွဲ့သည် ဂျပန်နိုင်ငံ တိုကျိုမြို့ရှိ နိုင်ငံတကာကိုဒိုကန်ဂျူဒိုတက္ကသိုလ် သင်တန်းကျောင်းမှ မြန်မာနိုင်ငံ ဂျူဒိုအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးထွန်းထွန်းအား (DAN) အဆင့်သတ်မှတ်သည့် ဂုဏ်ထူးဆောင်ခါးစည်းကိုလည်း တက်ရောက်ယူမည်ဖြစ်ပြီး မြန်မာ့ဂုဏ်ဆောင်အားကစားသမားများ ပေါ်ထွက်လာရေးအတွက် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီမှ အသိအမှတ်ပြု ခန့်အပ်ထားသော (DAN) အဆင့် (၇) ရှိ မစ္စတာ အိုရှိုးမားကို မြန်မာနိုင်ငံသို့ ဇွန်လဆန်းတွင် လာရောက်နိုင်ရန်အတွက် တွေ့ဆုံဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။ **စောသိန်းဝင်း**

# ကေလိဂ်၏ စည်းမျဉ်းသစ်ကြောင့် မြန်မာကစားသမားများ တောင်ကိုရီးယားတွင် ကစားခွင့်ရရန် အခွင့်အရေးရှိလာ

**ရန်ကုန် ဗြေ ၂၁**

အာရှထိပ်သီး တောင်ကိုရီးယား ကေလိဂ် ပြိုင်ပွဲ၏ စည်းမျဉ်းသစ်ကြောင့် မြန်မာနှင့် အာဆီယံကစားသမားများသည် ကေလိဂ် ကလပ်အသင်းများတွင် ကစားခွင့်ရရန် အခွင့်အရေးရှိလာပြီဖြစ်သည်။ ထို့ကြောင့် မြန်မာကစားသမားများအနေဖြင့် လာမည့် ရာသီတွင် ထိုင်းလိဂ်ကလပ်အသင်းများအပြင် တောင်ကိုရီးယား ကလပ်အသင်းများ၌ပါ ကစားခွင့်ရရန် အခွင့်အရေးရှိလာမည် ဖြစ်သည်။

ကေလိဂ်ကလပ် အသင်းတစ်သင်းဖြစ်သော အင်ချွန်းယူနိုက်တက်အသင်းသည် ဗီယက်နမ်လက်ရွေးစင်တိုက်စစ်မှူး ငုယင်ကောင်ဖောင်ကို အငှားဖြင့် ခေါ်ယူအသုံးပြုခဲ့ပြီး ဗီယက်နမ်ပရိသတ်များ၏ စိတ်ဝင်စားမှုနှင့် ရုပ်သံကြည့်ရှုမှုနှုန်းမြင့်တက်လာသောကြောင့် ကေလိဂ်အနေဖြင့် အာဆီယံဘောလုံးလောကနှင့် ပေါင်းစပ်ဆောင်ရွက်ရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။ ကေလိဂ်ကလပ်အသင်းများတွင် နိုင်ငံခြားသားကစားသမားခေါ်ယူမှုစည်းမျဉ်းကို ယခင်က သတ်မှတ်ထားသည့်၃+၁ အစား ၃+၁+၁ စည်းမျဉ်းဖြင့် ပြောင်းလဲခဲ့ပြီး အာဆီယံကစားသမားများကို လာမည့် ၂၀၂၀ ဘောလုံးရာသီတွင် စတင်အသုံးပြုရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။



ချောင်ဘူရီအသင်းတွင် ကစားနေသည့် ဇော်မင်းထွန်း။

မြန်မာ့ဘောလုံး ပရော်ဖက်ရှင်နယ်စနစ်သို့ ကူးပြောင်းပြီး နောက်ပိုင်းတွင် မြန်မာကစားသမားများသည် ထိုင်း၊ မလေးရှား၊ စင်ကာပူကလပ်အသင်းများသို့ သွားရောက်ကစားခဲ့ပြီး ၂၀၁၉ ဘောလုံးရာသီတွင် မြန်မာကစားသမားအချို့မှာ ထိုင်းလိဂ်-၁ ကလပ်အသင်းများ၌ သွားရောက်ကစားလျက်ရှိသည်။ မြန်မာကစားသမားများအနက် အောင်သူမှာ မြောင်တောင်ယူနိုက်တက်အသင်း၊ ဇော်မင်းထွန်းနှင့် စည်သူအောင်မှာ ချောင်ဘူရီအသင်း၊ သိန်းသန်းဝင်းမှာ ရစ်ချာဘူရီအသင်း၊ ကျော်ကိုကိုမှာ ဆာမတ်ပရာခန်အသင်း၊ သန်းထက်အောင်မှာ ထိုင်းလိဂ်-၂ ကလပ် ဆာမတ်ဆာခွန်အသင်းတွင် သွားရောက်ကစားလျက်ရှိသည်။

မြန်မာကစားသမားများသည် ယခုရာသီတွင် ထိုင်းလိဂ်ကလပ်အသင်းများ၌ သွားရောက်ကစားနေပြီး အာရှထိပ်သီး ကေလိဂ်တွင် သွားရောက်ကစားနိုင်ရန် ခြေစွမ်းပိုင်း၊ ကြံ့ခိုင်မှုအပြင် ပရော်ဖက်ရှင်နယ်ဘောလုံးသမားတစ်ဦးပီသစွာ နေထိုင်ရမည် ဖြစ်သည်။

**သတင်း-ရှိုင်းထက်ဇော်**

**ဓာတ်ပုံ-စိုးညွန့်**

**❍ မြန်မာကရာတေးအဖွဲ့မှ**

ဆွတ်ခူးခဲ့ကြခြင်းဖြစ်သည်။ မရမ်ဂျာလသည် ကချင်တိုက်ပွဲရှောင်စခန်းမှ လူငယ်လေးတစ်ဦးဟုသိရပြီး အဆိုပါ ရွှေတံဆိပ်ဆုရှင်များသည် နိုဝင်ဘာ ၂၂ ရက်တွင်ကျင်းပမည့် World Youth Tournament 2019 သို့ ပါဝင်ယှဉ်ပြိုင်ခွင့်ရရှိကြမည်ဖြစ်သည်။ ယခုပြိုင်ပွဲသို့ ဆရာကြီး ရှီဟန် ဦးမင်းလွင်နှင့်အတူ နည်းပြဆရာများအဖြစ် ဆရာခင်လှိုင်၊ ဆရာထွန်းထွန်းလင်း၊ ဆရာရင်ဘောင်းတို့ လိုက်ပါခဲ့ကြပြီး အပြည်ပြည်ဆိုင်ရာကရာတေးပြိုင်ပွဲ ဒိုင်လူကြီးသင်တန်း ဖြေဆိုရန် ဆရာအောင်လွင်၊ ဆရာယာကု၊ ဆရာဖေသူအောင်၊ ဆရာအောင်နိုင်ထွန်း၊ ဆရာသူရိန်တို့လည်းလိုက်ပါခဲ့ကြသည်။ မြန်မာကရာတေးအဖွဲ့သည် ဗြေ ၂၆ ရက်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ရောက်ရှိကြမည်ဖြစ်ကြောင်း သိရသည်။

**ဇင်လင်းထွန်း (ခနော့ဖြူ)**

# ကဗျာဆရာ မောင်ကြည်မွန် ကွယ်လွန်

(၁၉၃၉-၂၀၁၉)



ဒေါက်တာလှဦး (ခ) ကဗျာဆရာ မောင်ကြည်မွန်ကို ဖခင် ဦးမြသာ၊ မိခင် ဒေါ်အောင်မေတို့က ရန်ကုန်တိုင်းဒေသကြီး လမ်းမတော်မြို့နယ် အမှတ်(၁၆) ရွှေတောင်တန်းလမ်း၌ ၁၉၃၉ ခုနှစ် မတ် ၂၁ ရက်တွင် ဖွားမြင်ခဲ့သည်။ ဆရာသည် မွေးချင်းလေးယောက်တွင် အကြီးဆုံး ဖြစ်သည်။

ငယ်စဉ်က စိန့်ဂျွန်းကွန်ဗင့်ကျောင်း (ယခုလမ်းမတော် အထက-၁) တွင် တက်ရောက်ခဲ့ပြီး ၁၉၅၉- ၁၉၆၀ တွင် တက္ကသိုလ်ဝင်တန်း အောင်မြင်ခဲ့သည်။ ရန်ကင်းကောလိပ်တွင် ဆက်လက် ပညာသင်ကြားရင်း ဆေးတက္ကသိုလ် တက်ရောက်ခွင့်ရရှိခဲ့သည်။ တက္ကသိုလ်ကျောင်းသားဘဝမှစ၍ ကဗျာများစွာ ရေးသားခဲ့ပြီး **"လှုပ်ရှားနေသော ကြိုးတစ်စ"** ကဗျာမှာ ထင်ရှားသည်။

ဆရာသည် မြကျွန်းသာကဗျာများစာအုပ်၊ ဇူလိုင် ၇ ရက် ကဗျာများ စာအုပ်နှင့် တောမီးကဗျာစာအုပ်များ အပါအဝင် ကဗျာစာပေအများအပြားကို ရေးသားထုတ်ဝေခဲ့သည်။

ဆရာသည် တက္ကသိုလ်ကဗျာသစ်လှုပ်ရှားမှုတွင် ဦးဆောင်ပါဝင်ခဲ့ပြီး ရန်ကုန်တက္ကသိုလ် ကဗျာစာပေအသင်းဥက္ကဋ္ဌအဖြစ် ရွေးချယ်ခံရသည်။ သဟာယစာဖတ်အသင်း၊ ကျောင်းသားအခွင့်အရေးစောင့်ရှောက်မှုကော်မတီတို့တွင် တက်ကြွစွာပါဝင်ခဲ့သည်။ ၁၉၆၃ ခုနှစ် ခြောက်ခရိုင် ငြိမ်းချမ်းရေးဆန္ဒပြပွဲအပြီးတွင် နိုင်ငံရေးအရ ထိန်းသိမ်းခံခဲ့ရသည်။ ထို့နောက် ၁၉၇၀ ပြည့်နှစ်တွင် လွတ်မြောက်လာကာ ဆေးကျောင်း ပြန်တက်ခွင့်ရပြီးနောက် ဆရာဝန်ဖြစ်ခဲ့သည်။

ထို့နောက် ဆရာသည် ဧရာဝတီတိုင်းဒေသကြီး လပွတ္တာ၊ ကန်ဘဲ့၊ ဒါးကနှင့် ရန်ကုန်တို့တွင် ကိုယ်ပိုင်ဆေးခန်းဖွင့်ခဲ့ပြီး ၂၀၁၉ ခုနှစ် ဗြေ ၁၇ ရက် မွန်းလွဲ ၁ နာရီခွဲတွင် ကွယ်လွန်သွားကြောင်း သိရသည်။ ကွယ်လွန်ချိန်တွင် အသက် ၈၁ နှစ် ရှိပြီးဖြစ်ကာ ဇနီး ဒေါ်ရင်ကြည် (ခ)ဒေါ်သူဇာနှင့် သားနှစ်ဦး ကျန်ရစ်ခဲ့ကြောင်း သိရသည်။ **ကြေးမုံ**

# မကွေးမြို့ သီတဂူမြင့်မိုရ်စံဆေးရုံတော်ကြီးတွင် တတိယအကြိမ်မြောက် မျက်စိအခမဲ့ခွဲစိတ်ပေးမည်

**မကွေး ဗြေ ၂၁**

မကွေးမြို့ သီတဂူမြင့်မိုရ်စံမျက်စိဆေးရုံတော်ကြီးတွင် တတိယအကြိမ်မြောက် မျက်စိအခမဲ့ခွဲစိတ်ကုသမှုကို ဗြေ ၂၃ ရက်မှ ၂၆ ရက်အထိ လေးရက်တိုင်တိုင် မျက်စိဆရာဝန်ကြီးများက ကြည့်ရှုကုသပေးသွားမည်ဖြစ်ကြောင်း မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော် ဦးသာသနထံမှ သိရသည်။

သီတဂူသာသနာပြုဥက္ကဋ္ဌ ဆရာဝန်ကြီး ပါမောက္ခ(ငြိမ်း)ဒေါက်တာမြအောင်က ဦးဆောင်ကာ မကွေးတိုင်းဒေသကြီးအတွင်းရှိ မျက်စိအထူးကုဆရာဝန်ကြီး ၁၀ ဦးခန့်ပါဝင်သောအဖွဲ့မှ လူနာပေါင်း ၂၀၀၀ ကျော်အား ကြည့်ရှုပေးပြီး လိုအပ်သောလူနာများအား ခွဲစိတ်ကုသပေးသွားမည်ဖြစ်သည်။

မျက်စိဝေဒနာရှင်များ နေထိုင်စားသောက်စရိတ်အပါအဝင် အာဟာရဒါနအတွက် ကုန်ကျစရိတ်ကျပ်သိန်း ၆၀ ခန့်အား မကွေးမြို့သူမြို့သား အလှူရှင်များ၏လှူဒါန်းငွေဖြင့် ကျွေးမွေးမည်ဖြစ်ကြောင်း သိရပြီး ယခင်ပထမအကြိမ်နှင့် ဒုတိယအကြိမ်တွင်လည်း မကွေးမြို့သူမြို့သား စေတနာရှင်၊ အလှူရှင်များ၏ လှူဒါန်းငွေဖြင့် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သီတဂူမျက်စိအခမဲ့ခွဲစိတ်ကုသမှုတို့အတွက် ဦးဆောင်လုပ်ကိုင်နေသူ မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော် ဦးသာသနက မိန့်ကြားရာတွင် မကွေးမြို့ သီတဂူမြင့်မိုရ်စံမျက်စိဆေးရုံတော်ကြီးတွင် အနယ်နယ်အရပ်ရပ်မှ မျက်စိဝေဒနာရှင်များအား စဉ်ဆက်မပြတ် ကုသပေးနိုင်ရန်နှင့် ရေရှည်တည်တံ့စေရန်အတွက် စေတနာရှင်၊ အလှူရှင်များအနေဖြင့် သဒ္ဓါတတ်အားနည်းများမဆို ကုသိုလ်ပါဝင်နိုင်ကြောင်းနှင့် လှူဒါန်းလိုပါက မကွေးမြို့ မဟာဝိသုတာရာမတိုက်သစ်တွင် ဆက်သွယ်လှူဒါန်းနိုင်ကြောင်း မိန့်ကြားသည်။

အဆိုပါမျက်စိကုသမှု အလှူပွဲကြီးတွင် လိုအပ်သောဝေယျာဝစ္စလုပ်အားဒါနကို ကုသိုလ်ပြုလိုသည့်လူမှုရေးအသင်းအဖွဲ့များနှင့် မကွေးမြို့ပေါ်နှင့်အနီးတစ်ဝိုက်မှ လူငယ်မောင်မယ်များမှ လုပ်အားဒါနပါဝင်ကြမည်ဖြစ်ကြောင်း သိရသည်။ **မေသူလွင်(မကွေး)**

# ဟောင်ကောင် ယူ-၁၅ ဖိတ်ခေါ်ပြိုင်ပွဲကို ရာသီဥတုကြောင့် ခြေစမ်းပွဲအဖြစ် ပြောင်းလဲ

**ရန်ကုန် ဗြေ ၂၁**

မြန်မာလူငယ်အသင်းများ ဝင်ရောက်ယှဉ်ပြိုင်နေသည့် ဟောင်ကောင် ယူ-၁၅ ဖိတ်ခေါ်ပြိုင်ပွဲကို ရာသီဥတုကြောင့် နှစ်ရက်ရွှေ့ဆိုင်းခဲ့ရသောကြောင့် ပြိုင်ပွဲအဖြစ် မကျင်းပတော့ဘဲ ခြေစမ်းပွဲအဖြစ်သာ ပြောင်းလဲကျင်းပရန် ဆုံးဖြတ်ခဲ့သည်။

ဟောင်ကောင်ဘောလုံးအဖွဲ့ချုပ်သည် ဗြေ ၂၁ ရက် နံနက်ပိုင်းတွင် ယူ-၁၅ ပြိုင်ပွဲနှင့် ပတ်သက်၍ တရားဝင်ထုတ်ပြန်ခဲ့ပြီး ပြိုင်ပွဲအစား ခြေစမ်းပွဲအဖြစ်သာ ကျင်းပတော့မည်ဖြစ်သည်။ မြန်မာ ယူ-၁၅ အသင်းသည် နောက်ဆုံးပွဲအဖြစ် ဗြေ ၂၂ ရက် (ယနေ့) တွင် စင်ကာပူအသင်းနှင့် ကစားရမည်ဖြစ်သည်။ **ရှိုင်းထက်ဇော်**

# သီရိလင်္ကာနိုင်ငံတွင် ဗုံးခြောက်လုံးသီးခြားပေါက်ကွဲ၊ ၂၀၇ ဦး သေဆုံး

**ကိုလံဘို မေ ၂၁**

သီရိလင်္ကာနိုင်ငံတွင် ဗုံးခြောက်လုံးသီးခြားစီ ပေါက်ကွဲခဲ့ရာ လူပေါင်း ၂၀၇ ဦးသေဆုံးခဲ့ပြီး ၄၀၀ ကျော် ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်းနှင့် သေဆုံးသူများအနက် နိုင်ငံခြားသား အများဆုံး ပါဝင်ကြောင်း ယနေ့အေအက်ဖ်ပီ သတင်းတစ်ရပ်အရ သိရသည်။

အဆိုပါဗုံးပေါက်ကွဲမှုသည် အကြမ်းဖက် လုပ်ရပ်ဖြစ်သည်ဟု သီရိလင်္ကာသမ္မတ မိုင်သရီပါလာ သီရိသေနက မှတ်ချက်ပြု ပြောကြားခဲ့သည်။ ဝန်ကြီးချုပ် ရာနေး ဝစ်ကရီမီဆင်းဟီက အဆိုပါအကြမ်းဖက် လုပ်ရပ်ကို ရှုတ်ချပါကြောင်း ပြောကြားခဲ့ သည်။

ယခုဗုံးပေါက်ကွဲမှုသည် သီရိလင်္ကာနိုင်ငံ ၌ ပြည်တွင်းစစ်ပွဲများ ချုပ်ငြိမ်းသွားသည့် အချိန် လွန်ခဲ့သောဆယ်စုနှစ်တစ်စု အကြာကစပြီး ဖြစ်ပွားခဲ့သော အကြမ်းဖက်မှု များအနက် အဆိုးရွားဆုံး အကြမ်းဖက်မှုတစ်ခု ဖြစ်သည်။

မြို့တော်ကိုလံဘိုရှိ St. Anthony's Shrine ခရစ်ယာန်ဘုရားကျောင်း တစ်ကျောင်းနှင့် the Kingsbury Colombo Sri Lanka၊ the Cinnamon Grand Colombo နှင့် the Shangri-La ဟိုတယ်သုံးလုံးတွင် အဆိုပါဗုံးများ ပေါက်ကွဲခဲ့ကြောင်း သိရသည်။

ထို့ပြင် ဘတ်တီကာလိုရာမြို့ရှိ စိန့်စီဘရှန်းနှင့် ဇူရီယန် ခရစ်ယာန်ဘုရား ကျောင်းများတွင်လည်း ဗုံးပေါက်ကွဲခဲ့ကြောင်း သိရသည်။

ခရစ်ယာန်ဘုရားကျောင်းသုံးကျောင်း ၌ ခရစ်ယာန်ဘာသာဝင်များ ဘုရားဝတ်ပြု နေချိန်တွင် ဗုံးပေါက်ကွဲခဲ့ခြင်းဖြစ်သည်။

သီရိလင်္ကာ သမ္မတ မိုင်သရီပါလာ သီရိသေနက အဆိုပါဗုံးပေါက်ကွဲမှုများသည် အကြမ်းဖက်သမားများ၏ လုပ်ရပ်ဖြစ်ကြောင်း နှင့် ပြစ်မှုကျူးလွန်သူများအား ပြစ်ဒဏ် ထိရောက်စွာ ချမှတ်မည်ဖြစ်ပါကြောင်း ရုပ်သံလိုင်းတစ်ခုတွင် ပြောကြားခဲ့သည်။



သီရိလင်္ကာ အာဏာပိုင်များက ဗုံးပေါက်ကွဲမှု ဖြစ်ပွားခဲ့ပြီးနောက် နိုင်ငံ တစ်ဝန်းတွင် ညမထွက်ရအမိန့် ထုတ်ပြန်ထားကြောင်း သိရသည်။ **အေအက်ဖ်ပီ**

# အမေရိကန်နှင့် ဂျပန် အဆင့်မြင့် အရာရှိကြီးများ ပြုံယမ်းနျူကလီးယားအရေး ဆွေးနွေး

**ကျိုတို မေ ၂၁**

အမေရိကန်နှင့် ဂျပန် အဆင့်မြင့်အရာရှိကြီးများက လာမည့်ရက်သတ္တပတ် တွင် ကျင်းပမည့် ရုရှား-မြောက်ကိုရီးယား ထိပ်သီးအစည်းအဝေးပွဲမတိုင်မီ ပြုံယမ်း၏ နျူကလီးယားလက်နက်ကင်းစင်ပပျောက်ရေးဆိုင်ရာ လှုပ်ရှားမှု များကို အနီးကပ်စောင့်ကြည့်သွားရန် သဘောတူညီခဲ့ကြကြောင်း အင်န်အိတ်ချ်ကေသတင်းတစ်ရပ်အရ သိရသည်။

ဂျပန်နိုင်ငံခြားရေးဝန်ကြီးဌာန အာရှနှင့် ပင်လယ်သမုဒ္ဒရာဆိုင်ရာ ဗျူရိုအကြီးအကဲ ကင်ဂျီကာနာဆူဂီနှင့် မြောက်ကိုရီးယားနိုင်ငံဆိုင်ရာ အမေရိကန်အထူးကိုယ်စားလှယ် စတီဖင်ဘိုင်ဂန်တို့က အထက်ပါကိစ္စရပ် များကို တယ်လီဖုန်းမှတစ်ဆင့် ပြောကြားခဲ့ကြောင်း သိရသည်။

ထို့ပြင် နှစ်နိုင်ငံအဆင့်မြင့်အရာရှိကြီးများက လာမည့်ရက်သတ္တပတ် တွင် ဗလာဒီဗိုစတော့ခ်မြို့၌ ကျင်းပမည့် ရုရှား-မြောက်ကိုရီးယား ပထမ အကြိမ် ထိပ်သီးအစည်းအဝေးပွဲနှင့်ပတ်သက်ပြီး ဆွေးနွေးခဲ့ကြသည်။

လွန်ခဲ့သောရက်သတ္တပတ်က မော်စကိုမြို့၌ မြောက်ကိုရီးယားဆိုင်ရာ အမေရိကန်အထူးကိုယ်စားလှယ် စတီဖင်ဘိုင်ဂန်က ရုရှားဒုတိယ နိုင်ငံခြားရေးဝန်ကြီး အီဂါမော်ဂူလော့ဗ်နှင့် တွေ့ဆုံကာ ပြုံယမ်း၏ နျူကလီးယားကင်းစင်ပပျောက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြောင်း သိရသည်။

ဂျပန်နိုင်ငံခြားရေးဝန်ကြီးဌာန အာရှနှင့် ပင်လယ်သမုဒ္ဒရာဆိုင်ရာ ဗျူရိုအကြီးအကဲ ကင်ဂျီကာနာဆူဂီနှင့် မြောက်ကိုရီးယားဆိုင်ရာ အမေရိကန်အထူးကိုယ်စားလှယ် စတီဖင်ဘိုင်ဂန်တို့သည် အမေရိကန်၊ ဂျပန်နှင့် တောင်ကိုရီးယားနိုင်ငံ သုံးနိုင်ငံပူးပေါင်းကာ မြောက်ကိုရီးယား နျူကလီးယားအရေးအတွက် အနီးကပ်လုပ်ဆောင်ကြမည်ဖြစ်ကြောင်း အတည်ပြုပြောကြားခဲ့ကြသည်။

**အင်န်အိတ်ချ်ကေ**

# အီရတ်နိုင်ငံတွင် သေနတ်အရောင်းဆိုင်များ ပိုမိုများပြားလျက်ရှိ

**မိုဆူး မေ ၂၁**

အီရတ်နိုင်ငံ မိုဆူးမြို့တွင် အမဲလိုက်ရိုင်ဖယ်၊ ပစ္စတိုများနှင့် ကျည်ကတ်မျိုးစုံ အပါအဝင် သေနတ် အသစ်အဆန်းများအား ခင်းကျင်း ပြသရောင်းချသော သေနတ် အရောင်းဆိုင်များ ပိုမိုများပြားလာ လျက်ရှိကြောင်း ယနေ့အေအက်ဖ်ပီ သတင်းတစ်ရပ်အရ သိရသည်။

အစ္စလာမ္မစ် အစွန်းရောက် အကြမ်းဖက်မှုများ နိုင်ငံအတွင်း ဖြစ်ပွားလျက်ရှိသည့်အတွက် ဒေသခံ ပြည်သူများက မိမိကိုယ်ကိုကာကွယ် ရန် ရည်ရွယ်ပြီး သေနတ်များကို လက်ဝယ်ပိုင်ဆိုင်လျက်ရှိကြသည်။

အစ္စလာမ္မစ် အစွန်းရောက်အဖွဲ့ သည် မိုဆူးမြို့တွင် သုံးနှစ်ကြာ စိုးမိုးခဲ့ပြီး ၂၀၁၇ နှစ်လယ်ပိုင်းတွင် အီရတ်တပ်ဖွဲ့က ၎င်းတို့အား တိုက်ထုတ်နိုင်ခဲ့သည်။ သို့သော် အစွန်းရောက်အဖွဲ့၏ လက်ပါးစေ အနည်းငယ်ကျန်ရှိသေးသည့်အတွက် အကြမ်းဖက်မှုများ မြို့တော်အတွင်း မကြာခဏဖြစ်ပွားလျက်ရှိကြောင်း သိရသည်။

လိုင်စင်ရ လက်နက်ကုန်သည်များ က ၎င်းတို့၏ လက်နက်ရောင်းဝယ်မှု လုပ်ငန်းများ ပိုမိုတိုးတက်ကောင်းမွန် လာကြောင်း ပြောကြားခဲ့သည်။

၎င်းတို့တွင် လက်နက်ဝယ်ယူသူ ဖောက်သည် အများအပြားရှိ ကြောင်း အီရတ်ပြည်ထဲရေးဝန်ကြီး ဌာနက ခွင့်ပြုထားသော လက်နက် ရောင်းဝယ်ရေးလိုင်စင်ရ ဆိုင်ပိုင်ရှင် တစ်ဦးက ဆိုသည်။

သေနတ် ဝယ်ယူသူများတွင် သေနတ်ကိုင်ဆောင် ခွင့်ပြုမိန့်ရှိ ကြောင်းနှင့် ဝယ်ယူသူအများစုသည် အီရတ်တပ်ဖွဲ့၏ အဖွဲ့ဝင်ကတ်ပြားများ ကိုင်ဆောင်ထားကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

အီရတ်နိုင်ငံသည် အရပ်သားများ သေနတ်ကိုင်ဆောင်ခွင့်နှုန်းထား အမြင့်မားဆုံး နိုင်ငံများအနက် တစ်ခု အပါအဝင်ဖြစ်သည်။ လွန်ခဲ့သော နှစ်က စစ်တမ်းတစ်ရပ်အရ အီရတ် ပြည်သူအယောက် ၁၀၀ တွင် သေနတ်ကိုင်ဆောင်ထားသူ ၂၀ ခန့်ရှိ ကြောင်း သိရသည်။

အီရတ်နိုင်ငံအတွင်း အရပ်သား များ သေနတ်ကိုင်ဆောင်မှုနှုန်းထား တိုးမြင့်လာခြင်းသည် အရပ်သားများ အား အမဲလိုက်သေနတ်များကိုသာ ပိုင်ဆိုင်ခွင့်ရှိရာမှ ၂၀၁၈ ခုနှစ်တွင် ပစ္စတိုသေနတ်များနှင့် အလို အလျောက်ပစ်နိုင်သော သေနတ် အလတ်စားများကို ဝယ်ယူခွင့်ပြုခဲ့ ခြင်းကြောင့် ဖြစ်သည်။

အီရတ်နိုင်ငံ မိုဆူးမြို့တွင် လိုင်စင်ရ သေနတ်အရောင်းဆိုင်များ ပိုမိုများပြားလာလျက်ရှိပြီး အခြား သော မြို့များတွင် သေနတ် အရောင်းဆိုင် စုစုပေါင်း ၁၃၀ ခန့် ရှိကြောင်း ခန့်မှန်းသိရှိရသည်။

သေနတ် အရောင်းဆိုင်များက စက်သေနတ်များနှင့် အမဲလိုက် ရိုင်ဖယ်များကအစပြုပြီး ပစ္စတို သေနတ်များအထိ ဈေးနှုန်းအားဖြင့် အမေရိကန်ဒေါ်လာ ၅၀ မှ ၅၀၀၀ အထိရှိပြီး ဝယ်ယူသူများအား ဆွဲဆောင်လျက်ရှိကြောင်း သိရသည်။

**အေအက်ဖ်ပီ**





ရုပ်ရှင်သရုပ်ဆောင် ဗိုလိုဒီမာ ဇီလန်စကီ



သမ္မတ ပတ်ထရီ ပိုရိုရှန်ကို

# ယူကရိန်းနိုင်ငံ၌ ရွေးကောက်ပွဲ ဒုတိယအကျော့ စတင်ကျင်းပ

**ကီယက် မေ ၂၁**

ယူကရိန်းနိုင်ငံ၌ ရွေးကောက်ပွဲ ဒုတိယအကျော့ကို မေ ၂၁ ရက်တွင် စတင်ကျင်းပလျက်ရှိကြောင်း ယနေ့ဆင်ဟွာသတင်း တစ်ရပ်အရ သိရသည်။

ယူကရိန်းနိုင်ငံ ရွေးကောက်ပွဲပထမအကျော့တွင် သမ္မတ ပတ်ထရီ ပိုရိုရှန်ကိုနှင့် ရုပ်ရှင်သရုပ်ဆောင် ဗိုလိုဒီမာ ဇီလန်စကီတို့သည် ထောက်ခံမဲရရှိမှု တူညီနေသည့်အတွက် ရွေးကောက်ပွဲဒုတိယအကျော့ကို ပြန်လည်ကျင်းပရခြင်း ဖြစ်သည်။ မဲရုံများသည် ဒေသစံတော်ချိန် နံနက် ၈ နာရီမှ ည ၈ နာရီအထိ ဖွင့်လှစ်လျက်ရှိသည်။ နိုင်ငံအတွင်း မဲပေးသူဦးရေ ၃၀ ဒသမ ၃ သန်းခန့်ရှိပြီး မဲဆန္ဒနယ် ၁၉၉ ခုအတွင်း၌ မဲရုံပေါင်း ၂၉၉၀၀ ခန့် ဖွင့်လှစ်ထားကြောင်း သိရသည်။

ရွေးကောက်ပွဲလုပ်ငန်းစဉ်အရပ်ရပ်ကို အကဲဖြတ်လေ့လာနိုင်ရန် နိုင်ငံပေါင်း ၂၁ နိုင်ငံနှင့် နိုင်ငံတကာအဖွဲ့အစည်း ၂၀ တို့မှ လေ့လာသူ ၂၇၀၀ ခန့်ရှိကြောင်း ယူကရိန်းဗဟိုရွေးကောက်ပွဲကော်မရှင်က ဆိုသည်။ ရွေးကောက်ပွဲ ဒုတိယ အကျော့၏ မဲရေတွက်မှုများကို မေ ၁ ရက်တွင် ကြေညာမည်ဖြစ်ကြောင်းနှင့် သမ္မတအသစ်ခန့်အပ်မှုကို ဇွန် ၃ ရက်ထက်မကျော်လွန်စေရန် မျှော်လင့်ထားကြောင်း ယူကရိန်းဗဟိုရွေးကောက်ပွဲကော်မရှင်က ပြောကြားခဲ့သည်။

**ဆင်ဟွာ**

# ခရစ္စတယ်ပဲလေ့တောင်ပံကစားသမားဇာဟာအား ပီအက်စ်ဂျီအသင်းက ပေါင် ၆၅ သန်းဖြင့် ခေါ်ယူမည်

ခရစ္စတယ်ပဲလေ့တောင်ပံကစားသမား ဇာဟာသည် ယခုနွေရာသီအပြောင်းအရွှေ့ကာလအတွင်း အသင်းမှ ထွက်ခွာမည်ဖြစ်သောကြောင့် ပြင်သစ်ပထမတန်းကလပ် ပီအက်စ်ဂျီအသင်းက ဇာဟာအား ပြောင်းရွှေ့ကြေးပေါင် ၆၅ သန်းဖြင့် ခေါ်ယူမည်ဖြစ်ကြောင်းသိရသည်။

ဇာဟာသည် ဒုတိယအကြိမ်အဖြစ် ခရစ္စတယ်ပဲလေ့အသင်းမှ ထွက်ခွာရန်တောင်းဆိုခဲ့ပြီး ယင်းသို့ တောင်းဆိုခဲ့ခြင်းမှာ ချန်ပီယံလိဂ်တွင်ကစားရန် ဆန္ဒရှိနေခဲ့ခြင်းကြောင့်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ပီအက်စ်ဂျီအသင်းက ဇာဟာအား ခေါ်ယူရန် စိတ်ဝင်စားနေသည့်အပြင် ပရီမီယာလိဂ်ကလပ် စပါးအသင်းကလည်း အင်္ဂလန်ကြယ်ပွင့်ကစားသမား ဇာဟာကို ခေါ်ယူရန် ကာလကြာရှည်စောင့်ဆိုင်းနေခဲ့ကြောင်း သိရသည်။

ဇာဟာသည် ခရစ္စတယ်ပဲလေ့အသင်းတွင် စျေးနှုန်းအမြင့်ဆုံးကစားသမားတစ်ဦးဖြစ်ပြီး လက်ရှိတွင် တစ်ပတ်လုပ်ခလစာပေါင် ၁၃၀၀၀၀ ရရှိထားကြောင်းလည်း သိရသည်။

ပီအက်စ်ဂျီအသင်းက ဇာဟာအား ခေါ်ယူရန် ဆန္ဒရှိနေသည့်အပြင် ဇာဟာသည် ချန်ပီယံလိဂ်တွင် ကစားရန် ဆန္ဒရှိနေခြင်းကြောင့် လာမည့်ဘောလုံးရာသီတွင် ဇာဟာသည် ပြင်သစ်မြေသို့ ရောက်ရှိရန် ရာခိုင်နှုန်းများနေကြောင်းလည်း ယနေ့ထွက်ပေါ်လာသည့်သတင်းများအရ သိရသည်။





# ကွင်းလယ်ကစားသမား အဲရစ်ဆင်က ကာလရှည်စာချုပ် ချုပ်မည်ဟု စပါးအသင်း ယုံကြည်နေ

စပါးအသင်းသည် အသင်း၏ အားထားရသည့် ကွင်းလယ်ကစားသမား အဲရစ်ဆင်အနေဖြင့် အသင်းနှင့် ကာလရှည်စာချုပ်သစ်တစ်ရပ် ချုပ်ဆိုလိမ့်မည်ဟု ယုံကြည်ထားကြောင်းသိရသည်။

ကွင်းလယ်ကစားသမား အဲရစ်ဆင်သည် လာမည့် နွေရာသီအပြောင်းအရွှေ့ကာလအတွင်း လက်ရှိစာချုပ်သက်တမ်းကုန်ဆုံးမည်ဖြစ်ပြီး နောက်ထပ်စာချုပ်သစ်ချုပ်ဆိုရေးအတွက် စပါးအသင်းက ဆွေးနွေးမှုများပြုလုပ်လျက်ရှိကြောင်း သိရသည်။

စပါးအသင်းက အဲရစ်ဆင်အနေဖြင့် စာချုပ်သစ်ချုပ်ဆိုမည်ဆိုပါက လက်ရှိရရှိထားသည့် တစ်ပတ်လုပ်ခလစာပေါင် ၇၅၀၀၀ ၏ နှစ်ဆဖြစ်သည့် ပေါင် ၁၅၀၀၀၀ အထိ ပေး၍ စာချုပ်သစ်ချုပ်ဆိုရန်လည်း မျှော်လင့်လျက်ရှိကြောင်းသိရသည်။

အဲရစ်ဆင်၏ စပါးအသင်းကစားဖော် ဒီလီအလီသည်လည်း ပြီးခဲ့သည့် အောက်တိုဘာလအတွင်းက ခြောက်နှစ်သက်တမ်းရှိ စာချုပ်သစ်တစ်ရပ်ချုပ်ဆိုကာ စာချုပ်သက်တမ်းတိုးခဲ့ကြောင်း သိရသည်။

စပါးအသင်းသည် ယခုနှစ်ဘောလုံးရာသီတွင် ကစားသမားခေါ်ယူမှုမရှိခဲ့သော်လည်း ချန်ပီယံလိဂ်တွင် ဆီမီးဖိုင်နယ်အဆင့်သို့ တက်လှမ်းနိုင်ခဲ့ပြီး ပရီမီယာလိဂ်တွင်လည်း အဆင့်လေးစာရင်းဝင်ထားသည်။

# ဘင်ဖီကာတိုက်စစ်မှူး ဂျာအိုဖီးလစ်အား ယူရိုသန်း ၁၂၀ ဖြင့် မန်စီးတီး ခေါ်ယူမည်

မန်စီးတီးအသင်းသည် အသင်းအတွက် လိုအပ်နေသည့် တိုက်စစ်ပိုင်းကို ထပ်မံဖြည့်တင်းရန်အတွက် ဘင်ဖီကာတိုက်စစ်မှူး ဂျာအိုဖီးလစ်အား ခေါ်ယူရန်စီစဉ်လျက်ရှိပြီး ပြောင်းရွှေ့ကြေးယူရိုသန်း ၁၂၀ ဖြင့် ခေါ်ယူမည်ဖြစ်ကြောင်း သိရသည်။

မန်စီးတီးအသင်းသည် လာမည့် ဘောလုံးရာသီမတိုင်မီ တိုက်စစ်ပိုင်းအားဖြည့်သည့်အနေဖြင့် ဘင်ဖီကာတိုက်စစ်မှူး ဂျာအိုဖီးလစ်ကို ခေါ်ယူရန်ပြင်ဆင်နေသည့်အပြင် ဖရန့်ဖက်အသင်းတိုက်စစ်မှူး လူကာဂျိုဗစ်ကိုလည်း ခေါ်ယူရန် ပစ်မှတ်ထားလျက်ရှိကြောင်း သိရသည်။

အသက် ၁၉ နှစ်အရွယ် လူငယ်ကစားသမား ဂျာအိုဖီးလစ်သည် ဥရောပကလပ်အသင်းတော်တော်များများ၏ စိတ်ဝင်စားမှုကို ခံထားရသည့် ကစားသမားတစ်ဦးဖြစ်ပြီး ယခုနှစ် ဘောလုံးရာသီတွင် ပြိုင်ပွဲအရပ်ရပ်၌ ၃၈ ပွဲပါဝင်ကစားပေးထားကာ သွင်းဂိုး ၁၆ ဂိုး အထိ သွင်းယူထားကြောင်း သိရသည်။

ဂျာအိုဖီးလစ်အား မန်စီးတီးအသင်းက ခေါ်ယူရန် ပစ်မှတ်ထားနေသည့်အပြင် မန်စီးတီးအသင်းနှင့် ပရီမီယာလိဂ်ပြိုင်ဘက်အသင်းဖြစ်သည့် မန်ယူအသင်းနှင့် အီတလီစီးရီးအေကလပ် ဂျူဗင်တပ်အသင်းတို့ကလည်း ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိကြောင်း သိရသည်။

ငွေကြယ် - ရေးသားသည်



## ဘောလုံးလောက သတင်းတိုများ

- **မန်စီးတီးအသင်းသည် အသင်း၏ အားထားရသည့်နောက်တန်းကစားသမား ဝှန်စတုန်းအား စာချုပ်သစ်တစ်ရပ် ထပ်တိုးချုပ်ဆိုရန် ဆန္ဒရှိနေကြောင်း သိရသည်။**
- *ဂျာမန်ဘွန်ဒက်လီဂါကလပ် ဘိုင်ယန်မြူးနစ်အသင်း၏ ဗဟိုခံစစ်မှူး နစ်ခ်လက်ဆူးလ်အား မန်ယူအသင်းက ခေါ်ယူရန် ပစ်မှတ်ထားလျက်ရှိကြောင်း သိရသည်။*
- **ရီးယဲလ်မက်ဒရစ်အသင်းနည်းပြ ဇီဒန်းသည် ပီအက်စ်ဂျီတိုက်စစ်မှူး အမ်ဘတ်ပီအား ခေါ်ယူရန် ချိတ်ဆက်မှုများပြုလုပ်လျက်ရှိကြောင်း သိရသည်။**
- *ဝုလ်ဗက်အသင်းသည် အေစီမီလန်တိုက်စစ်မှူး အန်ဒရီဆေးလ်ဗားအား ခေါ်ယူစာချုပ်ချုပ်ရန် ကမ်းလှမ်းမှုများပြုလုပ်ထားကြောင်း သိရသည်။*

# အဲဗာတန်အသင်းက မန်ယူအသင်းကို လေးဂိုးပြတ်အနိုင်ရ ယခုရှုံးနိမ့်မှုသည် မန်ယူအတွက် ကြီးမားသည့်ရှုံးနိမ့်မှုဖြစ်

အဲဗာတန်အသင်းနှင့် မန်ယူအသင်းတို့သည် ပရီမီယာလိဂ်ပွဲစဉ် ၃၄ အဖြစ် ယှဉ်ပြိုင်ကစားခဲ့ရာ အဲဗာတန်အသင်းက လေးဂိုးပြတ်ဖြင့် မန်ယူအသင်းကို အနိုင်ရရှိခဲ့သည်။

အဆိုပါပွဲစဉ်တွင် အဲဗာတန်အသင်းအတွက်သွင်းဂိုးများကို ပွဲကစားချိန် ၁၃ မိနစ်တွင် ရီချာလီဆန်၊ ၂၈ မိနစ်တွင် ဆင်းဂတ်ဆန်၊ ၅၆ မိနစ်တွင် ဒစ်ဂ်နီနှင့် ၆၄ မိနစ်တွင် ဝေါကော့တို့က သွင်းယူပေးခဲ့ခြင်းဖြစ်ပြီး မန်ယူအသင်းမှာ ချေပဂိုးရရှိရန် ကြိုးပမ်းခဲ့သော်လည်း ချေပဂိုးတစ်ဂိုးမှ ပြန်လည်သွင်းယူနိုင်ခဲ့ခြင်းမရှိခဲ့ပေ။



မန်ယူအသင်းသည် ပြီးခဲ့သည့်တစ်ပတ်က ချန်ပီယံလိဂ်ကွာတားဖိုင်နယ်အဆင့်တွင် စပိန်လာလီဂါကလပ် ဘာစီလိုနာအသင်းအား နှစ်ကျော့ပေါင်းရလဒ် လေးဂိုးပြတ်ဖြင့် ရှုံးနိမ့်ခဲ့ခြင်းကြောင့် ယခုရှုံးနိမ့်မှုသည် မန်ယူအသင်းအတွက် ကြီးမားသည့်ရှုံးနိမ့်မှုလည်းဖြစ်လာခဲ့သည်။

ယခုပွဲစဉ်အပြီးတွင် မန်ယူအသင်းသည် ရမှတ် ၆၄ မှတ်ဖြင့် အဆင့် ၆ နေရာတွင် ရပ်တည်ခွင့်ရရှိခဲ့ခြင်းကြောင့် အဆင့် ၄ စာရင်းဝင်ရန် အခက်အခဲဖြစ်သွားခဲ့ပြီး အဆင့် ၅ နေရာမှ ချယ်လ်ဆီးအသင်းနှင့် နှစ်မှတ်ကွာအနေအထားသို့ ရောက်ရှိသွားခဲ့သည်။

# စစ်ကိုင်းမြို့နယ် ရွာသာယာကျေးရွာသို့ သောက်သုံးရေ သွားရောက်လှူဒါန်း



**စစ်ကိုင်း မေ ၂၁**

စစ်ကိုင်းမြို့နယ် ရွာသာယာကျေးရွာတွင် သောက်သုံးရေ အခက်အခဲဖြစ်ပေါ်နေသည့်အတွက် ယနေ့ နံနက်ပိုင်းက သောက်သုံးရေသွားရောက်လှူဒါန်းခဲ့ကြောင်း စစ်ကိုင်းမြို့နယ် စီမံခန့်ခွဲမှုကော်မတီထံမှ သိရသည်။

သောက်သုံးရေအခက်အခဲ ဖြစ်ပေါ်နေသည့် စစ်ကိုင်းမြို့နယ် ရွာသာယာကျေးရွာသို့ စစ်ကိုင်းမြို့နယ် စီမံခန့်ခွဲမှုကော်မတီ၊ စစ်ကိုင်းမြို့နယ် လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်မီးသတ်ဦးစီးဌာန၊ အရေးပေါ်ကယ်ဆယ်ရေးအဖွဲ့ (စစ်ကိုင်း)နှင့် မြတ်နိုးသူကုမ္ပဏီတို့ ပူးပေါင်းပြီး သောက်ရေနှင့်သုံးရေများ သွားရောက်လှူဒါန်းခြင်း ဖြစ်သည်။

စစ်ကိုင်းတောင်ရိုးနှင့် မင်းဝံတောင်ရိုး အနောက်ဘက် စစ်ကိုင်း-ရွှေဘို ခရိုင်ချင်းဆက်လမ်းမဘေးရှိ ကျေးရွာများမှာ နှစ်စဉ်နွေရာသီကာလ၌ ရေတွင်း၊ ရေကန်များ ခန်းခြောက်သဖြင့် သောက်သုံးရေ အခက်အခဲ ဖြစ်ပေါ်လေ့ရှိသည်။ အဆိုပါကျေးရွာများမှာ အဝီစိတွင်း တူးဖော်သော်လည်း ရေချိုထွက်မှုနည်းပါးသဖြင့် သောက်သုံးရေအခက်အခဲ ဖြစ်ပေါ်လေ့ရှိသည်။

လက်ရှိ သောက်သုံးရေအခက်အခဲ ဖြစ်ပေါ်နေသည့် စစ်ကိုင်းမြို့နယ် ရွာသာယာကျေးရွာမှာ အိမ်ခြေ ၁၀၃ အိမ်၊ လူဦးရေ ၃၄၃ ဦးရှိပြီး ကျေးရွာနေပြည်သူများ အနေဖြင့် အဝီစိတွင်းရေကိုသာ အဓိကထား အသုံးပြုနေကြရသည်။ အဆိုပါ အဝီစိတွင်းများမှာ နွေရာသီတွင် ရေခန်းခြောက်မှု ဖြစ်ပေါ်သဖြင့် နှစ်စဉ်သောက်သုံးရေ အခက်အခဲများ ဖြစ်ပေါ်လေ့ရှိကြောင်း သိရသည်။ **၀၀၂**

# ဒလမြို့နယ်တွင် ရှင်သန်ရေးကူညီမှုအသင်းက သောက်သုံးရေများ နေ့စဉ်လိုက်လံပေးဝေလျက်ရှိ



**ဒလ မေ ၂၁**

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ်တွင် သောက်သုံးရေရှားပါးမှုနှင့် တွေ့ကြုံနေရသည့် ရပ်ကွက်နှင့် ကျေးရွာများသို့ ရှင်သန်ရေးကူညီမှုအသင်းက သောက်သုံးရေများ နေ့စဉ်လိုက်လံပေးဝေလျက်ရှိကြောင်း သိရသည်။

ရှင်သန်ရေးကူညီမှုအသင်းသည် ရေရှားပါးရပ်ဝန်းဖြစ်သည့် ဒလမြို့နယ်ရှိ ကျူးကျော်နေထိုင်ကြသူများအား အဓိကထားရေဖြန့်ဝေပေးကြောင်း၊ နှစ်တစ်နှစ်၏ ရေလှူဒါန်းကာလကို သုံးလ သတ်မှတ်ခဲ့သော်လည်း အပူချိန်မြင့်မားသည့်နှစ်များတွင် သတ်မှတ်ကာလကျော်လွန်သည်အထိ သောက်သုံးရေပေးဝေလှူဒါန်းကြောင်း သိရသည်။ သောက်သုံးရေပေးဝေရာတွင် တစ်ရက်လျှင် ပျမ်းမျှ အိမ်ထောင်စု ၂၀၀၀ အတွက် သောက်သုံးရေ ဂါလန် ၄၀၀၀၀ ကို ရေသယ်ယာဉ်လေးစီးဖြင့် လိုက်လံဖြန့်ဝေကြောင်း သိရသည်။ သောက်သုံးရေလှူဒါန်းခြင်းသည် ရေရှားပါးမှုအတွက် ရေတိုလုပ်ငန်းဖြစ်၍ အဆင်မပြေနိုင်ကြောင်း၊ ရေရှည်အဆင်ပြေနိုင်ရေးအတွက် မိုးရေလှောင်ကန်များ အသစ်တူးဖော်ပေးခြင်း၊ ကန်ဟောင်းများကို ချဲ့ထွင်တူးဖော်ပေးခြင်းများ လိုအပ်ကြောင်း၊ ရှင်သန်ရေးကူညီမှုအသင်းအနေဖြင့် ၂၀၁၅ ခုနှစ်မှ ၂၀၁၉ ခုနှစ်အထိ မိုးရေလှောင်ကန်ပေါင်း ၆၄ ကန် ပြုပြင်မွမ်းမံပေးခဲ့ကြောင်း အသင်းဥက္ကဋ္ဌ ဦးထွန်းထွန်းဦးက ပြောသည်။

ဒလမြို့နယ်တွင် သောက်သုံးရေရှားပါးပြီး ရပ်ကွက်နှင့် ကျေးရွာများသို့ ရှင်သန်ရေးကူညီမှုအသင်း၊ မြို့နယ်စည်ပင်သာယာရေး ဦးစီးဌာန၊ မြို့နယ်မီးသတ်တပ်ဖွဲ့တို့က ရေသယ်ယာဉ်ကြီးများဖြင့် လိုက်လံဖြန့်ဝေပေးလျက်ရှိပြီး ဒလမြို့နယ် ရေပေးဝေရေးရုံးအတွင်းရှိ ရေသန့်စက်ရုံနှင့် AG သောက်ရေသန့်ထုတ်လုပ်ရေးတို့ကလည်း သောက်ရေများ အခမဲ့လိုက်လံပေးဝေလျက်ရှိကြောင်း သိရသည်။ **ရဲရဲ(ဒလ)**

# မြစ်ကြီးနား၊ နောင်ချိုနှင့် ဖယ်ခုံ မြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် မေ ၂၁**

မူးယစ်တပ်ဖွဲ့စု(၂) မြစ်ကြီးနားမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၂၀ ရက် နံနက် ၁၀ နာရီက မြစ်ကြီးနားမြို့နယ် တီယန်ဇွပ်ကျေးရွာနေ မင်းဇော်နှင့် မအားကိုင်တို့၏ နေအိမ်ကိုရှာဖွေရာ ဘိန်းဖြူ ၅၁ ဂရမ်နှင့် စိတ်ကြွရူးသွပ်ဆေးပြား ၁၄၆၁ပြားတို့ကို သိမ်းဆည်းရမိခဲ့သည်။

အလားတူ ယင်းနေ့ညနေ ၄ နာရီက မူးယစ်တပ်ဖွဲ့စု(၂၄)လားရှိုးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နောင်ချိုမြို့အဝင် မူဆယ်-မန္တလေးသွားကားလမ်း မိုင်တိုင်အမှတ်(၈၀/၄)အနီး၌ ခရီးသည်တင်မော်တော်ယာဉ်ကိုရှာဖွေရာ ခရီးသည် မအားမိန်း(ခ)မရန်အားမိန်း၏ လွယ်အိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၈၀၀၀၊ ၎င်းအနီးရှိ ကြွပ်ကြွပ်အိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၂၀၀၀၊ ငွေကျပ် ၅၀၀၀၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို လည်းကောင်း။



မအားမိန်း(ခ)မရန်အားမိန်းအား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

ထို့အတူ မွန်းလွဲ ၂ နာရီခွဲက မူးယစ်တပ်ဖွဲ့စု(၂၆)ပင်လောင်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဖယ်ခုံမြို့နယ် ကုံးဆုံကျေးရွာနေ ခွန်သန်းလွင်၏နေအိမ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၉၀ သိမ်းဆည်းရမိခဲ့ပြီး ဆက်လက်၍ ကုံးဆုံကျေးရွာအုပ်စု ပူချယ်ကျေးရွာနေ မနန်းအောင်၏နေအိမ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀၀ သိမ်းဆည်းရမိခဲ့၍ ၎င်းတို့အား မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **ရဲပြန်ကြား**



# ပြည်ကြီးတံခွန်မြို့နယ်ရှိ ဖိနပ်ချုပ်လုပ်ငန်းအလုပ်ရုံ မီးလောင်မှုဖြစ်ပွား

**မန္တလေး မေ ၂၁**

မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ် ယာတော်ရပ်ကွက် ၇၃ လမ်း၊ ဆင်ဖြူရှင်လမ်းနှင့် မြဝတီမင်းကြီးလမ်းကြား အိမ်အမှတ် (ယ-၁၊၁၅၃)ရှိ ကိုစည်သူဝင်း၏ ငွေနဂါးဖိနပ်ချုပ်လုပ်ငန်းတွင် တပ်ဆင်ထားရှိသော လျှပ်စစ်မိန်းဘုတ်ခုံသည် ယနေ့နံနက် ၁၀ နာရီ ၁၈ မိနစ်က အပူလွန်ကဲရာမှ ဖိနပ်ကပ်ကော်ပုံးများပေါ်သို့ မီးပွားကျ၍ မီးလောင်မှုစတင်ဖြစ်ပွားခဲ့ကြောင်း သိရသည်။

မီးလောင်မှုဖြစ်ပွားရာသို့ မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ဦးသန်းဇော်ဦး ဦးဆောင်၍ မီးသတ်ယာဉ် အစီး ၃၀၊ အထောက်အကူပြုယာဉ်နှစ်စီး၊ အုပ်ချုပ်မှု ယာဉ် သုံးစီး၊ သန္ဓေမီးသတ်တပ်ဖွဲ့ဝင် ၃၀ ၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၁၅၀ တို့ဖြင့် သွားရောက်ငြိမ်းသတ်ခဲ့ရာ ၁၀ နာရီခွဲတွင် မီးထိန်းနိုင်ကာ ၁၀ နာရီ မိနစ် ၄၀ မီးလုံးဝငြိမ်းခဲ့သည်။ မီးလောင်မှုကြောင့် လူ၊ တိရစ္ဆာန်ထိခိုက်ဒဏ်ရာရ၊ သေဆုံးခြင်းမရှိကြောင်း သိရသည်။

မီးလောင်မှုကြောင့် (၃၀×၃၅) ပေ Steel Structure (ငွေနဂါးဖိနပ်ချုပ်လုပ်ငန်း)အလုပ်ရုံတစ်လုံး၊ (၂၅×၃၀) ပေ နံကပ်နှစ်ထပ် အပေါ်ထပ်တစ်ထပ်၊ စက်ခုံ ၁၅ လုံးနှင့် ဆိုင်ကယ်တစ်စီး ဆုံးရှုံးခဲ့ကြောင်း သိရသည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ ကိုစည်သူဝင်းအား ပြည်ကြီးတံခွန်မြို့နယ်ရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# မတ္တရာမြို့နယ်တွင် လေပြင်းတိုက်ခတ် နေအိမ်များအမိုးလန်၊ ပြိုလဲခြင်းများဖြစ်ပေါ်



**မတ္တရာ မေ ၂၁**

မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ်တွင် မေ ၂၀ရက် ည ၁၁နာရီက လေပြင်းတိုက်ခတ်မှုကြောင့် နေအိမ်ခြောက်လုံး အမိုးလန်ပျက်စီးပြီး နေအိမ်တစ်လုံးပြိုလဲခြင်းများ ဖြစ်ပွားခဲ့သည်။

လေပြင်းတိုက်ခတ်မှုကြောင့် ပေါက်ဝဲကျေးရွာတွင် နေအိမ်တစ်လုံး၊ နန်းတော်ကျွန်းကျေးရွာတွင် နေအိမ်လေးလုံး၊ သပြေသာကျေးရွာတွင် နေအိမ်တစ်လုံးတို့ အမိုးလန်ပျက်စီးခဲ့ပြီး နန်းတော်ကျွန်းကျေးရွာတွင် နေအိမ်တစ်လုံး ပြိုလဲခြင်းများဖြစ်ပွားခဲ့သည်။ ပျက်စီးဆုံးရှုံးခဲ့သည့် အိမ်ထောင်စုများအား နေထိုင်စားသောက်မှုအဆင်ပြေစေရေးအတွက် မြို့နယ်သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီက ကြီးကြပ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**စိုးကျော်သူထွေး(မတ္တရာ)**

## တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်

**နေပြည်တော် မေ ၂၁**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက် လျက်ရှိရာ မေ ၂၀ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုတစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁ ဒသမ ၈၅ သန်း) တန်ဖိုးရှိ စားသောက်ကုန်ကြမ်းများကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ဒါမှ မအကြွမှာပေါ့

ဆူးငှက်

မန္တလေးလို့ ဆိုလိုက်တာနဲ့ မူလပထမက ရိုးရာယဉ်ကျေးမှုအနုပညာ၊ ထီးသုံးနန်းသုံး၊ တင်းတိမ်ရောင့်ရဲခြင်း၊ ရိုးသားမှု၊ ဓလေ့ထုံးစံ၊ ရိုင်းပင်းမှုနဲ့ အစဉ်အလာဆိုတာကိုအခြေခံတာပါ။ ဒါပေမယ့် မန္တလေးဆိုရင် အစွဲအလမ်း၊ ဒေသစွဲ၊ အုပ်စု၊ ဂိုဏ်းဂဏအသွင် တလွဲမြင်သွားတတ်သေးပါတယ်။ ကျွန်တော့်မိဘများက အညာကျေးလက် ဘုတလင်မြို့နယ်ဇာတိတွေဖြစ်ပေမယ့် အိမ်ထောင်ကျလာတော့ မန္တလေးတက်လာပြီး အခြေချခဲ့ကြတာပါ။ မန္တလေးမှာပဲ ကျွန်တော့်ကိုမွေးခဲ့တာပါ။

## ၁၃၀၀ပြည့်မတိုင်ခင် ၁၀ နှစ်လောက်ကတည်းက

မိဘများက မန္တလေးမှာ ၁၃၀၀ပြည့်မတိုင်ခင် ၁၀ နှစ်လောက်ကတည်းက အခြေချခဲ့ကြပြီး တစ်မြို့လုံးအနှံ့ ခေါင်းရွက်ဗျပ်ထိုး ဈေးရောင်းခဲ့ကြသူတွေပါ။ ပြီးတော့ မန္တလေးမှာ အခြေချနေထိုင်ခဲ့တဲ့ နေရာကလည်း ရပ်ဆွေရွာမျိုးအဆက်အစပ်နဲ့ မန္တလေးအိမ်တော်ရာဘုရားတောင်ဘက်မုခ်အနီးက စိုင်ပွြန်မင်းသားကြီးဝင်းထဲမှာပါ။ စိုင်ပွြန်မင်းသားကြီးဝင်းဆိုတာ မန္တလေးမြို့မတည်ခင် အိမ်တော်ရာဘုရားဝင်းနေရာမှာ ပုဂံမင်းသားစံအိမ် ဆောက်လုပ်နေထိုင်စဉ်ကတည်းက ပုဂံမင်းနဲ့အတူနေခဲ့ကြတဲ့ မင်းသားကြီးပိုင်တဲ့ဝင်းပါ။ နောက်ဆက်လက်ပြီး မင်းသားကြီးရဲ့ မြေးများနေထိုင်ခဲ့ကြပါတယ်။ အခုထိ မြေးမြစ်များရဲ့ အဆက်အသွယ်များချည်းပါပဲ။

ဒီတော့ စိုင်ပွြန်မင်းသားကြီးဝင်းထဲမှာ နေခဲ့ကြတော့ မင်းသားကြီးရဲ့မြေးမြစ်များဆီက ထီးနန်းဆိုင်ရာဗဟုသုတတွေ၊ မန္တလေးမြို့တည်နန်းတည်ခြင်းဆိုင်ရာသမိုင်းတွေ၊ ပါးစပ်ရာဇဝင်တွေကို ညချမ်းအချိန် မီးလုံ့ကာ ထန်းပင်မြစ်ဖုတ်စားရင်း၊ ပဲမြစ်ပြုတ်စားရင်း ကျွန်တော့်မိဘများက အတော်နားရည်ဝစွာ ကြားနေရတယ်။ ဒီစကားတွေက ကျွန်တော့်အဖို့ အမေ့ဆီက မရိုးနိုင်မဆုံးနိုင်တဲ့ အိပ်ရာဝင်ပုံပြင်တွေပါပဲ။ ပြီးတော့ မိဘများက မြို့လုံးအနှံ့ ခေါင်းရွက်ဗျပ်ထိုးဈေးရောင်းကြရတော့ တစ်မြို့လုံးက ဝင်းတွေအကြောင်း၊ လမ်းတွေအကြောင်း၊ ဆိုင်ကြီးကနားကြီးတွေအကြောင်း၊ သူတို့ဖောက်သည် မန္တလေးသူမန္တလေးသားကြီးတွေအကြောင်း မဆုံးနိုင်အောင် ကြားနေရပါတယ်။


မြင်ကွင်းသစ်၇၈လမ်း

## ပြပေါက်စေ့၊ ဝင်းပေါက်စေ့

ပွဲလမ်းရှိလို့မိဘတွေလက်ဆွဲပြီး ပွဲဈေးသွားတဲ့အခါ သီတင်းကျွတ်မီးလမ်းလျှောက်တဲ့အခါ လမ်းဘေးက အဆောက်အအုံကြီးတွေ လက်ညှိုးထိုးထိုးပြပြီး ဘာအဆောက်အအုံခေါ်တယ်။ ဘယ်သူနေတာ၊ ဘယ်သူပိုင်တာ၊ စစ်ကြီးတုန်းကဘာရုံးဖွင့်ခဲ့တာ၊ ဗိုလ်ဘယ်သူနေခဲ့တာ၊ သခင်ဘယ်သူနေခဲ့တာ၊ အာဇာနည်၁၇ ဦးအရေးတော်ပုံတုန်းက ဒီအဆောက်အအုံထဲကို ဒဏ်ရာရတဲ့သံဃာတွေဆွဲသွင်းခဲ့တာ၊ လေဘာတီမြရင်ပွဲက အပြန် ကုလားသူဌေးကားနဲ့ပါအသွား ဟောဒီအဆောက်အအုံကြီးရှေ့ရောက်တော့ ကာလသားတွေက ပုလင်းနဲ့ပစ်တာ။ ဟောဒီ ဝင်းကြီးထဲမှာ နဂါးဒေါ်ဦးတို့ ညီအစ်မတွေ ကြက်တောင်ရိုက်နေကြတာ ကြည့်ကောင်းလို့ ဈေးဗန်းချပြီး တစ်မနက်ခင်းလုံးထိုင်ကြည့်ဖြစ်တာ။ ဇာတ်ဆရာကိုခင်သက်အိမ်ရှေ့ ဈေးအထမ်းချတော့ ရွှေမန်းကိုတင်မောင်က သျှောင်ပေစူးကလေးနဲ့လာထိုင်ပြီး ဈေးဆစ်တတ်တာ။ နေသူရိန်ဝင်းမြောက်ပေါက်နားမှာ ဩဘာသောင်းကို ကတ္တီပါ ပုံတော်ဖိနပ်အမြင့်ကြီးနဲ့ အမြဲတွေ့တာ အဲဒီလိုစကားမျိုးကလည်း နားလျှံအောင် ကြားနေရတာက ငယ်စဉ်ကတည်းကပါ။

မန္တလေးတစ်မြို့လုံး ပြပေါက်စေ့၊ ဝင်းပေါက်စေ့ ဈေးရောင်းကြတာက အဖေတို့အမေတို့တင် ဘယ်ကမလဲ။ ဦးလေးတွေ၊ ဦးကြီးတွေ၊ အဒေါ်တွေရောဆိုတော့ တစ်မြို့လုံးအနှံ့ အကြောင်းချင်းရာတွေကို ကြားဖူးနေတာပါ။

## မြန်မာ့နိုင်ငံရေးသမိုင်း ဖြတ်ပိုင်းပုံရိပ်တွေ

နောက်တစ်ခုက မန္တလေးဆိုတာ မြန်မာအများစုနေထိုင်ရာမြို့ဖြစ်ခဲ့တယ်။ နောက်ဆုံးမင်းနေပြည်တော်ဖြစ်ခဲ့ဖူးတဲ့မြို့ဖြစ်တယ်။ မြန်မာ့စရိုက်၊ မြန်မာ့အနုပညာ၊ မြန်မာ့ယဉ်ကျေးမှုသာမက မြန်မာ့နိုင်ငံရေးသမိုင်းဖြတ်ပိုင်းအတော်များများရဲ့ပုံရိပ်တွေ ထင်ဟပ်နေတဲ့မြို့ဖြစ်တယ်။ ဒီပုံရိပ်တွေဟာ မန္တလေးရဲ့လမ်းတွေပေါ်မှာထင်ဟပ်နေတာပေါ့။ ဒီအဆောက်အအုံက ဂျပန်တော်လှန်ရေးအတွက် အထက်ဗမာပြည် စစ်ရုံးစိုက်ပြီး ဗိုလ်မှူးဗထူးရုံးထိုင်တဲ့ အဆောက်အအုံက အထက်ဗမာပြည် ဖ-ဆ-ပ-လ အဖွဲ့ချုပ်ရုံး။ ဒီကျောင်းက ဂျပန်ခေတ်ဆေးရုံကြီး။ ဒီအိမ်မှာ သခင်ဗဟိန်းနေခဲ့တာပေါ့။


စစ်ကြီးမဖြစ်မီက မန္တလေးဘူတာ

ဒီဇရပ်ကြီးမှာ မြို့လုံးကျွတ်စည်းဝေးခဲ့တာ ဆိုတာမျိုးပေါ့။

ဒီတော့ မန္တလေးရဲ့နိုင်ငံရေး၊ စီးပွားရေး၊ ယဉ်ကျေးမှုတွေကို မန္တလေးမှာရှိခဲ့တဲ့ ရုပ်ဝတ္ထု အဆောက်အအုံကြီးတွေကတစ်ဆင့် သတိရကြ၊ အမှတ်ရကြရတာပါ။ မန္တလေး နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုတွေက မြန်မာ့နိုင်ငံရေး၊ လူမှုရေးပုံရိပ်တွေပဲ မဟုတ်ပါလား။ ပြီးတော့ မန္တလေးဟာ မြန်မာ့စရိုက် အပြည့်ရှိခဲ့တဲ့မြို့မို့ လူမှုဆက်ဆံရေးက မြန်မာ့လူမှုဆက်ဆံရေး။ တောင်ပြင်၊ မြောက်ပြင်၊ အရှေ့ပြင်၊ အနောက်ပြင် ထားဝယ်မွှာရုံဘုရားပွဲမှာ ပွဲကြည့်သွားပြီး ညဉ့်နက်လို့ အိမ်မပြန်ရဲစရာမရှိဘူး။ ထားဝယ်ရပ်ထဲမှာ မိတ်ဆွေတွေရဲ့ အိမ်ရှိပြီးသား။ ဒီလိုပါပဲ နန်းရှေ့သားကလည်း ပိုက်ကျုံးမှာ စားအိမ်၊ သောက်အိမ်တွေ ရှိနေတတ်တယ်။ ဒီလိုဆက်ဆံမှုမျိုးက အထင်ကရပုဂ္ဂိုလ်၊ အထင်ကရအိမ်ဆိုတာမျိုးဆို ပြောစရာမလိုဘူး။ တစ်မြို့လုံးက ရင်းနှီးပြီးသား။ ဒီလိုဆက်ဆံရေးကို ကျွန်တော်တို့ မီလိုက်တယ်။ အဲလိုမီတုန်းမီဆဲ မသိမသာဖြတ်သန်းရင်း ရှိရင်းစွဲနဂိုမူလ ဆက်ဆံရေးတွေက ပြောင်းမှန်းမသိ တဖြည်းဖြည်းပြောင်းလဲသွားတယ်။

## မြို့လယ်ကောင် မီးကြီးလောင်လိုက်တော့

အဲဒီလိုပြောင်းလဲနေဆဲ ဝန်းဆို ၁၉၈၄ ခုနှစ်မြို့လယ်ကောင် မီးကြီးလောင်လိုက်တော့ မီးလောင်ပြီးနောက်ပိုင်း မသိမသာတဖြည်းဖြည်းပြောင်းလဲနေတဲ့ လူမှုဆက်ဆံရေးနဲ့ ပတ်ဝန်းကျင် အနေအထားက ၁၈၀ ဒီဂရီချိုးကွေ့ပြီး သိသာမှုကြီးမားစွာ ပြောင်းလဲသွားတော့တာပေါ့။ လောင်လိုက်တဲ့မီးကလည်း တောင် ၃၄လမ်းကနေ ဟိုးမြောက် ၂၄ လမ်းလောက်ထိ။ အရှေ့အနောက်ဆိုရင်လည်း ၈၁ လမ်းနဲ့ ၈၄ လမ်းကြား၊ မန္တလေးရဲ့အထင်ကရ အသည်းနှလုံးရပ်ကွက်ကြီးတွေ ကုန်ပါလေရော။ ဒီရပ်ကွက်ကြီးတွေထဲမှာ စောစောကပြောခဲ့တဲ့ မန္တလေးရဲ့အထင်ကရပုဂ္ဂိုလ်ကြီးတွေ၊ အထင်ကရအဆောက်အအုံတွေရှိခဲ့တော့ မီးလောင်ပြင်က ပြန်လည်တည်ဆောက်လာတဲ့ အဆောက်အအုံတွေဟာ အရင်အဆောက်အအုံတွေ မဟုတ်သလို အရင်လူတွေ မဟုတ်တော့ဘူး။ မျက်နှာစိမ်း၊ မျက်နှာသစ်တွေ။ အဲဒီရပ်ကွက်ကြီးတွေရဲ့ ရာနှုန်းအတော်များများဟာ ထိုနည်းတူစွာ ပြောင်းလဲကုန်တယ်။ မျက်နှာသစ်၊ မျက်နှာစိမ်းက မန္တလေးရဲ့အစဉ်အလာကို ဘယ်သိပါ့မလဲ။ မန္တလေးစရိုက်လက္ခဏာကို ဘယ်သိပါ့မလဲ။ မန္တလေးယဉ်ကျေးမှု၊ မန္တလေးအနုပညာကို ဘယ်သိပါ့မလဲ။

## မြို့ရဲ့နှလုံးသည်းပွတ်နေရာတွေက

ပြောင်းလဲလာတဲ့ခေတ်ကာလနဲ့ တိုးတက်လာတဲ့အနေအထားအရ မြို့ကွက်သစ်ကြီးတွေ တိုးချဲ့လိုက်ပြန်တော့ အနယ်နယ်အရပ်ရပ်ကလက်လုပ်လက်စားအများစုကြီးကလည်း မန္တလေးဆီစုပြုံပြေးကပ်လာကြပြီး မြို့ကွက်သစ်ကြီးတွေမှာ အခြေချလာကြတယ်။

ဒီတော့ မြို့ရဲ့နှလုံးသည်းပွတ်နေရာတွေမှာ အထပ်မြင့်အဆောက်အအုံကြီးတွေက မန္တလေးကို မသိသလို ဟိုကန်သာယာတို့ မြရည်နန္ဒာတို့ ကွက်သစ်တွေက ၁၅ ပေနှင့်ပေ ၃၀ မြေကွက်ပေါ်ရှိ တဲကလေးတွေကလည်း မန္တလေးကိုမသိကြတော့ဘူး။ ၈၄ လမ်း၊ ၃၁ လမ်းထောင့်လို့ ပြောမှသိတော့တယ်။ အဲသလိုပဲ လူထုတိုက်မသိကြတော့ဘူး။ နဂါးဒေါ်ဦးတိုက် မသိကြတော့ဘူး။ ပိဋကတ်တော်ပြန့်ပွားရေးတိုက် မသိကြတော့ဘူး။ မာရဂျမ်းတိုက်မသိကြတော့ဘူး။ ရွှေမောင်းတိုက် မသိကြတော့ဘူး။ ခေတ်စက်ရုံမသိကြတော့ဘူး။ ဒဂ်ါးတိုက် မသိကြတော့ဘူး။ ပုလဲရုံမသိကြတော့ဘူး။ ကာတစ်တိုက်မသိကြတော့ဘူး။ အာဇာနည်လမ်းမသိကြတော့ဘူး။ ဗိုလ်ချုပ်အောင်ဆန်းလမ်း မသိကြတော့ဘူး။ အာဇာနည်ဗိမာန် မသိကြတော့ဘူး။ ဈေးချိုရုံကြီး ၁၂ ရုံ မသိကြတော့ဘူး။ ဦးရာဇတ် မသိကြတော့ဘူး။ ၁၄ ခန်းဇရပ် မသိကြတော့ဘူး။

## ဒါတို့တိုင်းပြည်၊ ဒါတို့မြေ

အဟောင်းတွေ သိစရာမလိုတော့ဘူး၊ နောက်ဆုံးပေါ် အသစ်တွေသိရင်ပြီးတာပဲ။ ဒီလိုပြောလို့တော့ရတာပေါ့။ ဒါပေမယ့် ဂလိုဘယ်လိုက်ဇေးရှင်းဆိုပြီး ကမ္ဘာ့မြေပုံထဲက ကိုယ့်တိုင်းပြည် ကိုယ့်နိုင်ငံ နယ်နိမိတ်မျဉ်းကြောင်းတွေကို ဘယ်နိုင်ငံဘယ်လူမျိုးကမှ ဖျက်ပစ်မှာမဟုတ်ပါဘူး။ ဂလိုဘယ်လိုက်ဇေးရှင်းတွင်တွင်အော်ပြီး မြေပုံနယ်နိမိတ်မျဉ်းကိုချဲ့ထွင်ဖို့ ကြိုးစားကြသူချည်းပါ။ အနည်းဆုံးကိုယ့်နယ်နိမိတ်မျဉ်းကို ပိုပီပြင်အောင်၊ ပိုထင်ရှားအောင် လုပ်ဆောင်ကြမယ့်သူချည်းပဲ မဟုတ်ပါလား။

ဒါကြောင့် ကမ္ဘာ့မြေပုံပေါ်မှာ ကွင်းကွင်းကွက်ကွက်ထင်ထင်ရှားရှားရှိခဲ့၊ ရှိဆဲဖြစ်တဲ့ ပြည်ထောင်စုမြန်မာနိုင်ငံတော် မြေပုံကိုကြည့်ကာ ‘ဒါတို့တိုင်းပြည်၊ ဒါတို့မြေ’ လို့ ရင်ထဲအသည်းထဲက ခြွင်းချက်မရှိ သီဆိုဟစ်ကြွေးနိုင်ဖို့က သမိုင်းကိုသိရမယ်။ အစဉ်အလာကိုသိရမယ်။ ဇာတိကိုသိကြရပါမယ်။ ဒါမှ မအကြွမှာပေါ့။

## မင်းလှမြို့နယ်တွင် ကန်ကျော-ပေတောကုန်း-ရှမ်းတပ်ကြီး-ပုသိမ်-မုံရွာလမ်း ဖွင့်ပွဲကျင်းပ

**အထက်မင်းလှ ဧပြီ ၂၁**

မကွေးတိုင်းဒေသကြီး မင်းလှမြို့နယ် ပေတောကုန်းကျေးရွာတွင် ကန်ကျော-ပေတောကုန်း-ရှမ်းတပ်ကြီး-ပုသိမ်-မုံရွာလမ်းဖွင့်ပွဲကို ဧပြီ ၂၁ ရက် နံနက် ၈ နာရီက အဆိုပါကျေးရွာ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညိုက အဖွင့်အမှာစကားပြောကြားပြီး မကွေးတိုင်းဒေသကြီး ဆောက်လုပ်ရေး၊ ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီး ဦးတင်နွယ်ဦးက လမ်းလုပ်ငန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမောင်ကိုက ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့ပြီး ပေတောကုန်းကျေးရွာအုပ်စုမှ ဒေသခံပြည်သူများကိုယ်စား ဦးတင်ဝင်းက ကျေးဇူးတင်စကား ပြောကြားသည်။

ဆက်လက်၍ လမ်းဖွင့်ပွဲကို တိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညို၊ တိုင်းဒေသကြီး ဆောက်လုပ်ရေး၊ ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီး ဦးတင်နွယ်ဦး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ကြီး၊ သရက်ခရိုင်အုပ်ချုပ်ရေးမှူး ဦးနေလင်း၊ ကျေးလက်လမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသိန်းစန်းလှိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။



အဆိုပါ ကန်ကျော-ပေတောကုန်း-ရှမ်းတပ်ကြီး-ပုသိမ် - မုံရွာလမ်းအား တိုင်းဒေသကြီးအစိုးရ ရန်ပုံငွေကျပ် ၁၂၇ ဒသမ ၅ သန်းဖြင့် အကျယ် ၁၈ ပေ၊ အရှည် ၈ မိုင် ၄ ဖာလုံ မြေနီကျောက်စရစ်လမ်းခင်းခြင်းဆောင်ရွက်ပေးခဲ့ပြီး ပေတောကုန်းကျေးရွာအပါအဝင် ကျေးရွာပေါင်း ၁၅ ရွာမှ ဒေသခံပြည်သူများ ရာသီမရွေးသွားလာအသုံးပြုနိုင်မည်ဖြစ်ကြောင်းသိရသည်။ **ဇာဇာ(အထက်မင်းလှ)**

## ချင်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး စာအုပ်များလှူဒါန်း

**စေတုတ္တရာ ဧပြီ ၂၁**

စေတုတ္တရာမြို့နယ်အတွင်းရှိ ကျောင်းသား ကျောင်းသူများ မိမိတို့မြို့နယ်သမိုင်းအကြောင်းကို အချက်အလက်ကျကျသိရှိနိုင်စေရန် ရည်ရွယ်၍ ၂၀၁၄ ခုနှစ် စာပေဗိမာန်စာမူဆု သုတပဒေသာ(ဝိဇ္ဇာ) တတိယဆုရစာအုပ်ဖြစ်သည့် 'မုန်းချောင်းရေပြာ စေတုတ္တရာ' စာအုပ်လှူဒါန်းပွဲကို ဧပြီ ၂၁ ရက် နံနက် ၉ နာရီက မြို့နယ်ပညာရေးမှူးရုံး၌ ပြုလုပ်ခဲ့သည်။

ရှေးဦးစွာ မကွေးတိုင်းဒေသကြီး ချင်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးလှထွန်းက စေတုတ္တရာမြို့နယ်အတွင်းရှိထက်၊ လယ်၊ မူကျောင်းပေါင်း ၁၁၂ ကျောင်းအား တစ်ကျောင်းလျှင် တစ်အုပ်နှုန်းဖြင့် 'မုန်းချောင်းရေပြာ စေတုတ္တရာ' စာအုပ်ပေါင်း ၁၁၂ အုပ်အား လှူဒါန်းခဲ့ရာ မြို့နယ်ပညာရေးမှူး ဦးသောင်းစိန်က လက်ခံခဲ့ကြောင်း သိရသည်။ **စည်သူလွင်(ပြန်/ဆက်)**



## သောက်သုံးရေကန် ပြန်လည်တူးဖော်ခြင်းလုပ်ငန်း ပြည်နယ်ဝန်ကြီးနှင့်အဖွဲ့ သွားရောက်ကြည့်ရှုစစ်ဆေး



**ဒီးမော့ဆို ဧပြီ ၂၁**

ကယားပြည်နယ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီး ဦးဘော့စ်ကို၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဘော်ရယ်စိုးဝေ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစဲရယ်သိန်းအောင်၊ ပြည်နယ်ဆည်မြောင်းဦးစီးဌာန ဦးစီးမှူး ဦးဝေလွင်၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်ဆည်မြောင်းဦးစီးဌာန ဦးစီးမှူးတို့ ဧပြီ ၂၀ ရက် နံနက် ၈ နာရီခွဲက ဒီးမော့ဆိုမြို့နယ် ဒေါတမကြီးကျေးရွာအုပ်စု ဒေါ်ဩေးခူကျေးရွာရှိ သောက်သုံးရေကန်ပြန်လည်တူးဖော်ခြင်းလုပ်ငန်း ဆောက်ရွက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးနှင့် အဖွဲ့သည် ဒေါတမကြီးကျေးရွာရှိ လူငယ်ညှော့ရိပ်သာတွင် ရပ်မိရပ်ဖ တာဝန်ရှိများနှင့်တွေ့ဆုံပြီး သောက်သုံးရေကန်ဆောက်ရွက်ပေးနေမှု၊ ရေကန်ပြီးစီးပါက အကျိုးရှိရှိအသုံးချနိုင်ရေး၊ ပြုပြင် ထိန်းသိမ်းသွားရေးနှင့် ရေရှားပါးသည့် ကျေးရွာများအား ရေလှူဒါန်းမှုများ ပြုလုပ်ရေးတို့ကို ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

အဆိုပါ သောက်သုံးရေကန်သည် အကျယ် ရှစ်ဧက၊ အနက် ခြောက်ပေရှိပြီး ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ပြည်နယ်ရန်ပုံငွေဖြင့် စုစုပေါင်းတန်ဖိုးကျပ် ၈၉ ဒသမ ၂ သန်းကုန်ကျမည်ဖြစ်ကြောင်း သိရသည်။ **ကြီးဒဲရယ်**

## ဆိပ်ဖြူမြို့နယ်တွင် ရပ်ကွက်၊ ကျေးရွာများသို့ အပူဒဏ်အန္တရာယ် ပညာပေးနှိုးဆော်

**ဆိပ်ဖြူ ဧပြီ ၂၁**

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ်၌ လက်ရှိအချိန်တွင် ဒေသအပူချိန်မြင့်မားလျက်ရှိသောကြောင့် အပူဒဏ်အန္တရာယ် အသိပညာပေးများကို ဒေသခံပြည်သူအများအား ရပ်ကွက်၊ ကျေးရွာအုပ်စုများ၌ နှိုးဆော်ဆောင်ရွက်ထားရှိကြောင်း သိရသည်။

ဆိပ်ဖြူမြို့နယ် အပူပိုင်းရပ်ဝန်းဒေသ၌ တည်ရှိပြီး နွေရာသီကာလများတွင် နှစ်စဉ်အပူချိန်မြင့်မားလျက်ရှိကာ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာန (ချောက်မြို့နယ်)၏ ဒေသအပူချိန်တိုင်းထွာချက်များအရ ဧပြီ ၂၀ ရက်တွင် ၄၅ ဒီဂရီနှင့် ၄၆ ဒီဂရီအကြား ရောက်ရှိခဲ့ပြီး ဒေသခံပြည်သူများနှင့် ခရီးသွားပြည်သူများ အပူဒဏ်အန္တရာယ်များ ကြိုတင်ကာကွယ်နိုင်ရေးအသိပညာပေး အချက်အလက်များနှင့် လိုက်နာဆောင်ရွက်သင့်သည့် အချက်များ၊ ရှေးဦးပြုစုခြင်းဆိုင်ရာများကို မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ရပ်ကွက်၊ ကျေးရွာအုပ်စုများတွင် နေ့စဉ် အသိပညာပေးများ နှိုးဆော်ဆောင်ရွက်လျက်ရှိပြီး ဆိပ်ဖြူမြို့ပေါ်၌ အနော်ရထားတံတားထိပ်နှင့် ပတ္တမြားဈေးအနီးတို့တွင် ခရီးသွားပြည်သူများ၊ ဒေသခံပြည်သူများ သိရှိလိုက်နာဆောင်ရွက်နိုင်ရန် LED ဘုတ်များဖြင့် အပူဒဏ်ကာကွယ်ရေး အသိပညာပေးမှုများ ဆောင်ရွက်ထားကြောင်း သိရသည်။

**စိုးလင်းနိုင် (ပြန်/ဆက်)**

## မိုင်းဆတ်မြို့၌ ဒေသဖွံ့ဖြိုးရေးအတွက် ပြည်နယ်ဝန်ကြီးများနှင့် ဒေသခံများ တွေ့ဆုံဆွေးနွေး

**မိုင်းဆတ် ဧပြီ ၂၁**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်မြို့၌ ရှမ်းပြည်နယ် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး၊ ပြည်နယ်လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီး၊ ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ နိုင်ငံရေးပါတီများနှင့် ရပ်ကွက်၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများက ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ တွေ့ဆုံဆွေးနွေးပွဲကို ဧပြီ ၂၀ ရက် ညနေ ၄ နာရီက ကျင်းပခဲ့ကြောင်း သိရသည်။


အခမ်းအနားတွင် ရှမ်းပြည်နယ် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးစိုးညွန့်လွင်နှင့် ပြည်နယ်လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီး ဦးစိုင်းရှန်တစ်လုံတို့က အမှာစကားပြောကြားပြီး မြို့မိမြို့ဖ ဦးစိုင်းရွက်က လျှပ်စစ်မီးပုံမှန်ရရှိရေးကိုလည်းကောင်း၊ ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီမှ ဦးနန်တိက လယ်ယာမြေမှုခင်းကိစ္စများ အမြန်ဆုံးဖြေရှင်း ဆောင်ရွက်ပေးရေးကိုလည်းကောင်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ဦးခင်မောင်ဦးက လျှပ်စစ်မီးပုံမှန်ရရှိအောင် ဆောင်ရွက်ပေးရေးနှင့် မိုင်းတွမ်းကျေးရွာဒေသခံများ၏ မြေကိစ္စများဖြေရှင်း ဆောင်ရွက်ရေးကိုလည်းကောင်း တင်ပြဆွေးနွေးသည်။

ထို့နောက် လွယ်ဆမ်ဆုံကုမ္ပဏီမှ ဦးစိုင်းကောလီက လျှပ်စစ်ဓာတ်အားဖြန့်ဖြူးဆောင်ရွက်ပေးနေမှု အခြေအနေများကိုလည်းကောင်း၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးနေမျိုးအောင်က လယ်ယာမြေမှုခင်းကိစ္စများ ဖြေရှင်းဆောင်ရွက်ပေးနေမှု အခြေအနေများကိုလည်းကောင်း ပြန်လည်ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်နယ်စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးက လျှပ်စစ်မီးပုံမှန်ရရှိရေး ပြန်လည်စိစစ်ဆောင်ရွက်ပေးမည့်အစီအစဉ်နှင့်လယ်ယာမြေမှုခင်းကိစ္စများ၊ သိမ်းဆည်းမြေကိစ္စများ အမြန်ဆုံးဖြေရှင်း ဆောင်ရွက်ပေးနိုင်ရေး ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **ခရိုင် (ပြန်/ဆက်)**



# ဇလုံတောင်ရှိ ရှေးဟောင်းစေတီပုထိုးများနှင့် သဘာဝရှုခင်းအလှများကို ယခုနှစ်တွင် ခရီးသွားများ ပိုမိုလာရောက်လေ့လာ



**ဗန်းမော်က် ဧပြီ ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဗန်းမောက်မြို့နယ်တွင်တည်ရှိပြီး ဗန်းမောက်မြို့မှ မြောက်ဘက် ၁၂ မိုင်ခန့်အကွာ ပင်လယ်ရေမျက်နှာပြင်အထက် အမြင့်ပေ ၃၀၉၀ မြင့်သောတောင်ပေါ်တွင် တည်ထားကိုးကွယ်တော်မူသော ဇလုံတောင်သမိုင်းဝင်စေတီတော်မြတ်ကြီးနှင့် ၎င်းဒေသရှိ ရှေးဟောင်းစေတီပုထိုးများ၊ သဘာဝအလှရှုခင်းများကို ယခုနှစ်ပိုင်းမှစ၍ ခရီးသွားဘုရားဖူးပြည်သူများ ပိုမိုလာရောက်လေ့လာလျက်ရှိကြောင်း ၎င်းစေတီတော်မြတ်ကြီး၏ဂေါပကအဖွဲ့မှ တာဝန်ရှိသူများနှင့် ဒေသခံများထံမှ သိရသည်။

အဆိုပါကျောက်တောင်သည် သံတောင် ၄၄၄ တောင်ဖြစ်၍ ပေအားဖြင့် ၆၆၆ ပေ မြင့်သည်။ ၎င်းကျောက်တောင်ကို ဘုရားပွင့်မည့်သလွန်တောင်တော် ဟုခေါ်ခဲ့ပြီး နောင်တွင် ဒေသခံများက ဇလုံမှောက်ထားသည်နှင့် တူ၍ ဇလုံတောင်ဟုခေါ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ လွန်ခဲ့သောနှစ် ၈၀ ခန့်က မြေပုံပေါ်တွင်လည်း သလွန်တောင်ဟုသာ ဖော်ပြထားသည်ကို တွေ့ရသည်။ ကျောက်တောင်ကြီးပေါ်တွင် ဘုရားတည်ခဲ့သည်မှာ သက္ကရာဇ် ၄၉၂ ခုနှစ်က ဖြစ်သည့်အတွက် နှစ်ပေါင်း ၉၀၀ ခန့် ကြာခဲ့ပြီဖြစ်ကြောင်း သမိုင်းမှတ်တမ်းများအရ သိရသည်။ အရှင်ဓမ္မဒဿီအမည်ရှိ ရှင်အရဟံနှင့်တပည့် အရှင်အာစာရမထေရ်မြတ်နှစ်ပါးသည် ဂေါဒေါပလ္လင်ခေါ် ဇလုံတောင်သို့ ကြွရောက်တော်မူခဲ့ပြီး ဣစ္ဆာသယလိုတရ ချမ်းသာကြီး အောင်တော်မူ၊ အောင်ဆုယူ စေတီများကို ဦးစွာပထမ တည်ထားကိုးကွယ်ခဲ့ကြသည်။ ထို့နောက် သက္ကရာဇ် ၁၂၁၁ ခုနှစ်တွင် ဝိဇ္ဇာမဟိဒ္ဓိအရှင်ဟု ပေါ်လွင်ထင်ရှားသော ဘုန်းကြီးဦးသာအေးအရှင်မြတ်က အောင်တော်မူ၊ အောင်ဆုယူစေတီများကို ဒုတိယအကြိမ် မွမ်းမံပြုပြင်၍ အောင်ကျော်အေးအောင်ဇလုံတောင်ဟု သာသနာပြု မော်ကွန်းတင်ခဲ့သည်။ သက္ကရာဇ် ၁၂၇၆ ခုနှစ်တွင် စက်တောကိုးဌာန အဝင်ကန်ရွာကျောင်းဆရာတော်နှင့် တိုက်သူကြီး ဦးရွှေသီး၊ ရပ်ဝေးရပ်နီးမြို့ရွာဒါယကာတို့က ကြေးအချိန် ၂၅ ပိဿာဖြင့် ကြေးခေါင်းလောင်း သွန်းလုပ်လှူဒါန်းပြီး သက္ကရာဇ် ၁၂၉၇ ခုနှစ်တွင် သောင်သွတ်မြို့ ဝဲတက်ရွာဇာတိ အရှင်ကုဝေရက သားတော်တောင် ကျောက်ပလ္လင်၌ ဂန္ဓကုဋိတိုက်စေတီငါးဆူ တည်ထားကာ ဉာဏ်တော် လေးပေရှိ လိုတိုင်းပြည့်ဗျာဒိတ်ပေး ပဉ္စလောဟာဗုဒ္ဓရုပ်ပွားတော် သွန်းလောင်း၍ တတိယအကြိမ် ထူးခြားစွာ သာသနာပြုခဲ့သည်။ သက္ကရာဇ် ၁၃၁၁ ခုနှစ်တွင် စက်တော ကုန်းရိုးကြီးကျောင်း ဆရာတော်ကြီးနှင့် အလယ်ရွာ၊ ကန်ရွာ၊ အနောက်တာ ဆရာတော်ကြီးများ ဦးဆောင်၍ ရပ်ဝေးရပ်နီး မြို့ရွာ ဒါယကာတို့က အောင်ဆုယူစေတီများကို မွမ်းမံပြင်ဆင်၍ စတုတ္ထအကြိမ် ရွှေထီးတော်အထွတ်တင်လှူကာ သာသနာပြုခဲ့ကြောင်း သာသနာမော်ကွန်းတင် ကျောက်စာတွင် ဖော်ပြထားကြောင်း သိရသည်။

ထို့ကြောင့် ရပ်ဝေးရပ်နီး ဒေသများမှ နှစ်စဉ်ဘုရားဖူးလာကြကြောင်း တွေ့မြင်ရသည်။ အချို့ဆိုလျှင် နှစ်ရက်သုံးရက်လမ်းလျှောက်လာကြကြောင်း တွေ့မြင်ရသည်။ ယခုအခါတွင် သက်ဆိုင်ရာတာဝန်ရှိသူများ၏ ဆောင်ရွက်ပေးထားခြင်းများကြောင့် ဘုရားဖူးပြည်သူများမှာ အဆင်ပြေစွာ ၎င်းလမ်းပိုင်းပေါ်တွင် သွားလာနိုင်ကြကြောင်းလည်း ဒေသခံများထံမှ သိရသည်။

ဒေသခံပြည်သူအများစုမှာ ဘုရားပွဲတော်ကာလမတိုင်မီကတည်းက တောတောင်ထဲတွင်တည်ရှိသော ဆေးမြစ်တူးခြင်းများကို လုပ်ကိုင်ကြပြီး ပြန်လည်ရောင်းချခြင်းနှင့် ဒေသထွက် စိုက်ပျိုးရေးလုပ်ငန်းကိုသာ အဓိကလုပ်ကိုင်ကြသည်။ ယခုနှစ်ပိုင်းမှစတင်၍ အထက်ဗန်းမောက်မြို့နယ်ရှိ ဇလုံတောင်ပေါ်ရှိ ဘုရားပုထိုးစေတီတော်မြတ်ကြီးနှင့် ဒေသရှုခင်းအလှများကို ခရီးသွားနိုင်ငံခြားသားများပါမက မြန်မာပြည်ရှိ ပြည်သူများလည်း လာရောက်လေ့လာကြကြောင်း သိရသည်။ **ကျော်ကျော်(မလှိုင်)**

# နှလုံးသွေးကြောကျဉ်းရောဂါ သတိပြုဖွယ်ရာ ကျန်းမာရေးအသိပညာပေးဟောပြော

**မန္တလေး ဧပြီ ၂၁**

မြန်မာနိုင်ငံဆရာဝန်အသင်း (မန္တလေးတိုင်းဒေသကြီး)နှင့် မန္တလေးအထွေထွေရောဂါကုဆေးရုံကြီး နှလုံးရောဂါအထူးကုဌာနတို့ ပူးပေါင်း၍ လူထုအခြေပြု နှလုံးသွေးကြောကျဉ်းရောဂါ သတိပြုဖွယ်ရာ ကျန်းမာရေးအသိပညာပေးဟောပြောပွဲကိုဧပြီ ၂၁ရက်နံနက်၉နာရီမှ ၁၁ နာရီအထိ ချမ်းအေးသာစံမြို့နယ် ၃၁ လမ်း၊ လမ်း ၇၀ နှင့် ၇၁ လမ်းကြားရှိ မြန်မာနိုင်ငံဆရာဝန်အသင်း (မန္တလေးတိုင်းဒေသကြီး) ရတနာပုံခန်းမတွင် ကျင်းပသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံဆရာဝန်အသင်း (မန္တလေးတိုင်းဒေသကြီး) ဥက္ကဋ္ဌ ပါမောက္ခဒေါက်တာခင်မောင်မြင့်နှင့် အမှုဆောင်များ၊ မန္တလေးအထွေထွေရောဂါကုဆေးရုံကြီး နှလုံးရောဂါအထူးကုဌာန ပါမောက္ခ၊ ဌာနမှူးနှင့် နှလုံးရောဂါအထူးကုဆရာဝန်ကြီးများ၊ နှလုံးသွေးကြောခွဲစိတ်ကုဆရာဝန်ကြီးများ၊ ဆရာဝန်များ၊ ဆေးတက္ကသိုလ်ဘွဲ့လွန်ကျောင်းသား ကျောင်းသူများ၊ ကျန်းမာရေးစိတ်ဝင်စားသူပြည်သူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မန္တလေး အထွေထွေရောဂါကုဆေးရုံကြီး နှလုံးရောဂါအထူးကုဌာန ပါမောက္ခ၊ ဌာနမှူး(ငြိမ်း) ဒေါက်တာထွန်းရွှေက အဖွင့်အမှာစကားပြောကြားပြီး နှလုံးရောဂါအထူးကုဌာန ပါမောက္ခ၊ ဌာနမှူး ဒေါက်တာသန်းသန်းကြိုင်က နှလုံးသွေးကြောကျဉ်းရောဂါ ကာကွယ်ရေး နေထိုင်စားသောက်မှု၊ နှလုံးသွေးကြောကျဉ်းရောဂါ ဖြစ်နိုင်ခြေများ၊ နှလုံးသွေးကြောကျဉ်းရောဂါ ဒေါက်ထည့်ခြင်းနှင့် နှလုံးသွေးကြောချဲ့ကုသခြင်းများကို ကျန်းမာရေးပညာပေး ဟောပြောပြီး တက်ရောက်လာသူများ၏ မေးမြန်းဆွေးနွေးချက်များကို နှလုံးရောဂါအထူးကုဌာန ပါမောက္ခ ဒေါက်တာကျော်စိုးဝင်းက ပြန်လည်ဖြေကြားပေးခဲ့သည်။

**မောင်ပြည်သူ(မန္တလေး)**



# ရေစီးရေလာကောင်းမွန်စေရန်နှင့် ရေကြီးရေလျှံမှုမဖြစ်ပေါ်စေရေး အလေးထားဆောင်ရွက်

**အိမ်မဲ ဧပြီ ၂၁**

ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ်အတွင်းရှိ ရေမြောင်းများ ရေစီးရေလာကောင်းမွန်စေရန်နှင့် မိုးတွင်းအခါ ရေကြီးရေလျှံမှုမဖြစ်ပေါ်စေရေးအတွက် ရေမြောင်းဖော်ခြင်းလုပ်ငန်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ဧပြီ ၂၁ ရက် နံနက် ၇ နာရီမှစတင်၍ ဆောင်ရွက်နေကြောင်း သိရသည်။

အဆိုပါလုပ်ငန်းများကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှဝန်ထမ်းများက အိမ်မဲမြို့နယ်အတွင်း အဓိကလမ်းမကြီးဖြစ်သည့် (၁) လမ်းနှင့် (၂) လမ်းတစ်လျှောက်ရှိ ရေမြောင်းများတွင် အမှိုက်များပိတ်ဆို့နေသည်ကို ရှင်းလင်းဖယ်ရှားခြင်း၊ ရေမြောင်းများမတိမ်ကောစေရန် အနက်နှိုက်ပေးခြင်း အစရှိသည်တို့ကို ဆောင်ရွက်နေကြောင်း သိရသည်။

အဆိုပါလုပ်ငန်းများဆောင်ရွက်နေမှုကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးမင်းဇော်နှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှု၍ လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။

"ကျွန်တော်တို့အနေနဲ့ မကြာခင် မိုးတွင်းကာလရောက်ရှိတော့မှာဖြစ်တဲ့အတွက် ရေမြောင်းတွေမှာ အမှိုက်သရိုက်တွေ ပိတ်မနေဖို့နဲ့ အရင်ရှိပြီးသားရေမြောင်းတွေကို အနက်နှိုက်တူးဖော်ပေးခြင်းအားဖြင့် ရေကြီးရေလျှံမှုတွေမဖြစ်ပေါ်နိုင်သလို မိုးတွင်းကာလမှာ ရေဝပ်နေရင်ခြင်တွေပေါက်ဖွားပြီး သွေးလွန်တုပ်ကွေးရောဂါပါ ကာကွယ်ပြီးသားဖြစ်တာမို့ ယခုလို လိုက်လံဆောင်ရွက်နေတာဖြစ်ပါတယ်။ မြို့နယ်အတွင်းက အခြားသောလမ်းတွေမှာလည်း ဆောင်ရွက်ဖို့ရှိပါတယ်" ဟု မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးမင်းဇော်ပြောပြချက်အရ သိရသည်။

**ချစ်သက်လယ်(အိမ်မဲ)**

# ခေတ်ဟောင်းကင်မရာပြပွဲ မန္တလေးမြို့တော်ခန်းမ၌ ပြသမည်

**မန္တလေး ဧပြီ ၂၁**

နှစ်ပေါင်း ၁၀၀ ဝန်းကျင်ရှိ ကင်မရာအပါအဝင် ယနေ့ခေတ်တွင် ဆက်လက်မထုတ်လုပ်တော့သည့် ကင်မရာအမျိုးအစားများပါ ပါဝင်မည့် ခေတ်ဟောင်းကင်မရာပြပွဲကို ဧပြီ ၂၃ ရက်မှ ၂၅ ရက် နံနက် ၉ နာရီမှ ညနေ ၆ နာရီထိ မန္တလေးမြို့တော်ခန်းမ၌ ပြသသွားမည်ဖြစ်ကြောင်း သိရသည်။



ခာတ်ပုံခေတ်ဦးက အသုံးပြုခဲ့သော Large Format သစ်သားကင်မရာကြီးများ၊ ဓာတ်ပုံတစ်ကွက်ခြင်း ကြည့်ရှုနိုင်သော Still Projector များ၊ 8mm, 16mm Movie Projector ရုပ်ရှင်ပြစက်များ၊ ၁၇ ရာစုခေတ်ကင်မရာများ ဖြစ်ပေါ်ပြောင်းလဲမှုများအပြင် ကင်မရာအမျိုးအစားအလိုက် အလုပ်လုပ်ပုံများကို သရုပ်ဖော် ပြသွားမည်ဖြစ်ကြောင်း အဆိုပါပြပွဲ စီစဉ်သူ ကင်မရာစုဆောင်းသူ ဦးကျော်သက်မင်းက ပြောသည်။

ကင်မရာအကြောင်း စိတ်ဝင်စားသူများအတွက် ခေတ်ဟောင်းကင်မရာ ပြသသည့်ပွဲကို ရန်ကုန်မြို့ Yangon Gallery တွင် ပထမဆုံးအကြိမ်အဖြစ် ၂၀၁၈ ခုနှစ် အောက်တိုဘာ ၁၉ ရက်မှ ၂၁ ရက်အထိ ပြုလုပ်ခဲ့ကြောင်း သိရသည်။ (၀၀၂)

# မန္တလေးမြို့က သမိုင်းဝင်အလှသင်္ကေတ ဈေးချိုတော်နာရီစင်



**မန္တလေး မေ ၂၁**

မန္တလေးမြို့တွင် အတွဲလိုက်ညွှန်းဆိုပြောပြတတ်သောနေရာ အမှတ်အသားများစွာထဲတွင် ဈေးချိုနာရီစင်လည်း ပါဝင်နေပေသည်။ ဈေးချိုဟုပြောလိုက်သည်နှင့် နာရီစင်ကိုပါ တွဲဖက်ပြောဆိုမြဲပင်ဖြစ်သည်။ ဈေးချို၏ မူရင်းနာမည်မှာ ဈေးကြိုဖြစ်ပြီး မြို့တည်နန်းတည် ပန္နက်တင်ကတည်းက လျာထားပါဝင်ခဲ့သော သမိုင်းဝင်နေရာပင်ဖြစ်သည်။ အင်းဝနေပြည်တော် အမရပူရသို့ ရွှေ့ပြောင်းစဉ်ကပင် ဈေးကြိုအရပ်ပါဝင်သည့်အတွက် အမရပူရတွင် ဈေးကြိုအရပ်တည်ရှိခဲ့သည်။ အမရပူရမြို့ဟောင်း ရတနာပုံ မန္တလေးသို့ ပြောင်းရွှေ့သည့်အခါတွင်လည်း ဈေးကြိုအရပ် ပါဝင်လာခဲ့သည်။

ရတနာပုံခေတ် ဈေးကြိုတော်ကို သစ်ဝါးများဖြင့်တည်ဆောက်ခဲ့ပြီး မီးဘေးအကြိမ်ကြိမ်သင့်ခဲ့သည်။ ၁၂၃၆ ခုနှစ် (ကဆုန်လပြည့်ကျော် ၃ ရက်နေ့) တွင် မီးဘေးသင့်ခဲ့ပြီးနောက်ပိုင်း ဈေးရုံအသစ်တည်ဆောက်ရန် ၁၂၃၈ ခုနှစ် (ပြာသိုလဆန်း ၁၄ ရက်နေ့) တွင် အမိန့်တော်ခံတည်ဆောက်ခဲ့ပြီး အသစ်ပြင်ဆောက်သည့်ဈေးချိုတော်သည်ပင် ၁၂၅၈ ခုနှစ် (နှောင်းတန်ခူးလဆန်း ၅ ရက်) တွင် တစ်ကြိမ်၊ ခရစ်နှစ် ၁၈၉၇ ခု (မေ ၆ ရက်) တွင် တစ်ကြိမ်၊ ခရစ်နှစ် ၁၉၀၀ ပြည့်နှစ် (မေ ၃ ရက်နေ့) တွင် တစ်ကြိမ်၊ ၁၉၀၂ ခုနှစ် (မေ ၁၂ ရက်နေ့) တစ်ကြိမ် မီးအကြိမ်ကြိမ်သင့်ခဲ့သည်။

မီးအကြိမ်ကြိမ်သင့်ခဲ့သော ဈေးချိုတော်ကို အင်္ဂလိပ်အစိုးရက ပြန်လည်တည်ဆောက်ရန် စနစ်တကျပြင်ဆင်ခဲ့သည်။ ထိုတည်ဆောက်မှုတွင် ဈေးရုံပုံစံများနှင့်အတူ ဆောက်လုပ်မှုကိစ္စအဝဝကို မန္တလေးမြူနီစီပယ်အတွင်းရေးမှူးအဖြစ် တာဝန်ယူထားသော ဗိသုကာဆရာတစ်ယောက်ဖြစ်သည့် အီတလီလူမျိုး ကောင့်ကာဒါရီ (Count Coldaryi) က တာဝန်ယူတည်ဆောက်ခဲ့သည်။ ထူးခြားသည်မှာမန္တလေးဈေးချိုတော်သည် အီတလီပြည် မီလန်မြို့ရှိဈေးနှင့် ပုံစံတူတည်ဆောက်ခဲ့ခြင်းပင်ဖြစ်သည်။ ရုံကြီး ၁၂ ရုံပါဝင်သော ဈေးချိုတော်ကို ကောဇာသက္ကရာဇ် ၁၂၆၅ ခုနှစ်တွင် ဖွင့်လှစ်ခဲ့သည်။ သို့အတွက် ၁၂၆၂ တွင် ပြန်လည်တည်ဆောက်ကာ ၁၂၆၅ တွင် ဖွင့်လှစ်နိုင်ခဲ့ကြောင်း ဈေးချိုနာရီစင်တွင် ရေးထိုးခဲ့ကြသည်။ ခုနှစ်သက္ကရာဇ်မှတ်မိလွယ်စေရန် မြို့ခံများခေါ်ဝေါ်မှတ်သားသည်က အုတ်၊ ကာ၊ သွပ်၊ မိုးဟု မှတ်သားခဲ့ကြသည်။

ဈေးချို၏ကမ္ဘည်းသည် ဈေးချိုနာရီစင်တွင်တည်ရှိသည့်နည်းတူ ဈေးချိုတော်နှင့် နာရီစင်ကို တွဲဖက်ခေါ်ဝေါ် သင်္ကေတပြုခြင်းမှာ ယနေ့တိုင်ပင်ဖြစ်သည်။ ဈေးချိုနာရီစင်ကို အင်္ဂလိပ်နေမဝင်အင်ပါယာအရှင် ဗိတိုရိယဘုရင်မကြီး နန်းသက် ၆၀ ပြည့်အထိမ်းအမှတ်အဖြစ် ၁၉၀၉ ခုနှစ်တွင် ဆောက်လုပ်ဖွင့်လှစ်ခဲ့သည်ဟု ဆိုထားသည်။ တည်ဆောက်သည့် ဗိသုကာအင်ဂျင်နီယာမှာ ပြင်သစ်လူမျိုး ဘွန်ဗီလိန်းဖြစ်ပြီး ထူးခြားစွာ တည်ဆောက်မှုအမှတ်သင်္ကေတတွင် ဘုံခုနစ်ဆင့် ပြာသာဒ်ပေါက်ထားခြင်းပင်ဖြစ်သည်။

မြန်မာမှုအမွှမ်းပန်းများကို လေးထပ်နာရီစင်နှင့် အချိုးညီတင့်တယ်လှပစွာ ထည့်သွင်းတည်ဆောက်ထားသည့်အတွက် နောက်ပိုင်းတည်ဆောက်သော နာရီစင်များ၏ နမူနာယူစရာတစ်ခုအဖြစ်တည်ရှိခဲ့သည်။ လက်ရှိကာလအထိ မန္တလေးမြို့ဈေးချိုတော်နှင့် နာရီစင်ကို တွဲဖက်ခေါ်ဝေါ်ကာ သမိုင်းဝင်အလှသင်္ကေတတစ်ခုအဖြစ် တည်ရှိနေသည်။

**တိမ်တမန်**

## အင်းဝမြေသန့်ရှင်းသောလက်များ လူငယ်ပရဟိတအဖွဲ့ စုပေါင်းအမှိုက်ကောက်ခြင်းပြုလုပ်

**အင်းဝ မေ ၂၁**

နိုင်ငံတကာခရီးသွားဧည့်သည်များနှင့် ပြည်တွင်းခရီးသွားဧည့်သည်များ အများဆုံးလာရောက်သည့် အင်းဝဒေသ အမှိုက်ကင်းစင်ရေးအတွက် အင်းဝမြေသန့်ရှင်းသောလက်များ လူငယ်ပရဟိတအဖွဲ့မှ အပတ်စဉ် စနေနေ့တိုင်း စုပေါင်းအမှိုက်ကောက်ခြင်းလုပ်ငန်းကို တစိုက်မတ်မတ်ပြုလုပ်လျက်ရှိရာ စုပေါင်းအမှိုက်ကောက်သူ ပိုမိုများပြားလာကြောင်း သိရသည်။

လူငယ်ပရဟိတအဖွဲ့ကို အင်းဝရှိ လူငယ်အဖွဲ့ဝင် ၂၀ ဖြင့် စတင်ခဲ့ပြီး အပတ်စဉ်စနေနေ့တိုင်း အမှိုက်ကောက်လှုပ်ရှားမှုကို စိတ်ပါဝင်စားစွာလာရောက်လုပ်ကိုင်သူများပြားလျက်ပြီး အင်းဝယဉ်ကျေးမှုနယ်မြေ သန့်ရှင်းသာယာရေးအတွက် အပတ်စဉ် တစိုက်မတ်မတ် ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

အင်းဝမြို့ဟောင်းမှာ မန္တလေးမြို့အနောက်တောင်ဘက် မိုင် ၂၀ အကွာ ဒုဋ္ဌဝတီမြစ်နှင့် ဧရာဝတီမြစ်ဆုံရာနေရာတွင် တည်ရှိသည်။

အင်းဝဒေသမှာ စိတ်ဝင်စားစရာများစွာတည်ရှိပြီး အမျိုးသားများသာမက အမျိုးသမီးများပါ မောင်းနှင်သည့် မြင်းလှည်းများက ဆီးကြိုကာဝန်ဆောင်မှုပေးလျက်ရှိသည်။ အင်းဝကို သတိုးမင်းဖျားက သက္ကရာဇ် ၇၂၆ တွင် စတင်တည်ခဲ့ကာ မင်းဆက် ၃၁ ဆက်ဖြင့် သက်တမ်းလေးရာခန့်ကြာမြင့်အောင် မြို့နန်းတည်ကာ ထီးနန်းစိုးစံခဲ့သည့်နေရာဖြစ်သည့်အားလျော်စွာ လေ့လာစရာ စေတီများစွာတည်ရှိသည်။

အင်းဝမြို့ဟောင်းမှာ လေ့လာမကုန်သောနေရာတစ်ခု၊ စိတ်ဝင်စားဖွယ်ရာ နေရာတစ်ခုပင်ဖြစ်သည်။ ခရီးသွားဧည့်သည်များကမူ ဒေသခံမြင်းလှည်းကလေးများဖြင့် သဘာဝကျစွာ စီးနင်းလေ့လာကြသည်။ မြို့ရိုး၊ မျှော်စင်၊ နန်းတော်ဟောင်းရင်ပြင်နေရာ၊ လမ်းဘေးခဲသင်ကျောင်းဘုရားစု၊ ဒေါ်ဂျမ်းဘုရားစုမှအစ အခြားလက်ရာမြောက်စေတီပုထိုးများမှာ အင်းဝခေတ်လက်ရာ မပျောက်မပျက်လေ့လာနိုင်သော နေရာပင်ဖြစ်သည်။ နာမည်ကျော် သစ်သားကျောင်းဖြစ်သည့် ဗားကရာကျောင်း၊ ဗိသုကာလက်ရာထူးခြားသည့် ဝက်ပါဘုရား၊ မြင့်မိုရ်တောင်ဘုရားနှင့် အခြားစိတ်ဝင်စားဖွယ်ရာနေရာများကို အားထားလေ့လာကြသည်။

စာဆိုရှင်များစွာထွက်ပေါ်ရာ၊ သူရဲကောင်းများစွာထွက်ပေါ်ရာ အင်းဝ၊ နန်းတော် အကြိမ်ကြိမ်တည်ဆောက်နန်းတည်ရာ အင်းဝ၊ မြို့ရိုးသုံးထပ်ဖြင့် တည်ရှိရာအင်းဝ၊ ရှေးဟောင်းဘုရားခြောက်ရာကျော်တည်ရှိရာ အင်းဝ၊ နံရံဆေးရေးပန်းချီများရှိရာအင်းဝအဖြစ် စိတ်ဝင်စားဖွယ်ရာတည်ရှိနေကြောင်း သိရသည်။

**နွေနဒီ (မြစ်ငယ်)**

## တနိုင်းမြို့၌ တိန်ကောက်ကျေးရွာသို့ အသိပညာပေး ကွင်းဆင်းဆောင်ရွက်

**တနိုင်း မေ ၂၁**

ကချင်ပြည်နယ် မြစ်ကြီးနားခရိုင် တနိုင်းမြို့နယ် ဌာနဆိုင်ရာများက အသိပညာပေးဟောပြောပွဲကို မေ ၂၁ ရက် မွန်းလွဲ ၁ နာရီက တိန်ကောက်ကျေးရွာ အမက စာသင်ကျောင်း၌ ပြုလုပ်သည်။

ရှေးဦးစွာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခေတ္တမြို့နယ်ဦးစီးမှူး ဦးဝေထွန်းက ကျေးရွာစွန့်ပစ်အမှိုက်စီမံခန့်ခွဲမှုအကြောင်း အသိပညာပေးဟောပြောခြင်း၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွေးလှိုင်က စိုက်ပျိုးရေးဆိုင်ရာနည်းပညာများ ပညာပေးဟောပြောခြင်း၊ မြို့နယ်သမဝါယမဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးရန်းယဉ်က ဌာနလုပ်ငန်းစဉ်များ ဆွေးနွေးခြင်း၊ မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဝါဦးက စာပေ၏အကျိုးကျေးဇူးများအကြောင်း အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

ထို့နောက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ထုတ်ဝေသည့် ဒို့ကျေးရွာဂျာနယ်များအား တက်ရောက်လာသူများကို အခမဲ့ဖြန့်ဝေပေးခဲ့ပြီး စိုက်ပျိုးရေးဦးစီးဌာနမှ လက်ကမ်းစာစောင်များ အခမဲ့ဖြန့်ဝေခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## နတ်တလင်းတွင် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**နတ်တလင်း မေ ၂၁**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းမြို့နယ် တာပွန်မြို့မြောက်ပိုင်း ရပ်ကွက်ရှိ တာဝတိံသာကျောင်းတိုက် ပရိဝုဏ်အတွင်း ၁၁၇၁ ခုနှစ်ခန့်က တည်ထားကိုးကွယ်ထားသော ဗုဒ္ဓလေးဆူအောင်တော်မူစေတီလေးဆူတွင် မေ ၂၁ ရက် နံနက် ၇ နာရီခွဲက (၇၃) နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုသောအားဖြင့် စေတီတော်များ ရေသပ္ပာယ်ခြင်း၊ အမှိုက်သရိုက်များရှင်းခြင်း၊ မီးရှို့ခြင်း စသည့်သန့်ရှင်းရေးများ စုပေါင်းဆောင်ရွက်ကြသည်။ သန့်ရှင်းရေးများဆောင်ရွက်ရာတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးရွှေ၊ နယ်မြေခန်းမှူးရဲအုပ်အောင်ဇော်မိုး၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ နယ်မြေမီးသတ်စခန်းတာဝန်ခံတပ်ကြပ်ကြီးအောင်ကိုလွင်၊ ပရဟိတအသင်းဥက္ကဋ္ဌ ဦးအောင်မြင့်ဦး၊ ရဲတပ်ဖွဲ့၊ သန္တေအရန်မီးသတ်တပ်ဖွဲ့နှင့် ပရဟိတအဖွဲ့တို့က ဝိုင်းဝန်းဆောင်ရွက်ကြသည်။

ဗုဒ္ဓလေးဆူစေတီတော်များအား ရှေးမူမပျက် ဆရာတော်ကြီးများ၏ သြဝါဒကိုခံယူပြီး ပရဟိတအသင်းများဦးဆောင်၍ ပြည်သူများ စုပေါင်းထည့်ဝင်လှူဒါန်းငွေဖြင့် ပြန်လည်ပြုပြင်ပြီးစီးသွားပြီဖြစ်၍ မေ ၂၄ ရက်မှ ၂၈ ရက်ထိ ရွှေထီးတော်တင်လှူပွဲ ကျင်းပသွားမည်ဖြစ်သည်။ **တင်မြင့် (နတ်တလင်း)**

## ခြင်ထောင်သုံးစွဲမှု ပညာပေးဟောပြောပြီး ဆေးစိမ်ခြင်ထောင်များအခမဲ့ဖြန့်ဝေ

**ငဖဲ မေ ၂၁**

မင်းဘူးခရိုင် ငဖဲမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၏ ဦးဆောင်မှုဖြင့် မြို့နယ်ငှက်ဖျားတိုက်ဖျက်ရေးဌာနခွဲမှ ကျေးလက်နေပြည်သူများ ကျန်းမာရေးအသိပညာဗဟုသုတတိုးပွားစေရန်နှင့် ငှက်ဖျားရောဂါကာကွယ်ရန်အတွက် မြို့နယ်အတွင်းရှိ ကျေးရွာသုံးရွာတွင် ခြင်ထောင်သုံးစွဲမှုကျန်းမာရေးအသိပညာပေးဟောပြောပြီး တာရှည်ခံဆေးစိမ်ခြင်ထောင်များ အခမဲ့ဖြန့်ဝေခြင်းကို မေ ၂၀ ရက် နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ ပဒါန်းကျေးရွာ ရွာမဓမ္မာရုံ၊ ကွက်သစ်အမှတ်(၁) ဓမ္မာရုံ၊ အမှတ်(၂၅)သစ်စက်၊ ရင်းရှည်ကျေးရွာဓမ္မာရုံနှင့် သာစည်ကျေးရွာဓမ္မာရုံတို့တွင်ကျင်းပခဲ့ကြောင်း သိရသည်။

ဟောပြောပွဲတွင် ငဖဲမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာထင်ကျော်နှင့် မြို့နယ်ငှက်ဖျားအင်စပက်တော် ဦးအောင်နိုင်ဦးတို့က တာရှည်ခံဆေးစိမ်ခြင်ထောင်၏ အာနိသင်များ၊ ခြင်ထောင်သုံးစွဲခြင်းဖြင့် ငှက်ဖျားရောဂါ၊ သွေးလွန်တုပ်ကွေးရောဂါနှင့် ဆင်ခြေထောက်ရောဂါများမှ ကာကွယ်ခြင်းနှင့် အပူဒဏ်အန္တရာယ်ကာကွယ်ရေးနှီးဆော်ချက်များကို ကျန်းမာရေးအသိပညာပေးဟောပြောကြပြီး Global Fund အထောက်အပံ့ဖြင့် ပေးပို့သောဆေးစိမ်ခြင်ထောင်များကို ပဒါန်းကျေးရွာတွင် ၃၀၁၇ လုံး၊ အမှတ်(၂၅) သစ်စက်တွင် ၁၇၂ လုံး၊ ရင်းရှည်ကျေးရွာတွင် ၈၃၃ လုံးနှင့် သာစည်ကျေးရွာတွင် ၁၇၆ လုံး စုစုပေါင်း ၄၁၉၈ လုံးတို့ကို ကျေးရွာပြည်သူများအား အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**မယု(ငဖဲ)**



## ရေရှားပါးသောဒေသများသို့ သောက်သုံးရေလှူဒါန်း

**ပုသိမ် မေ ၂၁**

ယခုအခါ ပူပြင်းခြောက်သွေ့သော နွေရာသီကာလဖြစ်ပြီး အပူချိန်မြင့်မားမှုကြောင့် ရေတွင်း၊ ရေကန်များ ရေများခန်းခြောက်ပြီး အချို့ဒေသများတွင် ရေရှားပါးမှုနှင့် ရင်ဆိုင်နေကြရသည်။

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့တွင် အဖြူရောင်နှလုံးသားအွန်လိုင်းပရဟိတမိသားစုလူမှုကူညီရေးအသင်းမှ မေ ၂၁ ရက် နံနက်ပိုင်းက ပုသိမ်-ငရုတ်ကောင်း ကားလမ်းဘေးရှိ ကျောက်ဖျာ၊ မဏ္ဍပ်၊ သဏ္ဍာန်းကူး၊ သစ်တိုပင်၊ သပြေပင်၊ ဒီပါရုံ၊ သစ်ကတိုးအိုင်ကျေးရွာများသို့ ရေဂါလန် ၂၈၀၀ ဆံ့ ရေသယ်ယာဉ်နှစ်စီးဖြင့် သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

**မောင်မောင်မြင့် (ပြန်/ဆက်)**

# ယာဉ်တိုက်မှုဖြစ်ခဲ့တဲ့ MustB

တောင်ကိုရီးယားအမျိုးသားတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ " MustB" ဟာ ယာဉ်တိုက်မှုမှာ ပါဝင်နေခဲ့တာဖြစ်ပါတယ်။ ယာဉ်တိုက်မှုကြောင့် အဖွဲ့ရဲ့မန်နေဂျာဖြစ်သူ သေဆုံးခဲ့တယ်လို့ စွန်ပီဒေ့ါကွန်းရဲ့ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

အဖွဲ့ဝင်ခုနစ်ဦးနဲ့ ဖွဲ့စည်းထားတဲ့ အဆိုပါတေးဂီတအဖွဲ့စီးနင်းလိုက်ပါလာတဲ့ယာဉ်ဟာ ရှစ်လမ်းသွားလမ်းမကြီးပေါ်မှာ ယာဉ်တိုက်မှုဖြစ်ခဲ့တာပါ။ ပြီးခဲ့တဲ့ မေ ၂၁ ရက်မှာ ယာဉ်တိုက်မှုဖြစ်ခဲ့တာဖြစ်ပြီး အဖွဲ့ရဲ့ယာဉ်ကို မောင်းနှင်ခဲ့သူ အသက် ၃၆ နှစ်အရွယ် မန်နေဂျာဟာ ဒဏ်ရာပြင်းပြင်းထန်ထန်ရရှိခဲ့ပြီး ဆေးရုံမှာ သေဆုံးသွားခဲ့တာဖြစ်တယ်လို့ သိရပါတယ်။

" MustB " ဟာ ဒေးဂူမှာ ဖျော်ဖြေပွဲပြုလုပ်ခဲ့ပြီးနောက် ဆိုးလ်မှာရှိတဲ့ နေအိမ်ဆီပြန်လာချိန်မှာ ယခုလို ယာဉ်တိုက်မှုဖြစ်ခဲ့တာဖြစ်တယ်လို့ သိရပါတယ်။ ယာဉ်တိုက်မှုကြောင့် အဖွဲ့ဝင်လေးဦးနဲ့ အေဂျင်စီမှ ဝန်ထမ်းတစ်ဦး ဒဏ်ရာပြင်းထန်စွာရရှိပြီး ဆေးရုံမှာ ကုသမှုခံယူနေရတာဖြစ်ပါတယ်။ လက်ရှိမှာတော့ ယာဉ်တိုက်မှုနဲ့ပတ်သက်ပြီး စုံစမ်းစစ်ဆေးနေတာဖြစ်တယ်လို့ သိရပါတယ်။





# Game of Thrones အထူးရုပ်ရှင်ကို တစ်ရက်မှာ အကြိမ် ၅၄ သန်းခန့် ခိုးကူးခံရ

HBO ရုပ်သံလိုင်းရဲ့အောင်မြင်တဲ့ ဇာတ်လမ်းတွဲရုပ်ရှင် "Game of Thrones " ရဲ့နောက်ဆုံးရာသီကို အထူးပွဲ ထုတ်လွှင့်ပြသခဲ့ပြီး ဖြစ်ပါတယ်။ ဒီလို အထူးပွဲပြသခဲ့တဲ့ရုပ်ရှင်ကို အွန်လိုင်းကနေ ခိုးကူးမှုဟာ ၂၄ နာရီအတွင်းမှာ အကြိမ် ၅၄ သန်းခန့်ရှိခဲ့တယ်လို့ ဒစ်ဂျစ်တယ်ကုမ္ပဏီတစ်ခုရဲ့ ပြောကြားချက်ကို ကိုးကားကာ ဂလိုဘယ်နယူးစ်ဒေ့ါကွန်းက ရေးသားဖော်ပြခဲ့တာ တွေ့ရပါတယ်။

ရှစ်ရာသီမြောက်နဲ့ ဇာတ်လမ်းတွဲရဲ့ နောက်ဆုံးအပိုင်းတွေကို ခိုးယူကြည့်ရှုကြတဲ့အထဲမှာ အိန္ဒိယနိုင်ငံက အများဆုံးဖြစ်ပြီး တစ်ရက်အတွင်း ကြည့်ရှုမှုအကြိမ်ပေါင်း ၁၀ သန်းခန့်ရှိတယ်လို့ ဒစ်ဂျစ်တယ်ကျူးကျော်မှု ခွဲခြမ်းစိတ်ဖြာရေးကုမ္ပဏီတစ်ခုဖြစ်တဲ့ မူဆိုက ထုတ်ပြန်ခဲ့ပါတယ်။ အဆိုပါကုမ္ပဏီရဲ့ပြောကြားချက်အရ ဒုတိယအများဆုံးမှာ တရုတ်နိုင်ငံမှဖြစ်ပြီး တစ်ရက်အတွင်း အကြိမ် ငါးသန်း ခိုးယူကြည့်ရှုကြကြောင်း သိရပါတယ်။

# နယူးယော့ခ်က ပရိသတ်တွေကို အံ့အားသင့်စေခဲ့တဲ့ NCT 127



တောင်ကိုရီးယားရဲ့ကျော်ကြားတဲ့ အမျိုးသားတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ "NCT 127" ဟာ လတ်တလောမှာတော့ နယူးယော့ခ်ရဲ့ လမ်းမတွေပေါ်အရောက်သွားပြီး ပရိသတ်တွေကို အံ့အားသင့်စေခဲ့ပါတယ်။ နယူးယော့ခ်ရဲ့ လမ်းပေါ်မှာတော့ "NCT 127" ဟာ ပရိသတ်တွေအကြား ကခဲ့တာဖြစ်တယ်လို့ လူမှုကွန်ရက်မီဒီယာတွေပေါ်မှာ ရေးသားဖော်ပြခဲ့တာကို ကိုးကားကာ ကိုရီးယားဘိုးဒေ့ါကွန်းက ရေးသားဖော်ပြခဲ့တာဖြစ်ပါတယ်။

ပြီးခဲ့တဲ့ မေ ၂၀ ရက်မှာ ဝါရှင်တန်ရင်ပြင်ပန်းခြံမှာ ပရိသတ်တွေ စုစည်းကာ ကြိုက်နှစ်သက်တဲ့ တေးသံရှင်ရဲ့ တေးသီချင်းတွေနဲ့ ပြိုင်တူသီဆိုဖို့ရာ စီစဉ်ထားကြပါတယ်။ ဒီလိုစီစဉ်ထားတာကို " NCT 127" က သူတို့ရဲ့နယ်လှည့် ဖျော်ဖြေရေးယာဉ်ဟာလည်း အဆိုပါနေရာကို ဖြတ်သွားမှာဖြစ်တယ်လို့ လူမှုကွန်ရက်မီဒီယာပေါ်မှာ ဖော်ပြခဲ့ပါတယ်။ မေ ၂၀ ရက်မှာတော့ ပရိသတ်တွေ အတူကနေစဉ် " NCT 127" လည်း ရောက်ရှိလာကာ အတူကခုန်ခဲ့ကြတာ ဖြစ်တယ်လို့ သိရပါတယ်။

" NCT 127" နဲ့အတူ ကခဲ့ကြတဲ့ ပရိသတ်တွေရဲ့ဗီဒီယိုကို လက်ရှိအချိန်အထိတော့ တရားဝင်ထုတ်လွှင့်ခဲ့ခြင်း မရှိသေးပါဘူး။ ဒါပေမယ့် အတူကခဲ့ကြတဲ့ ပရိသတ်တွေကတော့ လူမှုကွန်ရက်မီဒီယာတွေပေါ်မှာ ရင်ခုန်စိတ်လှုပ်ရှားခဲ့ရတဲ့အကြောင်းတွေကို ရေးသားဖော်ပြခဲ့ကြတယ်လို့လည်း သိရပါတယ်။

# Earth မှာ ပါဝင်ဖြစ်ခဲ့တဲ့အကြောင်းကို ပြောကြားလာတဲ့ Psy

ကမ္ဘာကြီးပြောင်းလဲလာမှုနဲ့ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းမှုတွေကို သတိပြုမိစေဖို့ ရည်ရွယ်ရိုက်ကူးထားတဲ့ တေးဗီဒီယိုတစ်ခုကို လတ်တလောမှာတော့ ထုတ်လွှင့်ခဲ့ပါတယ်။ ဒီတေးဗီဒီယိုမှာတော့ ဟောလိဝုဒ်ရဲ့ကမ္ဘာကျော် တေးသံရှင်တွေများစွာ ပါဝင်ထားကြပြီး တောင်ကိုရီးယားရဲ့ကမ္ဘာကျော် တေးသံရှင်တစ်ဦးဖြစ်သူ Psy လည်း ပါဝင်အားဖြည့်ထားတာဖြစ်တယ်လို့ သိရပါတယ်။ ဒီတေးဗီဒီယိုမှာ ပါဝင်ဖြစ်ခဲ့ပုံနဲ့ပတ်သက်ပြီး Psy က လတ်တလောမှာ ထုတ်ဖော်ပြောကြားလာတာဖြစ်တယ်လို့ စွန်ပီဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

မေ ၂၁ ရက်မှာတော့ ပင်တဂွန်က Psy ဟာ အဆိုပါ တေးဗီဒီယိုမှာ ရည်ရွယ်ချက်ကောင်းနဲ့ ပါဝင်ဖြစ်ခဲ့တာဖြစ်တယ်လို့ ရေးသားဖော်ပြခဲ့ပါတယ်။ Psy ဟာ ကမ္ဘာကြီးကို ကာကွယ်ထိန်းသိမ်းဖို့ရာ ရည်ရွယ်ရိုက်ကူးထားတဲ့ အဆိုပါ တေးဗီဒီယိုမှာ အသံနဲ့ ပါဝင်လှူဒါန်းလိုတာကြောင့် အားဖြည့်သီဆိုဖြစ်ခဲ့တာဖြစ်တယ်လို့ သိရပါတယ်။



တေးသံရှင်နဲ့ ဟာသသရုပ်ဆောင် လီဒစ်ကီ သီဆိုထားတဲ့ ဒီတေးဗီဒီယိုမှာတော့ ကမ္ဘာကျော်တေးသံရှင်များစွာက သူနဲ့အတူ တွဲဖက်ပါဝင်ထားတာကိုလည်း တွေ့ရပါတယ်။ " Earth" လို့အမည်ပေးထားပြီး ပြီးခဲ့တဲ့ မေ ၁၉ ရက်က စတင်ထုတ်လွှင့်ခဲ့တဲ့ အဆိုပါ တေးဗီဒီယိုမှာတော့ ဂျက်စတင်ဘီဘာ၊ အရီရန်နာဂရန်းဒ်၊ ဟော်စေး၊ မိုင်လီဆိုင်းရပ်စ်၊ ဆွမ်မန်းဒပ်၊ ချာလီပုသ်၊ ဂျွန်လဲဂျန်၊ စနုပ်ဒေါ့၊ လီယိုနာဒိုဒီကာပရီယိုစတဲ့ တေးသံရှင်တွေကလည်း ပါဝင်အားဖြည့်သီဆိုပေးထားပြီး အခြားသော ကြယ်ပွင့်တွေများစွာလည်း ပါဝင်အားဖြည့်ထားတာ တွေ့ရပါတယ်။

**အေးပြည့် - စုစည်းသည်**

# အသက် ၄၀ ပြည့်ခဲ့ပြီဖြစ်တဲ့ ကိတ်ဟန်ဆန် ကလေးတွေနဲ့ဓာတ်ပုံကို ပထမဆုံးအကြိမ် ထုတ်ဖော်ပြသ

ဟောလိဝုဒ်ရဲ့ ကျော်ကြားတဲ့ မင်းသမီးတစ်ဦးဖြစ်သူ ကိတ်ဟန်ဆန်ဟာ လတ်တလောမှာတော့ အသက် ၄၀ ပြည့်ခဲ့ပြီဖြစ်ပါတယ်။ သူ့ရဲ့ မွေးနေ့ပါတီကို ကြယ်ပွင့်တွေ များစွာ ပါဝင်ဆင်နွှဲခဲ့ကြတာကိုလည်း တွေ့ရပါတယ်။ ကိတ်ဟန်ဆန်က သူ့ရဲ့ မွေးနေ့မှာတော့ ရင်သွေးလေး သုံးဦးနဲ့အတူ ရိုက်ကူးထားတဲ့ သူ့ရဲ့ဓာတ်ပုံကို လူမှုကွန်ရက် မီဒီယာပေါ်မှာ ဖော်ပြခဲ့ပါတယ်။ ဒီလို ကလေးသုံးဦးစလုံးနဲ့ ပုံကို လူမှုကွန်ရက်မီဒီယာပေါ်မှာ ဖော်ပြခဲ့တာဟာ ပထမဆုံးအကြိမ်ဖြစ်တယ်လို့ အီးအွန်လိုင်းဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။



ပြီးခဲ့တဲ့ သောကြာနေ့မှာ ကိတ်ဟန်ဆန်ဟာ အသက် ၄၀ ပြည့်ခဲ့တာဖြစ်ပါတယ်။ မွေးနေ့မှာတော့ ကိတ်ဟန်ဆန်က ရင်သွေးလေးတွေနဲ့ ရိုက်ကူးထားတဲ့ သူ့ရဲ့ဓာတ်ပုံကို အင်စတာဂရမ်စာမျက်နှာပေါ်မှာ ဖော်ပြခဲ့တာပါ။ ဒ့ါအပြင် မွေးနေ့ပါတီက ဓာတ်ပုံတွေကိုလည်း အင်စတာဂရမ်စာမျက်နှာပေါ်မှာ ဖော်ပြခဲ့တာကိုလည်း တွေ့ရပါတယ်။

ဒ့ါအပြင် ကိတ်ဟန်ဆန်က သူ့အတွက် ဆန္ဒတွေ များစွာ ပြည့်ခဲ့ရပြီဖြစ်ကြောင်း၊ ဒါကြောင့် မွေးနေ့မှာ ချစ်ခင်ပေးကြသူတွေအားလုံးကို ကျေးဇူးတင်ကြောင်းနဲ့ ဒါဟာ သူ့ရဲ့ အသက် ၄၀ ပြည့်မြောက်ခဲ့ခြင်းပင်ဖြစ်ကြောင်း ရေးသားဖော်ပြခဲ့တာကိုလည်း တွေ့ရပါတယ်။

ကိတ်ဟန်ဆန်ရဲ့ မွေးနေ့ကျရောက်ခဲ့တဲ့ ပြီးခဲ့တဲ့ သောကြာနေ့နံနက်ပိုင်းမှာ ဂွမ်နက်ပါထရိုက သူ့ကို ယောဂ သင်တန်းကို ခေါ်ဆောင်လာခဲ့တာဖြစ်ပါတယ်။ အဲဒီနောက် ကော်ဖီဆိုင်တစ်ဆိုင်ကို ခေါ်ဆောင်လာခဲ့ပြီး အဲဒီဆိုင်မှာ မွေးနေ့ပွဲကို ကျင်းပပေးခဲ့တာဖြစ်ပါတယ်။ မွေးနေ့ပွဲကျင်းပတဲ့ နေရာမှာ မိသားစုတွေနဲ့ သူငယ်ချင်းတွေက စောင့်ဆိုင်းနေခဲ့ကြတာဖြစ်ပါတယ်။ ကိတ်ဟန်ဆန်ရဲ့ အသက် ၄၀ ပြည့်မွေးနေ့ပွဲဟာ ချစ်ခင်တဲ့ သူငယ်ချင်းတွေနဲ့ ကြယ်ပွင့်တွေများစွာ တက်ရောက်ခဲ့ကြပြီး ပျော်ရွှင်စရာ မွေးနေ့လည်း ဖြစ်ခဲ့ပါတယ်။



## မင်းဘူးမြို့တွင် ဉာဏ်တော်အမြင့် ၂၂ ပေရှိ နီးဘုရား တည်ထားကိုးကွယ်မည်

**မင်းဘူး မေ ၂၁**

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ် မင်းဘူးမြို့ အမှတ်(၃)နယ်မြေ ချမ်းမြေ့သာစည် တောရကျောင်းတိုက် အတွင်း၌ ဉာဏ်တော်အမြင့် ၂၂ ပေရှိ နီးဘုရား တည်ထားကိုးကွယ်မည်ဖြစ်ကြောင်း သိရသည်။

"ဦးပဥ္စင်းတို့ နီးဘုရားကြီးကို ဒူးတော်အကျယ် ၁၈ ပေ၊ ဉာဏ်တော်အမြင့် ၂၂ ပေ အရွယ်အစားနဲ့ တည်ထား ကိုးကွယ်သွားမှာပါ။ အလှူရှင်တွေကောင်းမှုနဲ့ စတင် တည်ဆောက်နေတာပါ။ ပလ္လင်၊ စံကျောင်းတော် အပါ အဝင် စုစုပေါင်းငွေကျပ် သိန်း ၅၀၀ ခန့် ကုန်ကျမယ်လို့ ခန့်မှန်းထားပါတယ်"ဟု ချမ်းမြေ့သာစည်တောရကျောင်း တိုက်ဆရာတော် ဦးဉာဏောဘာသက မိန့်ကြားသည်။

အဆိုပါနီးဘုရားကြီးကို ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ်မှ နီးလက်မှုပညာရှင် ဦးစိုင်းကာလိန်ဒ အပါအဝင် ပညာရှင် ငါးဦးဖြင့် ၁၃၈၀ ပြည့်နှစ် တပေါင်း လပြည့်ကျော် ၁၀ ရက်မှ စတင်ဆောင်ရွက်နေပြီး တစ်လခွဲ အတွင်း အပြီးတည်ဆောက်သွားမည်ဖြစ်ကြောင်း သိရ သည်။

နီးဘုရားအတွက် လိုအပ်သည့် ဝါးများကို ရှမ်းပြည် နယ်မြောက်ပိုင်းတွင် ပေါက်ရောက်သော ပိုးမထိုးနိုင်သည့် ကြိမ်မျိုးနွယ်ဝင်ဝါးများဖြင့် ရက်လုပ်နေခြင်းဖြစ်ကြောင်း သီပေါမြို့နယ် နီးလက်မှုပညာရှင် ဦးစိုင်းကာလိန်ဒထံမှ သိရသည်။

နီးဘုရားကြီးအား ဒေသခံများအပါအဝင် စေတနာ ရှင်များဖြင့် တည်ထားကိုးကွယ်ခြင်းဖြစ်ပြီး နီးဘုရား ဘက်စုံတည်ထားကိုးကွယ်ရန်အတွက် အလှူရှင်များ လိုအပ်လျက်ရှိကြောင်း သိရသည်။

**သတင်း-မျိုးမြတ်(မင်းဘူး)၊ ဓာတ်ပုံ-ကိုဂျေ(မင်းဘူး)**

## မိုင်းယောင်းမြို့၌ ကျေးလက်ဖွံ့ဖြိုးရေးစကားဝိုင်းကျင်းပ

**မိုင်းယောင်း မေ ၂၁**

ရှမ်းပြည်နယ်အရှေ့ပိုင်း မိုင်းယောင်းမြို့နယ် ပြန်ကြားရေး နှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏စီစဉ်မှုဖြင့် ကျေးလက် ဒေသဖွံ့ဖြိုးရေးခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကို ယနေ့ နံနက်ပိုင်းက ဟောင်ကြန့်ကျေးရွာအုပ်စု ဝမ်ဟွန်းကျေးရွာရှိ ဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ ကျင်းပသည်။

ရှမ်းပြည်နယ် ပြည်နယ်လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီး ဌာန ဝန်ကြီး ဦးစိုင်းရှုန်တစ်လုံက အမှာစကားပြောကြား ပြီးနောက် ပြည်နယ်လျှပ်စစ်ဝန်ကြီး၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးအိုက်ခမ်းလှိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဆိုင်ရာများကို ကဏ္ဍအလိုက် ဆွေးနွေးကြသည်။

ထို့နောက် တက်ရောက်လာသည့် ကျေးရွာနေ ပြည်သူများက ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့်ပတ်သက်၍ သိရှိလိုသည့်အချက်များကို မေးမြန်းကာ ဦးဆောင် ဆွေးနွေးသူများက ပြန်လည်ရှင်းလင်း ဖြေကြားခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## သရက်မြို့နယ်တွင် သောက်သုံးရေ အခက်အခဲမရှိစေရေး ရေလှူဒါန်း

**သရက် မေ ၂၁**

မကွေးတိုင်းဒေသကြီး သရက်မြို့နယ် ပြရေကျေးရွာ အုပ်စု ဝက်သားစား ကျေးရွာတွင် သောက်သုံးရေအခက် အခဲမရှိစေရေးအတွက် ခရိုင်နှင့် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မေ ၁၉ ရက် ညနေ ၃ နာရီတွင် သောက်သုံးရေလှူဒါန်းခဲ့သည်။

ခရိုင်နှင့်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ နွေရာသီ သောက်သုံးရေပြတ်လပ်မှု မရှိစေ ရေးအတွက် ဝက်သားစားကျေးရွာရှိ အိမ်ခြေ ၄၉ အိမ်၊ လူဦးရေ ၂၁၇ ဦးတို့အား ငါးဂါလန်ဆံ့ ရေဘူး ၁၀၀ ဖြင့် ရေဂါလန် ၅၀၀ ပေးဝေ လှူဒါန်းခဲ့သည်။

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအနေ ဖြင့် မြို့နယ်အတွင်းရှိ ကျေးရွာများတွင် ရေရရှိရေးလုပ်ငန်း များကို ဘဏ္ဍာနှစ်အလိုက် ဆောင်ရွက်ပေးလျက် ရှိရာ နွေရာသီကာလတွင် သောက်သုံးရေခက်ခဲသည့် ကျေးရွာ များကိုလည်း သောက်သုံးရေပြတ်လပ်မှု မရှိစေရေး အတွက် ရေလှူဒါန်းပေးလျက်ရှိကြောင်း သိရ သည်။

**ဇော်ထက်(သရက်)**

## အင်းတော်မြို့နယ် ရွာဟောင်းကျေးရွာ၌ သောက်သုံးရေ အခက်အခဲဖြစ်နေ

**အင်းတော် မေ ၂၁** စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ်ရွာဟောင်း ကျေးရွာ၌ သောက်သုံးရေ အခက်အခဲဖြစ်နေကြောင်း သိရသည်။

"ကျွန်တော်တို့ ရွာဟောင်းကျေးရွာသားများက ဥတုသုံးလီ ရွာဘေးချောင်းမှ လက်ယက်တွင်းကို အမှီပြုနေရပြီး သောက်သုံးရေကို သုံးကြရတာပါ။ ရွာထဲမှာ ရေ တွင်းလက်နှိပ်တုံကင်တွင်းတွေတူးမရဘူး။ ၁၀ ပေလောက်အနက်မှာ ကျောက်ရှိတာ ကြောင့်ပါ။ ရွာအရှေ့ဘက် တစ်မိုင်ခန့်နဲ့ နှစ်မိုင်နေရာတွေမှာ စိမ့်စမ်းရေသွယ်လို့ရနိုင် ပါတယ်" ဟု ရွာခံတစ်ဦးက ပြောသည်။

**ကိုမင်း(အင်းတော်)**

## ကျေးရွာအရောက် နယ်လှည့်စာကြည့်တိုက်လုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်



**လေးမျက်နှာ မေ ၂၁**

ဟသ်ာတခရိုင် လေးမျက်နှာမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်း များအဖွဲ့သည် ယမန်နေ့ မွန်းတည့် ၁၂ နာရီက လက်သမားကရင်ကျေးရွာရှိ သုတဝေဖြာစာကြည့်တိုက်၌ စာဖတ်ရှိန်မြှင့်တင်ရေး နယ်လှည့်စာကြည့်တိုက် နံရံကပ် စာစောင်နှင့် ဓာတ်ပုံပြပွဲများ၊ အသိပညာပေး ဟောပြော ပွဲများ ဆောင်ရွက်ခဲ့ကြသည်။

အဆိုပါ ဟောပြောပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ခင် ဝေဝေမြင့်က ကျောင်းနေအရွယ်ကလေးငယ်များအား ကျောင်းစာအပြင် အခြားဗဟုသုတများရှိလာစေရန်၊ ကလေးငယ်များအနေဖြင့် ကဗျာ၊ ကာတွန်း၊ ရုပ်ပြစသည့် သုတ၊ ရသစာအုပ်များကို ဖတ်မှတ်လေ့လာသည့် အလေ့ အကျင့်ကောင်းများ ဖြစ်ပေါ်လာစေရန်၊ မိဘပြည်သူများ ကလည်း ဌာနနှင့် ပူးပေါင်းပါဝင်ကူညီကြရန်၊ စာဖတ်ရှိန် မြင့်မားလာစေရန်နှင့် ဗဟုသုတများ ရရှိစေရန်အတွက် ရည်ရွယ်ပြီး ယခုလို ကျေးရွာအရောက် ကွင်းဆင်း ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ စာဖတ်ခြင်း၏ အကျိုး ကျေးဇူးများအကြောင်းကိုလည်းကောင်း၊ မိမိတို့၏ ပြန်/ဆက်စာကြည့်တိုက်တွင်လည်း စာအုပ်များကို (အခမဲ့) လာရောက်ငှားရမ်းဖတ်ရှုလေ့လာနိုင်ကြောင်း နှင့် မူးယစ်ဆေးဝါးအန္တရာယ်ဆိုင်ရာ သိကောင်းစရာ များအား ဟောပြောခဲ့သည်။

ဆက်လက်၍ ကလေးငယ်များအား ပုံပြောပြိုင်ပွဲ များ ကျင်းပပေးရာ ပြိုင်ပွဲတွင်ဆုရရှိသည့် ကလေးငယ် များအား မြို့နယ်ပြန်/ဆက်ဦးစီးမှူးနှင့် တာဝန်ရှိသူ များက ဆုများ ချီးမြှင့်ပေးခဲ့ပြီး ပြန်/ဆက်ဌာနမှပြသသည့် နံရံကပ်စာစောင်များ၊ အသိပညာပေးမှတ်တမ်းဓာတ်ပုံ များ၊ စာအုပ်စာပေများအား ကျောင်းသား ကျောင်းသူများ၊ ကလေးငယ်များနှင့် မိဘပြည်သူများက လေ့လာကြည့်ရှု ကြကြောင်း သိရသည်။ **ရွှေမိုး(ပြန်/ဆက်)**

## ထန်းလျက်ဈေးကျဆင်းနေသောကြောင့် ထန်းတက်တောင်သူများ အဆင်မပြေ



**ငါ့သရောက် မေ ၂၁**

မန္တလေးတိုင်းဒေသကြီး ငါ့သရောက်မြို့နယ်အတွင်း ထန်းတက်လုပ်ငန်းလုပ်ကိုင်ကြသည့် ထန်းတက်တောင်သူ များ ထန်းလျက်ဈေးနှုန်းကျဆင်းနေသောကြောင့် ထန်း တက်လုပ်ငန်း အဆင်မပြေဖြစ်နေကြကြောင်း သိရသည်။

ငါ့သရောက်မြို့နယ်ရှိ ထန်းတက်တောင်သူများသည် တပို့တွဲလ၊ တပေါင်းလများက ပေါ်ဦးပေါ်ဖျား ထန်းလျက် ဈေး တစ်ပိဿာ ငွေကျပ် ၁၅၀၀ ရရှိခဲ့သော်လည်း တန်ခူး လတွင် တစ်ပိဿာ ငွေကျပ် ၁၀၀၀ သာရောင်းချနေရ ခြင်းကြောင့် ထန်းတက်တောင်သူများ တွက်ခြေမကိုက် ဖြစ်နေကြောင်း သိရသည်။

ထန်းတက်လုပ်ငန်းသည် ထန်းတက်ရာသီစတင် ပြီဆိုသည်နှင့် ရင်းထောင် (လှေကား)၊ ရင်းဆွဲ၊ ထန်းပြင် လုပ်ငန်းများ လုပ်ကိုင်လာခဲ့ရာ နားရက်မရှိကြောင်း၊ ထန်းသမားတစ်ယောက် ထန်းပင် ၃၀ ထန်းလှီးလျှင် နံနက်၊ ညနေ အကြိမ် ၆၀ တက်ရကြောင်း၊ ရာသီဥတု ပူပြင်းပြီး နေအတော်ပူကြောင်း၊ ထန်းနို့များတွင် ပျားအုပ်ကျခြင်း၊ ရာသီဥတုပူပြင်းခြင်းကြောင့် ထန်းရေ ယိုမှု နည်းပါးခြင်းများ ဖြစ်ပေါ်လျက်ရှိကြောင်း၊ ထန်းတက် တောင်သူများ ထန်းလျက်ဈေး ကျဆင်းနေသောကြောင့် ငါ့သရောက်မြို့နယ် ထန်းတက်တောင်သူများ ထန်းတက်လုပ်ငန်း တွက်ခြေမကိုက်ဖြစ်နေကြောင်း တမာခါးကျေးရွာနေ ဦးအောင်စိုးထံမှ သိရသည်။

**ကိုထိန်(ငါ့သရောက်)**

# ကျိုက်မရောမြို့နယ်ရှိ ဘားဘောင်ဂူပွဲ ခြိမ့်ခြိမ့်သဲစည်ကား

**ကျိုက်မရော ဧပြီ ၂၁**

နှစ်စဉ်ကျင်းပမြဲဖြစ်သော မွန်ပြည်နယ် ကျိုက်မရောမြို့နယ် ဝါးပုံကုန်းကျေးရွာအနီး တည်ထားကိုးကွယ်သော ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်လက်ရာများဖြင့် ထင်ရှားကျော်ကြားသော ဘားဘောင်ဂူဗုဒ္ဓပူဇနိယပွဲတော်ကြီးကို တန်ခူးလပြည့်နေ့မှစ၍ စည်ကားစွာကျင်းပခဲ့ရာ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးဧည့်သည်များ၊ ဒေသခံပြည်သူများဖြင့် ခြိမ့်ခြိမ့်သဲစည်ကားလျက်ရှိကြောင်း သိရသည်။

အဆိုပါ ဗုဒ္ဓပူဇနိယပွဲတော်ကြီးကို နှစ်စဉ် တန်ခူးလပြည့်နေ့မှ လပြည့်ကျော် ၅ ရက်နေ့အထိ မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲများ၊ ဇာတ်ပွဲများ၊ နာမည်ကျော် မြန်မာ့ဆိုင်းဝိုင်းကြီးများ၊ အငြိမ့်ပွဲများ၊ မွန်ဇာတ်ပွဲများဖြင့် စည်ကားစွာ ကျင်းပခဲ့ရာ အနယ်နယ်အရပ်ရပ်မှဘုရားဖူးပြည်သူများသာမက နိုင်ငံခြားသားဧည့်သည်များပါ လာရောက် လေ့လာကြည့်ရှုကြကြောင်း သိရသည်။

အဆိုပါ ဘားဘောင်ဂူထဲရှိ ရှေးဟောင်းသမိုင်းဝင်ဂူများ၊ ရှေးလက်ရာမပျက် တည်ထားကိုးကွယ်သည့် စေတီပုထိုးများ၊ ထူးဆန်းလှပသော ကျောက်စက်ပန်းဆွဲများနှင့် သမိုင်းဝင်ဂူဘုရားများစွာကို လာရောက်လေ့လာသူများဖြင့် စည်ကားခဲ့ကြောင်း သိရသည်။

**ချိုမြတ်မြတ်ထွေး(ကျိုက်မရော)**





# မုံရွာမြို့နယ် ဖောဓိတစ်ထောင်ထိုင်တော်မူရုပ်ပွားတော် မျက်နှာတော်ပိုင်းပြီးစီး

**မုံရွာ ဧပြီ ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ် ဖောဓိတစ်ထောင်သာသနာ့နယ်မြေတွင် တည်ထားလျက်ရှိသည့် ဉာဏ်တော် ၂၃၄ ပေရှိ လေးကျွန်းစကြာထိုင်တော်မူဘုရားကြီး၏ မျက်နှာတော်ပိုင်းမှာ ပြီးစီးပြီဖြစ်ရာ လက်ရှိတွင် သင်္ကန်းတော် ခံဆေးသုတ်လျက်ရှိပြီး မကြာမီ ရွှေသင်္ကန်းရောင်ဆေးကို ဆက်ကပ်သုတ်လိမ်းသွားမည်ဖြစ်ကြောင်း ဖောဓိတစ်ထောင်၏ ဆရာတော် ဦးဝိစိတ္တထံမှ သိရသည်။

“ထိုင်တော်မူဘုရားကြီး မျက်နှာတော်ပိုင်းကပြီးလို့ အောက်ပိုင်းသင်္ကန်းတော်ခံဆေး သုတ်နေပြီ။ အပေါ်က ရွှေရောင်ဆေးသုတ်ဖို့ ကျန်သေးတယ်။ ရုပ်ပွားတော်အတွင်းပိုင်း အနုစိတ်လုပ်စရာတွေ ကျန်သေးတယ်။ အတွင်းထဲ ရုပ်ပွားလေးတွေထည့်နေတာ ရှစ်ထပ်ပြီးနေပြီ။ အခုကိုးထပ်မြောက်မှာ ရုပ်ပွားတော်လေးတွေထားဖို့ ကျောင်းဆောင်စလုပ်နေပြီ။ ကိုးထပ်မြောက်က ရုပ်ပွားတော်တွေက ထိုင်ဝမ်အဖွဲ့က အကုန်လှူကြမှာပါ။ တစ်ထပ်ကို ရုပ်ပွားတော် ၃၀၀ လောက်ရှိမယ်။ ဉာဏ်တော် လေးပေ ထိုင်တော်မူရုပ်ပွား ၁၂ ဆူအပါအဝင် ဉာဏ်တော် ၁၈ လက်မရုပ်ပွားတော် စုစုပေါင်း တစ်ထပ်ကို အဆူ ၃၀၀ စီ ထားရှိပူဇော်နေတာပါ။ ထိုင်တော်မူရုပ်ပွားတော်မှာ အထပ် ၁၂ ထပ်ရှိမှာဖြစ်ပြီး ၁၁ ထပ်အထိ ဓာတ်လှေကားပါမှာဖြစ်ပါတယ်။ ၁၂ ထပ်မြောက်က ပခုံးစောင်းဖြစ်နေတော့ ပန်းချီနဲ့ ဗောဓိညောင်ပင်အပါအဝင် နှစ်ကျိပ်ရှစ်ဆူကို ပန်းချီရေးဆွဲထားမှာပါ”ဟု ဦးဝိစိတ္တက မိန့်ကြားသည်။

“ရုပ်ပွားတော်ကြီးကို အပေါ်ပိုင်းကနေ အောက်ပိုင်းကို တဖြည်းဖြည်းပြီးအောင်လုပ်နေတာပါ။ အခု အောက်ဆုံးထပ်က ကျောက်သေးမရိုက်ရသေးဘူး။ ရိုက်ဖို့ ရှင်းတာတွေလုပ်နေတယ်။ အဲဒါခင်းပြီးရင် အောက်ခံပလ္လင်ပိုင်းကို လုပ်သွားမှာပါ။ ဘုရားကုန်းတော်ကိုလည်း ပလ္လင်ပုံသဏ္ဍာန် ပြန်ချိုးရဦးမှာပါ။ အများကြီးလုပ်စရာ ကျန်ပါသေးတယ်။ ဘယ်တော့အပြီးဆိုတာ မှန်းမရသေးဘူး။ ရတဲ့အပေါ်မူတည်ပြီး ဖြည်းဖြည်းချင်းလုပ်သွားရမှာပါ။ အခု ဘုရားဖူးတွေလည်း အတော်များများ ရောက်လာကြတယ်”ဟု ဦးဝိစိတ္တက ဆက်လက်မိန့်ကြားသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

# တောင်တွင်းကြီး၌ ဆိုင်ကယ်လိုင်စင်နှင့် ဆိုင်ကယ်ယာဉ်မောင်းလိုင်စင် နေ့ချင်းပြီးဆောင်ရွက်ပေး

**တောင်တွင်းကြီး ဧပြီ ၂၁**

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ်အတွင်းရှိ ပြည်သူများ အန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရေးအတွက် ဆိုင်ကယ်ယာဉ်မောင်းလိုင်စင်များ၊ ဆိုင်ကယ်လိုင်စင်များ သက်တမ်းတိုးခြင်း၊ အသစ်ပြုလုပ်ခြင်းများကို ဧပြီ ၂၀ ရက်က ပုဏ္ဏဝတီခန်းမ၌ ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။



“တောင်တွင်းကြီး မြို့နယ်အတွင်း မော်တော်ဆိုင်ကယ် အစီးရေနဲ့ ဆိုင်ကယ်ယာဉ်မောင်းလိုင်စင်ရှိသူ အရေအတွက်က ကွာဟနေတာကြောင့် ရုံးပိတ်ရက်ဖြစ်တဲ့ စနေနေ့မှာ ကွင်းဆင်း လုပ်ဆောင်ပေးတာပါ။ ဆိုင်ကယ်အစီးရေက တော်တော်များတယ်။ ဒါပေမယ့် စီးတဲ့သူတော်တော်များများမှာ ယာဉ်မောင်းလိုင်စင်မရှိဘူး။ ဒါကြောင့် ပြည်သူတွေဆီ အရောက်လာပြီး လိုင်စင်လုပ်ပေးတာပါ” ဟု မကွေးတိုင်းဒေသကြီး ကုန်လမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန(ကညန)မှ ဦးစီးအရာရှိ ဒေါ်ခင်စန်းဝေက ပြောသည်။

ဆိုင်ကယ် ယာဉ်မောင်းလိုင်စင်များ ပြုလုပ်ပေးရာတွင် လက်တွေ့ဖြေဆို၍ အောင်မြင်သူများအား နေ့ချင်းပြီး ထုတ်ပေးသွားမည်ဖြစ်ကြောင်း သိရသည် ။

**နိုင်ဝင်း(ပြန်/ဆက်)**

# ပြင်ဦးလွင် ခုတင် ၃၀၀ ပြည်သူ့ဆေးရုံကြီးတွင် နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲလူနာများအား အခမဲ့ ကုသပေးမည်

**ပြင်ဦးလွင် ဧပြီ ၂၁**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင် ခုတင် ၃၀၀ ပြည်သူ့ဆေးရုံကြီးတွင် ထိုင်းနိုင်ငံမှ plastic surgeon ဆရာဝန်ကြီးများ၊ မျက်နှာမေးရိုးခွဲစိတ်ဆရာဝန်ကြီးများ ပူပေါင်းပြီး နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲလူနာများအား အခမဲ့ကုသပေးမည်ဖြစ်ကြောင်း သိရသည်။

အနယ်နယ်အရပ်ရပ်မှ ကျား-မ အသက်အရွယ်မရွေး ကုသလိုသူများအနေဖြင့် ဧပြီ ၁၉ ရက်မှစ၍ မေ ၂ ရက်အထိ စာရင်းပေးသွင်းနိုင်ကြောင်း၊ ပြင်ဦးလွင် ပြည်သူ့ဆေးရုံကြီး၌ပင် ခွဲစိတ်ကုသပေးမည်ဖြစ်ကြောင်း၊ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲအပြင် မီးလောင်ဒဏ်ရာများကိုလည်း ပြသဆွေးနွေးနိုင်ကြောင်း၊ ခရီးစရိတ်ကိုလည်း ခန့်မှန်း နှစ်ဦးစာ စိစစ်ထောက်ပံ့မည်ဖြစ်ကြောင်း၊ အသေးစိတ်စုံစမ်းလိုပါကလည်းကောင်း၊ စာရင်းပေးသွင်းလိုပါကလည်းကောင်း ပြင်ဦးလွင်ပြည်သူ့ဆေးရုံကြီး သွားနှင့်ခံတွင်းကုသဌာနသို့ တိုက်ရိုက်သွားရောက်စုံစမ်းပေးသွင်းနိုင်ပြီး ဒေါက်တာယဉ်မင်းစိုးကြည် ၀၉ ၆၈၉၅၀၁၆၅ နှင့် ဒေါက်တာ သက်မျိုးထက် ၀၉ ၆၈၉၇၂၉၅၀ သို့လည်းကောင်း ဆက်သွယ်မေးမြန်းစာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

**ကိုမင်း(အင်းတော်)**

# ကျောက်တံခါးမြို့နယ်အတွင်း ရေကြီးရေလျှံမှုလျော့နည်းရန် တိမ်ကောချောင်းများ တူးဖော်



**ကျောက်တံခါး ဧပြီ ၂၁**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ကျောက်တံခါးမြို့ပေါ်ရပ်ကွက်အချို့နှင့် တောင်ခင်၊ ကညင်ကျိုး၊ ဗောဓိကွင်းကျေးရွာအုပ်စုတို့၌ လာမည့်မိုးတွင်းကာလ လယ်ယာမြေရေကြီးရေလျှံမှု မဖြစ်စေရန်၊ စိုက်ပျိုးလယ်ယာမြေများ အဆင်ပြေမှုရှိစေရန်နှင့် လူနေအိမ်များ ရေကြီးနစ်မြုပ်မှုမဖြစ်ပေါ်စေရန်အတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေ ၂၂၆ ဒသမ ၄၀၈ သန်း အကုန်အကျခံကာ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန(ပဲခူးတိုင်းဒေသကြီး) ညွှန်ကြားရေးမှူး၏ အနီးကပ်ကြီးကြပ်မှုဖြင့် အဆိုပါမြို့နယ်အတွင်းရှိ တိမ်ကောနေသောကျိုးချောင်း၊ ကျွဲတဲကြီးချောင်းနှင့် ဝါးနက်ရိုးချောင်းတို့ကို တင်ဒါအောင်မြင်သည့် ကုမ္ပဏီနှစ်ခုက ဖေဖော်ဝါရီ ၂၅ ရက်မှစတင်၍ တူးဖော်ပေးလျက်ရှိရာ ယခုအခါ ၈၀ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်ကြောင်း မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ သိရသည်။

“ဒီချောင်းတွေ သဲ၊ နုန်းပို့ချပြီး တိမ်ကောနေတာ နှစ်ကာလကြာမြင့်နေပါပြီ။ မိုးတွင်းကာလမှာ ချောင်းတွေက ရေစီးရေလာမကောင်းတဲ့အပြင် မူလအကျယ်အတိုင်း စီးဆင်းမှုမရှိတော့ဘဲ ရေကြီးရေလျှံလာပြီဆိုရင် လူနေအိမ်အချို့နဲ့ စိုက်ပျိုးပြီးလယ်ယာမြေတွေ ရေနစ်မြုပ်မှုဖြစ်ပေါ်တာကို နှစ်စဉ် ကြုံတွေ့နေရတာပါ။ အခုလို ကျေးရွာရေဘေးကာကွယ်ရေးတွေ ဆောင်ရွက်ပေးတဲ့အတွက် တာဝန်ရှိသူတွေအားလုံးကို ကျွန်တော်တို့ ဒေသခံပြည်သူတွေကိုယ်စား ကျေးဇူးအထူးတင်ပါတယ်”ဟု တောင်ခင်ကျေးရွာနေ အထက်တန်းပြ ကျောင်းဆရာ(ငြိမ်း) ဦးခင်မောင်မြင့်က ပြောသည်။

**သတင်းနှင့်ဓာတ်ပုံ-ပိန်းဇလုပ်သိန်းညွန့်**

# သရက်သီးရာသီတွင် ထန်းလျှော်တောင်းအော်ဒါမှာယူမှုများပြား

**တံတားဦး မေ ၂၁**

မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့နယ် ဘလဲ့ဘကျေးရွာတွင် တစ်နှစ်ပတ်လုံး ထန်းလျှော်တောင်းရက်လုပ်ရောင်းချလျက်ရှိရာ လက်ရှိကာလ သရက်ရာသီချိန်တွင် ထန်းလျှော်တောင်း အော်ဒါမှာယူမှုများပြားလာကြောင်း သိရသည်။

ဘလဲ့ဘကျေးရွာတွင် ထန်းလျှော်တောင်း ရက်လုပ်ရောင်းချခြင်းကို တစ်နှစ်ပတ်လုံး ပြုလုပ်ကြသည်။ တစ်နှစ်ပတ်လုံး ထန်းလျှော်တောင်းရက်လုပ်နိုင်ရန်အတွက် ထန်းလျှော်များကို ကြိုတင်သိုလှောင်ထားကြရသည်။ တံတားဦးမြို့နယ်အတွင်းရှိ ကျေးရွာများဖြစ်သော ကတို့ဆိပ်၊ ခေါင်းကွဲ၊ ရုန်းကန်နှင့် အခြားရွာများမှ လာရောက်ပို့ပေးကြသည်။ ဈေးသက်သာလိုသူများမှာ ထန်းလျှော်ရောင်းသူများထံ တိုက်ရိုက်သွားရောက်ဝယ်ယူသည်လည်း ရှိသည်။ ထန်းလျှော်အစိုများကိုဝယ်ယူကာ ထန်းလျှော်ခွာပြီး တစ်ဆင့်ပြန်ရောင်းချသူများလည်း ရှိသည်။

ထန်းလျှော်တောင်း တစ်တောင်းဖြစ်ရန်အတွက် ထန်းလျှော်အစိုမှ အခြောက်အထိ အဆင့်ဆင့်ပြုလုပ်ကာ ရေစိမ်ခြင်း၊ ထန်းလျှော်သပ်ခြင်းများကို ပြုလုပ်ကြရသည်။ ထန်းလျှော်ကို အကြိမ်ကြိမ်နေလှန်းခြင်း၊ ရေစွတ်ခြင်းများ ပြုလုပ်ပြီးမှသာ ထန်းလျှော်တောင်း ရက်လုပ်ကြရသည်။ လက်ရှိကာလတွင် ဒေသအခေါ် တစ်တင်းခွဲဝင် တောင်းနှင့် သရက်သီးထည့်သည့်တောင်းမှာ အများဆုံးရက်လုပ်ရောင်းချလျက်ရှိသည်။

ထန်းလျှော်တောင်းဈေးကွက်မှာ ပြာသို၊ တပို့တွဲ၊ တပေါင်း၊ တန်ခူး၊ ကဆုန်လအထိ ငါးလသာဈေးကွက်ကောင်းပြီး ကျန်သည့်လများတွင် ထန်းလျှော်တောင်းဈေးကွက် ကျဆင်းသွားလေ့ရှိသည်။ လက်ရှိကာလ သရက်သီးရာသီချိန်တွင် ထန်းလျှော်တောင်းဈေးကွက် ကောင်းမွန်နေသည့်အတွက် အားထားရက်လုပ်လျက်ရှိသည်။ လက်ရှိကာလတောင်းဈေးကွက်မှာ တစ်တင်းခွဲဝင် တောင်းတစ်တောင်းလျှင် ငွေကျပ် ၂၅၀၀ ဖြင့် ဖောက်သည်သွင်းကြရသည်။ တောင်းအကြီးအသေး လက်ရာပေါ်မူတည်ကာ တောင်းတစ်လုံးလျှင် ငွေကျပ် ၃၀၀၀ ကျော်အထိ အမျိုးမျိုးရောင်းချကြရသည်။ ထန်းလျှော်တောင်းများ တစ်နှစ်ပတ်လုံးရက်လုပ်နိုင်ရန်အတွက် ငွေကျပ်သိန်း ၄၀ ကျော် ရင်းနှီးမြှုပ်နှံကာ ထန်းလျှော်များဝယ်ယူစုဆောင်းထားကြရသည်။ အများအားဖြင့် တစ်ပိုင်တစ်နိုင်မိသားစုလုပ်ငန်းအဖြစ် လုပ်ကိုင်ကြပြီး လက်ခစားရက်သူများလည်းရှိကြောင်း သိရသည်။

**နွေနဒီ (မြစ်ငယ်)**





# ကျေးလက်ဒေသဖွံ့ဖြိုးရေး ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲ သထုံ၌ကျင်းပ

**သထုံ မေ ၂၁**

မွန်ပြည်နယ် သထုံမြို့နယ် ကြက်တူရွေးသောင်ကျေးရွာအုပ်စု ရှမ်းစုကျေးရွာဘုန်းတော်ကြီးကျောင်းတွင် သထုံခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ စီစဉ်မှုဖြင့် လွှတ်တော်ကိုယ်စားလှယ်များနှင့် ဌာနဆိုင်ရာများ ပူးပေါင်းကာ ကျေးလက်နေပြည်သူများအနေဖြင့် မိမိဒေသဖွံ့ဖြိုးရေးအတွက် လိုအပ်ချက်များကို အစိုးရ၊ တာဝန်ရှိသူများနှင့် အများပြည်သူကြားတွင် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးပြောကြားနိုင်စေရန်အတွက် ကျေးလက်ဒေသဖွံ့ဖြိုးရေးခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်း (Public Talk) ဆွေးနွေးပွဲကို မေ ၂၁ ရက် နံနက် ၁၀ နာရီက ကျင်းပခဲ့သည်။

အခမ်းအနားတွင် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခိုင်ခိုင်လဲ့၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်သူနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဝင်းတို့က အမှာစကားများပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ခင်လေးနွယ်က စကားဝိုင်းဆွေးနွေးပွဲ ပြုလုပ်ပေးရသည့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

စကားဝိုင်းဆွေးနွေးပွဲတွင် တက်ရောက်လာသူများက မိမိတို့ဒေသဖွံ့ဖြိုးရေးအတွက် လိုအပ်ချက်များဖြစ်သည့် လမ်း၊ တံတားများ၊ စာသင်ကျောင်းများ၊ ကျန်းမာရေးကဏ္ဍ၊ လျှပ်စစ်မီးရရှိရေး၊ ရေရရှိရေး၊ မှတ်ပုံတင်နှင့် သန်းခေါင်စာရင်းရရှိရေး၊ အလုပ်အကိုင်အခွင့်အလမ်း စသည်တို့ကို ဆွေးနွေးမေးမြန်းကြရာ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဒုညွှန်မှူး ဦးကျော်မြင့်ဦး၊ မြို့နယ်ကျန်းမာရေးမှူး ဦးစိုးအောင်၊ သက်ဆိုင်ရာဌာနအလိုက် တာဝန်ရှိသူများက ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်များ အကောင်အထည်ဖော် ဆောင်ရွက်ပေးနေမှုတို့ကို ရှင်းလင်းပြောကြားသည်။

အဆိုပါစကားဝိုင်းဆွေးနွေးပွဲသို့ သထုံမြို့နယ်အတွင်းရှိ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများ၊ ရှမ်းစု၊ ကြက်တူရွေးသောင်၊ ဝါးခုတ်တောနှင့် ဒလဘန်းကျေးရွာတို့မှ စိတ်ပါဝင်စားသည့် ဒေသခံပြည်သူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**

# ကြန့်ကြာမှုခင်းများလျှော့နည်းကျဆင်းရေး လုပ်ငန်းညှိနှိုင်းစည်းဝေး

**ပဲခူး မေ ၂၁**

ပဲခူးတိုင်းဒေသကြီး တရားလွှတ်တော်ကဦးစီး၍ ပဲခူးတိုင်းဒေသကြီးအတွင်း ကြန့်ကြာမှုခင်းများလျှော့နည်းကျဆင်းရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မေ ၂၁ ရက် နံနက် ၉ နာရီက တိုင်းဒေသကြီးတရားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါအစည်းအဝေးသို့ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဦးမောင်မောင်ရွှေက တရားရုံးများအနေဖြင့် ကြန့်ကြာမှုများအား အမြန်ဆုံးပြီးပြတ်စေရန် ဦးစားပေးစစ်ဆေးပေးရမည်ဖြစ်ကြောင်း၊ သုံးနှစ်အထက်ကြန့်ကြာမှုများအား တစ်ပတ်လျှင် တစ်ချိန်း၊ နှစ်ချိန်း ခပ်စိပ်စိပ်ချိန်းပြီး သုံးလအတွင်း အပြီးစစ်ဆေးကြရန်ညွှန်ကြားထားရှိသော်လည်း ကြန့်ကြာမှုခင်းများ လက်ကျန်ကျဆင်းမှုမရှိကြောင်း စိစစ်တွေ့ရှိရသဖြင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပခြင်းဖြစ်ကြောင်း၊ တစ်နှစ်အထက် ကြန့်ကြာမှုများ၊ သုံးနှစ်အထက်ကြန့်ကြာမှုများရှိသည့် အမှုများကို တရားသူကြီးများက မိမိတို့၏အခက်အခဲများအား တင်ပြကြရန်လိုကြောင်း၊ အခြားအမှုများထက် ဦးစားပေးစစ်ဆေးခြင်းဖြင့် ကြန့်ကြာမှုများ လက်ကျန်ကျဆင်းမည်ဖြစ်ကြောင်း မှာကြားသည်။ ထို့နောက် တက်ရောက်လာကြသည့်တရားသူကြီးများက အမှုများကြန့်ကြာရသည့် အကြောင်းများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြပြီး တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဦးမောင်မောင်ရွှေက နိဂုံးချုပ်အမှာစကားပြောကြားကာ ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

အဆိုပါလုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ ပဲခူးတိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးများ၊ တိုင်းဒေသကြီးတရားရေးဦးစီးမှူး၊ ခရိုင်တရားသူကြီးများနှင့် တိုင်းဒေသကြီးအတွင်းရှိ တရားရေးအရာရှိများ တက်ရောက်ကြကြောင်း သိရသည်။

**(၀၇၅)**



# ယင်းမာပင်ခရိုင်အတွင်း ပဲမျိုးစုံနှင့် ဆီထွက်သီးနှံများတွင် ငမြှောင်တောင်ပိုးကျရောက်မှု သတိပြုရန်လို

**ယင်းမာပင် မေ ၂၁**

ယခုလက်ရှိတွင် ငမြှောင်တောင်ပိုးသည် အစေ့ထုတ်ပြောင်းမျိုးများတွင် ဖြစ်ပွားနေသော်လည်း အခြားတန်ဖိုးကြီးသီးနှံများဖြစ်သော ပဲမျိုးစုံနှင့် ဆီထွက်သီးနှံများတွင်လည်း ငမြှောင်တောင်ပိုး ကျရောက်နိုင်သဖြင့် တောင်သူများအနေဖြင့်သတိပြုစောင့်ကြည့်ရန်လိုအပ်ကြောင်း ယင်းမာပင်ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးသန်းထွန်း၏ ပြောကြားချက်အရ သိရသည်။

“ငမြှောင်တောင်ပိုးက အစေ့ထုတ်ပြောင်းစိုက်တဲ့နေရာတွေမှာတော့ အခြားသီးနှံတွေကို မကျနိုင်ဘူး၊ အစေ့ထုတ်ပြောင်းမရှိတဲ့နေရာတွေမှာတော့ ပဲမျိုးစုံ၊ ဆီထွက်သီးနှံ၊ မြေပဲ၊ နှမ်း၊ ကုလားပဲ၊ နေကြာ၊ ပဲတီစိမ်းစတဲ့တန်ဖိုးကြီးတဲ့ သီးနှံတွေမှာကျမယ်ဆိုရင် ပျက်စီးဆုံးရှုံးမှုပိုများနိုင်မယ်၊ တစ်နေရာနဲ့ တစ်နေရာကို ကူးစက်နိုင်တယ်၊ အဖျက်စွမ်းအားလည်းကြီးတယ်၊ ပေါက်ပွားမှုလည်း မြန်တဲ့အတွက် ပိုပြီးကြောက်ရတယ်၊ တစ်နေရာပြီးတစ်နေရာကျတာဆိုတော့ ပိုးကျတဲ့လမ်းကြောင်းတစ်လျှောက်မှာရှိတဲ့ မြို့နယ်တွေက စိုက်ခင်းတွေကို သတိထားစောင့်ကြည့်ရမှာဖြစ်တယ်” ဟု ယင်းမာပင်ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးသန်းထွန်းက ပြောသည်။

ငမြှောင်တောင်ပိုး၏ အကြိုက်ဆုံးသီးနှံသည် အစေ့ထုတ်ပြောင်းမျိုးဖြစ်သော်လည်း အခြားသီးနှံအမြောက်အများတွင်လည်း ကျရောက်နိုင်ရာ ၎င်းသီးနှံများတွင် ပဲမျိုးစုံ၊ မြေပဲ၊ နှမ်း၊ ကုလားပဲ၊ နေကြာနှင့် ပဲတီစိမ်းသီးနှံကဲ့သို့သော တန်ဖိုးမြင့်သီးနှံများလည်း ကျရောက်ပါက ဆုံးရှုံးမှုတန်ဖိုးများနိုင်သဖြင့် သတိပြုစောင့်ကြည့်ရန် လိုအပ်ခြင်းဖြစ်သည်။

**ဝင်းဦး(ဇေယျာတိုင်း)**

## ကျွန်းလှတွင် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ (၇) တောင်သူလက်ဝယ်အရောက်ပေးအပ်

**ကျွန်းလှ ဧပြီ ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကျွန်းလှမြို့နယ်တွင် လယ်ယာမြေ လုပ်ပိုင်ခွင့်ပြုလက်မှတ်ပုံစံ(၇) တောင်သူလက်ဝယ်အရောက်ပေးအပ်ခြင်းကို ဧပြီ ၂၁ ရက် နံနက် ၉ နာရီက ပျဉ်းမဖြိုင်ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းဝင်းက အမှာစကားပြောကြားပြီး မြို့နယ် NLD ပါတီ အလုပ်အမှုဆောင် ဒုတိယဥက္ကဋ္ဌ ဦးညွန့်တင်က ပုံစံ (၇) ရရှိရေး ဆောင်ရွက်ပေးခဲ့ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးမောင်နိုင်က သဖန်းဆိပ်ဆည်စီမံကိန်းကြောင့် ရပ်ကွက်၊ ကျေးရွာများအား လယ်ယာမြေအစားထိုးချထားပေးခဲ့ကြောင်း၊ တချို့လယ်ယာမြေများမှာ ပုံစံ(၇)မရရှိသေး၍ လျှောက်ထားခဲ့ရာ ယခုလိုထုတ်ပေးသည့်အတွက် ကျေးဇူးတင်ရှိပါကြောင်းပြောကြားသည်။

ယင်းနောက် တက်ရောက်လာကြသူများက သိရှိလိုသည်များကို မေးမြန်းကြရာ လွှတ်တော်ကိုယ်စားလှယ်နှင့်တာဝန်ရှိသူများက ပြန်လည်ဖြေကြားကြပြီး တောင်သူ ၇၆ ဦး (၄၈၁ ဒသမ ၄၅ ဧက)အတွက် ဦးပိုင်ပေါင်း ၁၀၃ ခုအား လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ (၇)ကို တောင်သူတစ်ဦးချင်း ပေးအပ်ခဲ့ကြောင်း သိရသည်။ **မျိုးဝင်းညို(ကျွန်းလှ)**



## ပျဉ်းမနားမြို့နယ်အတွင်း ကျေးလက်ကုန်ထုတ်လမ်းများ ကွင်းဆင်းစစ်ဆေး

**နေပြည်တော် ဧပြီ ၂၁**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏခရိုင် ပျဉ်းမနားမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ မြို့နယ်အတွင်းရှိ ကျေးရွာများတွင် ဆောင်ရွက်လျက်ရှိသည့် ကျေးလက်ကုန်ထုတ်လမ်း ရိစာခင်းခြင်းလုပ်ငန်းများကို ဧပြီ ၂၀ ရက် နံနက်ပိုင်းက ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဒုတိယ ညွှန်ကြားရေးမှူးများဖြစ်သည့် ဦးလှထွေး (နည်းပညာ)၊ ဒေါ်သဇင်(စီမံ)နှင့် တာဝန်ရှိသူများက စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနခွင့်ပြုရန်ပုံငွေကျပ် ၂၄၂ သိန်းကျော်ဖြင့် ဆောင်ရွက်လျက်ရှိသော နတ်သူရဲကျေးရွာအုပ်စု နတ်သူရဲကျေးရွာ ကုန်ထုတ်လမ်း အရှည် ပေ ၇၃၀၀၊ အကျယ် ၁၂ ပေ၊ ထုထည် ကိုးလက်မရှိ အမှတ် (၅) လမ်းနှင့် အမှတ်(၇)လမ်း ရိစာခင်းခြင်းလုပ်ငန်းနှင့် ပေါစံခေါ ကျေးရွာ ကုန်ထုတ်လမ်း အရှည်ပေ ၃၉၆၀၊ အကျယ် ၁၂ ပေ၊ ထုထည် ကိုးလက်မရှိ ရိစာခင်းခြင်း လုပ်ငန်းများကို ကွင်းဆင်းစစ်ဆေးပြီး လုပ်ငန်းများအား သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေး၊ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ ဆောင်ရွက်သွားကြရန်နှင့် ဆောင်ရွက်ပြီးစီးပါက ရေရှည်တည်တံ့စေရေး ပြည်သူများက ထိန်းသိမ်းသွားကြရန် မှာကြားခဲ့ကြောင်း သိရသည်။ **စိုးမိုး(ပြန်/ဆက်)**



## ဓနုဖြူမြို့နယ်တွင် နွေစပါးစံကွက်ရိတ်သိမ်းပွဲပြုလုပ်

**ဓနုဖြူ ဧပြီ ၂၁**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ဓနုဖြူမြို့နယ် နန်းတော်ကုန်းကျေးရွာအုပ်စုတွင် စိုက်ပျိုးရေးဦးစီးဌာနကဦးစီး၍ကွင်းအမှတ် ၁၉၃၊ ဦးပိုင်အမှတ် ၆၆ တောင်သူ ဦးဟန်စိုး၏လယ်ယာမြေ ခြောက်ဧကတွင် ဧပြီ ၁၉ ရက် နံနက် ၉ နာရီက နွေစပါးစံကွက်ရိတ်သိမ်းခြင်းအခမ်းအနား ကျင်းပခဲ့သည်။

အဆိုပါနွေစပါး မော်ဘီ-၃ မျိုးစပါး သုည ဒသမ ၁၀ ဧက စံကွက် ရိတ်သိမ်းရာတွင် တစ်ဧက ပျမ်းမျှအထွက်နှုန်းအနေဖြင့် ၁၅၁ တင်း နှုန်းထွက်ရှိကြောင်း သိရသည်။

အခမ်းအနားသို့ လွှတ်တော်ကိုယ်စားလှယ် ဦးအောင်နိုင်ထွန်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ကျော်ဦး၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကော်မတီအဖွဲ့ဝင်များ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် တောင်သူလယ်သမားများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**အောင်သူဟိဏ်း(ဓနုဖြူ)**

# ကော့သောင်းမြို့၏အပန်းဖြေစရာ မလိဝမ်း သဘာဝရေတံခွန်နှင့် ရေပူစမ်း

**ကော့သောင်း ဧပြီ ၂၁**

မြန်မာနိုင်ငံတောင်ဘက်စွန်း ကော့သောင်းမြို့မှ မြောက်ဘက်သို့ ပြည်ထောင်စုလမ်းမကြီးအတိုင်းသွားသော် ၂၅ မိုင်အကွာတွင် ကျေးရွာတစ်ရွာရှိသည်။ ထိုကျေးရွာအမည်ကို မလိဝမ်းဟုခေါ်သည်။

**ခေါ်ဝေါ်ခဲ့**

၁၇၅၀ ပြည့်နှစ် ဝန်းကျင်ခန့်က ပါချန်မြစ်ရိုးချောင်းဖျားဒေသများသို့ ရေကြည်ရာမြက်နုရာရှာဖွေကြရင်း ထိုင်း-ရှမ်း၊ ပသျှူး၊ ဆလုံနှင့် လူနည်းစု မြန်မာလူမျိုးများ အခြေချနေထိုင်ကြရန် နယ်ပယ်ရှာဖွေကြရင်း တစ်နေ့တွင် ဇွန်ပွင့်တောပန်းလေးများ အစီအရီ ပွင့်ဖူးနေသည့် ထိုနေရာလေးကို စတင်တွေ့ရှိခဲ့ကြသည်။ ထိုင်းဘာသာစကား (မာလိ = ဇွန်ပွင့်တောပန်း၊ ဝမ်=နေ့၊ မာလိဝမ် = ဇွန်ပွင့် တောပန်းလေးများ ပွင့်သောနေ့)မှ (မလိဝမ်းကျေးရွာ ) ဟု ဆင်းသက်ခေါ်ဝေါ်ခဲ့ကြကြောင်း မှတ်သားခဲ့ရသည်။

မလိဝမ်းကျေးရွာလေးတွင် အိမ်ခြေ ၈၅၀ ခန့်၊ လူဦးရေ ၃၇၀၀ ကျော်ခန့်၊ ဘုန်းတော်ကြီးကျောင်း သုံးကျောင်း၊ အခြေခံပညာမူလတန်းကျောင်း၊ ကျေးလက်ဆေးပေးခန်းတို့ရှိသည်။ ကျေးရွာပြည်သူများမှာ မိရိုးဖလာဥယျာဉ်ခြံ၊ ရော်ဘာခြံ၊ လယ်ယာစိုက်ပျိုး၊ ရောင်းဝယ်ဖောက်ကား လုပ်ကိုင်ရင်း အသက်မွေးဝမ်းကျောင်းကြသည်။

ကြည်နူးဖွယ်ကောင်းသည်မှာ ထိုရွာလေးတွင် ကော့သောင်းမြို့၏ တစ်ခုတည်းသော သဘာဝအပန်းဖြေ ရေတံခွန်နှင့် သဘာဝရေပူစမ်းရှိသည်။

**အနားယူ အပန်းဖြေ**

မလိဝမ်းကျေးရွာသည် ယခင်က ခဲသတ္တုထွက်ရှိကြောင်း မှတ်သားဖူးသည်။ မလိဝမ်းရေတံခွန်တွင် ဗြိတိသျှလက်ထက်က သတ္တုတူးဖော်ရေးလုပ်ငန်းသုံး ရေအားလျှပ်စစ်ထုတ်ယူခဲ့ကြောင်းသိရသည်။ ယခင်ကာလများက အဆိုပါရေတံခွန်နှင့် ရေပူစမ်းနေရာတို့သည် သဘာဝအနေအထားအတိုင်း တောတောင်ထဲတွင် မလှမပဖြင့် ဒေသပြည်သူများ ခက်ခက်ခဲခဲသွားရောက်လည်ပတ် အနားယူအပန်းဖြေခဲ့ကြသည်။





ယခုအခါ ဒေသခံဟိုတယ်နှင့်ခရီးသွားဝန်ဆောင်မှုလုပ်ငန်းကုမ္ပဏီတစ်ခုဖြစ်သည့် TZK ကုမ္ပဏီမှ ဒေသဖွံ့ဖြိုးတိုးတက် သာယာလှပရေးလုပ်ငန်းအဖြစ် အကျိုးတူပူးပေါင်းဆောင်ရွက်ကာ ရေတံခွန်နှင့် ရေပူစမ်းဝန်းကျင် စိမ်းလန်းစိုပြည်မှုလုပ်ငန်းများ၊ အပန်းဖြေရာနေရာများ၊ ဘန်ဂလိုအဆောက်အအုံများ၊ အနားယူရန် ခေတ်မီအသုံးအဆောင်ပစ္စည်းများ၊ အမှတ်တရပစ္စည်းအရောင်းဆိုင်များ၊ မြန်မာနှင့် ထိုင်းရိုးရာအစားအစာအရောင်းဆိုင်များဖြင့် သဘာဝအလှ မပျက်ယွင်းစေရန် ဆွဲဆောင်ဖန်တီးမွမ်းမံတည်ဆောက်ထားပြီး သင့်တင့်လျောက်ပတ်သည့်ဝင်ကြေးငွေပေးဆောင်၍ ဒေသနေပြည်သူများ အားလပ်ရက်တွင် မိသားစုလိုက်ပျော်ပွဲစားထွက် အနားယူခြင်းများအပြင် ထိုင်း-မြန်မာနယ်စပ်ကိုဖြတ်ကာ ကော့သောင်းမြို့သို့ လာရောက်လည်ပတ်ကြသည့် နိုင်ငံခြားခရီးသွားဧည့်သည်များပါ အနားယူအပန်းဖြေနေကြပြီဖြစ်ရာ နိုင်ငံတော်နှင့် ဒေသအတွက် နိုင်ငံခြားဝင်ငွေ ရှာဖွေပေးရာ လုပ်ငန်းတစ်ခုအဖြစ် ကျယ်ပြန့်စ ပြုနေပြီဖြစ်သည်။

**ဖိတ်ခေါ်**

တနင်္သာရီတိုင်းဒေသကြီး၏ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်လာနေမှုနှင့်အတူ ပြည်တွင်းအပါအဝင် ပြည်ပခရီးသွားများနေ့စဉ် လာရောက်လည်ပတ် အနားယူအပန်းဖြေလျက်ရှိသည့် သာယာတင့်မောဖွယ် သဘာဝအလှမပျက်ဖန်တီးထားသည့်မလိဝမ်း သဘာဝရေတံခွန်နှင့် သဘာဝရေပူစမ်းသို့ တစ်ခါတစ်ခေါက် လာရောက်လည်ပတ်ကြရန် တိုက်တွန်းဖိတ်ခေါ်လိုက်ပါသည်။

**ကျော်စိုး (ကော့သောင်း)**

ဦးစိုးရွှေမြင့် B.Sc (Hons:), M.Sc (Engineering Physics) (YU), I.D.C.S (NCC, London)
ဒေါ်သန္တာထွန်း B.Sc (Physics) ဦးစီးတည်ထောင်ဖွင့်လှစ်သည့်

# MYANMAR EDUCATION CENTRE
## မြန်မာ့ပညာရေးအောင်မြေ

ကိုယ်ပိုင်အထက်တန်းကျောင်း
သူငယ်တန်း မှ ဒသမတန်း

၂၀၁၉-၂၀၂၀ ပညာသင်နှစ်အတွက် ကျောင်းအပ်လက်ခံပြီ

မေလ ၃ ရက်နေ့တွင် ကျောင်းစတင်ဖွင့်လှစ်ပါမည်

ကျောင်းတည်နေရာ MEC-1 အမှတ် (၁၅၈)၊ ဓနရပ်လမ်းမကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့
MEC-2 အမှတ် (၅၉၊ ၆၀၊ ၆၁)၊ ဗိုလ်တထောင်လမ်း၊ ၂(က) ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့

ဆက်သွယ်ရန် ၀၉ ၅၀ ၅၅၂၀၃၊ ၀၉ ၉၅ ၅၀၅၅၂၀၃၊ ၀၉ ၅၁၀ ၂၁၃၃၊ ၀၉ ၉၅ ၅၁၀ ၂၁၃၃

ကျောင်းလခနှင့် နှစ်စဉ်ကြေး

| မူလတန်း နှစ်စဉ်ကြေး ၄၀၀၀၀ | |
|---|---|
| အတန်း | လစဉ်ကြေး (တစ်လ) |
| သူငယ်တန်း (KG) | ၄၅၀၀၀ |
| ပထမတန်း | ၄၅၀၀၀ |
| ဒုတိယတန်း | ၄၅၀၀၀ |
| တတိယတန်း | ၄၅၀၀၀ |
| စတုတ္ထတန်း | ၅၀၀၀၀ |

| အလယ်တန်း နှစ်စဉ်ကြေး ၅၀၀၀၀ | |
|---|---|
| အတန်း | လစဉ်ကြေး (တစ်လ) |
| ပဉ္စမတန်း | ၅၀၀၀၀ |
| ဆဋ္ဌမတန်း | ၅၀၀၀၀ |
| သတ္တမတန်း | ၅၀၀၀၀ |
| အဋ္ဌမတန်း | ၅၅၀၀၀ |
| **အထက်တန်း နှစ်စဉ်ကြေး ၆၀၀၀၀** | |
| နဝမတန်း | ၆၀၀၀၀ |
| ဒသမတန်း | ၇၀၀၀၀ |

လုံခြုံစိတ်ချရသော ကျောင်းကား (Ferry) များ ရှိပါသည်။ ရန်ကုန်မြို့အနှံ့ ကြို/ပို့ စီစဉ်ပေးပါသည်။

- နိုင်ငံတော်မှ ချမှတ်ပေးထားသော သင်ရိုးညွှန်းတမ်းများအပြင် ထပ်ဆောင်း၍ အင်္ဂလိပ်စာ 4 Skills၊ ပန်းချီ၊ မြန်မာ့သိုင်း ပညာရပ်များကိုပါ သွင်းသင်ကြားပေးနေပါသည်။
- သူငယ်တန်းမှ ဒသမတန်းအထိ ကျောင်းချိန်နံနက် ၈း၀၀ မှ နေ့လယ် ၁း၃၀ နာရီအထိ။
- အဋ္ဌမတန်း၊ နဝမတန်း၊ ဒသမတန်းများအတွက် Study Guide အချိန်များ ရှိပါသည်။ (Study Guide အချိန်ယူသော အဋ္ဌမတန်း၊ နဝမတန်း၊ ဒသမတန်းများ နံနက် ၈း၀၀ နာရီမှ ညနေ ၄း၃၀ နာရီအထိ)

Myanmar Education Centre (MEC) သည် စေတနာ၊ သဒ္ဓါ၊ ဝါသနာတို့ဖြင့် ရင်းနှီးမတည်ကာ ကျောင်းလခငွေကြေးကို မိဘများ၊ ဝန်ထုပ်ဝန်ပိုးမဖြစ်စေရန်ရည်ရွယ်၍ အတတ်နိုင်ဆုံး လျှော့ချကောက်ခံထားပါသည်



တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူများနှင့် တက္ကသိုလ်တက်ရောက်နေသူများအတွက် IT Engineer တစ်ယောက်အဖြစ် ရပ်တည်နိုင်ရန် ပြုစုပျိုးထောင်ပေးနေသည့်

**Only One School in Myanmar**

METRO
IT & Japanese Language Centre

IT | ဂျပန် ဘာသာ | English ဘာသာ

မိမိတို့၏ အနာဂတ်လမ်းကြောင်းကို ရွေးချယ်ပြီးပြီလား?
Game၊ Application တွေကို ကိုယ်တိုင်တီထွင်နိုင်သော၊ Programming skill ပြည့်ဝသော Software Engineer တစ်ယောက်ဖြစ်ချင်ပါသလား?
Web Page များကို ကိုယ်တိုင်ဒီဇိုင်းရေးသားနိုင်သော Web Developer တစ်ယောက် ဖြစ်ချင်ပါသလား?
ဂျပန်ဘာသာစကားကို ကျွမ်းကျင်စွာ တတ်မြောက်ပြီး ဂျပန်ကုမ္ပဏီတွေမှာ IT Engineer တစ်ယောက်အဖြစ် ရပ်တည်ချင်ပါသလား?
ဒီအိပ်မက်တွေကို လက်တွေ့အကောင်အထည်ဖော်နိုင်ဖို့ IT Engineer များစွာကို မွေးထုတ်ပေးနေသည့် Metro IT & Japanese Language Centre မှာ အတူတူပညာသင်ယူကြရအောင်!
IT နည်းပညာရပ်များကို Zero Level မှစတင်သင်ကြားပြီး ... IT လုပ်ငန်းခွင်တွေမှာ IT Engineer တစ်ယောက်အဖြစ်ရပ်တည်နိုင်ရန် ဂျပန်နိုင်ငံ၏ ပညာရေးစနစ်အတိုင်း ပြုစုပျိုးထောင်ပေးနေပါတယ်




**July Intake**
ကျောင်းအပ်လက်ခံနေပါပြီ
- System Creator Course (2years)
- Web Engineer Course (2years)

## IT Course Seminar ( ဘာသာရပ်ဆိုင်ရာ ရှင်းလင်းပွဲ )
28 April 2019 ( Sunday )
1:00 pm - 3:00 pm
Metro IT & Japanese Language Centre ( Yangon )

Room No(A,B,C,D), 3rd Floor, Kyaw Business Tower Condo, Pansodan Road ( middle block ), Kyauktada Township, Yangon. Phone No : 01-372691, Email: mminfo@metro-myanmar.com
Facebook: www.facebook.com/metrogroupmyanmar Website: www.metro-myanmar.com/mic
09-262007800
09-976334160



# ရေတားဆေး Waterproofing

- လျှော့စျေးနဲ့ အချိန်တိုအတွင်း ...
- ဝန်ဆောင်မှုနှင့်တကွဆောင်ရွက်လျှင် အာမခံ(Warranty)ပါရှိခြင်း။
- စျေးနှုန်းအထူးသက်သာခြင်း။
- အိမ်သုတ်ဆေးများကဲ့သို့ပင် လွယ်ကူစွာ သုတ်လိမ်းနိုင်ခြင်း။
- မြို့နယ်အလိုက် အိမ်သုတ်ဆေးအရောင်းဆိုင်များတွင် ဝယ်ယူရရှိနိုင်ခြင်း။
- ရန်ကုန်မြို့နှင့် အခြားမြို့ကြီးများမှ ကိုယ်စားလှယ် မှာသူလိုသူများ။
- ဝန်ဆောင်မှုနှင့်တကွဆောင်ရွက်လိုသူများ။
- ဆောက်လုပ်ရေးလုပ်ငန်းများ (Construction)များ ဆက်သွယ်စုံစမ်းနိုင်ပါသည်။




Myanmar Int'l FAC SYSTEM Co.,Ltd. ကန်တော်ကြီးတာဝါ၊ အခန်း(၁၁-၀၄)၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၂၅၄၉၆၉၂၆၀၊ ၀၉-၂၆၃၁၂၉၂၄၀၊ ၀၉-၂၆၃၁၂၉၂၄၁၊ Email: inquiry@fac-system.com, Web: waterproofing.fac-system.com


## မသက်ဆိုင်ပါကြောင်း

ကျွန်မ မဖြိုးအိအိခိုင်[၁၂/မဂတ(နိုင်) ၁၀၂၂၁၉]၏ မိခင်ဖြစ်သူ မမိုးမိုးစန်း မှတ်ပုံတင်နံပါတ်[၁၂/ဗတထ(နိုင်)၀၀၈၁၃၆]နှင့်ပတ်သက်၍ ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝ အားလုံးကို သမီးဖြစ်သူနှင့်ပတ်သက်မှုမရှိပါကြောင်း လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်းနှင့် မိမိအား နှောင့်ယှက်လာပါက တရားဥပဒေအရေးယူမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**မဖြိုးအိအိခိုင်**

## ဖခင်အမည်မှန်

အမှတ်(၇)၊ သမိုင်း(၂)လမ်း၊ (၁)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့၊ GREAT LIGHT ကိုယ်ပိုင်အထက်တန်းကျောင်းနေ မောင်နိုင်မင်းလွင်၏ ဖခင်အမည်မှန်မှာ ဦးမြင့်လှိုင်[၁၁/မအန(နိုင်)၀၂၅၂၉၀] ဖြစ်ပါကြောင်း။

**ဦးမြင့်လှိုင်**

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ခင်မြင့်
### အသက် (၈၂) နှစ်

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန် ဦးစိုးသိန်း-ဒေါ်ချိုချိုဝင်းတို့၏ချစ်လှစွာသောမိခင်ဖြစ်သူ ဒေါ်ခင်မြင့်သည် ၂၁-၄-၂၀၁၉ ရက် နံနက် ၁၀း၁၅ နာရီတွင် ကောင်းမြတ်သုခဆေးရုံ၊ ရမည်းသင်းမြို့၌ကွယ်လွန်သွားကြောင်း ကြားသိရ၍ မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပြည်ထောင်စုဝန်ကြီးနှင့်ဇနီး**
**ဝန်ထမ်းများ**
**ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန**

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ခင်မြင့်
### အသက် (၈၂) နှစ်

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန် ဦးစိုးသိန်း-ဒေါ်ချိုချိုဝင်းတို့၏ချစ်လှစွာသောမိခင်ဖြစ်သူ ဒေါ်ခင်မြင့်သည် ၂၁-၄-၂၀၁၉ ရက် နံနက် ၁၀း၁၅ နာရီတွင် ကောင်းမြတ်သုခဆေးရုံ၊ ရမည်းသင်းမြို့၌ကွယ်လွန်သွားကြောင်းကြားသိရ၍ မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဒုတိယဝန်ကြီး ဦးကျော်မျိုး၊ ဒုတိယဝန်ကြီး ဦးသာဦး၊**
**ပြည်ထောင်စုဝန်ကြီးရုံးဝန်ထမ်းများ**
**ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန**

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ခင်မြင့်
### အသက် (၈၂) နှစ်

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန် ဦးစိုးသိန်း-ဒေါ်ချိုချိုဝင်းတို့၏ချစ်လှစွာသောမိခင်ဖြစ်သူ ဒေါ်ခင်မြင့်သည် ၂၁-၄-၂၀၁၉ ရက် နံနက် ၁၀း၁၅ နာရီတွင် ကောင်းမြတ်သုခဆေးရုံ၊ ရမည်းသင်းမြို့၌ကွယ်လွန်သွားကြောင်းကြားသိရ၍ မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဒုတိယအမြဲတမ်းအတွင်းဝန် ဦးမိုးကျော်စိုးနှင့်ဇနီး ဒေါက်တာမေနွယ်ဦး**
**ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန**

## ဝမ်းနည်းကြေကွဲခြင်း
## ဦးစောဘိုလေး
### အသက်(၇၉)နှစ်

သီပေါမြို့ ပန်းတိမ်တောင်ရပ်ကွက်၊ နယ်မြေ(၅)နေ ဒေါ်ဝင်းမြင့် ၏ ခင်ပွန်း၊ စိုင်းလျန်းပန်း၊ နန်းမွမ်းလောင်တို့၏ ဖခင် ဦးစောဘိုလေးသည် ၂၀-၄-၂၀၁၉ (စနေနေ့) ညနေ ၆း၃၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**EMP မိသားစု**

## ဝမ်းနည်းကြေကွဲခြင်း
**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**
## ဦးစိုးမြင့် (ကွန်ဖူးဆရာကြီး)
### အသက်(၇၅)နှစ်

ကွန်ဖူး၊ ဗန်ဒိုနှင့် ကိုယ်ခံပညာပေါင်းစုံ သင်ကြားပေးခဲ့သော မိဘသဖွယ်အမြဲသွန်သင်ဆုံးမပေးသော ဆရာကြီး ကွန်ဖူးဦးစိုးမြင့် သည် ၂၀-၄-၂၀၁၉ (စနေနေ့) ညနေ ၆း၂၀ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**ဗန်ဒိုဉာဏ်ဝင်း၊ ဘိုမင်းဦး (HERO MMA & SELF DEFENSE INSTITUTE)နှင့် တပည့်များ**

## အထူးဝမ်းနည်းကြေကွဲခြင်း
**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း အလှူ့ဒါယကာကြီး**
## ဦးကျော်ညွန့်
### အသက်(၇၄)နှစ်
**BE (Mechanical)(1969)**
**ညွှန်ကြားရေးမှူး(ငြိမ်း) ဆည်မြောင်းဦးစီးဌာန**
**ဥက္ကဋ္ဌ၊ ဆည်မြောင်းဝန်ထမ်းဟောင်းများအသင်း**

ရန်ကုန်မြို့ လှိုင်မြို့နယ်၊ (၁၂)ရပ်ကွက်၊ ပါရမီလမ်း၊ အမှတ် (၅/စ)နေ ဦးကျော်ညွန့် အသက်(၇၄)နှစ်သည် ၂၀-၄-၂၀၁၉ (စနေနေ့) ည ၈ နာရီတွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့် ဇနီး**
**ဝန်ထမ်း မိသားစုများ**
**ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန**

## အထူးကျေးဇူးတင်လွှာ
## ဦးတိုက်စိုး (ကောလင်းမြို့)
### အသက် (၆၁) နှစ်
**Project Engineer အောင်မြင်မြန်မာဆောက်လုပ်ရေးကုမ္ပဏီ**

၁၄-၄-၂၀၁၉ ရက် (တနင်္ဂနွေနေ့)တွင် ဘဝတစ်ပါးသို့ ပြောင်းရွှေ့ကွယ်လွန်ခဲ့ပါသော ဦးတိုက်စိုး၏နောက်ဆုံးခရီးအား အဘက်ဘက်မှ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြပါသော မန္တလေးမြို့ (၇၉)လမ်း၊ (၃၅×၃၆လမ်းကြား)နေ ဒေါ်သန်းသန်းဌေး အားလည်းကောင်း၊ ဦးသိန်းထွန်း(မိုးပြည့်ထွန်းဆောက်လုပ်ရေး)-ဒေါ်မြိုင်မြိုင်အေး(ရေသန့်ဌာန၊ မြို့တော်စည်ပင်၊ မန္တလေး)၊ 79 batch AGTI (ကလော၊ မန္တလေး)မှ သူငယ်ချင်းများနှင့် မိတ်ဆွေသင်္ဂဟများအားလည်းကောင်း၊ ၂၀-၄-၂၀၁၉ ရက် (စနေနေ့)တွင် ရန်ကုန်မြို့ တာမွေမြို့နယ်၊ အမှတ်(၂၃၂)၊ (ပ)ထပ်၊ ကျိုက္ကဆံလမ်းနေအိမ်၌ပြုလုပ်သော ရက်လည်ဆွမ်းကျွေးတရားတော်နာတွင် မေတ္တာရှေ့ထားကြွရောက်၍ တရားဓမ္မဟောကြားချီးမြှင့်ဖြေသိမ့်ပေးပါသော တာမွေမြို့နယ်၊ နတ်ချောင်းရပ်ကွက်၊ သာသနာ့ဗေယျမင်္ဂလာပရိယတ္တိ စာသင်တိုက်မှ ဦးစီးပဓာနဆရာတော် ဘဒ္ဒန္တပညိန္ဒအမှူးပြုသော သံဃာတော်များအားလည်းကောင်း၊ နာရေးကိစ္စအဝဝအား ဝမ်းနည်းခြင်းနှင့်အတူ လူကိုယ်တိုင်လာရောက်တွေ့ဆုံနှစ်သိမ့်အားပေးခြင်း၊ လိုက်ပါမပို့ဆောင်နိုင်သော်လည်း Telephone၊ Facebook နှင့် E-mail တို့မှ သတင်းမေး ဆုတောင်းပေးကြသော ဆွေမျိုးမိတ်သင်္ဂဟသူငယ်ချင်းများအားလည်းကောင်း၊ ကွယ်လွန်သူအားရည်စူး၍ လှူဖွယ်ဝတ္ထုနှင့်သင်္ကန်းပန်းခြင်းပေးပို့ခြင်းအားလည်းကောင်း ကျန်ရစ်သူမိသားစုမှ အထူးပင်ကျေးဇူးတင်ရှိပါသည်။ လိုအပ်ချက်များ၊ မပြည့်စုံမှုများအတွက်လည်း နားလည်ခွင့်လွှတ်ပေးပါရန် လေးစားစွာဖြင့် တောင်းပန်အပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးခင်မောင် (တောင်ငူ)
### အသက် (၈၄) နှစ်

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့ (၂၃)ရပ်ကွက်၊ နယ်မြေ(၃)၊ ညောင်ပင်သာစာသင်ကျောင်းလမ်းနေ (ဒေါ်တင်ကြည်)၏ခင်ပွန်း၊ ဦးလှငွေ-ဒေါ်အေးအေးမူ၊ ဦးလှရွှေ-ဒေါ်မြမြထွန်း၊ ဦးစိုးနိုင်-ဒေါ်ခင်မိုးဦးတို့၏ဖခင်၊ မြေးရှစ်ယောက်၊ မြစ်တစ်ယောက်တို့၏အဘိုးသည် ၂၁-၄-၂၀၁၉ ရက် မွန်းတည့် ၁၂ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၄-၂၀၁၉ ရက် မွန်းလွဲ ၂ နာရီတွင် ညောင်ပင်သာသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးနေ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း
## ဦးခင်မောင်
### အသက် (၈၄) နှစ်

ဗိုလ်ကြီးလှရွှေ(ငြိမ်း) စာတည်းမှူး(မြန်မာ့အလင်းပုံနှိပ်တိုက်)-ဒေါ်မြမြထွန်းတို့၏ဖခင် ဦးခင်မောင် အသက်(၈၄)နှစ်သည် ၂၁-၄-၂၀၁၉ ရက်တွင် ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့ (၂၃)ရပ်ကွက်နေအိမ်၌ ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဗကသ(၉၈) ကျောင်းဆင်းသူငယ်ချင်းများ**

**အလ္လာဟ်သျှင်မြတ် အမိန့်တော်ခံယူခြင်း**
## မိုဟာမက်အာမက်(ခ)ဦးမြင့်
**လ/ထ ညွှန်ကြားရေးမှူး(ငြိမ်း)**
**ယာဉ်/စက် ရောင်းဝယ်ရေး/နယ်စပ်ကုန်သွယ်ရေး**
### အသက်(၇၇)နှစ်

ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ်၊ အမှတ်(၂၉၉)၊ မဟာဗန္ဓုလလမ်းနေ (ဦးအင်စမိုင်ခန်း-ဒေါ်မိုင်မွန်နေဆာဘီ)တို့၏ သား၊ ဒေါ်ခင်မြင့်နွယ်၏ ခင်ပွန်း၊ ဒေါက်တာဝင်းမြင့်စိုး-မခင်သန္တာဝင်း၊ ဦးထွန်းမင်းလွင်-မသူဇာဝင်းတို့၏ ဖခင်၊ ဝေယံမင်းလွင်၊ ဧကရီမင်းလွင်၊ ဟိန်းနန္ဒတို့၏ အဘိုးသည် ၂၀-၄-၂၀၁၉ (စနေနေ့) နံနက် ၁၁း၂၀ နာရီတွင် အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ရေဝေးသုသာန်၌ ပို့ဆောင်သင်္ဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း အလှူ့ဒါယကာကြီး**
## ဦးကျော်ညွန့် (၇၄) နှစ်
**B.E (Mechanical) (1969)**
**ညွှန်ကြားရေးမှူး (ငြိမ်း)၊ ဆည်မြောင်းဦးစီးဌာန**
**ဥက္ကဋ္ဌ၊ ဆည်မြောင်းဝန်ထမ်းဟောင်းများအသင်း**

မြင်းခြံမြို့နေ (ဦးဘိုဒွေး-ဒေါ်စီ)တို့၏သား၊ (ဦးမျှင်-ဒေါ်ကြည်)တို့၏သားသမက်၊ ရန်ကုန်မြို့ လှိုင်မြို့နယ်၊ (၁၂)ရပ်ကွက်၊ ပါရမီလမ်း၊ အမှတ်(၅/စ)နေ ဒေါ်ခင်အေးအေး၏ချစ်လှစွာသောခင်ပွန်း၊ ဦးကျော်ညွန့်ဦး(နိုင်ငံခြားရေးဝန်ကြီးဌာန)-ဒေါ်မေကျော်၊ USA နေ ဦးရဲကျော်-ဒေါ်နေဇော်လတ်၊ ဦးငြိမ်းကျော် (ဆည်မြောင်းဦးစီးဌာန)-ဒေါ်သဲယုမော်တို့၏ မွေးသဖခင်ကျေးဇူးရှင်၊ မြေးလေးယောက်တို့၏ ဘိုးဘိုးကြီး ဦးကျော်ညွန့်သည် ၂၀-၄-၂၀၁၉(စနေနေ့) ည ၈နာရီတွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန် သွားပါသဖြင့် ၂၂-၄-၂၀၁၉ (တနင်္လာနေ့) ညနေ ၅ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှ ကားများ ညနေ ၃ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၆-၄-၂၀၁၉ (သောကြာနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ရဟန်း ဒါယကာကြီး**
## ဦးတင်မြင့်(ခ)ဦးယုံးဝေ
### အသက်(၆၄)နှစ်

ရန်ကုန်မြို့ အလုံမြို့နယ်နေ (ဦးညောင်စိန်)-ဒေါ်ရီတို့၏ သားကြီး၊ (ဦးစီကို-ဒေါ်ကျင်မြိုင်)တို့၏ သားသမက်၊ ဒေါ်ရီရီမြင့်၏ မောင်၊ ဦးထွန်းမြင့်-ဒေါ်ကျင်ဟောက်၊ ဒေါ်လှလှမြင့်၊ ဦးလှမြင့်၊ ဒေါ်ဌေးဌေးမြင့်၊ ဒေါ်ထွေးထွေးမြင့်တို့၏ အစ်ကို၊ ရန်ကုန်မြို့ အင်းစိန်မြို့နယ်၊ အောင်ဆန်းရပ်ကွက်၊ မင်္ဂလာလမ်း၊ အမှတ်(၅၈၉)နေ ဒေါ်နီနီဝင်း(ခ) ဒေါ်ရှုဝါ ၏ ချစ်လှစွာသောခင်ပွန်း၊ ကိုစိုးငြိမ်းဇော်၊ မငြိမ်းငြိမ်းလွင်တို့၏ ချစ်လှစွာသော ဖခင် သည် ၂၁-၄-၂၀၁၉ (တနင်္ဂနွေနေ့) နံနက် ဝဝး၀၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၄-၂၀၁၉ (အင်္ဂါနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။ (အောင်ဆန်း နေအိမ်မှ ကားများ နံနက် ၁၁း၃၀ နာရီနှင့် ကီလီဆိုင်မှ ကားများ နံနက် ၁၀း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၇-၄-၂၀၁၉ (စနေနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး**
## ဒေါ်သူဇာ (ဗဟိုဘဏ်-ငြိမ်း)
### အသက် (၅၄) နှစ်

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်၊ (၅)ရပ်ကွက်၊ ရွှေနှင်းဆီလမ်း၊ အမှတ်(၇၁၈/ခ)နေ [ဦးအုံ(ကျောင်းအုပ်ကြီး-ငြိမ်း၊ အထက-၅၊ မင်္ဂလာတောင်ညွန့်)-ဒေါ်သန်းရီ (ဗဟိုဘဏ်-ငြိမ်း)]တို့၏သမီး ဒေါ်သူဇာ (ဗဟိုဘဏ်-ငြိမ်း)သည် ၂၀-၄-၂၀၁၉ (စနေနေ့) ည ၈း၀၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၄-၂၀၁၉ (တနင်္လာနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (အထက်ပါနေအိမ်မှကားများ နံနက် ၉း၁၅ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူ အားရည်စူး၍ ၂၆-၄-၂၀၁၉ (သောကြာနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## အနိစ္စ

**သထုံမြို့နယ်အသင်း (ရန်ကုန်)**
## ဒေါ်အုန်းကြည် (သထုံ)
### အသက် (၉၈) နှစ်

ရန်ကုန်မြို့ သင်္ဃန်းကျွန်းမြို့နယ်၊ နှင်းဆီကုန်း(က)ရပ်ကွက်၊ ဇေယျသုခလမ်း၊ တိုက်(၁၅၄)၊ ဒုတိယထပ်နေ သထုံမြို့နယ်အသင်းဝင်အမှတ်(၁၁၆၄) ဒေါ်ခင်လှမြင့်၏မိခင် ဒေါ်အုန်းကြည်သည် ၁၉-၄-၂၀၁၉ (သောကြာနေ့) ညနေ ၆း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၄-၂၀၁၉ (စနေနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း အသင်းသူ/အသင်းသားများအား အသိပေး အကြောင်းကြားအပ်ပါသည်။

အမှုဆောင်အဖွဲ့

## ဦးခင်အောင်
**ကပစ-၁၀(ငြိမ်း)၊ ကစလ(ငြိမ်း)**
### အသက် (၇၅) နှစ်

မန္တလေးတိုင်းဒေသကြီး၊ တောင်သာမြို့နယ်နေ (ဦးထွန်းရင်-ဒေါ်အေးဘုံ)တို့၏ သားကြီး၊ ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်၊ (၈)ရပ်ကွက်၊ အမှတ်(၅၆၉)၊ အခန်း (၉/က)၊ ကမ္ဘာအေးဘုရားလမ်းနေ ဒေါ်အုန်းလှ၏ချစ်လှစွာသောခင်ပွန်း၊ ကိုရဲမြင့်ဦး-မသက်သက်ထွန်း၊ ကိုကျော်မင်း-မထားထားနွယ်၊ ကိုသန်းထွေးအောင်-မယဉ်မင်းစိုးတို့၏ မွေးသဖခင်ကျေးဇူးရှင်၊ မြေးငါးယောက်တို့၏အဘိုးသည် ၂၁-၄-၂၀၁၉ (တနင်္ဂနွေနေ့) နံနက် ၈း၀၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၄-၂၀၁၉ (အင်္ဂါနေ့) ညနေ ၅ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှ ကားများ ညနေ ၃း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၇-၄-၂၀၁၉ (စနေနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**
## ဦးစိုးမြင့် (ကွန်ဖူးဆရာကြီး)
### အသက် (၇၅) နှစ်

ရန်ကုန်မြို့ ကမာရွတ်မြို့နယ်၊ (၅)ရပ်ကွက်၊ အောင်သုခလမ်း၊ အမှတ်(၃၁)နေ (ဦးသန်းရှိန်-ဒေါ်အေးကြည်)တို့၏သား၊ ဦးလှမျိုးအောင်-ဒေါ်စန်းစန်းဦး (ခ) ဒေါ်ချိုချိုစန်း၊ ဦးမြင့်ဌေး-ဒေါ်မြတ်မြတ်စိုး၊ ဦးမြင့်လွင်(ခ) ဦးငယ်လေး-ဒေါ်နီလာတို့၏ ဖခင်၊ မြေးလေးယောက်၊ မြစ်တစ်ယောက်တို့၏အဘိုး ဦးစိုးမြင့် (ကွန်ဖူးဆရာကြီး)သည် ၂၀-၄-၂၀၁၉ (စနေနေ့) ညနေ ၆း၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၄-၂၀၁၉ (တနင်္လာနေ့) မွန်းလွဲ ၁ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၆-၄-၂၀၁၉ (သောကြာနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**မြို့မကျောင်းသားကျောင်းသူဟောင်းအသင်း**
## ဦးကိုကိုဇော် (၆၄)နှစ်
**မြို့မကျောင်းသားဟောင်း**

ရန်ကုန်မြို့ စမ်းချောင်းမြို့နယ်၊ ကျွန်းတောကျောင်းလမ်း၊ အမှတ်(၃၅)၊ သုံးလွှာနေ ဒေါ်ခင်ဆွေဦး (ခရိုင်တရားသူကြီး-ငြိမ်း)၏ ခင်ပွန်းသည် ၁၈-၄-၂၀၁၉ (ကြာသပတေးနေ့) နံနက် ၆ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ညနေ ၄ နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း အသင်းဝင်များအား အကြောင်းကြားအပ်ပါသည်။

အလုပ်အမှုဆောင်အဖွဲ့
မြို့မကျောင်းသားကျောင်းသူဟောင်းအသင်း

**သံတွဲခရိုင်အသင်း(ရန်ကုန်)**
## ဦးစိန်သာအောင် (သံတွဲ) (၈၉)နှစ်
**သံတွဲခရိုင်အသင်းနာယကကြီး**

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်၊ အမှတ်(၁၄/A)၊ မြစပယ်ရိပ်သာလမ်း၊ ပါရမီနေ (ဦးကြီးအောင်-ဒေါ်ငွေစိန်)တို့၏ သားကြီး၊ ဒေါ်စောမြင့်၏ ခင်ပွန်း၊ (ဒေါ်သန်းဆွေ)၊ ဒေါ်အုန်းမေ၊ ဦးလှကျော်အောင်-ဒေါ်အေးကြွယ်၊ ဦးလှဇော်အောင်-ဒေါ်ခင်စောတင့်၊ ဦးရဲထွန်း-ဒေါ်ခင်ခင်ဝင်းတို့၏ အစ်ကိုကြီး၊ ဒေါ်လဲ့လဲ့နှင်း၊ ဒေါက်တာခင်ခင်နှင်း၊ ဦးတင်ထွဋ်အောင်တို့၏ ကျေးဇူးရှင်ဖခင်ကြီးသည် ၂၁-၄-၂၀၁၉ (တနင်္ဂနွေနေ့)တွင် ဝိတိုရိယဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၃-၄-၂၀၁၉ (အင်္ဂါနေ့) ညနေ ၄ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါ၍ သံတွဲခရိုင် အသင်းသူ/သားများ လိုက်ပါပို့ဆောင်ကြပါရန် အသိပေးအကြောင်းကြားအပ်ပါသည်။

အမှုဆောင်အဖွဲ့

## ဒေါ်ခင်မြင့်
### အသက်(၈၂)နှစ်

ရမည်းသင်းမြို့ သစ္စာလမ်းနေ [ဦးထွန်း-ဒေါ်အပိုင်(ကျိုက်မရောမြို့)] တို့၏ သမီး၊ ဦးလှမြိုင် (ခရိုင်လျှပ်စစ်အင်ဂျင်နီယာ-ငြိမ်း)၏ ချစ်လှစွာသောဇနီး၊ ဦးစိုးသိန်း (အမြဲတမ်းအတွင်းဝန်၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန)-ဒေါ်ချိုချိုဝင်း၊ (ဦးအောင်နိုင်)၊ ဦးဇော်မင်းကြူ-ဒေါ်မီမီခင် (စူပါဝမ်းစားသောက်ဆိုင်)၊ ဦးထူးငယ်-ဒေါ်ရွှေမိ (လမင်းဆန်စက်လုပ်ငန်း)တို့၏ ချစ်လှစွာသော မိခင်၊ မြေးခြောက်ယောက်တို့၏အဘွား ဒေါ်ခင်မြင့်သည် ၂၁-၄-၂၀၁၉ ရက် နံနက် ၁၀း၁၅ နာရီတွင် ကောင်းမြတ်သုခဆေးရုံ၊ ရမည်းသင်းမြို့၌ ကွယ်လွန်သွားပါသဖြင့် ၂၂-၄-၂၀၁၉ ရက် ညနေ ၄ နာရီတွင် ရမည်းသင်းမြို့သုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေး မိတ်ဆွေအပေါင်းတို့အား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဗိုလ်မှူးဝင်းမြင့် (ငြိမ်း)
### အသက်(၈၂)နှစ်
**လေ-၁၄၃၇**
**OTS-33**

အမှတ်(၁၉၅/၁)၊ ယင်းမာလမ်း၊ (၁၄/၃)ရပ်ကွက်မြင်သာ၊ တောင်ဥက္ကလာပမြို့နယ်နေ ဒေါ်ခင်ဆန်းမြင့်၏ ခင်ပွန်း၊ ဒေါက်တာသိင်္ဂီဝင်း၊ ဦးအေးချမ်းကျော်-ဒေါ်သန္တာဝင်းတို့၏ ဖခင်၊ မောင်ပိုင်ဖြိုးကျော်၊ မောင်သုတကျော်၊ မရတနာစံတို့၏ အဘိုး သည် ၂၁-၄-၂၀၁၉ (တနင်္ဂနွေနေ့) နံနက် ၆း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၄-၂၀၁၉ (အင်္ဂါနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးနေ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၁၀း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၇-၄-၂၀၁၉ (စနေနေ့) နံနက် ၈ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးစိုးမြတ်ထက်
### အသက် (၄၂) နှစ်

သံတွဲမြို့နယ်၊ (၄)ရပ်ကွက်၊ ရွှေဆံတော်ဘုရားလမ်း၊ အမှတ်(၅၂)နေ ဦးကျော်ခင်-ဒေါ်ခင်ရီတို့၏ သား၊ ဦးလှကိုဦး-ဒေါ်သင်းသင်းထိုက်တို့၏ ညီ/မောင်၊ မောင်စွမ်းဆောင်နိုင်လင်း၏ ဦးလေးသည် ၁၈-၄-၂၀၁၉ (ကြာသပတေးနေ့) နံနက် ၅း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့နံနက်တွင်ပင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၄-၄-၂၀၁၉ (ဗုဒ္ဓဟူးနေ့) နံနက်တွင် ဆွမ်း၊ သင်္ကန်းအစရှိသော ဒါတဗ္ဗဝတ္ထုအစုစုတို့ဖြင့် ဆက်ကပ်လှူဒါန်းအမျှအတန်းပေးဝေလိုပါသောကြောင့် မရမ်းကုန်းမြို့နယ်၊ (၃)ရပ်ကွက်၊ ရဲရန်အောင်(၄)လမ်း၊ အမှတ်(၆၇၂)နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ ကျောင်းတိုက် ဒါယိကာမကြီး**
## ဒေါ်သန်းရွှေ
### အသက်(၉၁)နှစ်

ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့ ပေါင်းတလည်မြို့နယ်၊ ရွာမကြီးကျေးရွာနေ (ဦးအုန်းမောင်-ဒေါ်အုန်းမေ)တို့၏ သမီး၊ ရန်ကုန်မြို့ သင်္ဃန်းကျွန်းမြို့နယ်၊ ဝေဇယန္တာလမ်း၊ မိချောင်းကန်အပိုင်း (၁) ရပ်ကွက်၊ အခန်း 7/C-(D)နေ (ဦးစောလှမောင်)၏ ဇနီး၊ ဦးတင်ဝင်းလွင်၊ (ဦးခင်မောင်လတ်)-ဒေါ်အေးအေးမြင့်၊ ဦးကျော်ကျော်၊ ဒေါ်ဌေးဌေးဝင်း၊ ဦးအောင်ကျော်စိုး-ဒေါ်အေးအေးသန့်၊ ဦးရဲဝင်း-ဒေါ်ဌေးဌေးရီတို့၏ မွေးသမိခင်၊ မြေးကိုးယောက်၊ မြစ်ရှစ်ယောက်တို့၏ ဘွားဘွားကြီး၊ ရန်ကုန်မြို့ ခြောက်ထပ်ကြီး ဘုရားကြီးတိုက် ဓမ္မသီတဂူတိုက်ကျောင်းအမကြီး ဒေါ်သန်းရွှေသည် ၂၁-၄-၂၀၁၉ (တနင်္ဂနွေနေ့) နံနက် ၃း၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၇-၄-၂၀၁၉ (စနေနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**
## ဦးမြင့်ဆွေ (ဘဘကြီးကျူရှင်)
### အသက်(၆၉)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ အဖျောက်မြို့နေ (ဦးကြင်ဟန်-ဒေါ်သန်းသန်း)တို့၏ သားကြီး၊ ဘိုကလေးမြို့နေ (ဦးချစ်လွင်)-ဒေါ်တင်ညွန့်တို့၏ သားသမက်၊ (ဦးစိန်သောင်း)-ဒေါ်တင်တင်နွဲ့တို့၏ မောင်၊ ဦးတင့်ဆွေ-ဒေါ်တင်အုန်း၊ ဦးမြင့်သန်း၊ (ဦးဝင်းမောင်)၊ ဦးခင်မောင်ကြည်-ဒေါ်သန်းသန်း၊ ဦးခင်မောင်ရီ-ဒေါ်မြင့်မြင့်စံ၊ (ဦးကြင်မောင်ထွေး)-ဒေါ်ထွေးထွေးရီ၊ ဦးဝင်းနိုင်-ဒေါ်မာဦးတို့၏ အစ်ကို၊ မောင်နေလင်း-မဇင်မွန်စိုး၊ Dr.ကောင်းမြတ်ကျော်-Dr.မြင့်မီမီ၊ ဗိုလ်ကြီးလွှမ်းမိုးတို့၏ မွေးသဖခင်၊ မောင်လျှမ်းထက်အောင်၏ အဘိုး၊ ရန်ကုန်မြို့ လှိုင်သာယာမြို့နယ်၊ အဆင့်မြင့်(၅)ရပ်ကွက်၊ နဝရတ်(၂)လမ်း၊ အမှတ်(၇၅၆)နေ ဒေါ်ကြည်ကြည်လွင်၏ ခင်ပွန်းသည် ၂၀-၄-၂၀၁၉ (စနေနေ့) ညနေ ၇း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၄-၂၀၁၉ (တနင်္လာနေ့) ညနေ ၃ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၆-၄-၂၀၁၉ (သောကြာနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့ ULAN-UDE Aviation Plant ၌ တာဝန်ရှိသူများနှင့် တွေ့ဆုံစဉ်။

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရုရှားနိုင်ငံ အူလန်အူဒယ်မြို့၌ ရဟတ်ယာဉ်ထုတ်လုပ်မှု ကြည့်ရှုလေ့လာ

**နေပြည်တော် မေ ၂၂**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီး Army General Sergey Kuzhugetovich Shouigu နှင့် ရုရှား-မြန်မာစစ်ဘက်နည်းပညာပူးပေါင်းဆောင်ရွက်ရေးကော်မတီ၏ ဖိတ်ကြားချက်အရ ရုရှားဖက်ဒရေးရှင်းနိုင်ငံ အူလန်အူဒယ်မြို့၌ ချစ်ကြည်ရေးခရီးရောက်ရှိနေသည့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်အဖွဲ့သည် မေ ၂၀ ရက် ညနေပိုင်းတွင် ULAN-UDE Aviation Plant ၌ ရဟတ်ယာဉ်များ ထုတ်လုပ်နေမှုအခြေအနေအား သွားရောက်ကြည့်ရှုလေ့လာကြသည်။

**လှည့်လည်ကြည့်ရှု**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့သည် စက်ရုံအတွင်းရဟတ်ယာဉ်များ တပ်ဆင်ထုတ်လုပ်နေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုပြီး စက်ရုံမှထုတ်လုပ်သည့်

**စာမျက်နှာ ၇ ကော်လံ ၁ သို့**

# မြန်မာကရာတေးအဖွဲ့ ဂျပန်တွင် ရွှေတံဆိပ်သုံးခုရရှိ

**တိုကျို မေ ၂၁**

IKO Myanmar ကရာတေးဆရာကြီး ရှီဟန် ဦးမင်းလွင် ဦးဆောင်သည့် မြန်မာကရာတေးအဖွဲ့သည် မေ ၂၀ နှင့် ၂၁ ရက်တို့က ဂျပန်နိုင်ငံ တိုကျိုမြို့တွင် ကျင်းပသည့် International Karate Friendship Tournament 2019 သို့ သွားရောက်ယှဉ်ပြိုင်ကြရာ ရွှေတံဆိပ်သုံးခု ဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။

**ဝင်ရောက်ယှဉ်ပြိုင်**

အဆိုပါပြိုင်ပွဲသို့ အိမ်ရှင်ဂျပန်နိုင်ငံက ပြိုင်ပွဲအမျိုးအစားတိုင်းတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ရုရှား၊ ဟန်ဂေရီ၊ ပိုလန် အပါအဝင် နိုင်ငံပေါင်း ၄၀ မှ အားကစားသမားပေါင်း ၁၇၀၀ ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။ မြန်မာနိုင်ငံမှ ပြိုင်ပွဲဝင်ရန် လူငယ်ကစားသမား ခုနစ်ဦး (အမျိုးသား ငါးဦး၊ အမျိုးသမီးနှစ်ဦး)လိုက်ပါသွားရာ ဆိုင်းလတ်အောင် (အမျိုးသား အသက် ငါးနှစ်တန်း ပြိုင်ပွဲ)၊ ဆန်းမိုင်နူး (အမျိုးသမီး အသက် ခုနစ်နှစ်တန်း)၊ မရမ်ဂျာလ(အမျိုးသား ရှစ်နှစ်တန်း) တို့က ရွှေတံဆိပ်များ ဆွတ်ခူးခဲ့ကြခြင်းဖြစ်သည်။ **(အောက်ပုံ)**

**စာမျက်နှာ ၁၁ ကော်လံ ၁ သို့**



ကြေးမုံ နိုင်ငံတော်သမ္မတ၏ ပြည်သူ့အတွက် တတိယ (၁) နှစ်တာ

## ပြည်သူ့အတွက် တတိယ(၁)နှစ်တာ အချပ်ပိုပါရှိ

ယနေ့ထုတ် ကြေးမုံသတင်းစာတွင် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် စက်မှုဝန်ကြီးဌာနတို့၏ တတိယ(၁)နှစ်တာ ကာလအတွင်း ဆောင်ရွက်ချက်များကို အချပ်ပို (၈)မျက်နှာဖြင့် ဖော်ပြထားပါသည်။



ရခိုင်ပြည်နယ် စစ်တွေပွိုင့်ကမ်းခြေတွင် မေ ၂၂ ရက်က ပြည်တွင်း၊ ပြည်ပ ခရီးသွားဧည့်သည်များဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။ ဓာတ်ပုံ - သန့်စင်ဝင်း



# အလုပ်အကိုင်များဖော်ဆောင်ခြင်းနှင့် မှန်ကန်သော လူဦးရေကိန်းဂဏန်းများရရှိရေး ကြိုးစားပုံဖော်

ဆောင်းပါး - မေဦးမိုး၊ ဓာတ်ပုံစုစည်း - အေးသန်း

**အရွယ်ရောက်ပြီးသူတိုင်း စား၊ ဝတ်၊ နေရေးအတွက် အလုပ်အကိုင်အခွင့်အလမ်းကို မျှော်လင့်ကြသည်။ ရှာဖွေကြသည်။ လုပ်သားများသည် သင့်တော်ကောင်းမွန်၍ လုံခြုံစိတ်ချရသည့်၊ တရားမျှတသည့် လုပ်ငန်းခွင်သို့ရောက်ရှိပြီး အရည်အချင်းနှင့် ကိုက်ညီမှုရှိသည့် အလုပ်အကိုင်ကို ရရှိနိုင်မှသာ နိုင်ငံတိုးတက်မြင့်မားမည်ဖြစ်ပါသည်။**


ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ

"အလုပ်လိုချင်ရင် အရင်က ရန်ကုန်ကိုတက်လာရတယ်။ နိုင်ငံခြားသွားမယ်ဆိုရင်လည်း ရန်ကုန်ကိုပဲ အရင်ဆုံးရောက်အောင်လာရတယ်။ ပြီးတော့မှချိတ်ဆက်ရတာ။ အခုနောက်ပိုင်းမှာ တော်တော်လေးအဆင်ပြေလာတယ်။ အလုပ်သမားရုံးတွေကနေချိတ်ဆက်နိုင်သလို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနကနေ ဦးဆောင်ပြီး အလုပ်အကိုင်ပြပွဲတွေကို လုပ်ပေးတယ်။ ပြည်တွင်း၊ ပြည်ပအလုပ်အကိုင်တွေကို ချိတ်ဆက်လို့ လွယ်ကူလာတယ်။ ယခုနောက်ပိုင်းမှာ ပြည်ပကို အလုပ်လုပ်မယ်ဆိုရင် အချက်အလက်တွေ၊ လုပ်ငန်းတွေအကြောင်းကို နီးစပ်ရာအလုပ်သမားရုံးတွေရဲ့ အကူအညီနဲ့ ပိုပြီးသိခွင့်ရလာတာက ကောင်းတဲ့ အကျိုးကျေးဇူးလို့ ထင်ပါတယ်။ ယခုဂျပန်သွားဖို့အတွက် ဂျပန်စာကို ကျွမ်းကျင်အောင်လေ့ကျင့်ရင်း တစ်ဖက်မှာလည်း အလုပ်အကိုင်ပြပွဲကနေရရှိတဲ့ အလုပ်တစ်ခုမှာ ဝင်ရောက်လုပ်ကိုင်နေပါတယ်"ဟု မအူပင်မြို့နယ်ဇာတိ ဂျပန်နိုင်ငံသို့ သွားရောက်အလုပ်လုပ်ကိုင်ရန် ပြင်ဆင်နေသူ မသဉ္ဇာမျိုးညွန့်က ပြောသည်။

သူသည် အစိုးရ၏တတိယ(၁)နှစ်တာအတွင်း ၁၀ ကြိမ်ခန့်ကျင်းပပေးခဲ့ပြီး လူဦးရေ ၂၂၁၀ အလုပ်ပေးအပ်နိုင်ခဲ့သည့် အလုပ်အကိုင်အခွင့်အလမ်းပြပွဲမှတစ်ဆင့် သူ့ဘဝကို ပုံဖော်ထားသူတစ်ဦးလည်း ဖြစ်သည်။

**ပြည်ပကိုတရားဝင်သွားပါ**

မြန်မာနိုင်ငံနဲ့ ဂျပန်နိုင်ငံတို့အကြား နည်းပညာအလုပ်သင် သင်တန်းသား လေ့ကျင့်ရေး အစီအစဉ်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာကို သံတမန်နည်းလမ်းများနှင့်အညီ ၂၀၁၈ ခုနှစ် ဧပြီ ၁၉ ရက်တွင် လက်မှတ်ရေးထိုးနိုင်ခဲ့ပြီဖြစ်သည်။ ဂျပန်နိုင်ငံက သက်ကြီးရွယ်အိုများနှင့် နာမကျန်းသူများကို စောင့်ရှောက်နိုင်ရေးအတွက် အလုပ်သမားစေလွှတ်ရန်အပြင် ပြည်ပနိုင်ငံထံ အိမ်တွင်းအထောက်အကူလုပ်သားများ အပါအဝင် အထွေထွေလုပ်သားများ သွားရောက်အလုပ်လုပ်ကိုင်နိုင်ရေးအတွက် ပညာရေး၊ ကျန်းမာရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ အစည်းအဝေးများမှတစ်ဆင့် သဘောတူခွင့်ပြုမှုများ လုပ်ဆောင်ပေးလျက်ရှိကြောင်း အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ သိရှိရသည်။

"ပြည်တွင်း အလုပ်အကိုင်ပေးနိုင်တဲ့ ပမာဏဆိုရင် ၂၀၁၈ ခုနှစ် ဧပြီ ၁ ရက်ကနေ ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီ ၂၈ ရက်အထိ အစိုးရဌာနဆိုင်ရာတွေမှာ အလုပ်အကိုင်အခွင့်အလမ်း ၉၀၅၄ ခု၊ ပုဂ္ဂလိကကဏ္ဍမှာ ၂၁၆၇၉၁ ခုအထိ ပေးနိုင်ခဲ့ပါတယ်။ ပြည်ပအလုပ်အကိုင် ခန့်အပ်ပေးနိုင်မှုအနေအထားက ပြည်ပအလုပ်အကိုင်ဆိုင်ရာ ဥပဒေအရ ပြည်ပအလုပ်အကိုင် အကျိုးဆောင်လိုင်စင်ရအေဂျင်စီ ၂၆၉ ခုကနေတစ်ဆင့် ပြည်ပနိုင်ငံပေါင်းကိုးနိုင်ငံကို အထောက်အထားပြည့်စုံစွာနဲ့ အလုပ်သမား ၂၂၈၁၆၂ ဦး စေလွှတ်ပေးနိုင်ခဲ့ပါတယ်"ဟု ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက တတိယ(၁)နှစ်တာ ဖြတ်သန်းမှုများအကြောင်းကို ပြောကြားရာတွင် ထည့်သွင်းဖြေကြားသည်။

ကိုရီးယားသမ္မတနိုင်ငံသို့ Employment Permit System (EPS) စနစ်ဖြင့် မြန်မာအလုပ်သမားများ သွားရောက်လုပ်ကိုင်နိုင်ရန် နှစ်နိုင်ငံအစိုးရချင်း နားလည်မှုစာချွန်လွှာကို ဝန်ကြီးဌာနမှ ၂၀၁၈ ခုနှစ် ဒီဇင်ဘာလ ၅ ရက်တွင် ထပ်မံလက်မှတ်ရေးထိုးခဲ့သည်။ ပြည်ပနိုင်ငံများဖြစ်သည့် ဟောင်ကောင်၊ မကာအို၊ စင်ကာပူနှင့် ထိုင်းနိုင်ငံရှိ အိမ်တွင်းအထောက်အကူလုပ်ငန်းသို့ ပြည်ပအလုပ်အကိုင်အကျိုးဆောင်လိုင်စင်ရ အေဂျင်စီများမှ သတ်မှတ်ချက်များနှင့်အညီ အိမ်တွင်း

အထူးကဏ္ဍ [ ခ ] သို့ »»


ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပြည်ပခရီးသည်များအား လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ စစ်ဆေးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို တွေ့ရစဉ်။

»»» အထူးကဏ္ဍ [ က ] မှ

အထောက်အကူလုပ်သားများ စေလွှတ်ခွင့်အား ၂၀၁၉ ခုနှစ် မတ် ၅ ရက်တွင် ကျင်းပပြုလုပ်ခဲ့သည့် ပညာရေး၊ ကျန်းမာရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးကော်မတီအစည်းအဝေးတွင် ဆုံးဖြတ်ခဲ့သည်။

**နိုင်ငံသားအထောက်အထားသာတင်ပြပါ**

ပြည်တွင်း၊ ပြည်ပ အလုပ်လုပ်ကိုင်သူများအတွက် လုံခြုံစိတ်ချဘေးကင်းမည့် လုပ်ငန်းခွင်ဖြစ်ရေးအတွက် အထူးကြိုးပမ်းလျက်ရှိကြောင်း အဆိုပါဝန်ကြီးဌာနမှ သိရှိရပြီး ယခုနှစ်အတွင်း ထိုင်းနိုင်ငံမှ ထုတ်ပေးထားသည့် ယာယီနေထိုင် အလုပ်လုပ်ကိုင်ခွင့်လက်မှတ် (ဘတ်ကတ်) TR-38 ကိုင်ဆောင်ကာ အလုပ်လုပ်ကိုင်နေကြသည့် မြန်မာအလုပ်သမားများအနက် နိုင်ငံသားအထောက်အထား တင်ပြနိုင်သည့် အလုပ်သမားများအား ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံရုံးရှိ သာမန်နိုင်ငံကူးလက်မှတ်ထုတ်ပေးရေးဌာနစိတ်တွင် သာမန်နိုင်ငံကူးလက်မှတ်များ ထုတ်ပေးလျက်ရှိပြီး ၂၀၁၈ ခုနှစ် ဧပြီ ၁ ရက်မှ ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီ ၂၈ ရက်အထိ လူဦးရေ ၇၃၃၀ ကို ပေးအပ်ထားကြောင်း ဝန်ကြီးဌာန၏ ကိန်းဂဏန်းအချက်အလက်များအရ သိရှိရသည်။

"ထိုင်းနိုင်ငံသို့ရောက်ရှိနေပြီး နိုင်ငံသားအထောက်အထား တင်ပြနိုင်ခြင်းမရှိတဲ့ မြန်မာအလုပ်သမားတွေကို မည်သူမည်ဝါဖြစ်ကြောင်း သက်သေခံလက်မှတ် (Certificate of Identity-CI) ထုတ်ပေးနေပါတယ်။ ထုတ်ပေးရေးစခန်း ကိုးခုနဲ့ ရွေ့လျားအဖွဲ့ နှစ်ဖွဲ့က အလုပ်သမားတွေဆီအရောက် ဆောင်ရွက်ပေးခဲ့တဲ့အတွက် ၂၀၁၈ ခုနှစ် မတ် ၁၁ ရက်ကနေ ၂၀၁၈ ခုနှစ် ဇွန် ၃၀ ရက်အတွင်း လူဦးရေ ၆၆၄၁၂ ဦးကို CI လက်မှတ်ထုတ်ပေးနိုင်ခဲ့ပါတယ်။ ၂၀၁၈ ခုနှစ် ဇူလိုင်လမှာ အစီအစဉ်ရပ်ဆိုင်း ခဲ့ပြီး ထိုင်းနိုင်ငံ သာမန်နိုင်ငံကူးလက်မှတ်ထုတ်ပေးရေးဌာနစိတ်၊ CI စခန်းတွေနဲ့



မန္တလေးမြို့၌ လူမှုဖူလုံရေး-မြို့တော်အထွေထွေရောဂါကုဆေးခန်း ဖွင့်ပွဲကျင်းပစဉ်။

ရန်ကုန်နဲ့ မြဝတီမြို့တွေမှာ ရွှေ့ပြောင်းအလုပ်သမားတွေကို ပြည်ပအလုပ်အကိုင်သက်သေခံကတ်ပြား (OWIC) တွေကို ၂၀၁၈ ခုနှစ် ဧပြီ ၁ ရက်ကနေ ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီ ၂၈ ရက်အထိ လူဦးရေ ၂၆၃၁၃၅ ဦးကို ထုတ်ပေးနိုင်ခဲ့တဲ့အတွက် ကိုယ့်နိုင်ငံက အလုပ်သမားတွေ အထောက်အထား ပြည့်ပြည့်စုံစုံနဲ့ အလုပ်လုပ်ကိုင်ခွင့်ရရှိပြီး တစ်ဖက်နိုင်ငံရဲ့ အလုပ်သမားအခွင့်အရေးတွေ အပြည့်အဝရရှိခွင့်ရခဲ့လို့ ဝမ်းမြောက်မိတယ်"ဟု ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက အလုပ်သမားရေးရာ ကိစ္စရပ်များအတွက် အကောင်အထည်ဖော်မှုအကြောင်းကို ပြောကြားရာတွင် ထည့်သွင်းပြောကြားသည်။

ရွှေ့ပြောင်းသွားလာခြင်းတွင် လုံခြုံစိတ်ချမှုရရှိစေရေးအတွက် ရွှေ့ပြောင်းလုပ်သားများ ထောက်ပံ့ရေးဗဟိုဌာန (MRC) ရုံးခန်းများကို ဖွင့်လှစ်လျက်ရှိရာ ပြီးခဲ့သည့် ၂၀၁၈ ခုနှစ် ဒီဇင်ဘာလအတွင်း နောက်ဆုံးဖွင့်လှစ်ခဲ့သည့် တောင်ကြီးမြို့ MRC ရုံး အပါအဝင် MRC ရုံးခွဲပေါင်း တစ်နိုင်ငံလုံးတွင် ၁၄ ရုံးအထိ ဖွင့်လှစ်ထားခဲ့ကြောင်း သိရသည်။ ယင်းရုံးများမှ ပြည်ပတွင် အလုပ်လုပ်ကိုင်ရန် ရည်ရွယ်ထားသည့် အလုပ်သမားများအတွက် သိသင့်သိထိုက်သည့် အချက်အလက်များကို အသိပညာများပေးဝေနေပြီး အလုပ်သမားများ သိရှိလိုသည့် အချက်အလက်များကို ရှာဖွေဖြေကြားပေးသည့် လုပ်ငန်းစဉ်များကို နေ့စဉ်ဆောင်ရွက်လျက်ရှိသည်ကို မြင်တွေ့ရသည်။

**ILO ရေးရာကိစ္စရပ်များဆောင်ရွက်**

၂၀၁၈ ခုနှစ် မေ ၂၈ ရက်မှ ဇွန် ၈ ရက်အထိ ကျင်းပခဲ့သော (၁၀၇)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာ ညီလာခံသို့ ပြည်ထောင်စုဝန်ကြီး ခေါင်းဆောင်သော သုံးပွင့်ဆိုင် မြန်မာကိုယ်စားလှယ်အဖွဲ့တက်ရောက်၍ မျက်နှာစုံညီအစည်းအဝေး၌ ပြည်ထောင်စုဝန်ကြီးနှင့် အလုပ်ရှင်၊ အလုပ်သမားကိုယ်စားလှယ်များ မိန့်ခွန်းပြောကြားခြင်း၊ အလုပ်သမားရေးရာနှင့်ပတ်သက်၍ ပူးပေါင်းဆောင်ရွက်လျက်ရှိသော အဖွဲ့အစည်းများ၊ နိုင်ငံများမှ ကိုယ်စားလှယ်များနှင့် တွေ့ဆုံဆွေးနွေးခြင်းများ ပြုလုပ်ခဲ့ကြောင်းသိရှိရသည်။

အဓမ္မခိုင်းစေမှုပပျောက်ရေး နောက်ဆက်တွဲနားလည်မှုစာချွန်လွှာ(SU)ကို မြန်မာအစိုးရနှင့် ILO တို့ ၂၀၀၇ ခုနှစ်မှစတင်၍ စမ်းသပ်ကာလ (၁)နှစ်စီ သက်တမ်းတိုးလက်မှတ်ရေးထိုး၍ အဓမ္မခိုင်းစေမှုတိုင်ကြားချက်များကို ဖြေရှင်းဆောင်ရွက်လျက်ရှိရာ ၂၀၁၈ ခုနှစ် ဇန်နဝါရီလတွင် သက်တမ်းတိုးနိုင်ခဲ့ပြီး အဓမ္မခိုင်းစေမှုပပျောက်ရေးလုပ်ငန်းစီမံချက်(၂၀၁၈)ကို ၂၀၁၈ ခုနှစ် ဒီဇင်ဘာလအထိ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည်။

**ဥပဒေများပြင်ဆင်ခြင်းနှင့် အသစ်ရေးဆွဲမှုဆောင်ရွက်**

ဝန်ကြီးဌာနက အလုပ်သမားရေးရာဥပဒေ ၁၄ ခု ကျင့်သုံးလျက်ရှိပြီး နိုင်ငံခြားသားအလုပ်သမားဥပဒေနှင့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး ဥပဒေများကို အသစ်ထပ်မံရေးဆွဲ၍ ပြဋ္ဌာန်းနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။ နိုင်ငံခြားသားအလုပ်သမားဥပဒေ(မူကြမ်း)ကို ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ သဘောထားမှတ်ချက်နှင့်အညီ ဌာနတွင်းဆွေးနွေးလျက်ရှိပြီး လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဥပဒေ(မူကြမ်း)ကို အတည်ပြုပြဋ္ဌာန်းနိုင်ရေးအတွက် ၂၀၁၈ ခုနှစ် မတ်လတွင် ကျင်းပသည့် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး၌ အဆိုတင်သွင်းခဲ့ရာ ယခုနှစ် မတ်လတွင် ကျင်းပသည့် ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး၌ ဆွေးနွေးအတည်ပြုခဲ့ကြောင်း သိရှိရသည်။

၂၀၁၂ ခုနှစ်တွင် ပြဋ္ဌာန်းပြီးဖြစ်သည့် အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေပြဋ္ဌာန်းနိုင်ရေး ၂၀၁၈ ခုနှစ် ဒီဇင်ဘာလတွင် ကျင်းပသည့် အမျိုးသားလွှတ်တော်မှ ပြည်ထောင်စုလွှတ်တော်သို့ပေးပို့၍ ဥပဒေကြမ်းကော်မတီတွင် ဆွေးနွေးခဲ့သည်။ ၂၀၁၉ ခုနှစ် ဇန်နဝါရီလတွင် ကျင်းပသည့် ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော်တွင် ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီမှ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်များပါဝင်သည့် ကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားပြီး ပြည်ထောင်စုလွှတ်တော်တွင် ပြင်ဆင်ချက်အဆို တင်သွင်းဆွေးနွေးလိုသည့် ကိုယ်စားလှယ်လောင်းများ၏ အမည်စာရင်းတင်သွင်းနိုင်ကြောင်းကို

အထူးကဏ္ဍ [ ဂ ] သို့ »»»

"**အဓမ္မခိုင်းစေမှု ပပျောက်ရေး နောက်ဆက်တွဲ နားလည်မှုစာချွန်လွှာ(SU)ကို မြန်မာအစိုးရနှင့် ILO တို့ ၂၀၀၇ ခုနှစ်မှ စတင်၍ စမ်းသပ်ကာလ(၁)နှစ်စီ သက်တမ်းတိုး လက်မှတ်ရေးထိုး၍ အဓမ္မခိုင်းစေမှုတိုင်ကြားချက်များကို ဖြေရှင်းဆောင်ရွက်လျက်ရှိရာ ၂၀၁၈ ခုနှစ် ဇန်နဝါရီလတွင် သက်တမ်းတိုးနိုင်ခဲ့ပြီး အဓမ္မခိုင်းစေမှုပပျောက်ရေး လုပ်ငန်းစီမံချက်(၂၀၁၈)ကို ၂၀၁၈ ခုနှစ် ဒီဇင်ဘာလအထိ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့**"



ပင်လယ်ကူးသင်္ဘောဖြင့် ပြည်ပသို့ ပြန်လည်ထွက်ခွာမည့် နိုင်ငံခြားသားများအား လူဝင်မှုကြီးကြပ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

»»» အထူးကဏ္ဍ [ ခ ] မှ

ကြေညာထားခဲ့သည်။

**ဆိုက်ရောက်နိုင်ငံများတွင်
အလုပ်သမားသံအရာရှိများ ခန့်အပ်**

ပြည်ပနိုင်ငံများတွင် သွားရောက်လုပ်ကိုင်နေကြသည့် မြန်မာရွှေ့ပြောင်းအလုပ်သမားများကို သက်ဆိုင်ရာနိုင်ငံများ၏ အလုပ်သမားဥပဒေများ၊ အကျိုးခံစားခွင့်များ ရရှိစေရေးနှင့် လုံခြုံစိတ်ချစွာ လုပ်ကိုင်နိုင်ကြရန်နှင့် လူကုန်ကူးခံရခြင်း တားဆီးကာကွယ်နိုင်ရေးအတွက် ထိုင်းနိုင်ငံ၌ အလုပ်သမားသံအရာရှိ ငါးဦး၊ မလေးရှားနိုင်ငံတွင် နှစ်ဦးနှင့် ကိုရီးယားသမ္မတနိုင်ငံတို့တွင် တစ်ဦး ခန့်ထားပေးပြီး အလုပ်သမားအရေးကိစ္စများအတွက် ကူညီဖြေရှင်းပေးလျက်ရှိကြောင်း၊ အလုပ်သမားသံအရာရှိများ စေလွှတ်နိုင်ခြင်း မရှိသည့်နိုင်ငံများတွင်မူ သက်ဆိုင်ရာ မြန်မာသံရုံးနှင့် ဆက်သွယ်ညှိနှိုင်းပြီး ရွှေ့ပြောင်းအလုပ်သမားအရေးကိစ္စများအတွက် လုံခြုံစိတ်ချစေရေးအတွက် အလေးထားဆောင်ရွက်ပေးလျက်ရှိကြောင်း ဝန်ကြီးဌာနမှ သိရှိရသည်။

ထို့ပြင် ပြည်တွင်းအလုပ်သမားများအတွက်လည်း အနည်းဆုံးအခကြေးငွေကို ထပ်တိုး သတ်မှတ်ပေးနိုင်ခဲ့သည့်အပြင် အလုပ်သမားအခွင့်အရေးများ ပိုမိုရရှိစေရေးအတွက် အရည်အသွေးမြှင့်တင်ခြင်းများကိုလည်း ဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။ “နေရာဒေသနဲ့ လုပ်ငန်းအမျိုးအစားမခွဲခြားဘဲ တစ်နိုင်ငံလုံးမှာ တစ်ပြေးညီ တစ်ရက် ၈ နာရီအတွက် လုပ်အားခကို ငွေကျပ် ၄၈၀၀ နှုန်း သတ်မှတ်နိုင်ခဲ့တာဟာလည်း အလုပ်သမားတွေအတွက် လုပ်ဆောင်ချက်တွေထဲကတစ်ခုဖြစ်ပါတယ်”ဟု အနည်းဆုံးအခကြေးငွေကို ၂၀၁၈ ခုနှစ်တွင် တိုးမြှင့်သတ်မှတ်ခဲ့ခြင်းအပေါ် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ အမြဲတမ်းအတွင်းဝန် ဦးမျိုးအောင်က ပြောကြားသည်။

**လုပ်သားစာရင်းများ
အချိန်ခွဲကာကောက်ယူစုစည်း**

နှစ်နှစ်တစ်ကြိမ် ကောက်ယူခဲ့သည့် လုပ်သားစာရင်းများကိုလည်း ယခုနှစ် ၂၀၁၉ ခုနှစ်အတွင်း ကောက်ခံမည်ဖြစ်ပြီး နှစ်နှစ်ကို တစ်ကြိမ်နှုန်းဖြင့် ကောက်ခံခြင်းဖြစ်ကြောင်း သိရှိရသည်။ “တစ်ကြိမ်ကောက်မယ်ဆိုရင် လုပ်သားတွေရဲ့အလုပ်လုပ်နိုင်တဲ့ ကာလကိုလည်း ထည့်သွင်းတွက်ချက်တာကြောင့် တစ်နှစ်မှာ နှစ်ချိန်ခန့်ခွဲပြီးကောက်ခံမှာဖြစ်ပါတယ်”ဟု ဦးမျိုးအောင်က ရှင်းပြသည်။

အလုပ်သမားရေးရာ ကိစ္စရပ်များကို အစိုးရ၊ အလုပ်ရှင်နှင့် အလုပ်သမားသုံးပွင့်ဆိုင်ပူးပေါင်းဆောင်ရွက်မှုစနစ်ဖြင့် အရှိန်အဟုန်မြှင့်ဆောင်ရွက်နိုင်ရန်နှင့် Decent Work Agenda ကို အကောင်အထည်ဖော်ရန်အတွက် အမျိုးသားအဆင့် သုံးပွင့်ဆိုင်အဖွဲ့ (National Tripartite Body- NTB) ကို ၂၀၁၆ ခုနှစ်တွင် ဖွဲ့စည်းခဲ့ပြီး ၂၀၁၈ ဒီဇင်ဘာအထိ အမျိုးသားအဆင့် သုံးပွင့်ဆိုင်ဆွေးနွေးပွဲ (၁၁)ကြိမ်ကျင်းပ၍ အလုပ်သမားရေးရာကိစ္စရပ်များ ဆွေးနွေးအတည်ပြုဆုံးဖြတ်ခြင်းများဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။ Decent Work Country Programme ရေးဆွဲနိုင်ရေးအတွက် DWCP-TWG အစည်းအဝေး ခြောက်ကြိမ်ကျင်းပ၍ ဦးစားပေးလုပ်ငန်းစဉ်များ သတ်မှတ်ခြင်း၊ လေ့လာဆန်းစစ်မှုများ ပြုလုပ်ခြင်း၊ DWCP-TWG အဖွဲ့ဝင်များကို စွမ်းဆောင်ရည်တည်ဆောက်ခြင်းတို့ ပြုလုပ်ခဲ့ရာ အလုပ်ရုံဆွေးနွေးပွဲတစ်ကြိမ်နှင့် သက်ဆိုင်သည့်ဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များနှင့် Consultation Workshop တစ်ကြိမ် ကျင်းပခဲ့ပြီး Decent Work Country Programme (2018-2021)ကို ကိုးကြိမ်မြောက် အမျိုးသားအဆင့်သုံးပွင့်ဆိုင်ဆွေးနွေးပွဲတွင် အတည်ပြုကာ ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမားကိုယ်စားလှယ်များနှင့် ILO တို့ ၂၀၁၈ စက်တင်ဘာ ၂၁ ရက်တွင် MoU လက်မှတ်ရေးထိုး၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

ထို့ပြင် National Complaint Mechanism ထူထောင်နိုင်ရေးအပါအဝင် အဓမ္မစေခိုင်းမှုပပျောက်ရေး လုပ်ငန်းစီမံချက် ၂၀၁၉-၂၀၂၁ မူကြမ်းရေးဆွဲအတည်ပြုနိုင်ရန်လည်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကျွမ်းကျင်လုပ်သားများစစ်ဆေးအကဲဖြတ်**

၂၀၁၈ ခုနှစ် ဧပြီ ၁ ရက်မှ ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီ ၂၈ ရက်အထိ မြန်မာနိုင်ငံလုပ်သားများကျွမ်းကျင်မှု “စံ” သတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့(NSSA)မှ အတည်ပြုထားသည့် ကျွမ်းကျင်မှုစစ်ဆေးအကဲဖြတ်ရေးဌာနများတွင် အလုပ်အကိုင် ၂၀ မျိုးအတွက် အမျိုးသားအဆင့်ကျွမ်းကျင်မှုအဆင့်(၁) ကျွမ်းကျင်လုပ်သား ၃၆၂၂ ဦးနှင့် ကျွမ်းကျင်မှုအဆင့်(၂) ကျွမ်းကျင်လုပ်သား ၄၇၂ ဦး စုစုပေါင်း ၄၀၉၄ ဦးကို စစ်ဆေးအကဲဖြတ်အောင်မြင်ခဲ့ပြီး ကျွမ်းကျင်မှုအသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးနိုင်ခဲ့ကြောင်း ပြည်ထောင်စုဝန်ကြီးက ပြောကြားသည်။

**အကျိုးဝင်ဝန်ထမ်းများအတွက်
လူမှုဖူလုံရေးအဖွဲ့ကို ပြုပြင်ပြောင်းလဲ**

ပြည်တွင်းရှိ အလုပ်သမားများ လူမှုဖူလုံရေးအကျိုးခံစားခွင့်များကို ထိရောက်စွာ အသုံးချနိုင်စေရေးနှင့် အကျိုးဝင်အလုပ်သမားတိုင်း လူမှုဘဝများ လုံခြုံစိတ်ချမှုရှိစေရေး ရည်ရွယ်ဆောင်ရွက်လျက်ရှိပြီး တတိယ(၁)နှစ်တာကာလအတွင်း အကျိုးဝင်အလုပ်ဌာန ၃၂၁၁၉ ဌာနရှိ အကျိုးဝင်အာမခံလုပ်သား ၁၂၃၉၂၂၉ ဦးအတွက် ဆေးကုသမှုကုန်ကျစရိတ်တွေ ပြန်လည်ထုတ်ပေးခြင်း ၈၄၅၉ မှုရှိခဲ့ပြီး ငွေကျပ် ၄၉၁ ဒသမ ၂၄၅ သန်းအထိ ဆေးကုသမှုကုန်ကျစရိတ် ပြန်လည်ထုတ်ပေးနိုင်သည်။ ငွေကြေးအကျိုးခံစားခွင့်အတွက် အမှုတွဲပေါင်း ၂၂၁၈၅၉ မှုအပေါ် ငွေကျပ် ၁၀၇၀၉ ဒသမ ၁၀၅ သန်းကို ဥပဒေနဲ့အညီ ထုတ်ပေးထားကြောင်း ဝန်ကြီးဌာန၏ အချက်အလက်များအရ သိရှိရသည်။

“လူမှုဖူလုံရေး အာမခံရယူထားတဲ့ အကျိုးဝင်အလုပ်သမားတိုင်း အခွင့်အရေးတွေ ပြည့်ပြည့်ဝဝရရှိဖို့အတွက် လူမှုဖူလုံရေးရဲ့ ကျင့်သုံးနေတဲ့ အဆင့်တွေ၊ လုပ်ငန်းတွေကို ပိုပြီးပြည့်စုံအောင် ဆောင်ရွက်နိုင်ဖို့ IT Reform လို့ခေါ်တဲ့ အိုင်တီနည်းပညာစနစ်ကို ပြုပြင်ပြောင်းလဲကျင့်သုံးခဲ့ပါတယ်။ ဒါ့အပြင် လူမှုဖူလုံရေးစီမံကိန်းအရ ကျန်းမာရေးစောင့်ရှောက်မှုစနစ်ကို အခုထက်ပို အဆင့်မြှင့်တင်နိုင်ဖို့အတွက် Provider-Purchaser split ဆောင်ရွက်ဖို့အတွက် Medical Reform ကိုလည်း ကြိုးပမ်းဆောင်ရွက်နိုင်ခဲ့ပါတယ်။ ၂၀၁၂ ခုနှစ်၊ လူမှုဖူလုံရေးဥပဒေလေ့လာစိစစ်ရေးအဖွဲ့ ဖွဲ့စည်းပြီးတော့လည်း ဥပဒေကိုလေ့လာစိစစ်တဲ့ Legal Reform ကိုလည်း ဆောင်ရွက်လျက်ရှိသလို စီမံခန့်ခွဲမှုအပိုင်းမှာလည်း ပိုမိုလွယ်ကူရှင်းလင်းပြီး ဝန်ဆောင်မှု တိတိကျကျပေးနိုင်မယ့် Administrative Reform ကို ပြောင်းလဲဖို့ ကြိုးစားနေတာ ဖြစ်ပါတယ်”ဟု ပြည်ထောင်စုဝန်ကြီးက ရှင်းပြသည်။

**လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး**

လုပ်ငန်းခွင်အတွင်း ဘေးကင်းလုံခြုံပြီး ကျန်းမာကြံ့ခိုင်ရေး၊ ထိခိုက်မှုမရှိစေရေးအတွက် ၂၀၁၈ ခုနှစ် ဇန်နဝါရီလကနေ ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလအထိ စက်ရုံ၊ အလုပ်ရုံများတွင် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးကော်မတီ ၁၁၅ ခုအထိ ဖွဲ့စည်းထားခဲ့ခြင်းကြောင့် ကော်မတီစုစုပေါင်း ၁၂၇၄ ခုအထိ တိုးမြှင့်ဖွဲ့စည်းလာကြသည်ကိုလည်း မြင်တွေ့ရသည်။

**အလုပ်ရှင်၊ အလုပ်သမား
အငြင်းပွားမှုများအား နည်းလမ်းရှာဖြေရှင်း**

တတိယ(၁)နှစ်တာအတွင်း ခုံသမာဓိကောင်စီမှ အလုပ်သမားရေးရာအငြင်းပွားမှု ၆၈ မှုကို ဖြေရှင်းဆောင်ရွက်ထားပြီး အလုပ်သမား ၁၂၁၉ ဦးအတွက် ငွေကြေးအကျိုးခံစားခွင့် ငွေကျပ် ၃၃၂ ဒသမ ၆၃၆ သန်းနှင့် အမေရိကန်ဒေါ်လာ ၁၆၀၄၇ အထိ ရရှိခဲ့ကြောင်း သိရှိရသည်။ ခုံသမာဓိအဖွဲ့မှ အလုပ်သမားရေးရာ အငြင်းပွားမှု ၁၀၆ မှုအထိ ဆောင်ရွက်ပေးခဲ့ပြီး အလုပ်သမား ၁၃၈ ဦးအတွက် ငွေကျပ် ၂၇ ဒသမ ၁၁ သန်းနှင့် အမေရိကန်ဒေါ်လာ ၁၉၇၅ အထိ ရရှိခဲ့ကြောင်း သိရှိရသည်။

မြို့နယ်ညှိနှိုင်းဖျန်ဖြေရေး အဖွဲ့များထံသို့လည်း ၁၂၇၅ မှုကို လက်ခံရရှိကာ ကျေအေးမှု ၁၁၇၃ မှု၊ ပြည်နယ်နဲ့တိုင်းဒေသကြီး ခုံသမာဓိအဖွဲ့ကို လွှဲပြောင်းမှု ၁၀၂ မှု ရှိခဲ့ပြီး ယင်းဖျန်ဖြေရေးအဖွဲ့များမှ တစ်ဆင့် အလုပ်သမား ၃၇၅၆ ဦးအတွက် ငွေကျပ် ၁၄၀၀ ဒသမ ၅၅၈ သန်းနဲ့ အမေရိကန်ဒေါ်လာ ၃၀၀ ကိုလည်း ခံစားခွင့်ရရှိခဲ့ကြောင်း သိရသည်။

အလုပ်သမား အဖွဲ့အစည်းဥပဒေ၊ နည်းဥပဒေများအရ အလုပ်ရှင်၊ အလုပ်သမားအဖွဲ့အစည်းများ ဖွဲ့စည်းဆောင်ရွက်ပေးလျက်ရှိရာ ၂၀၁၈ ခုနှစ် ဧပြီ ၁ ရက်မှ ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီ ၂၈ ရက်အထိ အလုပ်ရှင်၊ အလုပ်သမားအဖွဲ့အစည်း စုစုပေါင်း ၂၅၁ ဖွဲ့ကို ဖွဲ့စည်းပေးခဲ့ပြီး ယနေ့အထိ အဖွဲ့အစည်းစုစုပေါင်းမှာ ၂၉၃၂ ဖွဲ့ရှိလာပြီဖြစ်သည်။

အလုပ်သမားရေးရာ ဆက်ဆံရေးဦးစီးဌာနမှ တာဝန်ခံအရာရှိများက စက်ရုံ၊ အလုပ်ရုံ၊ ဆိုင်၊ အလုပ်ဌာနနှင့် သင်တန်းကျောင်း ၉၆၇ ခုတို့တွင် လူဦးရေ ၁၆၉၉၀ တို့ကို အလုပ်သမားရေးရာ ဥပဒေများအား အသိပညာပေးဆွေးနွေးနိုင်ခဲ့ကြောင်း သိရှိရသည်။

**ကလေးအလုပ်သမားပပျောက်ရေး**

မြန်မာနိုင်ငံ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အမျိုးသားကော်မတီကို ဖွဲ့စည်းခဲ့ပြီး အမျိုးသားအဆင့်လုပ်ငန်းစီမံချက်ကို ကာလတို၊ ကာလရှည် အပိုင်း(၂)ပိုင်းခွဲဆောင်ရွက်သွားရန်နှင့် ကာလတို ငါးနှစ်စီမံကိန်း (၃)ကြိမ်ဖြင့် ကာလရှည် ၁၅ နှစ်စီမံကိန်းဆောင်ရွက်သွားရန်လျာထားခဲ့ပြီး ပထမငါးနှစ်စီမံကိန်းကို စတင်ဆောင်ရွက်နိုင်ရန်လုပ်ဆောင်လျက်ရှိကြောင်း ဝန်ကြီးဌာနမှ သိရှိရသည်။ ပထမငါးနှစ်စီမံကိန်း ၂၀၁၈-၂၀၂၃ တွင် အကောင်အထည်ဖော်ဆောင်ရွက်မည့် ရည်မှန်းချက်ခြောက်ရပ်နှင့် စပ်လျဉ်း၍ လုပ်ငန်းစီမံချက် (မူကြမ်း)ရေးဆွဲလျက်ရှိပြီး မြန်မာနိုင်ငံကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အမျိုးသားကော်မတီကို ဒုတိယသမ္မတ ဦးမြင့်ဆွေဦးဆောင်၍ အဖွဲ့ဝင် ၃၇ ဦးဖြင့် ဖွဲ့စည်းကာ ပထမအကြိမ်ညှိနှိုင်းအစည်းအဝေးကို ၂၀၁၈ ဖေဖော်ဝါရီလတွင် ကျင်းပခဲ့သည်။ အမျိုးသားကော်မတီ၏ ညှိနှိုင်းအစည်းအဝေးဆုံးဖြတ်ချက်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် အမျိုးသားကော်မတီ၏ အတွင်းရေးမှူးအဖွဲ့ကို ၂၀၁၈ ခုနှစ် ဇွန်လအတွင်း ဖွဲ့စည်းနိုင်ခဲ့သည်။

မြန်မာနိုင်ငံ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အမျိုးသားကော်မတီ၏ ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ၂၀၁၈ ခုနှစ် ဒီဇင်ဘာလ ၁၂ ရက်တွင် ဒုတိယသမ္မတဦးစီး၍ ကျင်းပပြုလုပ်ခဲ့ပြီး မြန်မာနိုင်ငံ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အမျိုးသားအဆင့်လုပ်ငန်းစီမံချက် (မူကြမ်း)ကို ၂၀၁၉ ခုနှစ် ဇန်နဝါရီလမှစ၍

အထူးကဏ္ဍ [ ဃ ] သို့ »»»




မြန်မာ-အိန္ဒိယ အပြည်ပြည်ဆိုင်ရာ နယ်စပ် ဝင်/ထွက် ဂိတ်ဖွင့်ပွဲ ကျင်းပစဉ်။

»»» အထူးကဏ္ဍ [ ၈ ] မှ

အကောင်အထည်ဖော်ဆောင်ရွက်ရန် မူအားဖြင့် ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း ပြည်ထောင်စုဝန်ကြီးက ပြောကြားသည်။

မြန်မာနိုင်ငံ ကလေးအလုပ်သမားဆိုင်ရာ အန္တရာယ်ရှိသော အလုပ်စာရင်းရေးဆွဲ အတည်ပြုပြဋ္ဌာန်းနိုင်ရေးအတွက် အလုပ်ရုံဆွေးနွေးပွဲများ၊ အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲများကို ကျင်းပ၍ လုပ်ငန်းကဏ္ဍ ၂၀ ခုနှင့် လုပ်ငန်းခွဲ ၁၀၈ ခုပါ ကလေးအလုပ်သမားဆိုင်ရာ အန္တရာယ်ရှိသော အလုပ်စာရင်း(မူကြမ်း) ရေးဆွဲကာ အတည်ပြုပြဋ္ဌာန်းနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း အဆိုပါဝန်ကြီးဌာနမှ သိရှိရသည်။

**နေရပ်စွန့်သူများအား နိုင်ငံသားအသိအမှတ်ပြုကတ်များ စိစစ်ထုတ်ပေး**

မြန်မာနိုင်ငံအတွင်း နေထိုင်သူများအနက် နိုင်ငံသားစိစစ်မှုခံယူရန် လိုအပ်သူများကို ဥပဒေတွေနှင့်အညီ နိုင်ငံသားစိစစ်ခံရမည့်သူ၏ သက်သေခံကတ်ပြား NV Card စုစုပေါင်း ၆၇၆၉၉ ဦး ထုတ်ပေးခဲ့ပြီး ၎င်းတို့အတွက် ဥပဒေနဲ့အညီ ကတ်ပြားတစ်မျိုးမျိုးကိုင်ဆောင်ခွင့်ရအောင်ဆောင်ရွက်ပေးမည်ဟု ပြည်ထောင်စုဝန်ကြီးက ပြောကြားသည်။

ကချင်ပြည်နယ်အတွင်းရှိ IDP စခန်း ၈၉ ခု၊ ခရစ်ယာန်ဘာသာရေးကျောင်းများနှင့် တိုက်ပွဲရှောင် ခေတ္တနေရပ်စွန့်ခွာနေထိုင်သူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားပျောက်ဆုံး၊ ပျက်စီးမှုများအတွက် မိတ္တူများထုတ်ပေးခြင်း၊ အသစ်လျှောက်ပေးခြင်းများ ပြုလုပ်ပေးခဲ့ရာ ၂၉၃၅၁ ဦးအထိရှိခဲ့ပြီး ရခိုင်ပြည်နယ် မြေပုံမြို့ရှိ IDP စခန်း ၂၀ တွင်လည်း နေရပ်စွန့်ခွာနေထိုင်သူ ၄၃၆၆ ဦးကို ကိုင်ဆောင်သင့်သည့် ကတ်ပြားရရှိစေရန်အတွက် ဝန်ကြီးဌာနက ဆောင်ရွက်ထားကြောင်း သိရှိရသည်။

"နိုင်ငံအတွင်းနေထိုင်တဲ့ ပြည်သူတွေအားလုံး ကိုင်ဆောင်သင့်တဲ့ ကတ်တစ်မျိုးမျိုး ထုတ်ပေးနိုင်ဖို့ ဖြေလျှော့နည်းတွေအများကြီးသုံးပြီး သစ္စာစီမံချက်ကို ဆောင်ရွက်ရတာဖြစ်ပါတယ်။ အစိုးရရဲ့ တတိယ(၁)နှစ်တာအတွင်းမှာ ပြည်သူပေါင်း ၂၃၃၈၃၉၂ ဦးကို နိုင်ငံသားစိစစ်ရေးကတ်ပြားတွေ ထုတ်ပေးခဲ့ပါတယ်။ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ မြို့ပေါ်ရပ်ကွက် ၁၅ ခုနဲ့ ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး မြို့နယ် ၂၈ မြို့နယ်တွေမှာ ကျောင်းသားကျောင်းသူတွေ၊ ဒေသခံတွေနဲ့ မိဘမဲ့ကလေးတွေကို သစ္စာစီမံချက်နဲ့ ကွင်းဆင်းပြီး ပြည်သူလက်ဝယ်အရောက် နိုင်ငံသားစိစစ်ရေးကတ်ပြားတွေ ထုတ်ပေးနိုင်ခဲ့ပါတယ်"ဟု ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက ပြောကြားသည်။

**နိုင်ငံသားဖြစ်ခွင့်ပေးခြင်းနှင့် နိုင်ငံသားပြုခွင့်ရသူများကိုစိစစ်ခွင့်ပြု**

အစိုးရသက်တမ်းအတွင်း နိုင်ငံသားအဖြစ် ၂၈၅ ဦး၊ နိုင်ငံသားပြုခွင့်ရသူ ၃၅၂၉ ဦး၊ အသက် ၁၈ နှစ်အထက် သားသမီးနိုင်ငံသားပြုအဖြစ် ၁၈၈ ဦး၊ ၁၈ နှစ်အောက်သားသမီးနိုင်ငံသားပြုအဖြစ် ၁၀၄၆ ဦး၊ အသက် ၁၈ နှစ်အထက် ဧည့်နိုင်ငံသားအဖြစ် ၁၃ ဦး တို့ကို စိစစ်ခွင့်ပြုထားခဲ့ပြီး ဒေသအသီးသီးက သာသနာနွယ်ဝင်စိစစ်ရေးကတ်ပြားအဖြစ် သာမဏေ ၁၇၅၄၅ ပါး၊ ရဟန်းအပါး ၃၇၈၆၀ နဲ့ သီလရှင်အပါး ၆၈၃၀ တို့ကိုလည်း စိစစ်ထုတ်ပေးခဲ့ကြောင်း လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ထိုင်းနိုင်ငံရောက် မြန်မာရွှေ့ပြောင်းအလုပ်သမား ၁၀၉၉၅၈၆ ဦးကို မည်သူမည်ဝါဖြစ်ကြောင်း သက်သေခံလက်မှတ် CI ထုတ်ပေးခဲ့ပြီး ပြည်ပရောက် မြန်မာနိုင်ငံသားဟုတ်၊ မဟုတ် စိစစ်ရန် ပေးပို့လာသူ ၃၉၅၀၉ ဦးအနက် ၃၅၇၈၀ ကို စိစစ်ဖြေကြားပေးခဲ့ကြောင်း ဝန်ကြီးဌာနမှ သိရှိရသည်။

"စမတ်ကတ် NeID စနစ်နဲ့ဆောင်ရွက်ဖို့အတွက် ရှေ့ပြေးစာရင်းအချက်အလက်ကောက်ယူတာတွေကို ဆောင်ရွက်ခဲ့ပြီး ပြည်သူ့နှစ်သန်းကျော်ကို ကောက်ယူခဲ့ပါတယ်။ အကျဉ်းထောင်၊ ရဲဘက်စခန်းတို့က အကျဉ်းသားတွေကိုလည်း Biographic Data နဲ့ Biometric Data ကောက်ယူတာတွေ စတင်နေပြီး ဖေဖော်ဝါရီ ၂၅ ရက်ကနေ မတ် ၄ ရက်အထိ အကျဉ်းသား ၃၇၈၂ ဦး၊ အကျဉ်းသူ ၁၄၁ ဦးတို့ကို ကောက်ယူပေးနိုင်ခဲ့ပါတယ်"ဟု ပြည်ထောင်စုဝန်ကြီးက ဆက်လက်ပြောကြားသည်။

**လူဦးရေနှင့်သန်းခေါင်စာရင်းဆိုင်ရာ အချက်အလက်များမျှဝေ**

မကြာသေးမီက မြန်မာနိုင်ငံ၏ လူဦးရေ၊ သန်းခေါင်စာရင်းအချက်အလက်များ သိရှိလိုသူများအတွက် လူမှုကွန်ရက်နှင့် ဝက်ဘ်ဆိုက်တို့မှတစ်ဆင့် ရယူနိုင်ရန် ဆောင်ရွက်ထားပြီး လူဦးရေခန့်မှန်းတွက်ချက်ခြင်းဆိုင်ရာ သုတေသနစာတမ်းမှာ ကျား၊ မ အလိုက်၊ အသက်အပိုင်းအခြားအလိုက်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် လူဦးရေစာရင်းကို သက္ကရာဇ် ၂၀၃၁ အထိခန့်မှန်းတွက်ချက်ထုတ်ပြန်ထားသည်ကိုမြင်တွေ့ရသည်။ ၂၀၃၁ ခုနှစ်အထိ မြို့နယ်အလိုက်လူဦးရေ ခန့်မှန်းခြင်း (Forward Projection) နှင့် ၁၉၈၄ ခုနှစ်မှ ၂၀၁၃ ခုနှစ်အထိ နောက်ကြောင်းပြန် လူဦးရေခန့်မှန်းတွက်ချက်ခြင်း Backward Projection နှင့် သုတေသနလုပ်ငန်းများ တွက်ချက်နိုင်ရန် ၂၀၁၄ ခုနှစ်သန်းခေါင်စာရင်း Master Sample Frame မှလည်း အခြေခံစာရင်းကောက်ကွက်များ ဆောင်ရွက်နေကြောင်း ဝန်ကြီးဌာနမှ သိရှိရသည်။

၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ထပ်မံမကောက်ယူမီ လျင်မြန်စွာပြောင်းလဲနေသည့် လူမှုစီးပွားရေးဆိုင်ရာအကြောင်းအရာများအား လေ့လာသုံးသပ်နိုင်ရန်နှင့် စာရင်းအင်းလိုအပ်ချက်များအား အချိန်နှင့်တစ်ပြေးညီ ဖြည့်ဆည်းနိုင်ရေးအတွက် ၂၀၁၉ ခုနှစ် နိုဝင်ဘာတွင် ကြားဖြတ်လူဦးရေသန်းခေါင်စာရင်း ကောက်ယူရန် ကြိုတင်ပြင်ဆင်လျက်ရှိကြောင်း ပြည်ထောင်စုဝန်ကြီးကပြောကြားသည်။

**နေရပ်ပြန်သူများ ပြန်လည်လက်ခံရေးလုပ်ငန်းဆောင်ရွက်**

ရခိုင်ပြည်နယ်မှ အကြမ်းဖက်မှု ဖြစ်စဉ်များတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ နေရပ်စွန့်ခွာကြသူများကိုလည်း ကုန်းလမ်းမှ ပြန်လည်ဝင်ရောက်လာသူများအတွက် တောင်ပြို(ဝဲ) ပြန်လည်လက်ခံရေးစခန်းနှင့် ရေကြောင်းမှ ပြန်ဝင်ရောက်လာသူများအတွက် ငါးခူရ ပြန်လည်လက်ခံရေးစခန်းများကို ဖွင့်လှစ်ဆောင်ရွက်ပေးလျက်ရှိသည်။

"ပြန်လည်လက်ခံရေး လုပ်ငန်းတွေ အဆင်ပြေစေရေးအတွက် အထောက်အပံ့ဖြစ်အောင် မိမိတို့ဝန်ကြီးဌာနနဲ့ ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP)၊ ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR) တို့ သုံးပွင့်ဆိုင်နားလည်မှုစာချွန်လွှာကို ၂၀၁၈ ဇွန် ၆ ရက်မှာ လက်မှတ်ရေးထိုးခဲ့ပြီး လုပ်ငန်းစဉ်အဆင့်တိုင်းအတွက် သက်ဆိုင်ရာဝန်ကြီးဌာနက အဖွဲ့ဝင်တွေပါဝင်တဲ့ နည်းပညာလုပ်ငန်းအဖွဲ့ (Technical Working Group)ကို ဖွဲ့စည်းခဲ့ပြီး TWG အစည်းအဝေး ရှစ်ကြိမ်ကျင်းပခဲ့ပါတယ်။ နေရပ်စွန့်ခွာသူတွေက ရခိုင်ပြည်နယ်မှာ နေထိုင်ခဲ့ဖူးသူ ဟုတ်၊ မဟုတ် စိစစ်တာတွေကိုလည်း ၂၀၁၈ ဖေဖော်ဝါရီ ၂၁ ရက်က စတင်ဆောင်ရွက်နေပြီး စိစစ်တွေ့ရှိချက်တွေကိုလည်း နိုင်ငံတော်အတိုင်ပင်ခံရုံးကို တင်ပြဆောင်ရွက်နေပါတယ်" ဟု တာဝန်ရှိသူတစ်ဦးက ပြောသည်။

**နိုင်ငံကူးလက်မှတ်ထုတ်ပေးရေးရုံးများတိုးချဲ့**

တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် မြန်မာနိုင်ငံကူးလက်မှတ် ထုတ်ပေးရေးအဖွဲ့ရုံး ၁၇ ရုံးရှိခဲ့ပြီး အစိုးရ၏တတိယ(၁)နှစ်တာအတွင်း တာချီလိတ်မြို့ မြဝတီမြို့နှင့် ကော့သောင်းမြို့တို့တွင် နိုင်ငံကူးလက်မှတ်ထုတ်ပေးရေးရုံးခွဲများဖွင့်လှစ်ထားပြီး နိုင်ငံကူးလက်မှတ်လျှောက်ထားသူများအား မြန်မာနိုင်ငံသားဖြစ်ကြောင်း စိစစ်ပေးခဲ့ကြောင်း သိရှိရသည်။ အစိုးရသစ် တာဝန်ယူထားသည့် သုံးနှစ်တာကာလအတွင်း အမျိုးသားစုစုပေါင်း ၁၄၁၃၈၄၅ ဦးနှင့် အမျိုးသမီးစုစုပေါင်း ၁၀၆၁၄၂၃ ဦးတို့ကို နိုင်ငံကူးလက်မှတ်ရရှိစေရန် စိစစ်ထုတ်ပေးလျက်ရှိကြောင်း သိရှိရသည်။

ထို့ပြင် သုံးနှစ်တာကာလအတွင်း မြန်မာနိုင်ငံသား ၃၂၀ ဦးနှင့် နိုင်ငံခြားသား ၄၄၅ ဦးကို အမည်မည်းစာရင်းမှ ပယ်ဖျက်ပေးခဲ့သည်။ အကြောင်းအမျိုးမျိုးကြောင့် အမည်မည်းစာရင်းရေးသွင်းထားသူများအား ဥပဒေ၊ လုပ်ထုံး၊ လုပ်နည်းများနှင့်အညီ အမည်မည်းစာရင်းကနေ ပယ်ဖျက်ခြင်းဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ကြောင်း ပြည်ထောင်စုဝန်ကြီးက ပြောကြားသည်။

"နိုင်ငံတကာကနေ လာရောက်မယ့် ခရီးသည်ဆိုင်ရာ အချက်အလက်တွေကို တစ်ဖက်နိုင်ငံ လေကြောင်းလိုင်းကို ဝင်ရောက်စဉ်ကတည်းက အမည်မည်းစာရင်း (Black List) တွေကို ကြိုတင်စစ်ဆေးနိုင်တဲ့ စနစ် MAPPS (Myanmar Advanced Passenger Processing System)ကို ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်မှာ ၂၀၁၈ မတ်လကနေ စတင်ဆောင်ရွက်နိုင်ခဲ့ပါတယ်"ဟု ပြည်ထောင်စုဝန်ကြီးက ဆက်လက်ပြောကြားသည်။

**ပြည်တော်ပြန်မြန်မာများအားကြိုဆို**

မြန်မာနိုင်ငံသားဟောင်းများကို မြန်မာနိုင်ငံသားအဖြစ် ပြန်လည်ခံယူခွင့်ပြုရေးကို လုပ်ဆောင်လျက်ရှိပြီး ယင်းသို့ဆောင်ရွက်ချိန်တွင် သုံးနှစ်တာကာလအတွင်း လျှောက်ထားသူ ၁၁၇ ဦးအနက် ၆၈ ဦးကို ခွင့်ပြုပေးနိုင်ခဲ့ကြောင်း သိရသည်။ နိုင်ငံခြားသား အမြဲတမ်းနေထိုင်ခွင့်စနစ်ကို ယခုကာလအတွင်း အကောင်အထည်ဖော်ခဲ့ရာ လျှောက်ထားသူ ၅၉၀ အနက် ခွင့်ပြုပြီးသူ ၄၈၀ ကို နိုင်ငံခြားသားအမြဲနေထိုင်ခွင့် လက်မှတ်များနှင့် ကတ်ပြားများ ထုတ်ပေးလျက်ရှိကြောင်း သိရသည်။

အပြည်ပြည်ဆိုင်ရာ လေဆိပ်များနှင့် နယ်စပ်ဝင်ထွက်ဂိတ်များတွင် MRTD စနစ်ဖြင့် ခရီးသည်ဆိုင်ရာအချက်အလက်ရယူသည့် Border Control System (BCS) စနစ်ကို စတင်အသုံးပြုနေပြီး နိုင်ငံတကာစံချိန်မီစနစ်တစ်ခု ဖြစ်လာစေရန်အတွက် အသစ်ပြန်လည်ရေးဆွဲနေပြီဖြစ်ကြောင်း ပြည်ထောင်စုဝန်ကြီးက ပြောကြားသည်။

မိမိတို့နိုင်ငံသည် လူ့စွမ်းအားအရင်းအမြစ်များစွာရှိနေပြီး အလုပ်သမားများ၊ ပြည်သူပြည်သားများအားလုံးအတွက် တိကျသည့် ကိန်းဂဏန်းအချက်အလက်များ၊ အလုပ်လုပ်နိုင်စွမ်းရှိသည့် ပြည်သူများ၏ အကျိုးစီးပွားတိုးတက်စေရန် အလုပ်အကိုင်အခွင့်အလမ်းများသည် များစွာလိုအပ်နေသေးသည်မှာလည်း ဝန်ကြီးဌာနအတွက် စိန်ခေါ်မှုများပင်ဖြစ်သည်။

"အလုပ်အကိုင်ရဖို့၊ ရတဲ့အလုပ်တည်မြဲဖို့နဲ့ လုံခြုံစိတ်ချတဲ့ အလုပ်ဖြစ်ဖို့ အစိုးရတင်မကပါဘူး၊ အလုပ်ရှင်တွေ၊ အလုပ်သမားတွေအားလုံးနဲ့ သက်ဆိုင်တယ်။ အလုပ်သမားတွေက မိမိတို့အရည်အချင်းကို အစဉ်မြှင့်တင်နေမယ်။ အလုပ်ရှင်ကလည်း အောင်မြင်တဲ့လုပ်ငန်းတစ်ခုအပြင် CSR ကောင်းကောင်းနဲ့ မြှင့်တင်မယ်။ အစိုးရကလည်း လူ့စွမ်းအားအရင်းအမြစ်ကောင်းတွေ မွေးထုတ်ပေးမယ်ဆိုရင် လုပ်သားစွမ်းအားရှင်တွေရဲ့အခွင့်အလမ်းတွေဟာလည်း ပိုပြီးများလာမှာပါ။ တစ်ဖက်မှာလည်း တိကျတဲ့ကိန်းဂဏန်းတွေပေါ်ထွက်အောင် အစိုးရက ကြိုးပမ်းမယ်။ ပြည်သူကလည်း တိကျတဲ့ အချက်အလက်တွေပေးမယ်ဆိုရင် နိုင်ငံတော်ကြီးက ပိုပြီးတိုးတက်ဖို့ပဲရှိပါတယ်။ ပြည်တွင်းမှာပဲဖြစ်ဖြစ်၊ ပြည်ပမှာပဲဖြစ်ဖြစ် မြန်မာနိုင်ငံသားအားလုံး လုံခြုံစိတ်ချရတဲ့ဘဝနဲ့ လူမှုဘဝအားလုံး မြင့်မားဖို့အတွက် အားလုံးဝိုင်းဝန်းကြိုးပမ်းကြဖို့ လိုအပ်ပါတယ်"ဟု အလုပ်သမားရေးရာ လေ့လာစောင့်ကြည့်သူ ဦးမျိုးရန်နောင်သိန်းထံမှ သိရသည်။




အလုပ်တွင်ထိခိုက်မှု အကျိုးခံစားခွင့် အာမခံစနစ်နှင့်ပတ်သက်၍ အသိပညာမျှဝေသည့် အလုပ်ရုံဆွေးနွေးပွဲ ကျင်းပစဉ်။

# နိုင်ငံတော်အစိုးရ၏ တတိယ(၁)နှစ်တာကာလအတွင်း စက်မှုဝန်ကြီးဌာန၏ ဆောင်ရွက်ချက်များ



ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချို

ဆောင်းပါး - သူရဇော်၊ ဓာတ်ပုံ - အေးသန်း

နိုင်ငံ၏ စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မူဝါဒ(၄)ရပ်၊ ရည်မှန်းချက်(၂)ရပ်နှင့် လုပ်ငန်းစဉ်(၆)ရပ် ချမှတ်ပြီး ဝန်ကြီးရုံး၊ ဦးစီးဌာန ၂ ခု၊ စက်မှုလုပ်ငန်း ၄ ခုဖြင့် ၂၀၁၅ ခုနှစ် ဧပြီလ ၁ ရက်တွင် စက်မှုဝန်ကြီးဌာနကို ပြင်ဆင်ဖွဲ့စည်းခဲ့သည်။

**စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး**

နိုင်ငံတော်၏ စီးပွားရေးမူဝါဒများနှင့်အညီ စက်မှုဆိုင်ရာမူဝါဒများ ရေးဆွဲပြဋ္ဌာန်းနိုင်ရေးအတွက် တာဝန်ခံဆောင်ရွက်ခြင်း၊ စက်မှုဖွံ့ဖြိုးရေးမဟာဗျူဟာနှင့် စက်မှုဇုန်ဥပဒေများရေးဆွဲခြင်း၊ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး မူဝါဒ၊ ဥပဒေနှင့် နည်းဥပဒေများအရ အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊ စွမ်းအင် ခြိုးခြံချွေတာရေးအတွက် မူဝါဒများ၊ လမ်းညွှန်ချက် (သို့မဟုတ်) ဥပဒေမူဘောင် ပေါ်ထွက်လာရန် ဆောင်ရွက်ခြင်း၊ စက်မှုဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စက်မှုသင်တန်းကျောင်းများတွင် စက်မှုကျွမ်းကျင်လုပ်သားများကို လေ့ကျင့်သင်ကြား မွေးထုတ်ပေးခြင်းများကို ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ်ရေး ဥပဒေများအရ လုပ်ငန်းများဆောင်ရွက်ခြင်း၊ မော်တော်ယာဉ်လုပ်ငန်းဆိုင်ရာ မူဝါဒရေးဆွဲပြီးဖြစ်၍ မော်တော်ယာဉ်ထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဥပဒေများ ဆက်လက်ရေးဆွဲခြင်းများအပြင် Myanmar Sustainable Development Plan နှင့် Myanmar Investment Promotion Plan တို့နှင့် ချိတ်ဆက်၍ စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးစီမံချက်များ ရေးဆွဲချမှတ်ဆောင်ရွက်လျက်ရှိသည်။

စက်မှုဝန်ကြီးဌာနအနေဖြင့် တတိယ (၁) နှစ်တာကာလအတွင်း နိုင်ငံတော်မှ ချမှတ်ထားသော စီးပွားရေးမူဝါဒများနှင့်အညီ လုပ်ငန်းစဉ်များကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ နိုင်ငံတော်၏ စီးပွားရေးမူဝါဒနှင့်အညီ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ ပိုမိုအောင်မြင်ရန် စက်ရုံများတွင် သုတေသနနှင့် ဆန်းသစ်တီထွင်မှုများ ပြုလုပ်ပြီး ထုတ်ကုန်အရည်အသွေး တိုးတက်ကောင်းမွန်ရေး၊ ဈေးကွက်လိုအပ်ချက်နှင့် ကိုက်ညီသော ထုတ်ကုန်များ တိုးချဲ့ထုတ်လုပ်နိုင်ရေး၊ အရောင်းမြှင့်တင်ရေး၊ နိုင်ငံပိုင်စက်ရုံ၊ အလုပ်ရုံများကို အစိုးရ - ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှု(PPP) ပိုမိုမြှင့်တင်ရေး၊ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ စက်မှုဆိုင်ရာ ကျွမ်းကျင်လုပ်သားများကို စနစ်တကျ လေ့ကျင့်ပျိုးထောင်ရေး၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ လိုအပ်ချက်အရ ရွေ့လျား အသက်မွေးပညာ သင်တန်းများကို ဒေသအရောက် သွားရောက်ဖွင့်လှစ်ခြင်း၊ လယ်ယာသုံး စက်ပစ္စည်းများနှင့် ယာဉ်၊ ယန္တရားများကို ပြည်သူများ စိတ်ချလုံခြုံဘေးကင်းစွာ အသုံးပြုနိုင်ရေးအတွက် စစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းပြီး စနစ်တကျစစ်ဆေးဆောင်ရွက်ရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ထုတ်လုပ်နိုင်ရေး စသည့် လုပ်ငန်းများကို အစီအမံများ ချမှတ်ဆောင်ရွက်လျက်ရှိသည်။

**သုတေသနနှင့် ဆန်းသစ်တီထွင်မှုများ**

စက်မှုဝန်ကြီးဌာနရှိ ဆေးဝါးစက်ရုံများမှ မြန်မာနိုင်ငံ၏ ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍအတွက် အဓိကလိုအပ်သော အခြေခံအကျဆုံးဆေးဝါးများ (Essential Drugs) များကို ပြည်တွင်းနှင့် နိုင်ငံတကာဆေးဝါးထုတ်လုပ်မှုစံနှုန်းများ၊ စံချိန်စံညွှန်း၊ အရည်အသွေးကိုက်ညီပြီး သင့်တင့်မျှတသော ဈေးနှုန်းများဖြင့် ထုတ်လုပ်ဖြန့်ဖြူး ရောင်းချပေးလျက်ရှိပြီး ဆေးဝါးများ အရည်အသွေးပြည့်မီရေးအတွက် ကုန်ကြမ်းများကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ စံသတ်မှတ်ချက်များနှင့်အညီ သတ်မှတ်အပူချိန်၊ စိုထိုင်းဆများအတိုင်း ထိန်းညှိသိုလှောင်ထိန်းသိမ်းခြင်း Good Storage Practice (GSP)နှင့်အညီ ဆောင်ရွက်နိုင်ရေးအတွက် Automated Warehouse ကို ၂၀၁၆ ခုနှစ်တွင် ဖွင့်လှစ်ခဲ့သည်။ ကောင်းမွန်သည့် ထုတ်လုပ်မှုစနစ် Good Manufacturing Process (GMP)နှင့်အညီထုတ်လုပ်ခြင်း၊ အရည်အသွေး ထိန်းသိမ်းခြင်း လုပ်ငန်းစဉ်များကို တိတိကျကျ ချမှတ်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ခဲ့သဖြင့် ဆေးဝါးကဏ္ဍတွင် ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာနှစ်၌ ဆေးဝါးစက်ရုံ (အင်းစိန်)မှ ဆေးဝါး ၁၅ မျိုးနှင့် ဆေးဝါးစက်ရုံ(အင်ရောင်း)မှ ဆေးဝါး ၅ မျိုး စုစုပေါင်းအမျိုး ၂၀ ကို တီထွင်စမ်းသပ်ထုတ်လုပ်ခဲ့သည်။

**ထုတ်ကုန်များတိုးချဲ့**

ဆေးဝါးစက်ရုံ(အင်းစိန်)တွင် လျှပ်စစ်မီးမရရှိသည့် ကျေးလက်ဒေသများ၌ သာမန်အခန်းအပူချိန်တွင် ဆေးသက်တမ်း ငါးနှစ်အထိထားရှိနိုင်သော အေးခဲခြောက်ပုံစံဖြင့် မြွေဆိပ်ဖြေဆေးများကို ဩစတြေးလျနိုင်ငံ၏ နည်းပညာပံ့ပိုးမှုအကူအညီဖြင့် မြွေဆိပ်ဖြေဆေး အေးခဲခြောက်စနစ် (Freeze Dried form)ကို စီမံထုတ်လုပ်ကာ ကျေးလက်ဒေသများအထိ သယ်ဆောင်အသုံးပြုနိုင်သည့်အတွက် မြွေကိုက်လူနာများကို အချိန်နှင့်တစ်ပြေးညီ ကုသပေးနိုင်ပြီဖြစ်သည်။

စက်မှုဝန်ကြီးဌာနအနေဖြင့် ဆေးဝါးမျိုးစုံထုတ်လုပ်မှုတွင် ယခင်က ပြည်တွင်းလိုအပ်ချက်၏ ၅ ရာခိုင်နှုန်းအောက်သာ ထုတ်လုပ်နိုင်ခဲ့ပြီး တတိယ (၁)နှစ်တာကာလအတွင်း ပြည်တွင်းလိုအပ်ချက်၏ ၁၀ ရာခိုင်နှုန်းကျော်၊ တန်ဖိုးငွေကျပ် ၄၉ ဘီလီယံအထိ ထုတ်လုပ်နိုင်ခဲ့သဖြင့် ပြည်ပမှ ဆေးဝါးတင်သွင်းမှုကို လျော့နည်းစေခဲ့သည်။

ဆေးဝါးထုတ်လုပ်မှုမှ ၂၀၁၆ - ၂၀၁၇

အထူးကဏ္ဍ [ စ ] သို့ »»

**နိုင်ငံတော်၏ စီးပွားရေးမူဝါဒများနှင့်အညီ စက်မှုဆိုင်ရာမူဝါဒများ ရေးဆွဲပြဋ္ဌာန်းနိုင်ရေးအတွက် တာဝန်ခံဆောင်ရွက်ခြင်း၊ စက်မှုဖွံ့ဖြိုးရေးမဟာဗျူဟာနှင့် စက်မှုဇုန်ဥပဒေများရေးဆွဲခြင်း၊ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးမူဝါဒ၊ ဥပဒေနှင့် နည်းဥပဒေများအရ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ စွမ်းအင်ခြိုးခြံချွေတာရေးအတွက် မူဝါဒများ၊ လမ်းညွှန်ချက် (သို့မဟုတ်) ဥပဒေမူဘောင်ပေါ်ထွက်လာရန် ဆောင်ရွက်ခြင်း၊ စက်မှုဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စက်မှုသင်တန်းကျောင်းများတွင် စက်မှုကျွမ်းကျင်လုပ်သားများကို လေ့ကျင့်သင်ကြားမွေးထုတ်ပေးခြင်းများကို ဆောင်ရွက်လျက်ရှိ**



နိုင်ငံတော်အဆင့် MSMEs ထုတ်ကုန် ပြပွဲ၊ ပြိုင်ပွဲ (နေပြည်တော်)တွင် ခင်းကျင်းပြသထားသည့် ပြခန်းများကို တွေ့ရစဉ်။

»»» အထူးကဏ္ဍ [ င ] မှ

ဘဏ္ဍာနှစ်တွင် ငွေကျပ် ၃၁၈၈၀ ဒသမ ၉၁၆ သန်း၊ ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာနှစ်တွင် ငွေကျပ် ၄၇၆၄၄ ဒသမ ၇၉၇ သန်းရရှိခဲ့ရာမှ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ငွေကျပ်သန်း ၄၉၀၀၀ ရရှိသည်အထိ ထုတ်လုပ်ရန်လျာထား ဆောင်ရွက်လျက်ရှိသည်။

သွေးကြောသွင်းဆေးရည် (Saline)၏ ပြည်တွင်းသုံးစွဲမှုအရေအတွက်သည် နှစ်စဉ် ၇၅ သန်းခန့်ရှိသော်လည်း စက်မှုဝန်ကြီးဌာနမှ ၅ သန်းခန့်သာ ထုတ်လုပ်နိုင်ခဲ့သည်။ ယခုအခါ ကမ္ဘာ့အဆင့်မီ သွေးကြောသွင်းဆေးရည် ထုတ်လုပ်ရေးလိုင်းအသစ်ကို ကျောက်ဆည်မြို့ရှိ ဆေးဝါးစက်ရုံ(အင်ရောင်း)တွင် တည်ဆောက်နိုင်ခဲ့သဖြင့် နှစ်စဉ် သွေးကြောသွင်းဆေးရည် ၁၅ သန်းခန့်ကို ပြည်တွင်းလိုအပ်ချက်၏ ရာခိုင်နှုန်း ၂၀ အထိ ထုတ်လုပ်ဖြည့်ဆည်းပေးနိုင်မည့်အပြင် ပြည်တွင်း၌ လိုအပ်ချက်မြင့်မားလျက်ရှိသော မေးခိုင်ရောဂါကာကွယ်ဆေးနှင့် ခွေးရူးပြန်ရောဂါကာကွယ်ဆေးများကို ၂၀၁၈ - ၂၀၁၉ ခုနှစ်အတွင်း ဆက်လက်ထုတ်လုပ်နိုင်ရေး စီမံဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ပြည်တွင်း၌ လိုအပ်နေသည့် ဈေးကွက်ဝင်အဆင့်မြင့် (၁/၄၀)ပေါင်းချည်များကို အိန္ဒိယနိုင်ငံ၏ နည်းပညာဖြင့် ပုဂ္ဂလိကနှင့်ပူးပေါင်း၍ ၂၀၁၆ ခုနှစ် စက်တင်ဘာလမှ စတင်ထုတ်လုပ်ခဲ့ရာ ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာနှစ်အတွင်း ချည်ပေါင် ၁၃ ဒသမ ၅ သိန်းကျော် ထုတ်လုပ်ရောင်းချနိုင်ခဲ့ပြီး ဈေးကွက်အတွင်း လူကြိုက်များသည့်အတွက် ပိုမို ထုတ်လုပ်နိုင်ရေး စီမံဆောင်ရွက်လျက်ရှိသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအတွက် ဆေးရုံသုံး ပရိဘောဂပစ္စည်းအမျိုးမျိုး၊ ခွဲစိတ်ခန်းသုံး စတီးလ်ပစ္စည်းများ၊ ဆေးရုံသုံး လူနာတင်ယာဉ်သုံးပစ္စည်းများကို Medical Grade နှင့်အညီ ထုတ်လုပ်ဖြန့်ဖြူးပေးလျက်ရှိသည်။

**မော်တော်ယာဉ်ကဏ္ဍ**

စက်မှုဝန်ကြီးဌာနသည် ၂၀၁၈ ခုနှစ်အတွင်း ပြည်တွင်းတပ်ဆင်ထုတ်လုပ်သည့် လူနာတင်ယာဉ်များနှင့် ပြည်ပမှ တင်သွင်းလာမည့် လူနာတင်ယာဉ်များ၏ အရည်အသွေးကို စစ်ဆေးအတည်ပြုမည့် မြန်မာနိုင်ငံ လူနာတင်ယာဉ် အရည်အသွေး သတ်မှတ်စစ်ဆေးရေးအဖွဲ့ (Commission on Accreditation of Ambulance, Myanmar – CAAM) ကို ဖွဲ့စည်းခဲ့သည်။

အမှတ်(၁၅)အကြီးစားစက်ရုံ(သာဂရ)တွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအတွက် Standard Type Ambulance ယာဉ် ၅၅ စီး ထုတ်လုပ်ပေးနိုင်ခဲ့ပြီး ဆက်လက်၍ ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာနှစ်အတွင်း Medical Equipment များ၊ Medical Grade Trimming Part များ တပ်ဆင်ထားသည့် လူနာတင်ယာဉ် New Model များကို ဆက်လက်ထုတ်ပေးသွားမည်ဖြစ်သည်။

ထို့ပြင် လူနာတင်ယာဉ်များ စွမ်းအားပြည့်အသုံးပြုနိုင်ရေးအတွက် ရွှေ့လျားလူနာတင်ယာဉ်တု (Ambulance Simulator) (၁)စီးကို စက်မှုဝန်ကြီးဌာနရှိ ပညာရှင်များမှ ဒီဇိုင်းရေးဆွဲ တီထွင်တပ်ဆင်တည်ဆောက်ပြီး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသို့ ၂၀၁၈ ခုနှစ် ဒီဇင်ဘာလ ၁၂ ရက်တွင် လွှဲပြောင်းပေးအပ်ခဲ့သည်။

စက်မှုထုတ်ကုန်ပစ္စည်းများကို ဈေးနှုန်းမှန်ကန်စွာ သုံးစွဲသူလက်ဝယ်အရောက် ပို့ဆောင်နိုင်ရေးအတွက် ဆိုင်ခန်းသဖွယ် ခင်းကျင်းပြသရောင်းချနိုင်သော Mobile Mart ၄ စီးကို အောင်မြင်စွာ စမ်းသပ်ထုတ်လုပ်ပြီး ရန်ကုန်၊ မန္တလေး၊ နေပြည်တော်နှင့် အခြားမြို့ကြီးများတွင် လှည့်လည်ရောင်းချလျက်ရှိသည်။

လက်ရှိအချိန်တွင် စက်မှုနှင့် အသက်မွေးပညာ ရွေ့လျားသင်တန်းများကို Mobile Vocational Vehicle ၂ စီးဖြင့် နိုင်ငံတစ်ဝန်း ဖွင့်လှစ်သင်ကြားပေးလျက်ရှိရာ သင်တန်းများ ပိုမိုဖွင့်လှစ်နိုင်ရေးအတွက် လျှပ်စစ်၊ ဂဟေဆက်နှင့် မော်တော်ယာဉ်စက်ပြင်အထူးပြု Mobile Vocational Vehicle ၃ စီးကို ထပ်မံတည်ဆောက်တပ်ဆင်ပြီး စက်မှုနှင့် အသက်မွေးပညာ ရွေ့လျားသင်တန်းများကို လိုအပ်ချက်ရှိသော တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ သွားရောက်၍ လုပ်ငန်းခွင်မပျက် လေ့ကျင့်သင်ကြားပေးလျက်ရှိသလို Mobile Vocational Vehicle (၃)စီး ထပ်မံတီထွင်ထုတ်လုပ်ရန် စီမံဆောင်ရွက်ပြီး ဖြစ်သည်။

မော်တော်ကားတွင် အင်ဂျင်မသုံးဘဲ မော်တာကို လျှပ်စစ် Power Supply ပေးပြီး မောင်းနှင်သည့်အတွက် လောင်စာဆီဖိုး ကုန်ကျစရိတ်သက်သာသည့်အပြင် လေထုထဲကို ကာဗွန်ဒိုင်အောက်ဆိုဒ်ကဲ့သို့ ကမ္ဘာကြီးပူနွေးစေသည့် ဓာတ်ငွေ့စွန့်ထုတ်မှုကို လျော့ကျစေမည့် Electric Vehicle (EV) များကို ကမ္ဘာ့သိပ္ပံပညာရှင်များနှင့် မော်တော်ကားထုတ်လုပ်သူများက တီထွင်ခဲ့ကြသည်။

E Bus များတွင် မိုင် ၁၅၀ အထိ တောက်လျှောက်မောင်းနှင်နိုင်မည့် Lithium Battery Pack များ တပ်ဆင်ထားပြီး ရေလုံစနစ်ပါဝင်သောကြောင့် ရေကြီးရေလျှံနေသည့် အခြေအနေတွင် အန္တရာယ်ကင်းစွာ မောင်းနှင်နိုင်မည်။ စွမ်းအင်အသုံးပြုမှုအနေဖြင့် ဓာတ်ဆီ၊ ဒီဇယ်အင်ဂျင်များနှင့် နှိုင်းယှဉ်လျှင် ရာခိုင်နှုန်း ၃၀ မှ ၅၀ အထိ သက်သာပြီး ဘက်ထရီသက်တမ်းမှာ ၈ နှစ်မှ ၁၀ နှစ်ခန့်ရှိခြင်းကြောင့် ပြင်ဆင်ထိန်းသိမ်းစရိတ်သက်သာကာ ရေရှည်အသုံးပြုနိုင်မည်ဖြစ်သည်။

အဆိုပါ Modulo Brand Electric Bus များကို စက်မှုဝန်ကြီးဌာနက ဟန်ဂေရီနိုင်ငံ CSEPLE Holding Ltd. ၏ ဥရောပနည်းပညာဖြင့် Green Power Myanmar နှင့် ပူးပေါင်းပြီး အမှတ်(၁၄)အကြီးစားစက်ရုံ(သာဂရ)တွင် တပ်ဆင်ထုတ်လုပ်သွားနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

စက်မှုဝန်ကြီးဌာနနှင့် Green Power Myanmar Co., Ltd. နှင့်ပူးပေါင်း၍ အမှတ် (၁၄) အကြီးစားစက်ရုံ(သာဂရ)မှ ထုတ်လုပ်ထားရှိသည့် V6 နှင့် V8 ဒီဇယ်အင်ဂျင်များကို စင်ကာပူနိုင်ငံတွင် LNG/CNG/LPG အင်ဂျင်များအဖြစ် ပြောင်းလဲအောင်မြင်ပြီးဖြစ်၍ စက်ရုံရှိအင်ဂျင်များကို လောင်စာနှစ်မျိုးသုံး အင်ဂျင် (Dual Fuel Engine) အဖြစ် ပြောင်းလဲပြီး စီးပွားဖြစ်ထုတ်လုပ်ဖြန့်ဖြူးရောင်းချသွားမည်ဖြစ်သည်။

ထို့ပြင် Dual Fuel Engine များကို Generator နှင့်တွဲဖက်၍ Silent Type Generator များအဖြစ် ဈေးကွက်လိုအပ်ချက်နှင့်အညီ ထုတ်လုပ်ဖြန့်ဖြူးသွားမည်ဖြစ်သည်။

**အထည်အလိပ်ကဏ္ဍ**

မြန်မာနိုင်ငံ၏ အမျိုးသားပို့ကုန် မဟာဗျူဟာ (National Export Strategy-NES)ကို လုပ်ငန်းကဏ္ဍအသီးသီးအတွက် စီမံချက်များရေးဆွဲပြီး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ အထည်အလိပ်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရန်အတွက် လိုအပ်သော ထုတ်လုပ်မှုကွင်းဆက် (Supply Chain) ချိတ်ဆက်ဆောင်ရွက်နိုင်ရန်၊ နိုင်ငံတကာမှ ဖွံ့ဖြိုးမှုမိတ်ဖက်များ ဖိတ်ခေါ်ဆောင်ရွက်ပြီး ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်နိုင်ရန်၊ လိုအပ်သော အခြေခံအဆောက်အအုံများ လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်မှုရှိရန်၊ ပြည်တွင်းအထည်အလိပ် ထုတ်လုပ်မှုတိုးတက်ရန်နှင့် ပြည်ပပို့ကုန်မြှင့်တင်ပြီး သွင်းကုန်လျှော့ချနိုင်ရန် ရည်ညွှန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည့် အမျိုးသားအဆင့် အထည်အလိပ် မူဝါဒပြဋ္ဌာန်းနိုင်ရေးအတွက် သက်ဆိုင်ရာအဖွဲ့အစည်းများ၏ သဘောထားမှတ်ချက်ရယူ၍ ဂျာမနီနိုင်ငံ GIZ အကူအညီဖြင့် အပြီးသတ်ရေးဆွဲနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

အထည်စက်ရုံခွဲ(မြင်းခြံ)တွင် မူလထုတ်ကုန်ဖြစ်သော ပတ်တီးပိတ်ကို ဆေးရည်စိမ်ပတ်တီး၊ ပြည်တွင်းထွက်ကျောက်မှုန့် (Gypsum)နှင့် ပတ်တီးပိတ်တို့ ပေါင်းစပ်၍ ကျောက်ပတ်တီး (P.O.P Bandage) ထုတ်လုပ်နိုင်ရန် ဓာတ်ခွဲခန်းတွင် သုတေသနပြု စမ်းသပ်အောင်မြင်ပြီး စီးပွားဖြစ်ထုတ်လုပ်နိုင်ရေး စီမံဆောင်ရွက်လျက်ရှိသည်။

**ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်**

ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင် Renewable Energy Project တစ်ခုအနေဖြင့် နော်ဝေနိုင်ငံမှ EAM နှင့်ပူးပေါင်း၍ စက်မှုနယ်မြေ(သထုံ)တွင် Ground Mounted Solar Farm (၂၈. ၆ MW) ထုတ်လုပ်ရန် MoU လက်မှတ်ရေးထိုးထားပြီး လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနနှင့် PPA စာချုပ် လက်မှတ်ရေးထိုးနိုင်ခဲ့ကာ Pilot Project (6 KW) အား တပ်ဆင်အကောင်အထည်ဖော် ဆောင်ရွက်နေပြီဖြစ်သည်။

ဥပဒေအနေဖြင့် Energy Efficiency and Conservation Law (Draft) အပြီးသတ် ပြင်ဆင်ပြီး ၂၀၂၀ ပြည့်နှစ်တွင် ပြဋ္ဌာန်းနိုင်ရန် ဆောင်ရွက်နေသလို စက်ရုံနှင့် အဆောက်အအုံများအတွက် Energy Conservation Guideline နှင့် Handbook ပြုစုရေးဆွဲခြင်း၊ Electrical Appliances များအတွက် Minimum Energy Performance Standard သတ်မှတ်ရေး အကောင်အထည်ဖော်ခြင်း၊ Energy Manager Training Course ပို့ချနိုင်ရန် စီစဉ်ဆောင်ရွက်ခြင်း၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ စက်ရုံ၊ အလုပ်ရုံများသို့ သွားရောက်၍ Factory Assessment ပြုလုပ်ခြင်းနှင့် လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ အမှတ်(၂၆)အကြီးစားစက်ရုံ(သာဂရ) တွင် Micro Cross Flow Turbine များ ထုတ်လုပ်နိုင်ရန် စမ်းသပ်ဆောင်ရွက်ခြင်း၊ မြန်မာနိုင်ငံအလယ်ပိုင်းရှိ စက်မှုဝန်ကြီးဌာနပိုင် စက်ရုံများတွင် Solar Farm များ တည်ဆောက်ခြင်း လုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်။

**အခြားတီထွင်မှုကဏ္ဍ**

ရွှေတိဂုံစေတီတော်မြတ်ကြီးတွင် ယခင်က ကပ်လှူပူဇော်ခဲ့သည့် ရွှေပြားသင်္ကန်းတော်များသည် သမားရိုးကျ လက်ရိုက်ရွှေချနည်းစနစ်များဖြင့် ပြုလုပ်ခဲ့သော်လည်း ယခုအခါ ရာသီဥတုဒဏ်ခံနိုင်ပြီး အစဉ်တင့်တယ်သပ္ပာယ်ရန် ရေရှည်တည်တံ့ခိုင်မြဲသော

အထူးကဏ္ဍ [ ဆ ] သို့ »»»



ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချို သွေးကြောသွင်းဆေးရည် ထုတ်လုပ်မှုကို ကြည့်ရှုစဉ်။




မြွေဆိပ်ဖြေဆေးများကို အေးခဲခြောက်စနစ်ဖြင့် ထုတ်လုပ်ထားမှုကို တွေ့ရစဉ်။

»»» အထူးကဏ္ဍ [ ၈ ] မှ

ရွှေစင်ရွှေပြားတို့ဖြင့် ကပ်လှူပူဇော်နိုင်ရေးကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၏ အကြံပြုချက်အရ စက်မှုဝန်ကြီးဌာနမှ ဒီဇိုင်းရေးဆွဲ ဆန်းသစ်တီထွင်၍ တစ်ပေပတ်လည်ရှိသော ရွှေသားစစ်စစ် ရွှေစင်ရွှေပြားများထုတ်လုပ်နိုင်မည့် နိုင်ငံတကာစံချိန်စံညွှန်းမီ ရွှေပြားကြိတ်စက် ၆ လုံးကို ထုတ်လုပ်နိုင်ခဲ့သည့်အပြင် ရွှေပြားကြိတ်စက်ရုံကိုလည်း ဒီဇိုင်းရေးဆွဲ တည်ဆောက်နိုင်ခဲ့သည်။

အမှတ်(၁၇)အကြီးစားစက်ရုံ(မလွန်)၌ ပခုံးထမ်းကောက်ရိတ်စက် (Portable Reaper)ကို အခြေခံ၍ လက်တွန်းမြက်ရိတ်စက် (Grass Cutter) စမ်းသပ်တီထွင်ထုတ်လုပ်ခဲ့သလို အမှတ်(၂၃)အကြီးစားစက်ရုံ (ညောင်ခြေထောက်)တွင် စက်မှုဝန်ကြီးဌာနရှိ စက်ရုံများမှ လိုအပ်သော စက်အရန်ပစ္စည်းများ၊ ရွှေတိဂုံစေတီတော်တွင် တည်ဆောက်ထားရှိသည့် ရွှေပြားကြိတ်စက်များတွင် Spare Parts အဖြစ် ထားရှိမည့် Roller (၈)လုံးတို့ကို တီထွင်ထုတ်လုပ်ပေးလျက်ရှိသည်။

၂၀၁၈ - ၂၀၁၉ ဘဏ္ဍာနှစ်အတွင်း စတီးလ်ပစ္စည်းအမျိုးမျိုး၊ ရေဖလား၊ ရေခွက်၊ ဘုရားပန်းအိုး (၇"/၉")၊ ဆေးရုံသုံးပရိဘောဂ၊ ပလတ်စတစ်ပစ္စည်းအမျိုးမျိုး၊ 90 liter ရေပုံးများကို ဈေးကွက်လိုအပ်ချက်နှင့်အညီ တိုးချဲ့ထုတ်လုပ်လျက်ရှိသည်။

**အရောင်းမြှင့်တင်**

လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူဖြစ်ရန် လယ်ယာသုံးစက်နှင့် စက်ကိရိယာပစ္စည်းများကို ကျေးရွာဒေသအသီးသီးသို့ အရောက်ပို့ပြီး ၂ နှစ်ဆိုင်း အရစ်ကျစနစ်ဖြင့် ရောင်းချခြင်း၊ မကွေးနှင့် အောင်လံမြို့တို့တွင် လယ်ယာသုံးပစ္စည်း အရောင်းပြခန်းများဖွင့်လှစ်ခြင်း၊ တောင်ငူ၊ ပျော်ဘွယ်၊ မုံရွာ၊ ဘုတလင်နှင့် သန်လျင်မြို့တို့တွင် အရောင်းကိုယ်စားလှယ်များထားရှိရောင်းချခြင်း၊ After Sale Service အနေဖြင့် ရောင်းချပေးပြီး စက်ယန္တရားများ ချို့ယွင်းပါက သက်ဆိုင်ရာ ဒေသအသီးသီးသို့ သွားရောက် ပြန်လည်ပြင်ဆင်ပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိသည်။

နိုင်ငံတော်အစိုးရ၏ တတိယ (၁)နှစ်တာကာလအတွင်း လယ်ယာသုံးစက်ယန္တရားနှင့် စက်ပစ္စည်းတန်ဖိုး ငွေကျပ် ၇၄၉၈ ဒသမ ၀၀၈ သန်း ရောင်းချနိုင်ခဲ့ကြောင်းသိရသည်။

ထို့ပြင် စက်မှုဝန်ကြီးဌာနမှ ထုတ်လုပ်သော BPI အမှတ်တံဆိပ် ဆေးဝါးများကို ပြည်သူများ အလွယ်တကူ ဝယ်ယူအသုံးပြုနိုင်ရေးအတွက် ဆေးဝါးအရောင်းဆိုင်များကို ရန်ကုန်၊ နေပြည်တော်နှင့် မန္တလေး အပါအဝင် အခြားတိုင်းဒေသကြီး၊ ပြည်နယ်များရှိ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနရုံးတို့တွင် (၂၈)ဆိုင် ဖွင့်လှစ်ရောင်းချလျက်ရှိသည်။ City Mart, Orange နှင့် Capital အစရှိသည့် Super Market များတွင် BPI ဆေးအရောင်းကောင်တာများ ဖွင့်လှစ်ပြီး တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် BPI ဆေးအရောင်းဆိုင်ပေါင်း ၈၉ ဆိုင် ဖွင့်လှစ်ရောင်းချလျက်ရှိသလို စက်မှုဝန်ကြီးဌာနမှ ထုတ်လုပ်သည့် ပစ္စည်းများကို ပြည်သူများ အလွယ်တကူ ဝယ်ယူနိုင်ရေးအတွက် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် ကမ္ဘာအေးဘုရားလမ်းပေါ်တွင် ထပ်မံတိုးချဲ့ဖွင့်လှစ်ရောင်းချလျက်ရှိသည်။

**ပူးပေါင်းဆောင်ရွက်**

နိုင်ငံတော်၏ စီးပွားရေးမူဝါဒများနှင့်အညီ နိုင်ငံပိုင်စက်ရုံများကို ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံမှုများဖိတ်ခေါ်၍ နည်းပညာနှင့် အရင်းအနှီးများ ထပ်မံထည့်ဝင်ပြီး ပုဂ္ဂလိကစက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကို အားပေးဆောင်ရွက်လျက်ရှိသည်။ စက်မှုဝန်ကြီးဌာန၏ ကြီးကြပ်မှုအောက်တွင် စက်ရုံပေါင်း ၁၁၂ ခု ရှိသည့်အနက် စက်ရုံ ၅၇ ခုမှာ ပုဂ္ဂလိကနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိရာ အမှတ်(၃၆) အကြီးစားစက်ရုံ (ကျောက်ဆည်)ကို ၂၀၁၇ ခုနှစ် မတ်လ ၃၁ ရက်တွင် International Glass Co., Ltd. သို့ နှစ်ရှည်ငှားရမ်းခဲ့ပြီး မှန်ရည်ကျိုမီးဖိုကြီးနှင့် ဆက်စပ်ကုန်ထုတ်လိုင်းများကို ငွေကျပ်သန်း ၁၈၀၀၀ ခန့် ထပ်မံရင်းနှီးမြှုပ်နှံ၍ အဆင့်မြှင့်တင်ခဲ့ရာ ယခင်က တစ်နေ့လျှင် မှန် တန်ချိန် ၁၅၀ ထုတ်လုပ်ခဲ့ရာမှ ၃၀၀ အထိ တိုးမြှင့်ထုတ်လုပ်နိုင်သော ကုန်ထုတ်လိုင်းအသစ်ကို ၂၀၁၈ ခုနှစ် နိုဝင်ဘာလ ၁၈ ရက်တွင် ဖွင့်လှစ်ခဲ့သည်။ မှန်အရည်အသွေးပိုင်းတွင်လည်း သဲကုန်ကြမ်းများ ပြောင်းလဲသုံးစွဲမှုကြောင့် မှန်အလင်းပေါက်မှု၊ အရောင်အဆင်းနှင့် အရည်အသွေး ပိုမိုကောင်းမွန်စွာ ထုတ်လုပ်နိုင်ခဲ့သဖြင့် ဈေးကွက်ဝေစုတိုးတက်ရရှိပြီး ပြည်တွင်း၊ ပြည်ပသို့တွင်ကျယ်စွာ တင်ပို့ဖြန့်ဖြူးရောင်းချလျက်ရှိသည်။ ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလအထိ ပြည်ပသို့ မှန် တန်ချိန် ၃၂၀၀ ခန့်တင်ပို့နိုင်ခဲ့ပြီး ပြည်တွင်း၌ မှန် တန်ချိန် ၅၀၀၀၀ ခန့် ဖြန့်ဖြူးရောင်းချနိုင်ခဲ့သည်။

ထို့ပြင် အမှတ်(၃၃) အကြီးစားစက်ရုံ (ကျောက်ဆည်)ကို Myanmar Conch Cement Co.,Ltd. နှင့်ပူးပေါင်း၍ တစ်နေ့ တန်ချိန် ၅၀၀၀ ထုတ်လုပ်သည့် ဘိလပ်မြေစက်ရုံအသစ်ကို တည်ဆောက်ခဲ့ပြီး BOT စာချုပ်ချုပ်ဆို အကောင်အထည်ဖော်ခဲ့ရာ ၂၀၁၈ ခုနှစ် ဧပြီလ ၁ ရက်မှ ၂၀၁၉ ခုနှစ် ဇန်နဝါရီလ ၃၁ ရက်အထိ ဘိလပ်မြေတန်ချိန် ၄၇၆၇၃ ဒသမ ၂၅၆၅၊ တန်ဖိုးငွေကျပ် ၄၃၈၅ ဒသမ ၉၄၀ သန်းကို ရောင်းချပြီးဖြစ်သည်။

အင်းစိန်အထည်စက်ရုံ အမှတ်(၁၁)တွင် Panda Textile Co., Ltd. မှ ရှပ်အင်္ကျီ၊ ကုတ်အင်္ကျီ၊ မိန်းမဝတ်အင်္ကျီများ ထုတ်လုပ်လျက်ရှိပြီး ထုတ်ကုန်ပစ္စည်းများကို ဆွဲဇာလန်၊ ဆွီဒင်၊ နော်ဝေ၊ စပိန်၊ ဟောင်ကောင်၊ ဩစတြေးလျ၊ ရုရှား၊ ဂျပန်၊ ကိုရီးယား၊ တရုတ်၊ ထိုင်း၊ စင်ကာပူနှင့် ယူအေအီးနိုင်ငံများသို့ တစ်လလျှင် အမေရိကန်ဒေါ်လာ ၁၈၇၀၀၀ တန်ဖိုးရှိ အဝတ်အထည်များကို တင်ပို့ရောင်းချလျက်ရှိသည်။

စက်မှုဝန်ကြီးဌာနရှိ မြေနေရာ၊ အဆောက်အအုံနှင့်စက်ပစ္စည်းများကို အကျိုးရှိ ထိရောက်စွာ အသုံးပြုနိုင်ရေးအတွက် ပြည်တွင်း၊ ပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးရှိသော ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် Public Private Partnership(PPP) အကျိုးတူ ပူးပေါင်းဆောင်ရွက်ခြင်းများကို ပွင့်လင်းမြင်သာစွာ ဆက်လက်ဆောင်ရွက်သွားမည်ဟု သိရသည်။

**နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုများ**

စက်မှုဝန်ကြီးဌာနသည် ကိုရီးယားသမ္မတနိုင်ငံ KATRI နှင့် ပူးပေါင်းဆောင်ရွက်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသလို ဂျပန်နိုင်ငံ Tsuyatomo Co., Ltd. နှင့် အမှတ်(၁) အထည်စက်ရုံ(ရွှေတောင်)၏ ဆေးဆိုးနှင့် အချောကိုင်ဌာနတွင် ဆေးဆိုးခြင်းနှင့် အချောကိုင်ခြင်းလုပ်ငန်းကို ဖက်စပ်အကျိုးတူ ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် စီးပွားရေးရာကော်မတီသို့ တင်ပြဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံ အထည်အလိပ်ဆေးဆိုးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရန်အတွက် Tsuyatomo Co., Ltd. သည် ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA)၏ အကူအညီဖြင့် ဂျပန်နိုင်ငံ ဆေးဆိုးခြင်းနှင့် အချောကိုင်ခြင်း နည်းပညာများနှင့် စီမံခန့်ခွဲမှုနည်းလမ်းများကို သင်တန်းများပေးလျက်ရှိသည်။

အာဆီယံအဖွဲ့ဝင် နိုင်ငံများမှ ရော်ဘာနှင့် ရော်ဘာထုတ်ကုန်ပစ္စည်းများ အပြန်အလှန် အသိအမှတ်ပြုနိုင်ရေးအတွက် အရည်အသွေးပိုင်းဆိုင်ရာ စံချိန်စံညွှန်းများ တစ်ပြေးညီ သတ်မှတ်ပြဋ္ဌာန်းနိုင်ရေးအတွက် ACCSQ အစည်းအဝေးမှ ချမှတ်ဆုံးဖြတ်ချက်များကို လိုက်နာအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ၂၈ ကြိမ်မြောက် ရော်ဘာထုတ်ကုန်လုပ်ငန်းအဖွဲ့နှင့် ဆက်စပ်အစည်းအဝေးများကို ၂၀၁၉ ခုနှစ် မတ် ၄ ရက်မှ ၆ ရက်အထိ မြန်မာနိုင်ငံမှ အိမ်ရှင်အဖြစ် နေပြည်တော်တွင် ကျင်းပခဲ့သည်။

**အသေးစားနှင့်အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်မှု**

စက်မှုဝန်ကြီးဌာနမှ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တာဝန်ခံဝန်ကြီးဌာနအဖြစ် ဆောင်ရွက်လျက်ရှိပြီး အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး မူဝါဒကို ၂၀၁၅ ခုနှစ် ဒီဇင်ဘာလတွင် လည်းကောင်း၊ ဥပဒေကို ၂၀၁၅ ခုနှစ် ဧပြီလတွင် လည်းကောင်း၊ နည်းဥပဒေကို ၂၀၁၆ ခုနှစ် အောက်တိုဘာလတွင် လည်းကောင်း ထုတ်ပြန်ခဲ့ပြီးဖြစ်သည်။ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီကို နိုင်ငံတော်သမ္မတက ဥက္ကဋ္ဌ၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က တွဲဖက်ဥက္ကဋ္ဌနှင့် စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက အတွင်းရေးမှူးအဖြစ် တာဝန်ယူ၍ ၂၀၁၆ ခုနှစ် ဇွန်လ ၇ ရက်တွင် လည်းကောင်း၊ လုပ်ငန်းကော်မတီကို ၂၀၁၇ ခုနှစ် နိုဝင်ဘာလ ၂၉ ရက်တွင် လည်းကောင်း ဖွဲ့စည်းခဲ့ပြီးနောက် အထောက်အကူပြုအဖွဲ့များဖြစ်သော SME Agency၊ လုပ်ငန်းသုံးသပ်မှု အစီရင်ခံရေးအဖွဲ့နှင့် ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့တို့ကို ဖွဲ့စည်းထားရှိပြီးဖြစ်သည်။ တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး အေဂျင်စီအဖွဲ့များ ဆက်လက်ဖွဲ့စည်း၍ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

တည်ရှိပြီးနှင့် အသစ်တည်ဆောက်မည့် စက်မှုဇုန်များ စနစ်တကျဖွံ့ဖြိုးရန် စက်မှုဇုန်ဥပဒေကို ရေးဆွဲလျက်ရှိရာ ဌာနဆိုင်ရာများ၊ စက်မှုဇုန်ကော်မတီများ၊ သက်ဆိုင်ရာ တာဝန်ရှိသူများနှင့်ဆွေးနွေးပြီး ထွက်ပေါ်လာသည့် စက်မှုဇုန်ဥပဒေ(မူကြမ်း)ကို ပြည်သူ့လွှတ်တော်သို့ တင်ပြရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီ၏ ဦးဆောင်မှုဖြင့် MSMEs ဒေသတွင်းထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲများကို မန္တလေး၊ မကွေး၊ ပုသိမ်၊ တောင်ကြီး၊ မုံရွာ၊ ပဲခူး၊ ရန်ကုန်၊ မော်လမြိုင်နှင့် မြိတ်မြို့တို့တွင် ကျင်းပခဲ့ပြီးဖြစ်သည်။ နိုင်ငံတော်အဆင့်အနေဖြင့် နေပြည်တော်တွင် ယခုနှစ် မတ် ၂၂ ရက်မှ ၂၄ ရက်အထိ MSMEs Products ပြပွဲနှင့် ပြိုင်ပွဲ ကျင်းပ၍ ဆုများ ပေးအပ်ချီးမြှင့်ခဲ့သည်။

အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းရှင်များ၏ စီးပွားရေးလုပ်ငန်းများ တိုးချဲ့နိုင်ရေးအတွက် သက်ဆိုင်ရာဘဏ်များမှ ချေးငွေများရယူနိုင်ရန် အသေးစားနှင့် အလတ်စားလုပ်ငန်းရှင်ဖြစ်ကြောင်း ထောက်ခံချက်များထုတ်ပေးခြင်း၊ ချေးငွေရရှိရေးနှင့်ပတ်သက်၍ လုပ်ငန်းရှင်များ သိရှိနိုင်ရန်နှင့် Credit Guarantee Insurance (CGI) စနစ်ကို အသုံးပြု၍ ချေးငွေလျှောက်ထားနိုင်ရေးအတွက် အသိပေးဆွေးနွေးပွဲများ ကျင်းပခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည်။

စက်မှုဝန်ကြီးဌာန SME ဖွံ့ဖြိုးတိုးတက်ရေးဌာန၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန မြန်မာ့အာမခံလုပ်ငန်း၊ ဂျပန်နိုင်ငံ Sumitomo Mitsui Banking Corporation (SMBC)နှင့် ပုဂ္ဂလိကဘဏ်များ (CB, KBZ Bank နှင့် SMIDB) တို့ ပူးပေါင်း၍ CGI စနစ်ဖြင့် လုပ်ငန်းရှင် ၄၀၆ ဦးကို ငွေကျပ် ၄၁၀၅ ဒသမ ၉ သန်း၊ JICA Two Step Loan ချေးငွေဖြင့် လုပ်ငန်းရှင် ၄၇ ဦးကို ငွေကျပ် ၈၃၄၈ ဒသမ ၅ သန်း ထုတ်ချေးပေးခဲ့ပြီးဖြစ်သည်။

၂၀၁၈ - ၂၀၁၉ ခုနှစ်အတွင်း မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်ရှိ ဆောင်းသီးနှံ ဟင်းသီးဟင်းရွက်စိုက် တောင်သူ ၉၄ ဦးကို ငွေကျပ် ၈၁ ဒသမ ၄ သန်းနှင့် နေပြည်တော်၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်ရှိ မိုးသီးနှံ ဟင်းသီးဟင်းရွက်စိုက် တောင်သူ ၃၄ ဦးကို ငွေကျပ် ၆၈ ဒသမ ၅ သန်းအား SMIDB ဘဏ်နှင့် ချိတ်ဆက်၍ ချေးငွေများ ထုတ်ပေးခဲ့သည်။

စက်မှုဝန်ကြီးဌာနအနေဖြင့် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဘက်ဘက်မှ ပံ့ပိုးကူညီလျက်ရှိသည့်အပြင် ယင်းလုပ်ငန်းများ စနစ်တကျ ဖွံ့ဖြိုးတိုးတက်လာရေးနှင့် သဘာဝပတ်ဝန်းကျင်နှင့် လူမှုစီးပွားဘဝများအပေါ် ဆိုးကျိုးသက်ရောက်မှုမရှိရေးအတွက် ပုဂ္ဂလိကစက်မှုလုပ်ငန်းများကို ထုတ်ပြန်ထားသော ဥပဒေများနှင့်အညီ စည်းကြပ်စစ်ဆေးမှုများကို ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ပုဂ္ဂလိက စက်မှုလုပ်ငန်းဥပဒေအရ ၂၀၁၉ ခုနှစ် ဇန်နဝါရီလအထိ မှတ်ပုံတင်ထားသော စက်မှုလုပ်ငန်းပေါင်း ၅၁၀၇၁ ခုကို မှတ်ပုံတင်ပေးနိုင်ခဲ့ပြီး ပုဂ္ဂလိက စက်မှုလုပ်ငန်းဥပဒေအရ မှတ်ပုံတင်ထားသော စက်မှုလုပ်ငန်းများကို ပုံမှန်စစ်ဆေးကြီးကြပ်မှုလုပ်ငန်းများအပြင် စက်ရုံများတွင် တပ်ဆင်အသုံးပြုနေသော ဘွိုင်လာများ၊ လျှပ်စစ်စစ်ဆေးရေးလုပ်ငန်းများ ပုံမှန်စစ်ဆေးပေးလျက်ရှိသည်။

ဘွိုင်လာကိုင်တွယ် ထိန်းသိမ်းမောင်းနှင်မှု သင်တန်း ၂ ကြိမ် ဖွင့်လှစ်ပို့ချပေးခဲ့ပြီး သင်တန်းသား ၁၈၅ ဦးကို သင်ကြားပို့ချပေးနိုင်ခဲ့သည်။ လျှပ်စစ်လုပ်ငန်းဆောင်ရွက်သူများ ဘေးအန္တရာယ်ကင်းရှင်းစွာဖြင့် စနစ်တကျ ဆောင်ရွက်နိုင်ရေးအတွက် လျှပ်စစ်ကျွမ်းကျင်မှု သင်တန်း ၈ ကြိမ် ဖွင့်လှစ်ခဲ့ပြီး သင်တန်းသား ၆၈၉ ဦးကို သင်ကြားပို့ချပေးခဲ့သည်။ ထို့အတူ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးဆိုင်ရာ ပညာပေးဟောပြောပွဲ ၂၉၉ ကြိမ် ပြုလုပ်ခဲ့ပြီး လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့သည်။

**လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဆောင်ရွက်ချက်များ**

စက်မှုဝန်ကြီးဌာနမှ နိုင်ငံ့ဝန်ထမ်းများအတွက် ပြည်တွင်း၊ ပြည်ပ သင်တန်းများ စေလွှတ်ခြင်း၊ ဦးစီးဌာန၊ လုပ်ငန်းများအလိုက် ပြည်တွင်းသင်တန်း၊ Workshop နှင့် Seminar များ ဆောင်ရွက်ပေးခဲ့ခြင်း၊

အထူးကဏ္ဍ [ ၉ ] သို့ »»»




ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချို (၆)ကြိမ်မြောက် နိုင်ငံတကာစက်မှုနည်းပညာပြပွဲ၊ တီထွင်ဖန်တီးမှုစွမ်းရည်ပြိုင်ပွဲတွင် ခင်းကျင်းပြသထားသည့် စက်မှုထုတ်ကုန်ပစ္စည်းများကို လှည့်လည်ကြည့်ရှုစဉ်။

»»» အထူးကဏ္ဍ [ ဆ ] မှ

လူ့စွမ်းအားအရင်းအမြစ်ဆိုင်ရာ သင်တန်းများ ဖွင့်လှစ်သင်ကြားပေးခြင်း၊ 5S သင်တန်းများ ဖွင့်လှစ်ပေးခဲ့ခြင်းနှင့် မိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍကို ပံ့ပိုးဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်၏ စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သော စက်မှုကျွမ်းကျင်လုပ်သားများကို စက်မှုသင်တန်းကျောင်း ၆ ခုမှ နှစ်စဉ်လေ့ကျင့်သင်ကြားပေးလျက်ရှိရာ စက်မှုသင်တန်းကျောင်းများတွင် (Mobile Vocational Training Unit) များကို ဖွဲ့စည်းထားပြီး **"စက်မှုနှင့် အသက်မွေးပညာ ရွေ့လျားသင်တန်း"** အစီအစဉ်ဖြင့် ကျေးလက်ဒေသရှိ လူငယ်များနှင့် စက်မှုဇုန်များရှိ လုပ်သားများအတွက် စက်မှုနှင့် အသက်မွေးပညာ ရက်တိုသင်တန်းများကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

Mobile Vocational Training Truck (Automobile)၊ (Electrical) နှင့် (Welding) ဘာသာရပ်သင် ရွေ့လျားမော်တော်ယာဉ် ၃ စီးဖြင့် ဒေသအသီးသီးသို့ သွားရောက်၍ ခေတ်စနစ်နှင့်လျော်ညီသော လုပ်ငန်းခွင်လိုအပ်ချက်ကို တိုက်ရိုက်ဖြည့်ဆည်းပေးနိုင်မည့် သင်ရိုးညွှန်းတမ်းစာအုပ်များကို ရေးသားပြုစုပြီး အခမဲ့ဖြန့်ဝေ၍ သင်ကြားပို့ချပေးလျက်ရှိသည်။

နိုင်ငံတော်အစိုးရ၏ တတိယ (၁) နှစ်တာကာလအတွင်း ရွေ့လျားသင်တန်း ၂၅ ကြိမ် ဖွင့်လှစ်ပေးခဲ့ပြီး သင်တန်းသား ၁၂၄၂ ဦး လေ့ကျင့်သင်ကြားပေးနိုင်ခဲ့သည်။ ယခုအခါ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ကမ်းလှမ်းချက်များပြားလာမှုအရ Training Vehicle ၃ စီး ထပ်မံတိုးချဲ့ထုတ်လုပ်သွားရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။ ထို့ပြင် အမှတ် (၂) စက်မှုသင်တန်းကျောင်း(မန္တလေး)တွင် ဂျပန်ဘာသာစကား ၁ နှစ်သင်တန်းကို ဖွင့်လှစ်ပေးလျက်ရှိရာ သင်တန်းသား ၁၉၈ ဦး တက်ရောက်အောင်မြင်ခဲ့ပြီး သင်တန်းဆင်း ၄၀ ကို ဂျပန်နိုင်ငံသို့ စေလွှတ်နိုင်ခဲ့သည်။

စက်မှုဝန်ကြီးဌာနရှိ စက်မှုသင်တန်းကျောင်းများကို နိုင်ငံတကာအဆင့် စက်မှုနှင့် အသက်မွေးပညာများ လေ့ကျင့်သင်ကြားပေးနိုင်ရန်အတွက် သင်ရိုးညွှန်းတမ်းများ အဆင့်မြှင့်တင်ခြင်း၊ ခေတ်မီသင်ထောက်ကူစက်ပစ္စည်းကိရိယာများ တပ်ဆင်အသုံးပြုခြင်းနှင့် သင်တန်းနည်းပြများကို ပြည်ပသို့ ပညာသင်စေလွှတ်၍ အရည်အသွေးမြှင့်တင်ပေးခြင်းတို့ကို စဉ်ဆက်မပြတ်ဆောင်ရွက်ခဲ့ရာ ၂၀၁၉ ခုနှစ် ဇန်နဝါရီ ၃၀ ရက်တွင် အမှတ်(၁) စက်မှုသင်တန်းကျောင်း (ဆင်တဲ)ကို Quality Management System အတွက် နိုင်ငံတကာအသိအမှတ်ပြု ISO 9001:2015 Certificate လက်မှတ်ရရှိအောင် ဆောင်ရွက်နိုင်ခဲ့သည်။

စက်မှုဝန်ကြီးဌာနတွင် စက်မှုကျွမ်းကျင်လုပ်သားများ မွေးထုတ်ပေးလျက်ရှိသော စက်မှုသင်တန်းကျောင်း(၆)ကျောင်းရှိသော်လည်း တစ်နိုင်ငံလုံး လွှမ်းခြုံမှုရှိရေးအတွက် အိန္ဒိယနိုင်ငံအစိုးရ၏ အထောက်အပံ့ဖြင့် သထုံနှင့် မုံရွာမြို့တို့တွင် သင်တန်းကျောင်း ၂ ကျောင်း ထပ်မံဖွင့်လှစ်နိုင်ရေး ဆောင်ရွက်လျက်ရှိသည်။ ထို့ပြင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အထောက်အပံ့ဖြင့် အမှတ်(၂)စက်မှုသင်တန်းကျောင်း(မန္တလေး)ကို အဆင့်မြှင့်တင်မှုလုပ်ငန်းများ စတင်ဆောင်ရွက်နေပြီဖြစ်သည်။




ဒီဇိုင်းအသစ်ဖြင့် ပြောင်းလဲထုတ်လုပ်မည့် Model AM3-S လူနာတင်ယာဉ်။

**ဖွဲ့စည်းဆောင်ရွက်**

စက်မှုလယ်ယာကဏ္ဍသို့ ပြောင်းလဲဖော်ဆောင်ရာတွင် အဓိက လိုအပ်ချက်ဖြစ်သည့် လယ်ယာသုံးစက်ပစ္စည်းများနှင့် ယာဉ်၊ ယန္တရားများကို ပြည်သူများ စိတ်ချလုံခြုံဘေးကင်းစွာ အသုံးပြုနိုင်ရေးအတွက် မော်တော်ယာဉ်နှင့် လယ်ယာသုံးစက်ပစ္စည်းများ ထုတ်လုပ်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးအဖွဲ့ကို ဖွဲ့စည်းခဲ့ပြီး နိုင်ငံတော်အစိုးရ၏ တတိယ (၁)နှစ်တာကာလအတွင်း လယ်ယာသုံးယာဉ် ၇၇၆ စီးနှင့် မော်တော်ယာဉ် ၈၅၂ စီး တို့ကို Certificate of Approval (CoA) ထုတ်ပေးခဲ့ပြီးဖြစ်သည်။

စက်မှုဝန်ကြီးဌာနအနေဖြင့် မြန်မာနိုင်ငံ၏ မော်တော်ယာဉ်စက်မှုလုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူဖြစ်မည့် မော်တော်ယာဉ်လုပ်ငန်းဆိုင်ရာ မူဝါဒကို ရေးဆွဲခဲ့ရာ ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီ ၂၈ ရက်၌ အတည်ပြုသတ်မှတ်ထုတ်ပြန် ပြဋ္ဌာန်းနိုင်ခဲ့ပြီး ဖြစ်သည်။

**ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများ အန္တရာယ်မှ တားဆီးကာကွယ်ရေးဆောင်ရွက်မှုများ**

ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများ အန္တရာယ်မှ တားဆီးကာကွယ်ရေးဥပဒေကို ၂၀၁၃ ခုနှစ် ဩဂုတ် ၂၆ ရက်နှင့် ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများ အန္တရာယ်မှ တားဆီးကာကွယ်ရေးနည်းဥပဒေကို ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၁၂ ရက်တွင် ပြဋ္ဌာန်းခဲ့ပြီး ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများ အန္တရာယ်မှ တားဆီးကာကွယ်ရေးဗဟိုဦးစီးအဖွဲ့၊ ဗဟိုကြီးကြပ်ရေးအဖွဲ့နှင့် တိုင်းဒေသကြီး၊ ပြည်နယ်ကြီးကြပ်ရေးအဖွဲ့များကို ဖွဲ့စည်းထားရှိပြီး ဖြစ်သည်။

ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများဆိုင်ရာ လုပ်ငန်းလိုင်စင်လာရောက်လျှောက်ထားသည့် ကုမ္ပဏီ ၄၁၃ ခုတွင် လုပ်ငန်း၊ ကုမ္ပဏီ ၁၂၈ ခုကို လုပ်ငန်းလိုင်စင်ထုတ်ပေးခြင်း၊ ကုမ္ပဏီ ၁၀၉ ခုကို မှတ်ပုံတင်လက်မှတ်ထုတ်ပေးခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။

ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများ အန္တရာယ်မှ တားဆီးကာကွယ်ရေးဗဟိုကြီးကြပ်ရေးအဖွဲ့မှ ညွှန်ကြားချက်အမှတ် (၁/၂၀၁၈) "ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများဆိုင်ရာ လုပ်ငန်းလိုင်စင်နှင့် မှတ်ပုံတင်လက်မှတ်များ လျှောက်ထားရန်ညွှန်ကြားချက်"၊ ညွှန်ကြားချက်အမှတ်(၂/၂၀၁၈) "အရက်၊ ဘီယာနှင့် ဝိုင်ထုတ်လုပ်သည့် စက်ရုံများ လိုက်နာဆောင်ရွက်ရန် ညွှန်ကြားချက်" နှင့် ညွှန်ကြားချက်အမှတ် (၃/၂၀၁၈) "အမိုးနီးယားဓာတ်ငွေ့အသုံးပြုသော ရေခဲစက်ရုံများနှင့် အအေးခန်းစက်ရုံများမှ လိုက်နာဆောင်ရွက်ရန်"၊ ဗဟိုဦးစီးအဖွဲ့မှ ထုတ်ပြန်သည့် အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၁၉) "ရွှေသတ္တုထုတ်လုပ်သန့်စင်ရာတွင် အသုံးပြုသည့် ဆိုဒီယမ်ဆိုင်ယာနိုဒ်နှင့် ပြဒါးဓာတုပစ္စည်းများ ပြည်ပမှ ဝယ်ယူတင်သွင်းခွင့်ဆိုင်ရာမူဝါဒ"များကို ထုတ်ပြန်ခဲ့ခြင်းနှင့် ညွှန်ကြားချက်အမှတ် (၁/၂၀၁၉) "ရွှေသတ္တု ထုတ်လုပ်သန့်စင်ရာတွင် ဆိုဒီယမ်ဆိုင်ယာနိုဒ်နှင့် ပြဒါးဓာတုပစ္စည်းများ အသုံးပြုခြင်းနှင့်စပ်လျဉ်း၍ လိုက်နာရမည့်အချက်များ"ကို ထုတ်ပြန်နိုင်ခဲ့သည်။

လူသားများ၏ ကျန်းမာရေးနှင့် သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှုမရှိရေးအတွက် စွန့်ပစ်ရေဆိုးအများဆုံးထွက်ရှိသော အရက်၊ ဘီယာ၊ ဝိုင် စက်ရုံ၊ ဆပ်ပြာစက်ရုံ၊ စက္ကူစက်ရုံနှင့် ဓာတ်မြေသြဇာစက်ရုံများတွင် ရေဆိုးများ စွန့်ပစ်နေမှုအခြေအနေတို့ကို အချိန်နှင့်တစ်ပြေးညီ စောင့်ကြည့်စစ်ဆေးနိုင်ရန် Online Monitoring System တပ်ဆင်အသုံးပြုနိုင်ရေး စီမံဆောင်ရွက်လျက်ရှိသည်။

**နည်းပညာဖွံ့ဖြိုးရေးဆောင်ရွက်ချက်များ**

နည်းပညာဖွံ့ဖြိုးရေးအတွက် 5S စနစ်လက်တွေ့ အကောင်အထည်ဖော်ရေးသင်တန်းများ၊ အထည်ချုပ်နည်းပညာတိုးတက်ရေးသင်တန်းများ၊ နာနတ်ပင်၏ အရွက်မှ အမျှင်ထုတ်လုပ်မှု နည်းစနစ်သင်တန်းတို့ကို ဖွင့်လှစ်သင်ကြားလျက်ရှိသည်။

**လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ချက်များ**

သီးနှံများအလေအလွင့်မရှိ သိုလှောင်ထိန်းသိမ်းနိုင်ရေးအတွက် တန် ၃၅၀ ဆံ့ သီးနှံ (စပါး)သိုလှောင်နိုင်သည့် Silo တစ်ခုကို ရခိုင်ပြည်နယ် မောင်တောတွင် တည်ဆောက်တပ်ဆင်နိုင်ရေးအတွက် သာဂရစက်မှုနယ်မြေရှိ အမှတ်(၁၅)နှင့် အမှတ်(၂၆) အကြီးစားစက်ရုံတို့တွင် ထုတ်လုပ်ခဲ့သည်။ ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီ ၁၉ ရက်တွင် Silo လည်ပတ်ခြင်းပြုလုပ်ပြီး Elevator ဖြင့် စပါးအိတ် ၂၀ တင်ခြင်း၊ စပါးထုတ်ခြင်းတို့ကို လက်တွေ့စမ်းသပ်ပြုလုပ်ပြသခဲ့သည်။

ထို့အပြင် စက်မှုဝန်ကြီးဌာနသည် ဝန်ကြီးဌာန၊ ပြင်ပပုဂ္ဂလိကအဖွဲ့အစည်းများရှိ ဝန်ထမ်းများနှင့် မိသားစုဝင်များကို (ဘီ)ပိုးရှိ၊ မရှိ စစ်ဆေးပေးခြင်းနှင့် (ဘီ)ပိုးမရှိပါက ကာကွယ်ဆေးထိုးပေးခြင်းများကို အိမ်တိုင်ရာရောက် ဝန်ဆောင်မှုပေးလျက်ရှိသည်။ Mobile Team အနေဖြင့် ၂၀၁၈ ခုနှစ် ဧပြီလမှ ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလအတွင်း ဝန်ကြီးဌာန အဖွဲ့အစည်းနှင့် ပုဂ္ဂလိကကုမ္ပဏီ ၃၃ ခုကို လုပ်ငန်းခွင်အရောက် သွားရောက်၍ ကာကွယ်ဆေးများ ထိုးနှံပေးခဲ့ပြီးဖြစ်သည်။

နိုင်ငံတော်အစိုးရသစ်လက်ထက်တွင် စက်မှုဝန်ကြီးဌာနမှ သိမ်းဆည်းထားသော မြေများအနက် နိုင်ငံတော်သို့ ၃၄၈၁ ဒသမ ၉၂၁ ဧက ပြန်လည်အပ်နှံရန် လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီသို့ တင်ပြထားပြီး မြေဧက ၂၂၇၆ ဒသမ ၂၈၁ ဧကကို ကောလိတ္တော်အရာရှိထံ လွှဲပြောင်းအပ်နှံပြီးဖြစ်ပြီး ကျန်ရှိသောမြေ ၁၂၀၅ ဒသမ ၆၄ ဧကကို လွှဲပြောင်းအပ်နှံနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

**ကြုံတွေ့ရသည့် စိန်ခေါ်မှုနှင့် အခက်အခဲများ**

နိုင်ငံပိုင် စီးပွားရေးလုပ်ငန်းများ စွမ်းဆောင်ရည် ပိုမိုကောင်းမွန်ရေးအတွက် လုပ်ထုံးလုပ်နည်းများကို ဖြေလျှော့ရန် လိုအပ်ခြင်း၊ နိုင်ငံပိုင်စက်ရုံများတွင် စက်ပစ္စည်းများ၏ သက်တမ်းမှာ ပျမ်းမျှ နှစ်ပေါင်း ၃၀ - ၄၀ ခန့်ဖြစ်နေ၍ စက်များ၏ စွမ်းဆောင်ရည် ကျဆင်းခြင်း၊ ထုတ်လုပ်မှုနည်းပညာ ခေတ်မမီခြင်း၊ စက်ရုံတည်ဆောက်စဉ်က နယ်မြေဒေသ ဖွံ့ဖြိုးတိုးတက်ရေး၊ အလုပ်အကိုင်အခွင့်အလမ်း ဖန်တီးပေးနိုင်ရေး၊ လုံခြုံရေးတို့ကို အဓိကထား၍ နိုင်ငံအနှံ့ ဖွံ့ဖြိုးတိုးတက်မှုနည်းသည့်ဒေသများတွင် စက်ရုံများ တည်ထောင်ခဲ့ခြင်းတို့ကြောင့် ယနေ့ကာလတွင် သယ်ယူပို့ဆောင်မှုစရိတ်များပြားပြီး ဈေးကွက်ရှိ သွင်းကုန်ပစ္စည်းများနှင့် ယှဉ်ပြိုင်ရောင်းချရန် ခက်ခဲခြင်း၊ လောင်စာစွမ်းအင်နှင့် သဘာဝဓာတ်ငွေ့ ဈေးနှုန်းမြင့်မားခြင်း၊ အလုပ်ပမာဏနှင့် ဝန်ထမ်းခန့်ထားမှု မညီမျှသဖြင့် လစာစရိတ် များစွာပေးချေနေရခြင်းတို့ကြောင့် တစ်ယူနစ် ထုတ်လုပ်မှုစရိတ်မြင့်မားလာသဖြင့် ဈေးကွက်ဝေစု လျော့နည်းလာခြင်း၊ ပုဂ္ဂလိကနှင့် ပူးပေါင်းဆောင်ရွက်ရာတွင် ခိုင်မာတိကျသည့် ဝန်ထမ်းရေးရာ မူဝါဒများမရှိခြင်းကြောင့် အခက်အခဲများ ကြုံတွေ့နေရခြင်း၊ ဝန်ထမ်းများ၏ ရာထူးအဆင့်အလိုက် စွမ်းဆောင်ရည်မြင့်မားလာရန် စနစ်တကျ လေ့ကျင့်သင်ကြားပေးနိုင်မှု အားနည်းခြင်း စသည်တို့ကို ကြုံတွေ့လျက်ရှိသည်။

တိုးတက်ပြောင်းလဲလာသော နည်းပညာများနှင့်အတူ ပြောင်းလဲနေမှုကို အချိန်နှင့်တစ်ပြေးညီ လိုက်ပါနိုင်ရန် စက်မှုကျွမ်းကျင်လုပ်သားများ မွေးထုတ်ပေးလျက်ရှိသော စက်မှုသင်တန်းကျောင်းများတွင် ကြုံတွေ့နေရသော အခက်အခဲများမှာ အရည်အသွေးပြည့်ဝသော နည်းပြများလိုအပ်ခြင်း၊ နည်းပြများအတွက် ကျွမ်းကျင်မှုနည်းပညာသင်တန်းများ ဖွင့်လှစ်ရန်လိုအပ်ခြင်း၊ သင်တန်းကျောင်းများနှင့် စက်ရုံများကြား ချိတ်ဆက်မှုအားနည်းနေခြင်း၊ သင်တန်းကျောင်းများတွင် သင်ကြားပို့ချမှုဆိုင်ရာ သင်ရိုးညွှန်းတမ်းများ ပြုပြင်ရန်နှင့် သင်ထောက်ကူပစ္စည်းများ ဖြည့်ဆည်းရန် လိုအပ်ခြင်း၊ သင်တန်းကျောင်းများ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘက်ပေါင်းစုံမှ အဆင့်မြှင့်တင်ရန် လိုအပ်လျက်ရှိသည်။

စက်မှုဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်အစိုးရ၏ တတိယ (၁)နှစ်တာကာလအတွင်း ထုတ်ကုန်ပစ္စည်းများ အရည်အသွေးတိုးတက်အောင် ဆောင်ရွက်ခြင်း၊ သုံးစွဲသူများ ကြိုက်နှစ်သက်သည့် အဆင်ဒီဇိုင်းများ ဆန်းသစ်တီထွင်ထုတ်လုပ်ခြင်း၊ ထုပ်ပိုးမှုပုံစံများကို ဝယ်ယူသူများ စွဲဆောင်မှုရှိအောင် ပြုပြင်ပြောင်းလဲခြင်း၊ ဈေးကွက်ချဲ့ထွင်နိုင်ရေးအတွက် ဈေးကွက်သုတေသနပြုသည့် လုပ်ငန်းများကို စဉ်ဆက်မပြတ်ပြုလုပ်၍ ဈေးကွက်လိုအပ်ချက် (Market Demand) အတိုင်း အချိန်နှင့်တစ်ပြေးညီ ထုတ်လုပ်ရောင်းချဖြန့်ဖြူးခြင်း၊ ဝန်ထမ်းများ၏ စွမ်းဆောင်ရည်တိုးတက်လာရေးအတွက် ပြည်တွင်း၊ ပြည်ပသင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများသို့ တက်ရောက်စေခြင်း၊ Seminar များ ကျင်းပပေးခြင်း၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် စက်မှုသင်တန်းကျောင်း ၆ ကျောင်းမှ နှစ်စဉ် စက်မှုကျွမ်းကျင်လုပ်သားဦးရေ ၁၀၀၀ ခန့် မွေးထုတ်ပေးလျက်ရှိသည့်အပြင် တိုင်းဒေသကြီး၊ ပြည်နယ်များ၏ လိုအပ်ချက်အရ စက်မှုဇုန်အသီးသီးရှိ အလုပ်သမားများ၏ ကျွမ်းကျင်မှုကို မြှင့်တင်ပေးရန်နှင့် ဒေသခံများ အသက်မွေးဝမ်းကျောင်းပညာရပ်များရရှိပြီး ဝင်ငွေတိုးတက်ရန်အတွက် စက်မှုနှင့် အသက်မွေးပညာရွေ့လျားသင်တန်းများကို ဖွင့်လှစ်ပေးလျက်ရှိသည်။

SME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တာဝန်ခံဝန်ကြီးဌာနအဖြစ် ဆောင်ရွက်လျက်ရှိပြီး ဈေးကွက်ချဲ့ထွင်နိုင်ရေး၊ လုပ်ငန်းစီမံခန့်ခွဲမှု အရည်အသွေးတိုးတက်ရေး၊ နိုင်ငံတကာဈေးကွက်တွင် ယှဉ်ပြိုင်နိုင်သည့် ထုတ်ကုန်များ ထုတ်လုပ်နိုင်ရေးတို့အတွက် ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းများနှင့်ချိတ်ဆက်၍ နည်းပညာလွှဲပြောင်းရရှိရေး၊ ဘဏ္ဍာငွေကြေးအထောက်အပံ့ရရှိရေးတို့ကို ဆောင်ရွက်ပေးလျက်ရှိသည်။

စက်မှုကဏ္ဍ ရေရှည်ဖွံ့ဖြိုးတိုးတက်ရန်အတွက် သုတေသနနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး၊ သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှု လျော့နည်းကျဆင်းရေးတို့ကို ရှေးရှု၍ အားသွန်ခွန်စိုက် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် စက်မှုဝန်ကြီးဌာနရှိ မြေနေရာ၊ အဆောက်အအုံ၊ စက်ပစ္စည်းများကို အကျိုးရှိထိရောက်စွာ အသုံးပြုနိုင်ရေးအတွက် ပြည်တွင်း၊ ပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးရှိသော ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် Public Private Partnership (PPP) အကျိုးတူပူးပေါင်းဆောင်ရွက်ခြင်းများကို နိုင်ငံတော်မှချမှတ်ထားသော မူဝါဒများနှင့်အညီ ပွင့်လင်းမြင်သာစွာ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တင်ပြလိုက်ရပါသည်။